



# ရွှေသွေး
## ဂျာနယ်

## ပေါင်းချုပ်

အတွဲ-၁။ အမှတ်-၂၇ မှ ၅၂။



အလုပ်ခွင်သူ
# ဒို့မယ်ဖြူ

ပန်းချီ - ဦးဘကြည်

ဇာတ်လမ်း - ခင်းခင်း

စနေနေ့တိုင်း ထုတ်ဝေသည်


# ရှေ့သွား ဂျာနယ်

အတွဲ ၁။ အမှတ် ၂၇။ ၅-၇-၆၉





ခဏကြာသော် ...
အလုပ်လုပ်ရတာ ပျင်းစရာကြီး
သမင်လေးတွေ ယုန်လေးတွေ ပျော်မြူးနေတာ တွေ့တော့—
ပန်းတွေကိုသတိမရတော့ဘဲ အတင်းလိုက်ဖမ်းကြတာ ဝုန်းဒိုင်းကြဲသွားတာဘဲ....
အွန့်
ဟာ — ကုန်ပါပြီ — တောက် — တယ်ဆိုးတဲ့ ကလေးတွေ — သိကြရောပေါ့
ဒီလိုဖရမ်းဖတာ ဖြစ်နေတာကို ဥယျာဉ်မှူးကြီးလာတွေ့တော့ စိတ်ဆိုးပြီး....
ဥုံ — အရုပ်ဖြစ်စေ --
အဲဒီ သုံးယောက်ကို သူ့အတတ်နဲ့ အရုပ်ဖြစ်အောင်လုပ်လိုက်တယ်—
မယ်မြူဟာ အဖော် သုံးယောက် ပျောက်လို့ လိုက်ရှာရင်း....
ဥယျာဉ်ထဲ ကစားနေတုန်း လူဆိုးသုံးယောက် လိုက်လို့......
အဲဒီဥယျာဉ်လိုက်ပြမယ်...
အနာတရနဲ့ သမင်လေးတွေ၊ ယုန်လေးတွေ၊ ငှက်ကလေးတွေတွေ့ပြီး သနားလို့ ပြုစုပေးပြီးနောက်—



ပန်းဥယျာဉ်ကြီးကို ကြည့်ချင်တာနဲ့ သူတို့လမ်းပြ
ငှက်ကို တပျော်တပါးလိုက်သွားတယ်—
ဘုရားရေ- ဖြစ်မှဖြစ်ရလေ..
ဥယျာဉ်ကြီးရောက်တော့ ပန်းပင်တွေ မြင်
မကောင်းရှုမကောင်း ဖြစ်နေတာ မြင်လို့—
မနေတတ်တာနဲ့ ယုန်လေး၊ သမင်လေး၊ ငှက်လေးတွေ အကူအညီနဲ့ ပြုစုပျိုးထောင်လိုက်တယ်။
ကိစ္စ ပြီးလို့ မော့ ကြည့်
လိုက်တော့ အဖော်သုံး
ယောက်ကို မြင်တာကိုး
ဟေ့
အား
အရုပ်တွေဖြစ်နေတာမသိတာနဲ့ အသာလေး နောက်က သွားတွန်း
လိုက်တာ လဲကျကုန်မှ လန့်အော်ပြီး....
အီး.. ဟီးဟီး အဖြစ်ဆိုး လှတယ် ကွယ်
ယူကျုံးမရ ထိုင်ငိုတော့တာဘဲ။
သာရ- သာရ- သာရ
ဒီအချိန်မှာ ဥယျာဉ်မှူးကြီး ရောက်လာ
ပြီး ပန်းပင်တွေ ပြန်လည် ပြုစုထားတာ
တွေတော့ ကျေနပ်သွားတယ်။


ဉယျာဉ်မှူးကြီးဟာ မယ်ဖြူကို ဆု ပေးမယ်လို့ စိတ်ကူးရပြီး မေးတယ်—
ပြီးတော့မယ်ဖြူလိုတဲ့ဆုကို သူ့အတတ်နဲ့လုပ်ပေးလိုက်တယ်။
အသက်ပြန်ဝင်လာပြီး ပန်းတွေ တွေ့တော့ တကိုယ်ကောင်း လုကြပြန်တယ်။
ဒီတော့ မယ်ဖြူက သတိပေး ဆုံးမတယ်....
နောက်ဆုံးတော့ အားလုံးဝိုင်းသယ်ပြီး ပျော်ရွှင်စွာ အိမ်ပြန်သွားကြတယ်။


ဖိုးထူး
လေးဂွတချောင်းနဲ့ငှက်ကလေး ပစ်မလို့လား၊ငှက်လေးတွေကသ နားစရာကောင်းပါကွာ၊သူတို့ကမင်းထက် အကောင်ကြီးဖြစ်ပြီး၊မင်းကိုလိုက်ဆိတ် မယ်၊ မင်းခံနိုင်ပါ့မလား
ဟီး-ငှက်လေးကို၊ ပစ်လိုက်အုံးမှ ပဲ၊
ဒီငှက်လေးကမင်းထက်ကြီးပြီး၊ မင်းကိုလိုက်ဆိတ်မယ်၊ မင်းခံနိုင်ပါ့မလား၊
အောင်မယ်လေးဗျ-ကယ်ကြ ပါအုံး-
ဒေါက်
ဖေါင်
အောင်မယ် လေးဗျ-
ဟား-ဟား-ဟား၊
ဟုတ်ကဲ့ဦးလေး၊ကျနော် နောင်တရပါပြီ၊


ထွန်းထွန်းနှင့် စုစုတို့ကား ဆရာဝန်ဖြစ်ရန် ဝါသနာကြီးသူများ ဖြစ်ကြ၏။
ဆရာဝန်လေး
လူနာမှာ သက်သာရဲ့လား ဟေ့!
ဟော ဆရာဝန်လာပြီ
ဟော ဟိုမှာ လူတယောက် ကားတိုက်ခံရပါလား၊ နို့ သွားကယ်ရအောင်..
သူ့ကို အရင်ဆွဲထုတ်အုံး မှဘဲ
မြန်မြန်လုပ်ပါ ကိုကို ရဲ့
ဟေ့ ဟေ့ ! ဘာလုပ်ကြတာလဲ?
ဟာ-ဦးလေး နဲ့ တူတယ်
ဦးလေး ကားပြင်နေတာ ဘာဖြစ်လို့ ဆွဲထုတ်ရတာလဲ ?
ကျွန်တော်တို့ က ကားတိုက်ခံရတယ် ထင်ပြီး ပြုစုမလို့ပါ
မင်းတို့ အခုလိုသူတပါးကိုကူညီချင်တဲ့ စိတ်ရှိတာကောင်းတယ်၊ ကဲ.. ကားနဲ့ လျှောက်လည်ကြမယ်
ဇာတ်လမ်း - တင်ထွန်း
သရုပ်ဖော် - ဝင်းငြိမ်း ။


မိုးရွာသောနေ့တနေ့တွင်ကိုလတ်တို့ လမ်းပေါ်၌ ဘောလုံးကန်ကြစဉ်
ဟာ.. ဘောလုံး ရေမြောင်းထဲ ကျသွားပြီ
ငါ လိုက်ဆယ် မယ်ကွ
မဆင်းနဲ့ ကိုလတ် ရေစီးသန်တယ်ကွ
ငါရေကောင်းကောင်း ကူးတတ်ပါတယ်
ရေစီးအလွန်သန်သဖြင့် ကိုလတ်မှာ ရေမကူးနိုင် တော့ပဲ ရေစီးတွင် မျောပါသွားလေသည်။
ကယ်ကြပါအုံး ဗျို့
အော်သံကြားသဖြင့် ရေကူးတတ်သော လူကြီးတယောက်က ဆင်း၍ ကယ်ရလေ သည်။
မိုးကျွင်းမှာရေမြောင်းတွေဟာ ရေစီးသန်တယ်ကွဲ့ မြောင်းထဲ ကိုမဆင်းကြနဲ့
ဟုတ်ကဲ့ ဦးလေး



# နေမိမာန်

ရေးသူ- ဇော်ရင်ဖြူ
သရုပ်ဖော်- ကဆ

နေသည် ဓာတ်ငွေ့များဖြင့် ပြီးသည့် ကြယ်တခုဖြစ်သည်။ ကျွန်ုပ်တို့ ကမ္ဘာထက် အဆပေါင်း တသန်းခန့် ကြီးသည်။ နေတွင်ရှိသော ဓာတ်ငွေ့များသည် အမြဲ တောက်လောင်လျက် ရှိသဖြင့် နေမှ အပူနှင့် အလင်းကို ရသည်။ နေ၏အပေါ်ယံ မျက်နှာပြင်၌ အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၁၂,၀၀၀ ခန့်ရှိ၍ အလယ်ဗဟို၌ ဒီဂရီ ၄၀,၀၀၀ ခန့်ရှိသည်။ နေသည် ဤကမ္ဘာမှ မိုင်ပေါင်း ၉၃,၀၀၀,၀၀၀ ကွာဝေးသည်။ ကမ္ဘာမြေပေါ်ရှိ သက်ရှိဟူသမျှသည် နေ၏အပူနှင့်အလင်းအပေါ် မှီခိုကာ အသက်ရှင်နေကြရသည်။

၁။ နေ၏အပူကို မှန်ဘီလူးဖြင့် ခံယူကာ မီးမွှေးနိုင်သည်။

၂။ နေရောင်ဖြင့် ထမင်းဟင်း ချက်ပြုတ်နိုင်သော နေမီးဖိုကို ပင် တီထွင်အသုံးပြုလျက် ရှိသည်။

၃။ အပင်တို့သည် နေ၏ အလင်းနှင့် အပူကိုသာ မရလျှင် လောင်းရိပ်မိကာ ညှိုးနွမ်း ပျက်စီးသွားပေလိမ့်မည်။










၄။ ကျွန်ုပ်တို့သည် နေ၏ အလင်းရောင်ကြောင့် မြင်ကြရသည်။ နေ၏ အပူဓာတ်ကြောင့် အအေးဒဏ်မှ လုံခြုံသည်။



၅။ နေသည် ရာသီဥတုကို ဖန်တီးပေးခြင်းဖြင့် လူသားတို့ကို အကျိုးပြုသည်။




၆။ နေရောင်ခြည်တွင် လူ၊ တိရစ္ဆာန်နှင့် အပင်တို့ အတွက် လိုအပ်သော အာဟာရဓာတ် ဖွံ့ဖြိုးစေသည့် စွမ်းအင်များ ပါရှိသည်။




၇။ နေရောင်ခြည်ကြောင့် အသီးအနှံတို့တွင် အာဟာရဓာတ် ပြည့်ဝစေသည်။




ညီညွတ်ခြင်း
ကျုပ်-ဒီနေ့ ရှာရတဲ့အစာလေး စားကြည့်ပါအုံး
ကျေးဇူးပါဘဲ ကျုပ်ရဲ့အစာပဲ စားပါအုံး
ကြွက်နှင့် ဖားတို့သည် ချစ်သော မိတ်ဆွေများ ဖြစ်ကြသည်၊ တနေ့တွင် ....
ဟေ-တီကောင် တကောင်ပါလား
အရိုအသေပြုပါတယ်ခင်ဗျာ- ဒါပေမဲ့- အဆွေတို့နှစ်ဦးဟာ ဘယ်သူကပိုပြီးအရိုအသေ ခံထိုက်တယ်ဆိုတာ သိပါရစေ-
အို-မေးနေဖို့လိုသေး သလား- ငါပေါ့ကွ-


ဟေ့!
သို့နှင့် ကြွက်နှင့်ဖားတို့သည် တဦးနှင့်တဦး ငြင်းခုံကြရာမှ
ရန်ပွဲတိုက်ခိုက်သည့် အဖြစ်သို့ ရောက်ကြလေသည်။
အစတွင် ကြွက်သည် မြက်ပင်များကြားမှ ချောင်းမြောင်း တိုက်ခိုက်ရာ-
ဟေ့- သတ္တိရှိယင်ချောင်းမနေ


သူတို့သည် ကျူရိုးတံများဖြင့် တိုက်ခိုက်ကြသည်။
ထိုစဉ် စွန် တကောင်သည် ပျံသန်း လာရာမှ-
ဟိုက်! စွန် ကြီးပါလား ပြေးဟျို့ပြေး
လာ-ဒီကောင်ကြီးကို ကျုပ်တို့နှစ်ဦးပေါင်းပြီး မောင်းထုတ်ကြစို့-
ဟေး!- ရှူး-ဟေး
အကျိုးမရှိတဲ့ကိစ္စလေး အတွက်ကျုပ်တို့များသွားကြ တာပဲ-
ကြွက်နှင့် ဖားတို့သည် မညီညွတ်ခြင်း၏ အပြစ်နှင့် ညီညွတ်ခြင်း၏ အကျိုးကို သိရှိ သွားကြသည်။



# သိုင်း

သိုင်းဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ဝန်းဝိုင်း ရစ်ပင့်သည့် သဘောကို ဆိုလိုသည်။ သိုင်း ကစားသမား များသည် တဦးကို တဦး ကွေ့ကာဝိုက်ကာ အကွက်ကျကျ ခြေလှမ်း၍ လှုပ်ရှားခြင်းကိုပင် သိုင်းကွက် နင်းသည်ဟု ဆိုကြသည်။

မြန်မာ ဘုရင်များ လက်ထက်က အရှည်ခြောက်တောင်ခန့်ရှိသောတုတ်တမျိုးကို သိုင်းဟု ခေါ်၏။ မင်းခမ်း မင်းနားများတွင် အဆောင် အယောင် တမျိုးဖြစ်၏။ သို့သော် အဆောင် အယောင် သက်သက်မျှသာ မဟုတ်။ ယင်းတုတ်ကို ခုခံ ကာကွယ် ရိုက်နှက်ရာတွင် အမှန် တကယ် အသုံး ပြုခဲ့ပေသည်။


သိုင်းတွင် ဓားသိုင်း၊ လှံသိုင်း၊ တုတ်သိုင်းဟူ၍ အမျိုးမျိုးရှိသည်။ သိုင်းကို တချို့က ဗန်တို ဗန်ရှည်ဟုလည်းခေါ်၏။ ဗန်တိုမှာ လက်နက်မဲ့ ခုခံကာကွယ်နည်း ဖြစ်၍ ဗန်ရှည်မှာ လက်နက် တခုခုဖြင့် ခုခံ ကာကွယ် တိုက်ခိုက်နည်း ဖြစ်သည်။

သိုင်းသမားသည် လူ့ခန္ဓာကိုယ်မှ ပျော့ကွက် နေရာများကို နားလည်ထားရန် လိုသည်။ သို့မှသာ ချက်ကောင်းကို ထိုးနှက် တိုက်ခိုက်၍ ရန်သူကို အနိုင် ရပေမည်။ ချက်ကောင်းနေရာ ၁၄ ခု ရှိသည်။ ယင်းတို့မှာ ပေါင်နှစ်လုံး ခွကြား၊ မျက်လုံး၊ နားအုံတဝိုက်၊ မေးစေ့၊ လည်မျို၊ လည်ဘေးနှစ်ဖက်နှင့် ဇက်၊ ကျောက်ကပ်၊ ဒူးနှင့်ဒူးကောက်ခွက်၊ ညိုတံကျည်း၊ ခြေဖမိုး၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်၊ နှာနု၊ ရင်ဝတို့ ဖြစ်၏။


ကိုယ်ရေး ကြံ့ခိုင် သက်လုံကောင်း စေရန် လူငယ် တိုင်းကျားမ မရွေး သိုင်းပညာလိုက်စားသင့်ကြပေသည်။

**ကျော်ညွန့်မိုး**

## မျက်စိရှင်ရဲ့လား



အစက်ချထားသော စက်ဝိုင်းနှစ်ခု အနက် မည်သည်က ပို၍ကြီးသနည်း။



အလယ်မဟုတ် စက်ဝိုင်းနှစ်ခု အနက် မည်သည်က ပို၍ကြီးသနည်း။

# အလောင်းအစား

မောင်ကြည်ဝင်း



"အေး ကောင်းပြီ။ မင်းတို့ စကားတည်ပါစေ"ဟုကြွက်နီက ပြန်ပြောလိုက်၏။

တဖက်လျှင် သုံးယောက်စီဖြင့် ကျွန်တော်တို့၏ ဘောလုံးပွဲသည် စတင်ခဲ့ပါသည်။

ကျွန် တော် တို့ ဘောလုံးပွဲကလေးမှာ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိ၏။ ပထမ နာရီဝက်ကစားပြီးချိန်တွင် ကျွန်တော်တို့က ကြွက်နီတို့ကို တဂိုး နိုင်နေပါသည်။ ကြွက်နီတို့သည် ကျွန်တော်တို့ကို ပြန်လည်ဂိုးသွင်းနိုင်ရန် ကြိုးစားနေ၏။ သို့သော်သူတို့သည် ဂိုးသွင်း၍ မရပါ။ ဒုတိယနာရီဝက် ပြည့်လုချိန်ထိ ကျွန်တော်တို့က တဂိုးတည်းဖြင့် နိုင်လျက် ရှိပါသည်။

ကျွန်တော်တို့ မိသားစု နေထိုင်သော ခြံကြီးမှာ အလွန်ကျယ်ဝန်းပါသည်။ ကျွန်တော်တို့ခြံအနီးတွင် ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းများဖြစ်ကြသော ဖိုးဇော်၊ မြတ်ကျော်၊ မောင်အောင်၊ ထွန်းလှ၊ ကြွက်နီတို့ နေထိုင်ကြပါသည်။

ကျွန် တော် တို့ ခြောက်ယောက်သည် ညနေတိုင်း ကျွန်တော်တို့ ခြံကြီးအတွင်း၌ ဘောလုံး ကန်ကြပါသည်။

ယနေ့ ညနေ တွင်လည်း ဘောလုံး ကန်ရန် လူစုံ နေကြပါပြီ။

"ကဲ လူခွဲကြမယ်။ စိန်ဝင်းရယ်၊ မြတ်ကျော်နဲ့ ဖိုးဇော် တို့က တဖက်နေ၊ ကျန်တဲ့ ထွန်းလှနဲ့ မောင်အောင်က ငါ့ဖက်က ပေါ့"ဟု ကြွက်နီက သူစိတ်ကြိုက်လူများကို ခွဲယူ လိုက်ပါသည်။

"အေးကောင်းတယ်။ ဒါပေမဲ့ ဒီလူအတိုင်းဆို မင်းတို့နိုင်မှာ မဟုတ်ဘူး"ဟု မြတ် ကျော် က ပြောလိုက်ပါသည်။

"ဘာဖြစ်လို့ မနိုင် ရမှာလဲကွ"ဟုထွန်းလှက ပြန်ပြောလိုက်ပါသည်။

"ဒါဖြင့် ဒီလို လုပ်လေကွာ၊ ရှုံးတဲ့ဖက်က လမ်းထိပ်က ဒေါ်ကြော့ ဆိုင်မှာ မုန့်ဟင်းခါး ဝယ်ကျွေးတမ်း" ဟု မြတ်ကျော်က ပြောလိုက်ပါသည်။

"ဘယ်လိုလဲကွကြွက်နီ၊ မင်းတို့ ရှုံးတော့မယ်။ မုန့်ဟင်းခါး ကျွေးဖို့ပိုက်ဆံရှိရဲ့လား"ဟု မြတ်ကျော်က မခံချင်အောင် စလိုက်ပါသည်။

မြတ် ကျော် ၏ စကားကို ကြားလျှင် ကြွက်နီမှာ လွန်စွာ စိတ် တိုလာဟန် တူပါသည်။ ဘောလုံးကို အရှိန်းကန်ပါတော့သည်။ သူသည် ဘောလုံးကို ထိအောင်မကန်နိုင်ဘဲ မြတ်ကျော်၏ ခြေထောက်ကို ကန်မိသွား၏။

"ဟေ့ ကြွက်နီ၊ မင်းရှုံးတာနဲ့ လူချတာပေါ့ ဟုတ်လား"ဟု မြတ်ကျော်က ဒေါသသံနှင့်မေး လိုက်ပါသည်။

"မတော်လို့ထိတာဘဲ၊ မင်း မကျေနပ်ယင် ပြန်ချပေါ့" ဟု ကြွက်နီက ပြန်ပြောပါသည်။

"အေးပေါ့၊ မင်း လျှင်တုံး လုပ်ပေါ့"ဟု မြတ်ကျော်က မကျေမနပ်နှင့် ပြန်ပြော လိုက်ပါသည်။

ဤသို့ဖြင့် ကျွန်တော် တို့၏ ဘောလုံးပွဲကလေးမှာ တဖြည်းဖြည်းနှင့် ကြမ်းလာပါသည်။

ကြွက်နီသည် ဘောလုံးကို အားနှင့် ကျုံးကန်လိုက်ရာ မြတ်ကျော်၏ မျက်နှာကို ဘောလုံး ထိသွား၏။

"ဟေ့ကြွက်နီ မင်းရှုံးတာနဲ့ သက်သက် လူကိုလိုက်ချနေတာ လားကွ"ဟု မြတ်ကျော်က မေး လိုက်၏။

"မတော်လို့ ထိတာဘဲ"

"မင်းက မတော်လို့ ဆိုပြီး ငါ့ကို ချတာ နှစ်ခါရှိပြီ။ မင်း လွန်လာပြီကွနော်"

"အိုကွာ မင်းမကျေနပ်ယင် ဆက်မကစားနဲ့ပေါ့"

"အေး မကစားတော့ဘူး။ မင်းတို့ ရှုံးတယ် မဟုတ်လား။ မှုံ့ဟင်းခါး လိုက်ကျွေးတော့"

"မကျွေးဘူး ဆိုယင်ကော ကွာ"

"မကျွေးယင်ထိုးတယ်ကွာ"

မြတ်ကျော်က စကားဆုံး သည်နှင့် ကြွက်နီ၏ မျက်နှာကို လက်သီးနှင့် ထိုးလိုက်ပါသည်။

"ဟေ့ကောင်တွေ၊တော်ကြ ကွာ။ တို့အချင်းချင်း ရန်ဖြစ် တာ မကောင်းဘူး"

ကျွန်တော်သည်မြတ်ကျော် နှင့် ကြွက်နီတို့၏ ရန်ပွဲကို ထိန်း သိမ်း လိုက်ပါသည်။

ဤတွင် ကျွန်တော် တို့၏ ဘောလုံးပွဲကလေး သည်လည်း ပြီးစီးသွားတော့၏။

နောက် တနေ့ ညနေတွင် ကျွန်တော်နှင့် ထွန်းလှ၊ မောင် အောင်၊ ဖိုးဇော်တို့သည် ဘော လုံးကန်ရန် မြတ်ကျော်နှင့်ကြွက် နီတို့ကို စောင့်နေ ကြပါသည်။ သူတို့ မလာကြပါ။ ကျွန်တော် လွန်စွာ စိတ်မကောင်း ဖြစ်မိပါ သည်။

ကျွန်တော်တို့ သည်လည်း သူတို့နှစ်ယောက်မလာ၍ ဘော လုံး မကန်ဖြစ်တော့ပါ။

ကျွန်တော်တို့၏ ပျော်ရွှင် ဖွယ်ကောင်းသော ဘောလုံးပွဲ ကလေးသည် မြတ်ကျော်နှင့် ကြွက်နီတို့၏ အလောင်းအစား ကြောင့် ပျက်ခဲ့ရသည်။ ယခင် ကကဲ့သို့ အပျော် ကစားနေကြ လျှင် သူတို့ ခုလို ရန်ဖြစ်ကြမည် မဟုတ်ပါ။ အလောင်းအစားနှင့် ကစားကြ၍ ရန်ပွား ကြရခြင်း ပင် ဖြစ်ပါသည်။

ကျွန်တော်သည် သူတို့နှစ်ဦး ပြန် လည် သင့်မြတ် အောင် ဆောင် ရွက် ပြီး၊ နောင်တွင် ဘောလုံး ကစားသည့်အခါ အ လောင်း အစားနှင့် မကစား တော့ရန် ဆုံးဖြတ်လိုက်ပါသည်။

## လမ်းသရဲ

ဆံပင်နီနီ ဖွာလန်ကျဲလို့၊
လမ်းသရဲလေး မောင်ဂျိုကာ။
ဖင်ကျပ်ဘောင်းဘီ
ဝတ်ဆင်ထားတော့၊
မျောက်ဖင်နီလား ထင်ရတာ။
အင်္ကျီကော်လာ
ထောင်ကာထားလို့၊
တို့မျှားမျက်စိ ရှုပ်လှတာ။
လမ်းသွားလမ်းလာ
နှောင့်ရှက်ပေးလို့၊
ဟေးလား ဟားလား
နောက်ပြောင်ကာ။
လမ်းသရဲဆိုတာ ချိုနဲ့လားကွဲ၊
ခြသေ့်ကျားတောင်
မကြောက်ပါ။
ညီလေးလိမ်မာ
ထောင်နားစိုက်ကွဲ၊
လူမိုက်များကို ရှောင်ကြပါ။
ရှောင်ကြပါ–ရှောင်ကြပါ။ ။

ဖျာပုံ - နီလုံဦး



R. 517

# သင်္ဘောသီး







သင်္ဘောပင်သည် မြန်မာနိုင်ငံကဲ့သို့ ပူအိုက်သော ဥတုရှိသည့် နိုင်ငံများတွင် များစွာ စိုက်ပျိုးဖြစ်ထွန်းသည်။ သင်္ဘောသီး အစိမ်းသည် မြွေဆိပ်၊ ခွေးရူးဆိပ် ဖြေရာ၌ အလွန် အစွမ်းထက်သည်ဟုဆိုသည်။ သင်္ဘောသီးမှ ထွက်သောအစေးသည် ဆေးဖက်၌ အထူးအသုံးဝင်သည်။ သင်္ဘောသီးအမှည့်သည် အအေးစာဖြစ်၍ စားသုံးလျှင် အားဖြစ်စေနိုင်သည် သာမက အစာကိုလည်း ကြေစေသည်။ ဖျားနာခြင်း၊ မျက်စိရောဂါဖြစ်ခြင်း၊ အရေပြားပေါ်၌ ကြာဆူးနာများပေါက်ခြင်း စသော ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ သင်္ဘောအဖူးနှင့် အပွင့်ကို ပြုတ်၍ တို့စားနိုင်သည်။ သုပ်၍လည်းစားနိုင်သည်။ သင်္ဘောရွက်အနုကို မီးအုံး၍၎င်း၊ ပြုတ်၍၎င်း အတို့အဖြစ် စားသုံးနိုင်သည်။ သင်္ဘောသီးအစိမ်းကို ဟင်းချက်၍၎င်း၊ ခြစ်နှင့်ခြစ်ပြီး လက်သုပ်လုပ်၍၎င်း၊ သကြားနှင့် ယိုထိုး၍၎င်း စားနိုင်သည်။

ဒိုးမြင့်





ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ထာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

## ကောက်ရသော ခွေးကလေး



ရေးသူ- ဂုဏ်မြင့် သရုပ်ဖော် [illegible]

အတွဲ-၁ အမှတ်-၂၀၊ ၁၂-၇-၆၉






မောင်ပုသည် မိခင်၏ စကား
ကြောင့် အကျပ်ရိုက်သွား၏။




တိုင်းကျော် တိုင်းကျော်
လာ-လာ
တရက်ပြီး တရက်နှင့် ရက်တွေကြာလာသောအခါ—
အစာ ဝဝ စားနေရသဖြင့် ဝလည်း ဝလာ၏။ ထွားလည်း ထွားလာသည်။
ဟဲ့ခွေး၊ဟဲ့ခွေး၊ဒီခွေး
လုပ်ကြပါအုံးတော့ဗျို့
ခွန်အားလည်းပြည့်လာ၍ကိုက်လည်းကိုက်တတ်လာသည်။
ဒီလိုသာကိုက်တတ်နေယင်
အိမ်နီးချင်းတွေနဲ့ ခဏခဏ
စကားများနေရလိမ့်မယ်သား
ရဲ့၊အိမ်မှာထားလို့မဖြစ်တော့
ဘူးကွယ့်
မနက်ဖြန်မနက်ပေါ့
ပေါ့မြစ်ဟိုဘက်မှာ
သွားလွှတ်လိုက်ခမ်း
မင်းက ဆိုးလဲ ဆိုး
တာကိုးကွ
မောင်ပု သည် မိခင်၏ စကား ကြောင့် စိတ် မ ကောင်းဖြစ်နေ၏။
မေမေတို့ဝါဆိုအလှူပွဲ
အတွက်ကျောင်းမှာသွား
အိပ်ရမယ်၊သားကတော့
အိမ်မှာဘဲ စာကျက်ပြီး
နေခဲ့နော်
ထိုည၌-
ဟင်-ဘာသံပါလိမ့်
ချွတ်
ချွတ်
အသံလာရာ မှောင်ထဲသို့ မှန်းဆပြီးကြည့်နေခိုက်—
ဝုန်း
အောင်မယ်
လေးဗျ
တိုင်းကျော်၏ ကျယ်လောင်သော ဟောင် သံနှင့် လူတယောက် အော်သံ ကြားရရာ


သူခိုးပါဗျို့- သူခိုး-သူခိုး လာကြပါအုံး
ဝိုင်းဟ၊ဝိုင်းဟ
မလွတ်စေနဲ့ဟေ့
အမိဖမ်းကြကွ
မောင်ပုစ်၏ အော်သံကြောင့် သံချောင်းခေါက်သံ ဆူညံစွာ ပေါ်ထွက်လာပြီး ရွာသားများ ဝိုင်းလာကြသည်။
အမယ်လေးဗျ သေပါပြီဗျ
ဒီလိုခွေးမျိုးတော့ဒို့လဲ မွေးချင်လိုက်တာကွာ
တိုင်းကျော်က ခြေထောက်ကို မလွှတ်တမ်း ခဲထားသဖြင့် သူခိုးကို အလွယ်တကူပင် ဖမ်းမိသည်။
ရွာသားများမှာ တိုင်းကျော် သူခိုးဖမ်းကောင်းပုံကို ပြောမဆုံး ရှိတော့သည်။
ကိုက်တတ်တဲ့ခွေးကိုအရမ်း လွှတ်မထားရဘူး၊စည်းကမ်း နဲ့မွေးရတယ်သားရဲ့
ဟုတ်ကဲ့ပါ မေမေ
ထိုနောက်တွင်
မောင်ပုစ်၏ ဆန္ဒအတိုင်း တိုင်းကျော်ကို ဆက်လက် မွေးမြူခွင့် ရရှိသွားလေတော့သည်။




လေးတော် အားချော်
ကိုလေးရေ-ဟိုသစ်ပင် ပေါ်မှာ ငှက်တကောင်ဗျ
မောင်ဆန်းနှင့် မောင်ထိုက်တို့ ညီအကိုနှစ်ယောက် ငှက်ပစ် ထွက်လာကြစဉ်....
မောင်ဆန်းပစ်လိုက်သော လောက်စာလုံးသည်....
အလို.. ဗုဒ္ဓေါ.. အမယ်က ပစ်လိုက်ပါလိမ့်
ငှက်ကိုမမှန်ပဲ ခြံထဲ၌ သစ်ပင် စိုက်နေသော နီတွတ်တို့အဖိုး၏ ခါးကို သွားမှန်လေ၏။
သေပေတော့ ခွေးကောင်တွေ
အဖိုးကြီး စိတ်ဆိုးပြီး ဝါးလုံးဆွဲ၍ လိုက်လေရာ—
အမယ်လေးတော်
မောင်ထိုက်လည်း ကြောက် လန့်ပြီး အတင်း ထွက်ပြေး သဖြင့် မုန့်သည် အဒေါ်ကြီး ကို ဝင်တိုက်မိလေသည်။
အဒေါ် မုန့်တွေအတွက် ကျသင့်သလောက်ပေးပါ့မယ်
ကျွန်တော်တို့ နောက်ကို ဒီလို အရမ်း မပစ်တော့ပါဘူး အဘရယ်



လမ်းဖြတ်ကူးမှု-သတိပြု
ဦးမောင်မောင်မြ
ပလက်ဖောင်းမှာ ရပ်။ မီးပွိုင့်ကို ကြည့်။ ကိုယ့်ညာဖက်ကို သတိထားပါ။
လမ်းရှင်းလျှင်ညာကြည့်၍ ဖြတ်ကူးပါ။
လမ်းအလယ်မဟုတ်မျဉ်းကြောင်းမှာရပ်စောင့်နေပါ။ ကိုယ့်ဘယ်ဖက်ကို သတိထားကြည့်။
လမ်းရှင်းလျှင် ပြေး။ လမ်းကို တဝက်စီကူးရန် မမေ့ပါနှင့်။
အရေးကြီးလျှင် ရဲသား၏ အကူ အညီကို တောင်းပါ။

# ညိုလေး နှင့် ညိုမလေး


ကာတွန်း
မောင်မောင်သက်



ဆရာမဲ့ခိုက်၊ ငြိမ်ဝပ်လိုက်၊
ခိုက်ရန်မပွား၊ မြဲရှောင်ရှား။




ဆဲရေးတိုင်းထွာ၊ မပြုရာ၊
ချိုသာစကား၊ စဉ်ပြောကြား။



အလုပ်ချိန်များ၊ လုပ်ကြလား၊
ကစားချိန်၌၊ ကစားလိုက်။




လုပ်သမျှသာ၊ အလုပ်မှာ၊
စိတ်ပါကိုယ်ပါ၊ ပြုလုပ်ရာ။



ထိုသို့ပြုက၊ နည်းမှန်ကျ၊
နှစ်ဝချမ်းသာ၊ ကိုယ်စိတ်မှာ။



စာပေ
အရုပ်စာ
စာပေမပေါ်ပေါက်မီကလူတို့သည် ကျောက်ဂူနံရံများပေါ်၌ အရုပ်များရေးသားကြ၏။
ရွှံ့ချပ်များ၊မြေချပ်များပေါ်တွင်လည်း စာရေးကြသည်။
အချို့က ကျူရွက်များကို အခြောက်လှန်း၍ ထိုကျူရွက်ပေါ်၌ရေးကြသည်။
အချို့က သားရေပေါ်၌ စာရေးသား၍ အသုံးပြုကြသည်။
ယဉ်ကျေးမှုတိုးတက်လာသောအခါ ရေးသားသောစာများ ကြာရှည်တည်တံ့စေရန် ကျောက်စာများပြုလုပ်၍ မှတ်တမ်းတင်ထားကြသည်။


သစ်သားသင်ပုန်း ကျောက်သင်ပုန်းတို့ဖြင့်
လည်း စာရေးကြသည်။
ထမ်းရွက် ပေရွက်များပေါ်တွင်လည်း
ရေးသားကြသည်။
သစ်သားပြားပေါ်တွင်လည်း စာ
လုံးများ ထွင်းထု ရေးကြသည်။
စက္ကူပုံနှိပ်စက်တို့ ပေါ်ပေါက်လာသည့် အခါ၌
စာအုပ်စာတမ်းများ ဖြစ်ပေါ်လာတော့သည်။
အများအကျိုးဆောင်
ကိုယ့်အကျိုးအောင်
ထိုသို့စာပေများကို ဆရာများက သင်ကြား
ပေးသဖြင့် ပညာတတ်မြောက်ကြကာ-
ကြိုးစား၍ ပညာတော်သူများမှာလူ
ရည်ချွန်အဖြစ် ချီးမြှင့် ခံရလေသည်။



ပါဝင်သော အလုပ်လုပ်ရမှာ ပျင်းသူ
ဒီအထဲမှာ ရေးထားတဲ့ ပြဒါးလင်းရဲ့ အကြောင်းဟာ အတော် စိတ်ဝင်စားစရာ ကောင်းပါလား၊
ဂူထဲမှာတွေ့ရတဲ့ ပန်းချီပုံ တွေဟာ နှစ်ပေါင်း (၇၀၀၀) ကျော်က ကျောက်ခေတ်လူသားတွေ ရေးသွားတဲ့ ပုံတွေတဲ့၊
ကျောက်ခေတ်က လူသားတွေဟာ ခုခေတ် လူတွေလောက် အလုပ်များမယ် မထင်ဘူး၊ ခုခေတ်မှာ လူလို ဖြစ်ရတာ၊ အင်မတန် ကံဆိုးတာပဲ၊
ဒေါ်လေးက မှာသွားတယ်၊ သူဈေးက ပြန်မလာခင် ရေအိုးတွေကို ရေဖြည့်ထားလိုက်တဲ့ ကျော်ကျော်၊
ကျော်ကျော်တို့များ၊ အလုပ်လုပ်ရမှာ သိပ်ပျင်း တာပဲ၊ အားအားရှိယင်၊ ထိုင်ငိုင်ငိုင်နေဖို့ပဲ တတ်တယ်၊
ငါသာ ကျောက်ခေတ်လူသား ဖြစ်ရင်၊ သိပ်ကောင်းမှာပဲ၊ ဒါမှ ဘာမှအလုပ် မလုပ်ရမှာ၊



ကျောက်ခေတ် လူသီး - ကျောက်ခေတ် လူသီး -
ခေါ- ခေါ-
ထကြ - ထကြ - ဒီနေ့ အစာရှာထွက်ရမယ်၊ စားစရာကလေးမှမရှိဘူး၊
ဒီကျောက်တုံးလက်နက်တွေနဲ့၊ တိရစ္ဆာန်ကို ဖမ်းလို့ရပါ့မလား၊
ဒီလက်နက်နဲ့ မဖမ်းလို့၊ ဘာများ ရှိသေးလို့လဲကွ၊
ကျောက်ခေတ်လူသားများအဖို့၊ မနက်စာ ရဖို့၊ မလွယ်ကူသဖို —
ရေတပေါက်ရဖို့ကလည်း ခဲယဉ်းလှသည်၊
ရေတခွက်ရဖို့၊ တမိုင်လောက်က သယ်လာရတယ်၊ မောလိုက်တာ- ဟူး -
မီးမွေးရန်လည်း၊ ကျော်ကျော်အဖို့၊ သေချင်လောက်အောင်၊ စိတ်ပျက်မိသည်၊
မီးကလဲ၊ ခုထက်ထိ မမွေးနိုင်သေးဘူး၊ ဒုက္ခပါပဲ - ကဲကွာ - ကဲကွာ -
ခွပ် ခွပ်



ကျောက်ခေတ်မှာ အလုပ်မလုပ် ရဘူးထင်လို့ လာမိတာ မှားနေပြီ၊ ကျောက်ခေတ်မှာလဲ အလုပ်လုပ်မှ စားရမှာပါ၊
ဟိုမှာ-ဆင်မွှေးကြီး လာနေပြီဟေ့-
ဝုန်း-ဝုန်း-
ဟကွာ-
ဝုန်း-
အောင်မယ် မေ့ သေပါပြီ ဗျ-
ဟာ- ငါ အိပ်မက် မက်နေတာ ပါလား၊
အင်း-ကျောက်ခေတ်လဲ မစား သာဘူး၊ ကောင်းပြီ-ကောင်းပြီ- ကျွန်တော်ပဲ ဖြစ်ဖြစ် လူ ကုန်လို့ ဖြစ်လာပြီ၊ အလုပ် လုပ်ရမှာပါ၊ ပျင်းနေလို့ မဖြစ်ဘူး၊
လူပျင်းလေး ကျော်ကျော်-ကျွန်တော် ဖြစ် သွားပါလိမ့်၊ သိပ်အလုပ်-လုပ်နေ ပါလားဟေ့၊




မြန်မာလက်ဝှေ့သည် မြန်မာသိုင်း တည်းဟူသော မိခင်မှ ပေါက်ဖွားလာသော နည်းတရပ်ဖြစ်သည်။

မြန်မာလက်ဝှေ့ ထိုးသတ်နည်းစနစ်မှာ ခေါင်းနှင့် အဝင်၊ အရိုက်၊ အပိ။ လက်သီးနှင့် အထိုး၊ အသတ်၊ အဖြတ်၊ အခွဲ။ တတောင်နှင့် အတွက်၊ အထောက်၊ အခုတ်။ ဒူးနှင့် အတိုက်၊ အဆောင့်၊ အပွို။ ခြေဖျားနှင့်အခတ်၊ အကန်၊အချိုး၊ အလှဲ စသည့် တိုက်ခိုက်နည်းစနစ်များ ဖြစ်သည်။

လက်ဝှေ့တွင် ခွင့်မပြုသော တားမြစ် ထားချက် များလည်း ရှိ၏။ ယင်းတို့မှာ မတော်ရာကို ကန်ကျောက် ထိုးခြင်း၊ ဆံပင်ဆွဲခြင်း၊ ကုတ်ခြင်း၊ ကိုက်ခြင်း စသည့် အပြုအမူတို့ ဖြစ်၏။ ထို့ပြင် ပြိုင်ဖက်သည် မြားမြားဝပ် မှောက်လျက် သော်၎င်း၊ ပက်လက်သော်၎င်း၊ ဘေးစောင်း သော်၎င်း မြေပြင်နှင့် ကိုယ်ခန္ဓာ ထိအောင် ဝပ်နေပါက မခတ်ရ၊ မကန်ရ၊ မထိုးရပေ။

မြန်မာလက်ဝှေ့တွင် လေးကြိမ်တိတိ ယှဉ်ပြိုင် ထိုးသတ်ခြင်းကို တချီဟုခေါ်၏။ လေးချီ ထိုးခြင်းကို တပွဲဟု ခေါ်သည်။ အရှုံးအနိုင် ယှဉ်ပြိုင်၍ ချန်ပီယံ လုပွဲကို အလံ လုပွဲဟု ခေါ်သည်။

ယှဉ်ပြိုင် ထိုးသတ်နေစဉ် တဦးဦး၌ ဒဏ်ရာ အနာတရ ဖြစ်ပြီး သွေးထွက်လာလျှင် အရှုံးအနိုင် ပေါ်လေသည်။ ထွက်လာသော သွေးကို သုံးကြိမ် သုံးခါ သုတ်သိမ်းခွင့် ရှိသည်။ ထိုသို့ သုတ်သိမ်းပါလျက် သွေးမတိတ်ဘဲ ဆက်လက် ထွက်နေလျှင် အရှုံးပေးရ၏။


ယှဉ်ပြိုင် ထိုးသတ်ရန် ပြိုင်ဖက်ရှာသောအခါဖြစ်စေ၊အနိုင်ရရှိသော အခါဖြစ်စေ လက်ဝှေ့ဟန်ရေး ပြလေ့ရှိ၏။ ရှေးမြန်မာ လက်ဝှေ့ သမားကြီး များသည် လက်ဝှေ့ဟန်ရေးပြကြရာ၌ ကိုယ်ရည်သွေး လင်္ကာများ ရွတ်ဆိုလေ့ရှိကြပေသည်။

ကျော်ညွန့်မိုး



# မီးရထား ဂုံးတန်တားအောက်မှာ

မောင်ကြာညိုသစ်



ညနေစောင်းလျှင် ပေစိတို့ သူငယ်ချင်းတစု ကျောင်းမှပြန် ချိန်ဖြစ်၏။

နေမင်းသည် ရဲရဲ နီသော အရောင်ဖြင့် အနောက်ဖက်တွင် ရောက်နေခဲ့ပြီ။ ရုတ် တ ရက် ကြည့်လျှင် နေ လုံး ကြီး သည် လိမ် မော် သီး ကြီး တ လုံး ကို ကောင်းကင်မှာ ချိတ်ဆွဲ ထား သည်နှင့် တူလှ၏။

သူတို့သည် ပြန်နေကျလမ်း မှ မပြန်ပဲ မီးရထား သံလမ်းမှ လျှောက်ပြန်ကြ၏။

"ဟေ့ကောင် ပေစိ၊ မင်း လေးဂွပါလာယင် သိပ်ကောင်း မယ်ကွ" ဟု သံချောင်းကပြော လိုက်သည်။

"ဟုတ်တယ်၊ ဟိုသရက်ပင် ထိပ်မှာ ငှက်တကောင် နားနေ တယ်ကွ၊ တွေ့လား"

"အဲဒါ ဘာငှက်လဲကွ"

"ငှက်ခါး ဖြစ်မှာဘဲ" ဟု ပေစိက သူထင်သည်ကို ပြော လိုက်သည်။

"အေးကွာ၊ မနက်ဖြန် ဒို့ လေးဂွယူပြီး လာမယ်ကွာ။ ဒီ နေ့တော့ အိမ်ပြန် နောက်ကျ နေပြီကွ။ တော်ကြာ အိမ်က ဆူလိမ့်မယ်။ မြန်မြန် လျှောက် ကွာ"

အ တူး က စိုးရိမ် စိတ် ဖြင့် ပြောလိုက်၏။

သူတို့သည် တဖြည်းဖြည်း နှင့် ဘူတာသို့ ရောက်လာကြ သည်။

မကြာမီပင် ရ ထား သည် ဘူတာသို့ ဝင်လာသည်။ ခရီး သည် များ မှာ ဆင်း သူ ဆင်း၊ တက်သူတက်ဖြင့် ရှုပ်ရှက် ခတ် နေ၏။ ရထားသည် တွဲရှည် ကြီးဖြစ်၍ နောက်ဆုံးတွဲမှာ ဂုံး တန်တား အောက်တွင် ရှိနေ သည်။ သူတို့ နောက်ဆုံးတွဲနား သို့ အရောက်တွင် သူတို့နှင့်ရွယ် တူ ကောင်လေး နှစ်ယောက် ရထားပြတင်းပေါက်မှ ခေါင်းပြူ ထွက်လာပြီး သူတို့အား လှမ်း အော်လိုက်သည်။

"ဟေ့ ကျောင်းပြေးတွေ၊ ကျောင်းပြေးတွေ၊ ဟေး ဟေး"

နောက်ထပ်၍ တွဲထဲမှ အ ခြား ကောင်လေး တယောက် က လက်ထဲမှ သားရေကွင်းဖြင့် ပစ်၍ စပြန်သည်။

"ဟေ့ ပေစိ၊ တို့ကို စနေ တယ်ကွ။ ပြန်ချရအောင်" ဟု ပေါက်စက ပြောလိုက်၏။

"အေး-ခဲနဲ့ ပြန်ဆော်ကွာ" ဟု ပေစိ၏စကား မဆုံးခင်ပင် သူတို့အားလုံး ခဲများကို ပွိုင်တူ ကောက်လိုက်ကြ၏။

"ရထား ထွက် ပြီ ကွ၊ ပစ် ပစ်"

ပေစိက ပြော ပြော ဆိုဆို ရထားဆီသို့ ခဲဖြင့်စပစ်လိုက်၏။ ရထားပြတင်းပေါက်မှ ကောင် လေး နှစ်ယောက်မှာ သူတို့ကိုခဲ များဖြင့် ပေါက်မှန်းသိ၍ ပုန်း နေကြလေပြီ။ ပေ စိ တို့ သည် တ ရွေ့ ရွေ့ ထွက် သွား သော ရထားဆီသို့ ခဲများဖြင့် ဒလစပ် ပစ်ကြတော့သည်။

"ချလွမ်-ချလွမ် ဝုန်း-ဝုန်း"

"အောင်မယ်လေး"

ရထားတွဲဆီမှ ဆူညံသံများ နှင့်အတူ၊ ရထားမှန်များ ကွဲ၍ သွားတော့သည်။

"ဟေ့ ကောင် လေး တွေ၊ ဘာဖြစ်လို့ ရထားကို ခဲနဲ့ပစ်နေ တာလဲ၊ ရပ်လိုက်"

သူတို့အား လှမ်းအော်နေသော မီးရထား အမှုထမ်းတဦး၏ အော်သံကြောင့် အားလုံး လှမ်းကြည့် လိုက်ကြ၏။ ထိုသူသည် သူတို့ထံသို့ ပြေး၍လာနေ သည် ကို မြင် လိုက် ကြ ရ သည်။

"ပြေးဟေ့ ပြေး ပြေး" ဟု ပေစိက သတိပေးရင်း ရှေ့ဆုံးမှ ပြေး တော့ သည်။ ထို နောက်တွင် ဘာဖြစ် ကျန်ရစ်ခဲ့သည်ကို သူတို့ မသိတော့။ သူတို့သည် ရပ်ကွက်အစွန်မှ ကုက္ကိုပင်ကြီး အောက်တွင် ရပ်လိုက်သည်။ နောက်မှ မည်သူမျှ လိုက်မလာ တော့ပေ။ သို့သော် သူတို့မော နေကြ၏။

"ဒိုကို မျက်ခြေတော့ ပြတ်သွားပြီ။ အိမ်ခြေရရ လှူခဲ့ပြီးအိမ် ပြန်မှဖြစ်မယ်" ဟု ပေစိကပြော ပြီး ခဏမျှ အခြေအနေကို စောင့်ကြည့်ပြီးနောက် အိမ်ပြန်ကြ၏။

ပေစိ အိမ်ပေါ်သို့ လှမ်းတက်လျှင်–

"နင် ဘယ်သွားနေ သလဲ။ ကျောင်းပြန်တာ နောက်ကျလှချည့် လား" ဟု အမကြီးက မေး၏။ အိမ်တွင်လည်း တခုခု ထူးခြားနေသလို ဖြစ်နေသည် ဟု သူထင်သည်။

"ကျနော် ဘယ်မှ မသွားပါဘူး။ ကျောင်းမှာ ဆရာက အိမ်စာတွေ ကူးခိုင်း နေလို့ပါ။ ဘာဖြစ်လို့လဲဟင်" ဟု သူက သူကျူးလွန်ခဲ့သော ပြစ်မှုကို မလုံ မလဲဖြစ်ရင်းက မေးလိုက်သည်။

"ကျောင်းလွှတ်တာနဲ့ နင် လျှောက်လယ်နေ သလားလို့။ အိမ်မှာ ဘာဖြစ်နေတယ်ဆိုတာ နင် မသိဘူး မဟုတ်လား"

"ဟင့်အင်း"

"အမေ ဒေါ်လေးတို့ဆီက အပြန် စီးလာတဲ့ရထားကိုဘယ် သူတွေက ခဲနဲ့ပေါက်သလဲ မသိဘူး။ အမေ ခေါင်းကွဲသွားပြီ။ အခု ဆေးရုံ သွားပို့ ကြတယ်"

"ဟင်" အမကြီး၏ စကားကြောင့် ပေစိမှာ အံ့အားသင့် သွား၏။

"တောက်၊ တော်တော် လက်သရမ်းတဲ့ အကောင်တွေ။ လက်ပူးလက်ကြပ် မိယင်လား၊ ဒင်းတို့တော့ ကောင်းကောင်း ဆုံးမလိုက်မယ်" ဟု အကိုလတ်၏ ဒေါသတကြီး ပြောလိုက် သောစကားကြောင့် ပေစိသည် အလွန် ကြောက်သွားမိ၏။

"မီးရထားဟာ ပြည်သူပိုင် ပစ္စည်း၊ ပြည်သူပိုင် ပစ္စည်းကိုလဲ ဖျက်ဆီးတယ်၊ ခရီးသည်တွေကိုလဲ အနာတရ ဖြစ်အောင် လုပ်တယ်၊ ဒါဟာသူတို့အတွက် ဘာ များအကျိုးရှိလို့လဲ။ တောက်– တွေ့ယင်ဖမ်းပြီး ထောင်ချပစ်ဖို့ ကောင်းတယ်" ဟု အကိုလတ် က ဆက်ကြိမ်းနေသေးသည်။

"ဘုရား–ဘုရား၊ ငါချစ်တဲ့ အမေ့ကို ခေါင်းကွဲအောင် ငါတို့ ခဲနဲ့ပစ်မိခဲ့ပါကလား" ဟု ပေစိ သည် စိတ်ထဲမှ ဝမ်းနည်းစွာ ရေရွတ်လိုက်မိသည်။

## ချစ်စရာရထားလေး

ရထားလေး ရထားလေး၊
တိုင်းပြည်အတွက် လုပ်အားပေး။

ဒေသနီးဝေး လိုက်ချင်သူ၊
တင်ဆောင် သွားကာယူ။

ဉာဏ်ပြုတူ အချက်ပေး၊
နားဝင် ချိုဆိမ့်အေး။

နေ့ညမရွေး မငြိုငြင်၊
အပြေး ခရီးနှင်။

တဘူတာဝင် တဘူတာထွက်၊
တာဝန် သူမပျက်။


ဂျုံးဂျုံး ဂျက်ဂျက် အော်မည်ကြွေး၊
ချစ်စရာ ရထားလေး။ ။

သလ္လာ မြတ်လေးဆွေ



R. 517

# သံပရာ




သံပရာသည် အလွန် ဆေးဖက်ဝင်သည်။ အရွက်နုကို တို့ပြုတ်၍ဖြင့်၊ ဟင်းချို ချက်၍ဖြင့် စားနိုင်သည်။ လေ ဝမ်း ကောင်း၏။ အပွင့်ကို ရှူ၍သော် အမူး အမော်၊ နောက်ကျောတက်၊ ဇက်ကြောတက် ပျောက်၏။ သံပရာသီးကို သံပရာဖျော်ရည်၊ ဆီစိမ်သနပ်၊ သံပရာပေါင်းများ ပြုလုပ်နိုင်သည်။ သံပရာဖျော်ရည်သည် အမောပြေ၍ အပူကင်းစေသည်။ လူကို ပိန်စေ၏။ ခေါင်းကိုက်သော် လက်ဖက်ရည် ကျကျတွင် သံပရာရည် ညှစ်သောက်နိုင်သည်။ လေနာ လေငံအောင့် ချောင်းဆိုး ရင်ကျပ်သော် သံပရာရည်နှင့် လျှက်ဆားကို ဖျော်သောက်ရသည်။ လက်ဖဝါး အသားမာပေါက်သော် သံပရာသီးကို နှပ်ပေးက အပျောက်မြန်သည်။ နှာခေါင်းသွေး ယိုသော် သံပရာသီးကို အရည်ညှစ် ထည့်ပေးရသည်။ သံပရာစေ့ကို ကြိတ်၍ နေ့စဉ် လိမ်းက ဆံပင်ပေါက်သည်ဟု ဆိုသည်။ သံပရာခံကို ပြုတ်၍သောက်သော် ငှက်ဖျား ပျောက်၏ဟု အင်္ဂလိပ် ဆေးကျမ်းတွင် ပါရှိသည်။ သံပရာသီးသည် ကိုယ်ခန္ဓာ အရိုးနှင့် သွားများကို ကြီးထွား ခိုင်မာစေသည်။ ကြက်မြက်သင့်ရောဂါ၊ ကြာဆုံးနာများကို ကာကွယ်ပေးသည်။ သွေးအားကောင်းစေသည်။ သံပရာသီးသည် နို့ရည်၊ စိမ်းစားဥ တို့နှင့် မသင့်ပေ။

**မောင်မောင်မြင့်**







၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်းထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်

အတွဲ-၁၊ အမှတ်-၂၉၊ ၁၉-၇-၆၉


# အာဇာနည် များဖနဲ့

ပန်းချီ- ဦးဘကြည်

ဇူလိုင်လ ၁၉ ရက် နေ့ကို အာဇာနည် များနေ့လို့ခေါ် တယ်။ နှစ်စဉ် အဲဒီ နေ့မှာ လူတွေဟာ အဖွဲ့လိုက် အစည်း လိုက် စနစ်တကျ နဲ့ အာဇာနည် ဗိမာန် သို့ (နယ်မှာဆို လျှင် လွတ်လပ်ရေး ကျောက်တိုင်သို့) ချီ တက်ကြပြီး ပြည် ထောင်စု မြန်မာနိုင် ငံတော် အတွက် အ ထိပ်နဲ့ တကွ ဝန် ကြီး များ၊ တပ်မ တော် သား များ၊ ရာထမ်း မှု ထမ်း များ၊အလုပ်သမား၊ လယ်သမား များ အားလုံး ပါဝင် အ လေးပြုကြတယ်။ အ ကြောင်း ရင်းကား...






၂၇–၃–၄၅ နေ့ကစပြီး ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်တဲ့ ဖက်ဆစ်တော်လှန်ရေး လုပ်နေတုန်း အင်္ဂလိပ် တပ်များ ကလဲဖိလာတော့ ဂျပန်တွေထွက်ပြေးရတယ်။




နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံ ပြန်လာပြီး (စက္ကူဖြူစာတမ်း)ဆိုတဲ့ နည်းသစ် အုပ်ချုပ်ရေး အဖွဲ့မှာ ဗမာနိုင်ငံရေး ခေါင်းဆောင်တွေပါဝင်ရန် ဖိတ်ခေါ်တယ်။




အဲဒီအချိန်မှာ ဗမာလူထုဟာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုကို အထူး အားကိုးတဲ့ အခါ ဖြစ်နေလေတော့ ဗိုလ်ချုပ်ဟာ စစ်ဝတ်ချွတ်ပြီး နိုင်ငံရေး လုပ်တော့တာဘဲ။



ဗိုလ်ချုပ်ဟာ အဖွဲ့အစည်း အမျိုးစုံကို ပါဝင်အောင် စုစည်းပြီး ဖဆပလအဖွဲ့ကို ခေါင်းဆောင်လေတော့ လူထုကလဲ အင်တိုက်အားတိုက် ကူညီကြတယ်။




၂၆–၉–၄၆ နေ့မှာ ဘုရင်ခံက ဗိုလ်ချုပ်ကို ဝန်ကြီးအဖွဲ့ ဖွဲ့စေပြီး ဥက္ကဋ္ဌ မြှောက်လိုက်တယ်။ အခုခေတ်မှာတော့ ဝန်ကြီးချုပ် ရာထူးဘဲ။ အင်္ဂလိပ်က ဆက်ဆံပုံကလဲ ကျွန်နဲ့ သခင် ဆက်ဆံပုံမျိုး မဟုတ်တော့ဘူး။





စစ်ပြီးခေတ်မှာ ကိုလိုနီနိုင်ငံရေးခေါ်တဲ့ နိုင်ငံငယ်လေးတွေကို လက်နက်နဲ့အုပ်ချုပ်ဖို့မလွယ်တော့လို့ အင်္ဂလိပ် နန်းရင်းဝန်ကြီး မစ္စတာ အက်တလီက ပါလီမန်မှာတိုင်ပင်ပြီး ဗိုလ်ချုပ်နဲ့ဝန်ကြီးအဖွဲ့ကို ဖိတ်ခေါ်တယ်။


ကျုပ် ဝစ်သါး စကါး ဘဲ ရှင်း ရှင်း ပြောတတ်တယ်၊ လွတ်လပ်ရေး ကိုတနှစ် အတွင်း အပြည့် အဝ လိုချင်တယ် — အဲဒါ ဗမာ တမျိုးလုံး ကတောင်း၏ (ဆန္ဒပြည့်ဝစေမယ်) ပြောလို့လဲ ကျေးဇူးတင်ပါတယ်၊ အဲဒီ ကတိ တည်ပါစေ။ အရင်ကလို တော့ ခေလှည့်ပါနှင့် ......
အင်္ဂလန်ပြည် နှစ်ဖက် ဝန်ကြီးများ အစည်းအဝေးမှာ ဗိုလ်ချုပ်ကပြတ်သားစွာ ပြောဆိုပြီး ၂၇-၁-၄၇ နေ့မှာ အောင်ဆန်း အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးကြတယ်။
လူမျိုး ရေးရာမှာ - အေး အတူ - မှုအမှု - ပြည်ထောင်စု ကို အတူလက်တွဲ ဖုံးထူ ထောင်ကြပါစို့၊ ဘယ်သူခွဲခွဲ မကွဲစတမ်းပေါ့ ........
ဗမာပြည် ပြန်ရောက်တဲ့အခါ ပင်လုံ ကွန်ဖရင့်ခေါ်ပြီး ပြည်ထောင်စုသားတွေကို သဘောပေါက်အောင် ရှင်းပြတော့ သူ့ စေတနာကို ယုံပြီးအားလုံး သဘောတူ စာချုပ်ကြတယ်။
ရွေးကောက်ပွဲ နီးလာလေ နန်းရင်းဝန် ဖြစ်ဘူးတဲ့ ဦးစောဟာ ခေါင်းဆောင်မဖြစ်နိုင်တော့ကြောင်း သိလာလေ ဖြစ်တဲ့ အတွက် အင်္ဂလိပ်ထဲက အဖျက်သမားတွေနဲ့ ပေါင်းပြီး
ဘရင်းဂမ်းသေနတ် ၂၀၀ ကို အင်္ဂလိပ် စစ်တပ်မှ ခိုးထုတ်ပြီး တချို့ကို ရေထဲမှာ သံစည်ပိုင်းနဲ့မြုပ် တချို့ကို ဖြန့်လိုက်သတဲ့။
ဖဆပလ
၁၉၄၇ ခုဧပြီလမှာ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ လုပ်တော့ ဖ ဆ ပ လ အမတ်များကို လူထုက မဲအများဆုံး ပေးပြီး တင်မြှောက်ကြတယ်။
မေလထဲမှာ ဂျူဗလီဟောမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးများဟာ လွှတ်တော် အကြိုဆွေးနွေးပွဲ ပြုလုပ်တယ်၊ ဥပဒေကြမ်း အတည်ပြုတယ်၊ လုပ်ငန်း အတော်စုံစုံပြီးအောင် နေ့မအား ညမအား ပြုလုပ်ကြတယ်။


ဗယါဖြည်ကြီးကောင်းသားအောင်
နီဝေါက်လုပ်နေတာ သူတို့က
မကျေနပ်စရာ မရှိပါဘူးဗျာ
ဦးအုန်းမောင်
ဗိုလ်ချုပ်အောင်ဆန်း
ဦးရွှေဘော်
ဦးဘဂျမ်း
ဦးအောင်ဇံဝေ
ပျော်ဘွယ် ဦးမြ
သခင်မြ
ဦးရာဇတ်
ဒီးဒုတ်ဦးဘချို
ဦးဘဝင်း
မန်းဘခိုင်
မိုင်းပွန်စော်ဘွား
အလုပ်များနေကြတုန်း ဗိုလ်ချုပ်တို့ကို ဦးစော လုပ်ကြံ လိမ့်မယ်လို့ သတင်းပေးပေမဲ့ ဗိုလ်ချုပ်က မယုံနိုင်ဘူးတဲ့။
၁၉-၇-၄၇ နေ့မှာ ဝန်ကြီးများ အစည်းအဝေးရှိလို့ အတွင်းဝန်များ ရုံးမှာ ဗိုလ်ချုပ် ရုံးထိုင်တယ်။
နံနက် ၁၀ နာရီခွဲမှာ ဦးစော တပည့်များဟာ တာဝန်ကျ စစ်တပ် ဝတ်စုံတံဆိပ်များ တပ်ဆင်လျက် ဂျစ်ကားနဲ့ရောက်လာပြီး အစည်းအဝေးခန်းမ တံခါးကို အတင်းတွန်းဝင်ကာ ဒလစပ် ပစ်ခတ်တော့ တယ်။
ဗိုလ်ချုပ်ခမျာ ဒဏ်ရာ ၁၃ ချက်နဲ့ သေဆုံးရှာတယ်။ ဝန်ကြီး ၆ ယောက်၊ အတွင်းဝန် တယောက်၊ သက်တော်စောင့်တယောက်လဲ သေဆုံးရှာတယ်။ ဝန်ကြီး ၂ ယောက် သေဟန် ဆောင်လို့ သက်သာပြီး အတွင်းဝန် တယောက်နဲ့ဝန်ကြီးတယောက် လွတ်သွားတယ်။
ဒီကိစ္စမှာ လူထုနဲ့အစိုးရ လက်တွဲ ကြိုးစားချက်အရ ဦးစောတို့လူစု အမှုပေါ်ပြီး နောက်ဆုံး၌ ....
အင်းစိန် ထောင်မှာ သေဒဏ်ခံကြရတယ်။
အဲဒီလို နိုင်ငံတော် လွတ်လပ်ရေး အတွက် အသက်ပေးပြီး ဆောင်ရွက်သွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အဖွဲ့ကို ကျေးဇူး မမေ့တဲ့ အနေနဲ့ နှစ်တိုင်း အလေးပြုကြတာဘဲတဲ့။

# အအေးမိခြင်း

ရေးသူ-သာညွန့် သရုပ်ဖော်ကဆွ




လူပြည့်ကျပ်သောကားပေါ်မှ ကူးစက်တတ်သည်။

ရထားပေါ်မှလည်း ကူးတတ်၏။

ရုပ်ရှင်ရုံမှလည်း ကူးတတ်၏။

## အအေးမိလျှင်—




အနားယူပါ။

အစာလျှော့စားပါ။

လက်ကိုင်ပုဝါပိတ်၍ နှာချေပါ။

ရေနှင့်သစ်သီးရည်များ သောက်ပါ။

## အအေးမိရောဂါကိုကြိုတင်ကာကွယ်ရန်—



ရောဂါ ရသူနှင့် ဝေးဝေးနေပါ။

လေကောင်းလေသန့်ရှူပါ။

ရာသီဥတုနှင့် သင့်တော်အောင် ဝတ်ဆင်ပါ။


ကာတွန်း
မောင်မောင်သက်
၏
ဝီရိယ
အကျိုး
ဖားကလေး နှစ်ကောင်သည် နွားနို့ပုံးကြီးထဲသို့ ကျသွားရာ -
အပြင်သို့ ခုန်ထွက်နိုင်ရန် ပတ် ချာလှည့် ကူးနေကြ၏။
ဆက်ပြီးတော့ မကူး နိုင်တော့ဘူး-
ဇွဲမလျှော့ ပါနဲ့ဦး-
ဖားတကောင်မှာ အလွန်မောပန်း၍ ဇွဲလျှော့လိုက်ရာ—
ပုံးအောက်သို့ နစ်မြုပ်၍ သေဆုံးသွားရှာသည်။
ကျန် တကောင်က ဇွဲ မ လျှော့ပဲ ဆက်ကူးနေသဖြင့်·
ဟော-အခဲလေး တခု ပါလား
ထောပတ်ခဲ ကလေးတခု ဖြစ် လာ၏။ အခဲလေးမှ
အပြင်ကို ရောက်အောင် ခုန်ကြည့်လိုက်မယ်
အခဲကြီး ဖြစ်လာကာ ထိုအပေါ် တက်၍ ခုန်လိုက်ရာ—
ဒါလို ဝီရိယရှိရင် ဒို့ မိတ်ဆွေ အသက် သေမှာ မဟုတ်ဘူး
ပုံးအပြင် ရောက်၍ လွတ် မြောက်သွားလေသည်။



စိတ်ကူးယဉ် ဖိုးထူး
ပါဝင်သော
ဟေ့ ဖိုးထူး-အကျွမ်းထမလဲ နေနော်၊ ငါ့လေယာဉ်ပျံနဲ့ တိုးမိသွားမယ်၊
စိတ်ကူး ယဉ်မိလို့
ငါကြီးလာရင် လေတပ်ဗိုလ်ကြီး လုပ်မယ်၊ ဒါမှ လေယာဉ်ပျံ မောင်းရမှာ၊
မြို့ဖျက်ဂျန်သူတွေကို၊ ငါ့လေယာဉ် ပျံနဲ့၊ နှိမ်နင်းရမယ်၊
ဝေါ
ဝေါ
ဟာ- ငါ့လေ ယာဉ်ပျံ ပျက်ပြီနဲ့တူ တယ်။
အောင်မယ် လေး ဗျ-
ငါပြောထားသားပဲ အကျွမ်းထမလဲ ပါနဲ့လို့၊ ခုတော့ တိုက်မိပြီ၊
အေး ကွာ- ငါစိတ်ကူး လွန်သွားလို့ပါ၊

# သွပ်

ရေးသူ - ဥမြ
သရုပ်ဖော် - ကဆု

သွပ်သည် အလွန်အသုံးဝင်သော သတ္တုတမျိုးဖြစ်သည်။ သွပ်သတ္တုရိုင်းအများအပြား ထွက်သော နိုင်ငံများမှာ ဩစတြေးလီးယား၊ အမေရိကန်၊ ကနေဒါ၊ ပိုလန်၊ ရုရှနှင့် မက္ကဆီကိုနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် နမ္မတူမြို့နယ်၌ ထွက်သည်။

သွပ်ကို ကမ္ဘာ့အရပ်ရပ်၌ အောက်ပါအတိုင်း အသုံးပြုကြလေသည်။





၁။ သံထည်ပစ္စည်းများကို သံချေးမတက်စေရန် စိမ်ရာ၌ အသုံးပြုကြသည်။ အိမ်မိုးသွပ်ပြား ဆိုသည်မှာ သွပ်ရည်စိမ်ထားသော သံပြားပင်ဖြစ်၏။


၂။ လျှပ်စစ်ဓာတ်ခဲများတွင် အသုံးပြုသည်။




၃။ ပုံနှိပ်လုပ်ငန်းအတွက် သွပ်ဗလောက်ပြားများ ပြုလုပ်ရာ၌ အသုံးပြုသည်။



၄။ အဖြူရောင်သုတ်ဆေးများ ဖော်စပ်ရာ၌ အသုံးပြုသည်။




၅။ ကြေးဝါ၊ ကြေးညို၊ ဂျာမန်ငွေ စသော သတ္တုစပ်များ ဖော်စပ်ရာ၌ အသုံးပြုသည်။

၆။ ရော်ဗာ တိုင်ယာ၊ ရော်ဗာ ပစ္စည်း၊ အလှကုန်ပစ္စည်း၊ ကြွေရည်သုတ်ပစ္စည်းများ ပြုလုပ်ရာ၌ အသုံးပြုသည်။

၇။ ဖယောင်းချက်နှင့် အနာကပ်ပလာစတာများဖော်စပ်ရာ၌ အသုံးပြုသည်။










ဆိုးပေ
ညာမိလို့
ပေပေလေမှာထားတယ် ရေအနက်ထဲမသွားရဘူးတဲ့
ဒီမှာကြည့်ကြ! ငါမင်းတို့ကိုဒိုင်ဗင် ထိုးပြမယ်
တစ်...နှစ်....
အောင်မယ်လေး လုပ်ပါအုံး
ရေနစ်နေပြီ ဘောသွားယူလော့
လုပ်ပါအုံး
ရော့ဟေ့-အဲဒီဘောကို လှမ်းဆွဲလိုက်



ဟားဟား မင်းတို့ကိုညာတာကွ တိမ်တိမ်လေးဘဲ
သိပ်ဆိုးတဲ့ ကိုကိုဘဲ
လာ..ရေကူးကြမယ်ကွာ
တော်ပြီ မကူးတော့ဘူး
ခုဏ-ဘဲ ကြောက်တော့မယ်
မင်းတို့မကူးရင်ငါကူးမယ်
ဒီတခေါက်ယှဉ်ကူးနည်း ကွ! ဟဲ..ဟဲ
ဟာ
ကယ်ပါအုံး ရေ..နစ်...
ကိုကို နစ်နေပြန်ပြီ



ဂုး..ဂုး
မေမေရေ.. ဟိုမှာကိုကိုရေနစ်နေလို့ ကယ်ပါအုံး
အလကားဆော့နေတာ မေမေ
တကယ်ရေနစ်တာလဲ့
သက်သာသွားပါပြီကွယ်
မောပါသေးတဲ့
ဆော့လို့မှတ်ထားနော်-ရေနက်ထဲ လူကြီးမပါဘဲမသွားရဘူး-ညာလဲမပြော ရဘူး-ဒုက္ခရောက်တတ်တယ်
ရော့.. ရေနွေး ပူပူလေး သောက်လိုက် အုံး
ဟုတ်ကဲ့-ရေနက် ထဲလဲမသွားတော့ပါ ဘူး-ညာလဲမညာတော့ ပါဘူး




ပင်ပေါင်သည် အိမ်တွင်းက စားနည်း တရပ်ဖြစ်၍ ယင်းကို စားပွဲတင် တင်းနစ် ဟုလည်း ခေါ်သည်။

ပင်ပေါင် စားပွဲသည် အလျား ၉ ပေ၊ အနံ ၅ ပေ ရှိ၍ ကြမ်းပြင်မှ ၂½ ပေ မြင့်သည်။ စားပွဲမျက်နှာပြင်ကို အစိမ်းရင့်ရောင်ဆေး သုတ်ထားရသည်။

စားပွဲအလယ်တွင် ၆ လက်မမြင့်၍ ၆ ပေ ရှည်သော အစိမ်းရောင်ပိုက်တခုကို တိုင် နှစ်တိုင်ကြားတွင် တင်းတင်း ချည်၍ ကန့်လန့်ဖြတ်တန်းထားရသည်။

ဘောလုံးမှာ အဖြူရောင် ဆဲလူလွိုက် ဖြစ်၍ အဝန်း ၄½ မှ ၄¾ လက်မအထိ ရှိသည်။


ဗက်တံမှာ ထင်းရှူး သားပြားပေါ်တွင် ကြက်ပေါင်စေးကပ်၍ ဖုံးအုပ်ထားသည်။ အလျားတပေခန့် ရှည်သည်။

ပင်ပေါင်ကစားရာ၌ တဖက်လျှင် တယောက်ချင်းသော်၎င်း၊ နှစ်ယောက်တွဲသော်၎င်း ကစားနိုင်သည်။ တပွဲလျှင် ၂၁ မှတ်ဖြင့် အရှုံး အနိုင် ကစားလေ့ ရှိကြသည်။ သို့သော်တဦးက ၂၁ မှတ်၊ အခြားတဦးက ၂၀ မှတ်ဖြစ်နေခဲ့သော် တဦးနှင့်တဦး ၂ မှတ် မကွာမချင်း ဆက်ကစားရ၏။

ပင်ပေါင် ကစားရာတွင် မှန်ကန်သော ရပ်တည်မှုသည် အထူး အရေးကြီး၏။ ခြေနှစ်ဖက်ကို ခွဲ၍ ဒူးကို အားစိုက်မထားပဲ ခြေဖျားနှင့် မေးပြီး အသင့်ရပ်နေမည် ဆိုလျှင် တဖက်မှ ပေးသော ဘောလုံး များကို ကောင်းစွာခုခံရိုက်နိုင်ပေသည်။

ကျော်ညွန့်မိုး


## အမှားငါးခု တွေ့အောင်ရှာ




အဖြေ။ ၁။ ထန်းပင်ကို ရင်းထောင်ခေါ် ဝါးလှေကား ထောင်၍ တက်ရသည်။ ၂။ စာမျက်နှာများသည် ညာဖက်၌ မ ဂဏန်း၊ ဘယ်ဖက်၌ စုံ ဂဏန်းဖြစ်ရပါမည်။ ၃။ ကြက်ခုက်တိုင် ခြေခြေချောင်း သုံးချောင်းသာ ရှိသည်။ ၄။ ရေခွက်နှစ်ခုတွင် ရေမျက်နှာပြင် တညီတည်းရှိရမည်။ ၅။ မီးခိုးနှင့် ဆီငွေ့နှံသည် တဖက်တည်းသို့ လွင့်ရမည်။

# သူများမနာလို ကိုယ်အကျိုးမရှိ

ခင်ဖုန်းဆင့်



ကိုလတ်သည် ပထမပတ် အစမ်းစာမေးပွဲကို ကောင်းစွာ ဖြေနိုင်ခဲ့သည်။ ယခင် အစမ်း စာမေးပွဲများ ကဲ့သို့ပင် အတန်း ထဲတွင် ပထမ ရလိမ့်မည်ဟု မျှော်လင့်ကာ ပျော်နေ၏။

ကျောင်းခေါင်းလောင်းထိုး ပြီး၍ မကြာမီ အတန်းပိုင် ဆရာမ ဝင်လာကာ အမှတ် စာ ရင်းများကိုကြေညာလေသည်။

"ပထမပတ် အစမ်း စာမေး ပွဲမှာ အမှတ်တွေ အားလုံး ပေါင်းလိုက်တော့ သက်ဝေက ပထမရတယ်။ ကိုလတ်က သက် ဝေထက် ငါးမှတ်နဲ့လို့ ဒုတိယ လိုက်တယ်။ မောင်မိုးက တတိ ယနေရာ ရတယ် ...."

ကိုလတ်သည် ဆရာမ၏ စ ကားများကို ပြတ်ပြတ် သား သား မကြားတော့ပေ။

"သက်ဝေဟာ ခါတိုင်း ငါ့ ထက် အမှတ်နဲတာ ချည်းဘဲ။ နောက်တခါသက်ဝေ ပထမ မရ အောင် လုပ်မှဖြစ်မယ်"

ဤသို့ဖြင့် ဒုတိယအစမ်းစာ မေးပွဲ နီးလာသောတနေ့တွင် မုံ့ စားဆင်းချိန်၌ ကိုလတ်သည် မုံ့ မစားပဲ အတန်းထဲသို့ ကမန်း ကတန်း ပြန်ဝင်လာ၏။

"သူများတွေမရှိတုန်း သက် ဝေရဲ့ စာအုပ်တွေကို သွားဆုတ် ပစ်မှပဲ။ ဒါမှ သူ စာတွေ ပြန်ကူး နေရတာနဲ့ အလုပ်များ၊ စာ ကျက်ချိန် နဲ့သွားပြီး အမှတ်လဲ နဲ့သွားမယ်"

ကိုလတ်သည် သက်ဝေ၏ စားပွဲခုံသို့ လျှောက် သွား လေ သည်။ စာအုပ် သုံးလေးအုပ်ကို မညီမညာ ဆုတ်ပစ်ကာ လွယ် အိတ်ထဲသို့ ပြန်ထည့် ထားပြီး အတန်း၏ အပြင်သို့ ထွက်လာ ၏။ ထို့နောက် ကစားရုံသို့ သွားကာ၊ သူငယ်ချင်းများနှင့် ရောနှော၍ ကစား နေလိုက် သည်။ ကိုလတ်၏ စိတ်ထဲတွင်မူ သက်ဝေ၏ သပ်ယပ်သော လက် ရေးများနှင့် စာရွက်များကို မြင် ယောင်ကာ၊ စိတ်မကောင်း ဖြစ် မိသော်လည်း သက်ဝေ အမှတ် နည်းသွား မည်ကို စိတ် ကူး၍ ကျေနပ်နေမိလေသည်။

ကျောင်း ပြန် တက် သော အခါ သက်ဝေက သူ၏ စာအုပ် များကို ဆရာမရှေ့သို့ ယူပြကာ တိုင်၏။ ကိုလတ်၏ရင်မှာ တ ဒိတ်ဒိတ် ခုန် နေ လေ သည်။ ဆရာမသည် ကျောင်းသားတ ဦးစီ၏ မျက်နှာကို စိုက်ကြည့် ကာ –

"တပည့်တို့ထဲကတယောက် ယောက်ကတော့ အပြစ် ကျူး လွန်ထားပြီ။ သက်ဝေရဲ့ လွယ် အိတ်ကို ပိုင်ရှင်မသိအောင် ခိုး ကိုင်ပြီး စာရွက်တွေကို ဆုတ်ပစ် ထားတယ်"

ဆရာမသည် စကားကို ခဏ ရပ်ပြီးမှ ဆက်ပြောပြန်သည်။

"ဆရာမ ပြောတာကို သေ သေ ချာချာ နားထောင်ပါ တပည့်တို့။ မင်းတို့ အားလုံးကို အနာဂတ်ရဲ့ သားကောင်းတွေ

လို့ ဆရာမ သဘောထားတယ်။ မျှော်လင့်ထားတယ်”

ဆရာမသည် ခေတ္တ နားကာ ဆက်ပြော ပြန်လေသည်။

“မင်းတို့အားလုံးဟာ အနာဂတ်ကို ပိုင်ဆိုင် ကြသူတွေပဲ။ မင်းတို့တွေတယောက်စီကောင်းမှ ဒီအတန်း ကောင်းမယ်။ ဒီအတန်း လို အတန်း တိုင်းကောင်းမှလဲ ဒို့ကျောင်းကြီးဟာ ကောင်းမြတ်တဲ့ ဂုဏ်ကို ရမှာပဲ။ ဒို့ကျောင်းလိုကျောင်းတိုင်း ကောင်းမယ် ဆိုယင် ဒို့တိုင်း ပြည်ကြီး ပိုကောင်းလာမယ်။ ပိုပြီး ဂုဏ်ရှိ လာမယ်။ ဒါကြောင့် တပည့်တို့ အားလုံးဟာ မကောင်းတဲ့ အမူအကျင့်တွေကို ရှောင်နိုင်ရမယ်။ကဲ တပည့်တို့၊ ဆရာမပြောတာတွေကို နားလည် သဘော ပေါက်ရဲ့လား”

“နားလည်ပါတယ် ဆရာမ” ဟူသော အသံသည် တညီတည်း ဟိန်း၍ ထွက်လာလေသည်။

“ဆရာမ ပြောတာ တွေကို နားလည်တယ် ဆိုယင် အပြစ်လုပ်ထားတဲ့ တပည့်ဟာ ကိုယ့်အပြစ် ကိုယ်သိပြီး ဆရာမဆီမှာ လာ ဝန်ခံစေချင်တယ်”

ကိုလတ်သည် ခေါင်းငုံ့ကာ တွေးနေလေ၏။

“ငါတော့ မှား သွား ပြီ။ သက်ဝေကို မနာလိုမိလို့ ဒီအတန်းထဲမှာ မကောင်းတဲ့လူ ရှိတယ်လို့ သူများတွေ ပြောတာ ခံရတော့မယ်”

ညနေ ကျောင်းဆင်းသော အခါ ကိုလတ်သည် ဆရာမထံသို့ တယောက်တည်း သွားကာ ဆရာမအနီးတွင် ရပ်နေလေ၏။

“သက်ဝေ စာအုပ် တွေကို နေ့ခင်း မုန့်စားလွှတ်တုန်းက ကျနော် ခိုးပြီး ဆုတ်မိပါတယ် ဆရာမ။ ကျနော် သက်ဝေ ပထမ ထပ်ရအုံးမှာ စိုးလို့ လုပ်မိတာပါ”

“တယ်မိုက်ပါလား တပည့်ရယ်။ ဒါပေမဲ့ အခုလိုအပြစ်ကို ရဲရဲ လာ ဝန်ခံတာကို ဆရာမ သဘောကျတယ်။ ချီးလဲချီးကျူးတယ်။ နောင်ကိုတော့ ဒီလို မကောင်းတဲ့ အပြုအမူမျိုးကို ရှောင်ပါ။သက်ဝေလို ပထမနေရာမှာ နေချင်ယင် သူထက်တော်အောင် ရိုးသားမှန်ကန်တဲ့ နည်းနဲ့ ယှဉ်ပြိုင်နိုင်မှ ဂုဏ်ယူစရာကောင်းမယ်။ မနာလိုစိတ်ထားတာ မကောင်းဘူး။ ခုကြည့်၊ မနာလို စိတ်ကြောင့် မကောင်းတဲ့ အလုပ်ကို လုပ်မိတယ်မဟုတ်လား။သူများ မနာလိုယင် ကိုယ့်မှာလဲ အကျိုးမရှိဘူး။ ဆရာမ ပြောတာ မမေ့နဲ့နော်”

“မမေ့ပါဘူးဆရာမ။ နောင်ကို မနာလိုစိတ် မထားတော့ပါဘူးလို့ ကျနော် ကတိပေးပါတယ်”

ကိုလတ်သည် ဆရာမအား ဦးညွှတ်၍ နှုတ်ဆက်ကာ ဆရာမ အပါးမှ ပေါ့ပါးစွာထွက်လာခဲ့လေသည်။

# ဆယ့်ကိုး ဇူလိုင်

ဗိုလ်အောင်ဆန်း ဗိုလ်အောင်ဆန်း၊
အမည်ကြိုင်လို့ လန်း။
ကြိုင်လန်းပါတဲ့ သူ့အမည်၊
ဘာ့ကြောင့် ကျော်ကြားသည်။
တည်ကြည် ခန့်ညား လွန်ရိုးသား၊
အလုပ် သူကြိုးစား။
အမျိုးသားကို လေးမြတ်စွာ၊
ချစ်စိတ် ရှိခဲ့ရှာ။
သူသာသတ္တိ ပြောင်ပါဘိ၊
သစ္စာ အလွန်ရှိ။
အမိပြည်ထောင် လွတ်လပ်အောင်၊
စွန့်စား သူစွမ်းဆောင်။
တို့ပြည်ထောင် ကောင်းဘို့ရေး၊
ကြိုးပမ်းဆောင်ရွက် အသက်ပေး။
သူ့သွေး သူ့စိတ် သူ့အသွင်၊
တို့မှာ ရှိဘို့ပင်။
တို့ဖခင် ဦးအောင်ဆန်း၊
တသက် မမေ့တမ်း။
မျှော်မှန်းကာလေ တို့တတွေ၊
အလေး ပြုစို့လေ။
မြဲတစေ ရှိညွှတ်ကျိုး၊
ဇူလိုင် တဆယ့်ကိုး။ ။

မောင်သက်ကြူ။



R. 517

# ကျောက်ဖရုံသီး



အပွမျိုး၊ ကြွက်သားမျိုးဟူ၍ ကျောက်ဖရုံသီး နှစ်မျိုးရှိသည်။

ကျောက်ဖရုံသီးကို အသားတမျိုးမျိုးနှင့် ဟင်းချက်စားနိုင်သည်။ ဝက်သားနှင့် ကျောက်ဖရုံသီးမှာ လိုက်ဖက်သော ဟင်းလျာဖြစ်သည်။ ငါးပုဇွန်တို့ဖြင့် ချဉ်ရည်ဟင်းချက်၍လည်း စားနိုင်သည်။

ကျောက်ဖရုံယိုမှာ ရေနွေးကြမ်းနှင့် အတွဲညီသည့် သားရေစာဖြစ်သည်။

ကျောက်ဖရုံသီးတွင် ခန္ဓာကိုယ်၊ အရိုးနှင့်သွားများ ကြီးထွားသန်မာစေသည့် ထုံးဓာတ်ပါရှိသည်။ သွေးအားတိုးစေသော သံဓာတ်လည်း ပါရှိသည်။ ကျောက်ဖရုံသီးသည် သွေးနှင့်သင့်၏။ အားကိုဖြစ်စေ၏။ နှလုံးကို ငြိမ်စေ၏။ အစာကိုကြေစေ၏ဟု မြန်မာဆေးကျမ်းများတွင် ပြဆိုသည်။ မီးလောင်နာဖြစ်သူကို ကျောက်ဖရုံသီးကျွေးက အပူသက်သာစေနိုင်သည်။

လူသေအလောင်းအောက်တွင် ကျောက်ဖရုံသီးထားက အပုပ်နံ့မထွက်ဟု အဆိုရှိသည်။

ကျောက်ဖရုံကို ကဆုန်မှဝါဆို၊ တော်သလင်းမှ တန်ဆောင်မုန်းထိ စိုက်ရသည်။ မြေဩဇာမလို၊ သဲရောမြေတွင် လွယ်ကူစွာ စိုက်နိုင်သည်။

မောင်မောင်မြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄ဂ၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်


စနေနေ့တိုင်း ထုတ်ဝေသည်။

အတွဲ ၁၊ အမှတ် ၃၀။ ၂၆-၇-၆၉

## မင်းတန်းတချက်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာဒွန်း





ဟားဟား ဟားဟား
ပြည်လမ်းအတိုင်း မောင်းလာရာ တန်တားဖြူလေးနားတွင် သူတို့ကို ဂျစ်ကားတစင်း ကျော်တက်သွား၏။
နံပတ်ပြားမှာ ရွှံ့ သုတ်ထားသည်ကို သတိထားမိ၍
ဒီကောင်တွေ အရမ်းမောင်းပြေးတယ် မှီအောင်လိုက်ကွာ
အား
မသင်္ကာသဖြင့် အတင်းလိုက်ကြ၏။
မင်္ဂလာဒုံဖက်မှ ကားကြီးများ လာနေ၍ ဂျစ်ကား နှေးသွားစဉ် သာဌွန်းတို့ မှီလာပြီး-
ကျော်တက်စဉ် ပန်းခူးထွက်သူများ လိုလိုလုပ်ပြီး လက်ပြသွားသည်။
ထိုအခါ ဂျစ်ကားသည် ရှေ့ဖက်မန်ပါနှင့် သာဌွန်းတို့ကို ဂျောက်ထဲသို့ အသာတွန်းချလိုက်၏။
ကျိုက်ကလို့ဘုရားအနီးရောက်သော် ဓာတ်ဆီကုန်သွား၍ မလိုက်နိုင်ချေ။
ခဏကြာသော် ရဲကားတစီး ရောက်လာပြီး....


ဟင်- ဒါဖြင့် မောင်ရင်တို့ ဆိုင်ကယ်ပါကား ပေါ်တင် — ဦးတို့ကို ကူညီပါအုံး
အကူအညီတောင်းသဖြင့် လိုက်သွားကြ၏။
ဦးလေး - အခုဖြတ်သွားတဲ့ကားကို မသင်္ကာဘူး — ကားနံပါတ်မှား ရေးထားသလိုပဲ
ဟေ — ဟုတ်လား ဟေ့ မြန်ကွေ
မသင်္ကာစရာ ဂျစ်ကားတစီး မျက်နှာချင်းဆိုင် တွေ့လေရာ ....
ဦးလေး ဟိုကားမှာ ကျွန်တော် ပက်ထားတဲ့ မှင်တန်းတွေလိုက်တယ်
ထိုဂျစ်ကို မှီလာသော်----
ဟေ့ - ရပ် လိုက် .... ပစ်လိုက် ရမလား
မင်း ဘယ်ကလာသလဲ - ဟိုကောင်တွေ ဘယ်မှာထားခဲ့သလဲ — မှန်မှန်ပြော
ကျွန်တော် လောက်ကြံ့က ပြန်လာတာပါ၊ ဘာမှမသိ ရပါလား
မင်းမညာနဲ့ ဟိုမှာကြည့်စမ်း၊ ဒီသူငယ်တွေပက်လွှတ်လိုက်တဲ့ မှင်တန်းကြီး ထင်းနေတာပဲ
ကျွန်·· ကျွန်တော် လိုက်ပြပါ့မယ် ခင်ဗျာ ပန်းချုံထွက်မယ်ဆိုပြီး ကားငှါးပြီးတော့ သူတို့ဘဲ မောင်းပါတယ်
သို့ဖြင့် မြန်ကွေ့၍မောင်းပြီး
ဟေ့ - အိမ်ပေါ်ကလူတွေ....
ခြံကြီးထဲမှ အိမ်တအိမ်သို့ ဂျစ်ကားဒရိုင်ဘာ လိုက်ပို့၍ ရောက်သော်



ခေါင်းပြလေးဦးနှင့် အိမ်ရှင်တို့ အရက်သောက်နေစဉ် ပစ္စည်းများလည်း ရှိ၏။
ခေါင်းပြ တိုက်ခံရသော အဖွားကြီးရောက်နေပြီး


တန်ရာ
တန်ရာ
ကာတွန်း
ငါလဲအဲဒီငှက်လိုကောင်း
ကင်းမှာပျံနိုင်ပါတယ်ကွ-
မဖြစ်နိုင်တာ
မလုပ်ပါနဲ့ဗျာ
ဖြစ်နိုင်တာပေါ့
ငါပျံပြမယ်
ခဏစောင့်အုံး-
ကဲ-အတောင်တွေတပ်ပြီး
ပြီ၊ဟိုတောင်ပေါ်က
ခုန်ချပြီး
ပျံပြမယ်-
ကိုကြီးမျောက်
မပျံနိုင်ဘူး-ဒုက္ခဘဲ
အမယ်လေး
သေပါပြီဗျ
ကိုယ်နဲ့မတန်တဲ့အလုပ်ကို
လုပ်ယင်ဒုက္ခရောက်တယ်
ဆိုတာသိပြီလား-
အေး-ကိုယ်နဲ့မတန်တဲ့အလုပ်ကို
ဘယ်တော့မှမလုပ်တော့ပါဘူးကွာ။
နောက်ဆိုယင်
တန်ရာတန်ရာ
လုပ်ပေါ့ဗျာ

# တော်သေး တာပေါ့

ရေးသူ — သူရတက်ပု

သရုပ်ဖော် — [illegible]





သာမိဘော
ကိုလတ်
ကျော်ကျော်
ဟေ့ ကိုလတ် စာကျက်လို့ ပြီးပလား
တခုခု ခိုင်းတော့ မယ်ထင်တယ် ညာပြောမှဘဲ
မပြီးသေးဘူး ဖေဖေ ဂဏန်းတွက်စရာတွေ ကျန်သေးတယ်
မကြီးနဲ့ ညီလေးရော စာကျက်လို့ ပြီးကြပလား
ပြီး ပါပြီဖေဖေ
သားလဲဂဏန်းတွက်လို့ ပြီးပါပြီ
ကျက်လို့ ပြီးရင် အဝတ်လဲကြ ညဈေးတန်းမှာ နဲ့ သွားစားကြမယ်
ကိုလတ်က တော့ ကျောင်းစာ မပြီးသေးလို့ နေခဲ့နော် ကျောင်းစာက အရေးကြီးတယ်
ဟာ!
အင်း ငါ ညာမိလို့ ခံရတာဘဲ



# မြေပဲ

ရေးသူ — မြတ်ကျော်
သရုပ်ဖော် — ဘဆု

မြေပဲသည် လူတို့ နှစ်သက်စွာ စားသုံးကြသည့် ထူးခြားသော ပဲတမျိုးဖြစ်သည်။


မြေပဲတွင် သာမန်အားဖြင့် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးရှိသည်။

မြေပဲတောင့်သည် ဥမဟုတ်၊ အသီး ဖြစ်သည်။ အပွင့်မှည့သွာတံသည် ရှည်ထွက်လာကာ မြေကြီးထဲသို့ ထိုးဝင်သွားပြီးမှ မြေပဲတောင့်ကို သီးသည်။

မြေပဲတွင် ပရိုတင်းဓာတ်၊ သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ် များစွာပါသည်။

မြေပဲဆံကို သည်အတိုင်းလည်း ပြုတ်စား၊ ကြော်စား၊ လှော်စား၊ ဟင်းချက်စားကြသည်။ မုန့်ပဲသားရေစာ ပြုလုပ်၍လည်း စားကြသည်။

မြေပဲဆံကို ကြိတ်၍ရသောဆီကို ဟင်းချက်ဆီအဖြစ် အသုံးပြုကြသည်။ အခြားဆီများထက် အကြော်ခံသဖြင့် အိမ်ရှင်မနှင့် အကြော်သည်များ နှစ်သက်ကြသည်။








ဆီထုတ်ပြီးသော မြေပဲဖတ်ကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချရသည်။ မြေပဲဖတ်ကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုသည်။ လူသုံး ပစ္စည်းများအဖြစ် ကော်ရည်နှင့် အထည်အလိပ်များတွင် ပြုပြင်၍ သုံးကြသည်။ မြေပဲခွံကို ဖိုင်ဗာပြားနှင့် မြေသြဇာများ ပြုလုပ်ကြသည်။




မြေပဲကို အထက်မြန်မာနိုင်ငံတွင် မိုးတွင်း၌ စိုက်ပျိုးလေ့ရှိသည်။ အောက်မြန်မာနိုင်ငံတွင် ဆောင်းတွင်း၌ စိုက်ပျိုးလေ့ရှိသည်။ စိုက်ပျိုးချိန်ကို လိုက်၍ မိုးမြေပဲ၊ ဆောင်းမြေပဲဟု ခေါ်ကြသည်။

မြေပဲသည် ကမ္ဘာပေါ်တွင် အာရှ၊ အာဖရိက နှင့် အမေရိက တိုက်တို့၌ ကောင်းစွာ စိုက်ပျိုး ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် မိတ္ထီလာ၊ မကွေး၊ မြင်းခြံ၊ ပခုက္ကူ ခရိုင်များနှင့် ရှမ်းပြည်နယ်တို့၌ အများအပြား စိုက်ပျိုးသည်။




ထင်တလုံး
ဇာတ်လမ်း
မန္တရဝင်း
သရုပ်ဖော်
တယ်သာယာတဲ့ ညနေပါလား
ဘဲကလေးတကောင် ရေကန်ထဲတွင်ရေကူးနေစဉ်
မြင်းညိုကြီးတကောင် လည်း အနီးတွင်အစာစားလျက်ရှိသည်
ဗျို့-မြင်းညိုကြီး စားလှချည်လားဗျ
မြင်းညိုကြီးကားစားမြဲစားလျက်
ထိုနောက်ဘဲလေးသည်ထင်တလုံးနှင့် ရွှင်ပြုံးနေသည်။
ငါဟာ-ရေပေါ်မှာ ကူးလို့လဲရတယ်
အခုလို— ပျံလို့လဲရတယ်
ဟောဒီလို ငုပ်လဲငုပ် နိုင်တယ်


ထိုအခိုက် အသံတသံ ပေါ်ထွက်လာသည်။
ဘဲလေးတကောင်× ရေထဲမှာ ကိုရိုးကားရား × ကိုရိုးကားရား ×
ဟေး-မြင်းခိုကြီး ဘာပြောတယ်
ဒါတင်မကဘူး-ကျုပ်ကုန်းပေါ် မှာလဲ လမ်းလျှောက်နိုင်တယ်-- ခုန်နိုင်တယ်-- ယံနိုင်တယ် သိလား
မြင်းခိုကြီးကား-ဆိတ်ငြိမ်စွာ သူ့အစာကိုစားမြဲစားလျက်....။
ထိုအခိုက်. ရေကန်နားရှိ ချုံပုတ်ထဲတွင် အသံရှင် မြေခွေးကား အစာချောင်း နေသည်......
တယ်လဲဆူဖြိုး ပါလား
နေ့လုံးပျောက်လှ- မှောင်စပြုလေပြီ


ဟော ချောင်းလာပြီ ဗျို့မြင်းသိုကြီး ပြန်ကြစို့ဗျာ
ထိုခဏတွင်-ချောင်းနေသော မြေခွေးသည်ပြေးထွက်လာကာ ဘဲငယ်ကိုခုန်၍အအုပ်တွင်
မြင်းသိုကြီး၏လျင်မြန်မှုကြောင့်
ချက်ကောင်းထိသွားသော မြေခွေးမှာ-တချိုးထဲ လစ်ပြေးလေတော့သည်
ကျေးဇူးတင် လိုက်တာဗျာ- အတောင်ပံဘဲ နဲနဲနာသွားတယ်
အေး--ဘယ်ဟာမဆိုပေါက်ပေါက် ရောက်ရောက်တတ်ကျွမ်းဘို့လိုတယ် ဟိုနဲ့နဲ့ ဒီနဲ့နဲ့ ဆိုရင် ကိုယ်ကျိုး နဲ့တတ်တယ်ကွ--
ထိုနေ့မှစ၍-ဘဲကလေးသည်- မိမိကိုယ်ကို အထင်မကြီးဝံ့တော့ချေ—




ခရာတေးဆိုသည်မှာ ဂျပန်ဝေါဟာရဖြစ်၍ လက်နက်မဲ့ ခုခံတိုက်ခိုက်မှုပညာဟု ဆိုလိုပေသည်။

ခရာတေး ပညာတွင် စိတ်အာရုံ စူးစိုက်မှု လေ့ကျင့်ခန်းသည် အထူးအရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် လက်သီးထိုးခြင်း၊ လက်ဝါးစောင်း ခုတ်ခြင်း စသည်တို့၌ ကာယ အားထက် စိတ် စူးစိုက် ယုံကြည်ခြင်း တည်းဟူသော စိတ်ဓာတ်အား သည် ပဓာန ကျ သောကြောင့်ဖြစ်သည်။ ဥပမာ အုတ်နီခဲနှစ်လုံးကို ထပ်၍ လက်ဝါးစောင်းဖြင့် ခုတ်ချပါက ကာယအား သက်သက်ဖြင့် မဟုတ်ပဲ စိတ်၏ သတ္တိထူးများကိုပါ လေ့ကျင့်အသုံးချမှသာ အုတ်နီခဲကို ထက်ခြမ်း ကွဲသွားစေ နိုင်လေသည်။

ခရာတေးပညာ၌ လက်ဖြင့် တိုက်ခိုက်ခြင်းနှင့် ခြေဖြင့် တိုက်ခိုက်ခြင်းဟူ၍ နှစ်ပိုင်း ပါရှိ၏။ လက်ဖြင့် တိုက်ခိုက် နည်းတွင် လက်ဖျားထိပ်၊ လက်သီး၊ လက်ဝါးစောင်း၊ တံတောင်ဆစ်တို့ကို အသုံးပြု၏။ ခြေဖြင့် တိုက်ခိုက်မှုတွင် ခြေဖျား၊ ဖနောင့်၊ ဒူးတို့ကို အသုံးပြုသည်။

ခရာတေး ပညာကို လိုက်စားသူတဦးသည် အောက်ခြေခိုင်မြဲစေရန် ရှေးဦးစွာ မြင်းထိုင် လေ့ကျင့်ခန်းကို စ၍ သင်ယူရ၏။ မြင်းပေါ်တွင် ခွစီးသည့် အနေအထားအတိုင်း ခြေနှစ်ဖက်ခပ်ကျဲကျဲ၊ ဒူးနှစ်ဖက်ခွင်၊ ခါးမတ်မတ်ထား၍ ရပ်တည်ပုံမျိုးဖြစ်၏။

ထို့နောက် အခြေခံလှုပ်ရှားမှုပုံစံများကို လေ့ကျင့်ရသည်။ အရပ် ရှစ်မျက်နှာမှ ဝိုင်းလာသော ရန်သူများအား ခုခံတိုက်ခိုက်နေရသည်ဟု အမှတ်ထား၍ ခြေလက်တို့ဖြင့် ပိတ်ခြင်း၊ ကာခြင်း၊ တိုက်ခိုက်ခြင်း နည်းအမျိုးမျိုးကို သတ်မှတ်ထားသော အစီအစဉ် အတိုင်း ဆက်တိုက် လေ့ကျင့်သွားရသည်။ လှုပ်ရှားမှုများ မှန်ကန်ဖို့သာမက လျင်မြန်မှုအတွက်လည်း လေ့ကျင့်ရပေသည်။

ကျော်ညွန့်မိုး



စိမ်း၊ ဝါ၊ ပြာနု၊ အနီရောင် ဆေးများဖြင့် အရောင်ခြယ်ပါ။



# သရက်သီးကောက်

ကညွှန့်သိုက် မောင်အောင်မြ

လမ်းမပေါ်တွင် မိုးလေထန်၍ သစ်ရွက်များ တဖွဲဖွဲ ကြွေကျနေသည်။ ကလေးများသည် ဝမ်းသာအားရ အော်ဟစ်လျက် ပြေးလွှားနေကြ၏။

"မိုးမင်းကြီးက ခြိမ်းခြိမ်း၊ လေမင်းကြီးက ယိမ်းယိမ်း– ဟေး–ဝါး ဝါး"

ကလေးများမှာမိုးဖွဲဖွဲကြားဝယ် ပြေးလွှား နေကြဆဲပင်။ ဟောင်းဆွေး အိုမင်းနေသော သစ်ကိုင်းခြောက် များမှာ တဖြောက်ဖြောက် နှင့် မြေကြီးပေါ်သို့ ကျလာလေသည်။

"ဟဲ့– ကလေးတွေ အိမ်ပေါ်တက်ကြစမ်း။ သစ်ပင်လဲလို့ သေကုန်လိမ့်မည်"ဟု မိဘများက အသီးသီး အော်ခေါ်ကြသဖြင့် ခဏကြာလျှင် လမ်းမပေါ်၌ အသံများ တိတ်ဆိတ်သွားလေ၏။ မိုးတဖွဲဖွဲရွာနေရာမှ မိုးသီး မိုးပေါက်များမှာ တဖြည်းဖြည်း ကြီးမားလာသည်။ သစ်ပင်ကြီးများမှာ တရှဲရှဲနှင့် အော်မြည်လျက် ရှိနေသည်။

လမ်းမပေါ်တွင် လူသွားလူလာ ကင်းရှင်းလျက် ရှိစဉ်–

"ဒီမှာ အများကြီးဘဲ ပုတိုလာကွ"ဟု လမ်းထဲရှိ သရက်ပင်ကြီး အောက်မှ ကလေး နှစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"အေးကွာ–တချို့မှည့်နေပြီ။ မင်းအောက်ကဖမ်းကွာ ချိုပြုံး၊ ငါတံချူနဲ့ ချူချမယ်"

ပုတိုသည် အနိမ့်ပိုင်းမှ သရက်သီးများကို အလျင်ချူနေသည်။ ချိုပြုံးက လွယ်အိတ်ထဲသို့ သရက်သီးများကို အားပါးတရ ကောက်ထည့်နေသည်။

"ဟဲ့ ကောင်လေးတွေ ဘာလို့ သရက်သီး လာခိုးတာလဲ" ဟု သရက်ပင် ပိုင်ရှင် ဒေါ်ဂျမ်းဘုံက အော်လိုက်ရာ သူတို့ နှစ်ယောက်သည် သရက်ပင်ရင်း၌ ပုန်းနေလိုက်ကြ၏။ အသံတိတ်သွားလျှင် ဝါးလုံး တံချူတံကို ပြန်ထောင်ကြပြန်သည်။

အနီးရှိ အိမ်တအိမ်မှ လူကြီးတယောက်သည် ပုတိုနှင့် ချိုပြုံး ကလေးနှစ်ဦးနှင့် ဒေါ်ဂျမ်းဘုံတို့ကို ကြည့်နေ၏။

"ဟဲ့ ကလေးတွေ ဦးဦးဆီ လာပါအုံးကွ"ဟု ထိုလူကြီးက လှမ်းခေါ်လိုက်၏။

ပုတိုနှင့် ချိုပြုံး တို့သည် လူကြီး အနီးသို့ကပ်သွားကြသည်။

"ဒေါ်ဂျမ်းဘုံ စိတ်ဆိုးလာယင် မင်းတို့ကို ထွက်ရိုက်လိမ့်မယ်။ မိုးတွေ လေတွေ ထန်နေတုန်း အိမ်မှာဘဲ ပြန်နေကြပါလားကွာ"ဟု လူကြီးက ချော့မော့ လွှတ်လိုက်သည်။

ပုတိုနှင့် ချိုပြုံးသည် မျက်နှာ မှုန်ကုပ်ကုပ်နှင့် မကျေမနပ်ဖြစ်ကာ ဝါးလုံး တံချူတံကို ပခုံးပေါ်ထမ်းရင်း လမ်းထဲမှ ထွက်သွားကြလေ၏။

အတန်ကြာသောအခါ–

“ဒီ ကလေး နှစ် ယောက်တော့ ဒုက္ခပါဘဲ”ဟု စကားသံများ ဆူဆူ ညံညံ ကြားရပြီး ဒေါ်ဂျမ်း ဘုံ၏ သရက်ပင်အောက်၌ လူများ ဝိုင်းအုံနေသည်ကို တွေ့ရသည်။

ပုတိုသည် သတိမေ့လဲနေပြီး ချိုပြုံးမှာ သရက်သီး လွယ်အိတ်ကို ရင်ခွင်ထဲ ဖက်ထားရင်း ငိုနေသည်။

“ ခ‌ောတ်လိုက်လို့တဲ့ ဗျ”ဟု စကားသံများ ထွက်လာသည်။

မကြာမီ ဆေးရုံကားရောက်လာပြီး ပုတိုကို တင်ဆောင်ကာ မောင်းထွက်သွားလေ၏။

လမ်းထဲမှ ကလေးများသည် ပါး စပ် ကလေး များ ဟ လျက် ပုတို၏ အ ဖြစ် အ ပျက် ကိုမြင်လိုက်ကြရသဖြင့်တိုးတိုးကြိတ်၍ တဦးနှင့် တဦး ပြောနေကြ၏။

“ဟော့ – ကောင် လေး တွေ မင်းတို့လဲ သတိထား၊ ကြားလား။ မိုးရွာယင် လမ်းမပေါ် မထွက်ရဘူး။ ရေစိုနေတဲ့ ဝါးလုံးနဲ့ လျှပ်စစ်ဓာတ်ကြိုးကို မထိစေရဘူး။ ထိယင် ဓာတ်လိုက်ပြီး ပုတိုလိုဖြစ်မှာဘဲ”

“ကျနော်တို့ မ ကိုင် ပါ ဘူး ခင်ဗျာ”

လျှပ်စစ်ဌာန အလုပ်သမားကြီး တယောက်က အသံမာမာနှင့် ဆုံးမလိုက်သဖြင့် ကလေးများသည် အလွန်ကြောက်လန့်တုန်လှုပ်လျက် ပုတို ကျန်ရစ်ခဲ့သော ရေစိုနေသည့် ဝါးလုံးတံချူတံကလေးကို ကြည့် ရင်း ပြိုင်တူ ခေါင်း ညိတ်လိုက်ကြလေသည်။



လူကြီးများကို ရိုသေကွယ်

ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့
လူကြီးများကို ရိုသေကွယ်။
မမ ကိုကို အရွယ်လိုက်လို့
နှစ်ခြိုက်စဖွယ် သုံးပါမယ်။
ဗျာဗျာ ရှင်ရှင် ယဉ်ယဉ်ထူးလို့
ရှင်မြူးနှုတ်မှ ရှိပါမယ်။
ပေးတာယူတာ လက်နှစ်ဖက်နဲ့
ကိုင်းလျက် ကိုယ်ကို
ထားရမယ်။
လူကြီးရှေ့ဝယ်
မြွတ်ကာသွားတော့
ကိုယ်အား ကိုင်းညွတ်
သွားရမယ်။
စိတ်ကလည်းကွယ် မပြစ်မှားနဲ့
လူကြီးများကို ရိုသေကွယ်။
အမြဲကွယ်–အမြဲကွယ်။ ။

ကြည်ဇော်




R. 517

# ဆီးသီး




ဆီးသီး၏ အရွယ်နှင့် ပုံပန်းတို့မှာ အမျိုးမျိုး ကွဲပြားသည်။ သို့သော် အများအားဖြင့် လုံးဝန်းသည်။





မရင့်သေးသော ဆီးသီးမှာ စွဲကျိုကျို ဖြစ်သည်။ မှည့်ရင့်သောအခါ လိမ်မော်ရောင် သို့မဟုတ် အနီရောင် ရှိသည်။





မြန်မာနိုင်ငံ အနှံ့အပြားတွင် ဆီးပင်များကို တွေ့နိုင်သည်။ အများအားဖြင့် အလေ့ကျ ပေါက်ကြသည်။ အထူးသဖြင့် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းနယ်များတွင် ဆီးပင်ပေါသည်။ ဆီးပင်သည် အေးသောရာသီတွင် အပွင့်များပွင့်၍ ပူသောရာသီ၌ အသီးမှည့်လေသည်။




ဆီးသီးအမျိုးမျိုးရှိရာ အများအားဖြင့် ချဉ်ဖန်သောအရသာရှိသည်။ ဆီးတော်သီးသည် အသားများ၍ ချိုသည်။ စလေဆီးသီးတွင် အလွန်သေးငယ်၍ ပျော့သောအစေ့ ရှိသည်။



ဆီးသီးမှည့်များကိုခူး၍ အခြောက်ခံထားတတ်ကြသည်။ ဆီးသီးခြောက်များကို ဆီးယိုထိုးစားကြသည်။ အမှုန့်ထောင်း၍ ဆီးပေါင်းဆီးယိုပြုလုပ်နိုင်သည်။ ဆီးပြားလည်း လုပ်ကြသည်။ ပူအိုက်သော ရာသီတွင် ဆီးသီးခြောက် မှုန့်များဖြင့် ဆီးဖျော်ရည် ဖျော်သောက်နိုင်သည်။




ဆီးသီးကို စားက ဝမ်းပျော့စေသည်။ ရေငတ်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်းနှင့် နှလုံးတုန်ခြင်းတို့ကို ပျောက်စေနိုင်သည်ဟု မြန်မာ ဆေးကျမ်းများက ဆိုသည်။

စိန်တင်



ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း။
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဖုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွား ဂျာနယ်

အတွဲ ၁၊ အမှတ် ၃၁၊ ၂-၈-၆၉

## ဘဝအသိ

သရုပ်ဖော် ပန်းချီ ဦးစိန်
ရေးသူ မောင်ဝင်းမောင်













မောင်လူလှသည် မသွားလိုသော်လည်း ဖခင်စေလွှတ်သဖြင့် တရပ်တရွာသို့ ထွက်ခဲ့လေ၏။
တနှစ်အလှည့်ပြီးယင် အိမ်ကိုပြန်ခဲ့ပေတော့ မောင်လူလှ
လာပေါ့ ကိုယ့်အိမ် လိုသဘောထားပြီး နေပေတော့
ဆွေမျိုးချင်း သူဌေးအိမ် ဖြစ်သဖြင့် မောင်လူလှအဖို့ ပင်ပန်းစွာ အလုပ်မလုပ်ရပဲ ကောင်းစွာ စားသောက်ပြီး တနှစ်စေ့သော်
ဟော့ ဒီ ရွှေပန်းကုံး လက်ဆောင် ကိုယူပြီး မင့် အဖေထံ ပြန်ပေတော့
သူဌေးကြီးက ရွှေပန်းကုံးတခု လက်ဆောင်ပေးလိုက် ပါတယ် ဖေဖေ


ဖခင် သူဌေးကြီး သည် မောင်လူလှ ယူခဲ့သော ရွှေပန်းကုံးကို အနီးရှိ ဓားနှင့် အပိုင်းပိုင်းဖြတ်၍ လွှင့်ပစ်လိုက်ပြီးလျှင် ....
သွားလေရော့
ဒီတခါတော့ ငါ့မိတ်ဆွေ ကိုင်းသမားကြီး ဦးကာယ ထံ သွားပြီး အလုပ် လုပ်ရမယ်
လာဟော့ အေးအတူ ပူအတူ နေကြတာပေါ့
မောင်လူလှ သည် ခိုင်းသမျှ လုပ်ပြီး ပေးသမျှစား၏။
တနှစ်ပြည့်လေသော်
ဒီလက်ဆောင်တွေယူပြီး ဖခင်ထံ ပြန်ပေတော့


ဦးကာယာက ကိုင်း
ထွက်သစ်သီးတွေ
ပေးလိုက်တယ်
ဟဲ့မယ်ထူး - သစ်သီး
တွေကိုချောင်းထဲ
လွှင့်ပစ်ချေ
ဒီသစ်သီးတွေဟာ သားရဲ့
လုပ်အားနဲ့ ရခဲ့တဲ့ပစ္စည်းတွေ
မို့ လွှင့်ပစ်ဖို့မသင့်ပါဘူး
ဒါမှ ငါ့သားရဲ့ လုပ်အား
တန်ဖိုးကို-မင်းနားလည်
ပြီနော် ....
မောင်လူလှသည် လုပ်အားတန်ဖိုးကို နား
လည်ပြီး အသုံးအဖြုန်းမကြီးတော့သဖြင့်ဖခင်၏
အမွေပစ္စည်းများကိုရရှိလေသတည်း။ ။
လုပ်အားတန်ဖိုး ကိုသိတဲ့
မောင်လူလှ အတွက် အမွေ
ပေးဘို့စီပြီပေါ့


ဘဝမေ့သူ
သွားမယ်ဗျို့ ကိုကြွက်ဖိုး။
ကိုဖွားခယျာလဲ ငါ့ကိုနေ့စဉ် လိုက်လိုက်စောင့်ရှောက်ပေးနေရတာ အလုပ်တခု ဖြစ်နေပြီ။ အားနာစရာဘဲ၊ ငတိုးရဲ့ရန်ကိုကာကွယ်ဖို့ ကိုယ်စွမ်းကိုယ်စကိုလဲ အားကိုးအုံးမှပါ။။။
ဘာတွေ တွေးပြီး ငေးနေတာလဲ ကိုရင်ရို့
အော်။။ ကျုပ်။ ဟောဒီတောစပ်က သိုင်းဆရာကြီးဆီမှာ၊ ကိုယ်ခံပညာသွား သင်ထားရင် ကောင်းလေမလားလို့
ဟား။ သိပ်ကောင်းပေါ့ ကိုရင်ရယ်၊ ကျမတော့ သိပ်သဘောကျတာဘဲ၊ အဲဒီမှာကြောင်တိုးကို ပြန်ချနိုင်မှာ။။။
ဤသို့ဖြင့်။
ကိုကြွက်ဖိုးသည်ကိုယ်ခံပညာအရပ်ရပ်ကိုအထူးပင်ကြိုးစားသင်ယူရှာသည်။။။။။ ။။ထို့ကြောင့်လည်း ကာလများမကြာမီ အချိန်အတွင်း၊ပညာရပ် အားလုံးကို ဆုံးခန်းအရောက် တတ်မြောက်ပြီးစီးလေတော့၏။။။။။
ဒီနေ့ကစပြီး ဒီတောထဲမှာ ငါ့ရန်ဘက်စရာ အကောင် တကောင်မှ မရှိတော့ဘူး။။။



။ တနေ့သော် ။ ။ ။
ဟဲဟဲ ။ ဒီတခါ ဘယ်ပြေး မလဲ ငကြွက်စုတ် ။ ။ ။
ငါ့ကို မတိုး နှင့်နော် ။ ၊ အသား မနာချင်ရင်
အလို ။ တယ်ဆိုးပါလား ကြွက်က ကြောင်ကို အနိုင်ယူမယ်ဆိုတဲ့ ။ ၊ ဟား ဟား ဟား ။ ဒီစကားကြီး က ။ တိုးဖြစ်ကွာ ၊ တိုးဖြစ် ။
ကဲ ။ ကျုပ် အကြောင်း သိ ပြီလား ။ ။
အိုး
အား
အမယ်
ထိုနေ့နောက်ပိုင်းတွင် ။ ကိုကြွက်ဖိုသည် ပိုဂုဏ်ဒေါသကြီး လာသည် ။ ။ ၊ စိတ်မြန်လက် မြန်ဖြစ်လာသည် ။ ။ ၊ ခက် ထန်ကြမ်းတမ်းလာသည် ။ ၊ တိရစ္ဆာန်ငယ်ကလေးများကို အကြောင်းမဲ့ နှိပ်စက်ကလူ ပြုလာသည် ။ ။ ။ ။ ။ ။ ၊
ဒေါသကို ချုပ်မှပေါ့ ကိုကြွက်ဖို ရယ် ။ ။ ခင်များကြောင့် အနာတရ ဖြစ်ကုန်ကြတဲ့ တိရစ္ဆာန်လေး တွေလဲ မနည်းလှတော့ပါဘူး ။ ။ ၊ ကိုယ့်စိတ်ကို နိုင်အောင်ထိန်း မှပေါ့ဗျာ ။ ၊ ကျုပ်က မိတ်ဆွေ ကောင်းအနေနဲ့ သတိပေးတာပါ ၊
။ သို့သော် ။ ကိုကြွက်ဖိုကား စိတ်မပြောင်း ။ ၊ ကျွန်ုပ်သို့ဖြင့် ။ တနေ့သော် ။
အံမယ် ။ ။ ငါလာနေတဲ့ လမ်းတည့်တည့်မှာ မ ထိလေးစားလာရပ်နေ လိုက်တာ ၊ ငါ့အကြောင်း မကြားဘူးသေးလို့ ထင် တယ် ။ ၊ မှတ်လောက် အောင် ၊ ဆုံးမပေးလိုက် အုံးမှ ။ သေပေတော့ ။


ကဲကွာ
ဟင်း
ထိုစဉ်၊ အချင်းဖြစ်ပွားရာသို့ ကိုဖြူ ရောက်ရှိလာကာ...
ကိုကြွက်ဖိုသည် အတန်ကြာမှ သတိပြန်ရလာပြီး......
အလို၊ ဆရာပါလား..
အေး၊ ငါ့တပည့် ဒီ တောထဲမှာ အတော် သောင်းကျန်းနေတယ် ကြားလို့ ဆရာ ကိုယ် တိုင်လာဆုံးမတာဘဲ ၊မင်းက တချိန်က အားနည်းခဲ့တဲ့ ကိုယ့်ရဲ့ ဘဝဟောင်းကို လွယ် လွယ်နဲ့ မေ့ပစ်လိုက် တာ ကိုး ကွဲ့...၊
ဆရာသင်ပေးလိုက်တဲ့ ကိုယ်ခံပညာတွေဟာ အားနည်းသူတွေကို စော်ကားဖို့ မဟုတ်ဘူး ကွဲ့၊ မတရားလုပ်သူတွေကို ဆုံးမဖို့သာ ဖြစ်တယ် ဆိုတာ၊ ငါ့တပည့် နားလည်ထားရမယ်....
ဟုတ်ပါတယ် ဆရာ... ကျနော် သတိလက်လွတ် ဖြစ် မိပါတယ်၊ ကျနော် မှားမိ လိုက်မိပါတယ်ခင်ဗျာ..

# ပင်လယ်နှင့်လူသား

ရေးသူ - ဦးသြ

ကမ္ဘာ့မျက်နှာပြင် လေးပုံသုံးပုံကို ပင်လယ်ရေများ ဖုံးလွှမ်းလျက်ရှိသည်။ ပင်လယ်က လူသားတို့အား မည်ကဲ့သို့ အကျိုးပြုနေသည်ကို အောက်ပါအတိုင်း တွေ့ကြရမည်ဖြစ်သည်။







ပင်လယ်ရေလမ်းကြောင်းသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို လွယ်ကူစေသည်။




ပင်လယ်မှ လူသားတို့ စားသုံးရန် ရေသတ္တဝါ များနှင့် အပင်များ ရရှိသည်။

ပင်လယ်မှ အိမ်သုံးဆား၊ ကလိုရင်း၊ ဗရိုမင်း၊ ဆိုဒီယမ်၊ ကန့်၊ အိုင်အိုဒင်း စသော ဓာတ်ပစ္စည်းများ ရရှိသည်။






တကမ္ဘာလုံးရှိ ပင်လယ်ရေမှ ရွှေကို ထုတ်ယူလျှင် ကမ္ဘာပေါ်ရှိ လူတိုင်းအဖို့
တဦးလျှင် ရွှေ ၂ ပိဿာ ၂၅ ကျပ်သားခန့် ရမည်ဟု ဆိုသည်။




ပင်လယ်မှ ရရှိသော ရေအ္ဗ္ဗဝါများနှင့် အပင်များကို ဓာတ်
မြေဩဇာအဖြစ် ဖော်စပ်ပြုလုပ်နိုင်သည်။



ပင် လယ် သတ္တဝါ ဖြစ် သော
မှတ်ကောင်မှ ပုလဲရတနာများ
ရသည်။




ပင်လယ်အောက်မြေ အောက်၌ ခိုအောင်းလျက် ရှိ
သော ရေနံများကို တူးဖော် ရရှိသည်။



ပင်လယ်ဖျံ၊ ဝင်ရိုးစွန်း ဝက်ဝံ၊
လင်းပိုင် ကဲ့သို့သော ပင်လယ်
သတ္တဝါများမှ လူတို့ဝတ်ဆင်
ရန်အတွက် သားရေနှင့် သား
မွေးများ ရသည်။


ဟံသာဝတီ ဦးဘရင်
ပန်းချီ သရုပ်ဖော်
ဦးဘောတင်
အသက် ၁၃ နှစ်သာရှိသေးသော ထေင်ယေသည် ပြည်ဘုရင်ထံ၌ အမှုထမ်းလျက်ရှိသည်။
တနေ့တွင် အင်းဝမှတပ်များသည် ပြည်မြို့ကို လာရောက်တိုက်ခိုက်ရာ ပြည်ဘုရင်၏ တပ်သားတို့ကလည်း ပြန်လည်ခုခံ တိုက်ခိုက်ကြလေ၏။
နောက်ဆုံးတွင် မြို့ရိုးကျိုးပေါက်၍
ထိုးဟ
တိုက်ဟ
ခုတ်ဟ
အင်းဝတပ်များသည် ပြည်ဘုရင်၏ နန်းတော်သို့ ဝင်ရောက်လာကြသည်။


ပြည်ဘုရင်လည်း ပလ္လင်ထက်မှရပ်၍ အင်း၀ တပ်သားတို့ကို ခုတ်နေစဉ် -
ငထင်ငယ်က ဓား တဖက် တလက်စီ ကိုင်၍ ဘုရင်၏ရှေ့မှ ကာကွယ်ခုခံနေ၏။
ထိုစဉ်
ဟယ်-ငထင်ငယ် နှင့် လူပျိုလူနွှယ် ပီသလှတယ်---
အင်း၀ တပ် များ ဖက်မှ ပါလာ သည့် ငထင်ငယ်၏ ဦးကြီးတော် သူ ဘယဂါမဏိက မြင်၍ အော် ဟစ် ပြောဆိုလေသည်။
တဖြို့လုံး ငါတို့လက်ရောက်နေမှ နင်တယောက်တည်း ခံလို့ တတ်နိုင်မလား၊ ဓါးကိုချပြီး အညံ့ခံပါတော့လား
သူ့ဆန်စားလို့ ရဲရတယ်
ထိုအခါမှ ငထင်ငယ်က လက်နက်ချတော့ သည်။


ပြည်ဖြိုးကိုသိမ်းတာမှာ ရှင်တဆူ - လူတယောက် ကိုသာ ငါရသဟဲ့
အင်း၀ ဘုရင်သည် ငထင်ငယ်ကို အလွန် သဘောကျ ချစ်ခင်သည်။
ရှင်တဆူ ဆိုသည်မှာ တောင်ဖီလာ ဆရာတော် ဖြစ်၍ လူတယောက်မှာ ငထင်ငယ် ဆိုလိုသည်။
ငထင်ငယ်ကို ကောင်းစွာချီးမြှောက်ထား၏။
ငါ့ကိုအာလုပ်ပေးဖြီး ထမင်းကျွေးတဲ့အတွက် ငါ့ရဲ့ ကျေးဇူးရှင်ဘဲ
ငထင်ငယ်သည် အရှင်သစ်ကို အရှင်ဟောင်း ကဲ့သို့ပင် သစ္စာရှိစွာ အမှုထမ်း၏။
ထိုသို့သူကျေးဇူးကိုသိ၍သစ္စာရှိစွာအမှုထမ်း သဖြင့် နန္ဒယော်ဓာဘွဲ့ဖြင့် ဝန်ကြီးအဖြစ်သို့ ကြီးပွားခဲ့လေသည်။



# ဂေါက်သီး

ဂေါက်သီး ကစားနည်းသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်က စကော့တလန်ပြည်တွင် စတင် ပေါ် ပေါက်ခဲ့သည်။

ဂေါက်သီးကို အသက် ၇၀ ကျော် အဘိုးကြီး များ မှ အစ အသက် ၁၀ နှစ်အောက် ကလေး သူငယ်များအထိ ကစားနိုင်သည်။ ရာသီမရွေး နှစ်လုံးပေါက် ကစားနိုင်သော အားကစား ဖြစ် ၏။ တဦး တည်း ကစားလျှင်လည်း ရသည်။ နှစ်ဦး၊ သုံး ဦး ယှဉ် ပြိုင် ၍ လည်း ကစားနိုင်သည်။

ဂေါက်သီးမှာ ဘောလုံးကလေး တ မျိုး ဖြစ် ၍ ယင်း ကို အထူး ပြုလုပ်ထားသော တုတ်တံဖြင့် လှဲရိုက်ရသည်။ ဂေါက်သီး ကစားကွင်းမှာ အကွာအဝေး အား ဖြင့် ကိုက် ပေါင်း ၆၀၀၀ ကျော်မှ ၇၀၀၀ ကျော် အထိ ရှိ၍ ကျင်းကလေးပေါင်း ၁၈ ကျင်း ပါရှိသည်။ ဂေါက်သီးကို ထို ကျင်းကလေးများ ထဲသို့ ရောက်အောင် တုတ်တံဖြင့် ရိုက်၍ ပို့ဆောင်ပေးရလေသည်။ ယင်းကို ကျင်းစိန်သည် ဟု ခေါ် ၏။

တ ဦး နှင့် တ ဦး ယှဉ် ပြိုင် ကစားရာ၌ ရိုက်ချက် အနည်းဆုံးဖြင့် ကျင်းများများကို ပို့ဆောင်သွင်းနိုင်ခြင်းသည် အရှုံးအနိုင်ကို ဆုံးဖြတ်၏။ စံချိန်အားဖြင့် သုံးချက်နှင့် ရိုက်သွင်းရန်၊ လေးချက်နှင့် ရိုက်သွင်းရန်၊ ငါးချက်နှင့် ရိုက်သွင်းရန် ဟူ၍ မြေ အနေအထားနှင့် အကွာအဝေးအပေါ် မူတည်ကာ သတ်မှတ်ထားသည်။ ကွင်းလုံးပြည့် ၁၈ ကျင်း အတွက် စံချိန် သတ်မှတ်ထားသည်မှာ ၇၂ ချက်ဖြစ်လေသည်။

ဂေါက်သီးကစားရာ၌ ကိုယ်စွမ်းအား သက် သက် ဖြင့် ကား အဆင့်အတန်း မှီသော ဂေါက်သီးသမားတယောက် မဖြစ်နိုင်ပေ။ စိတ်ထား တည်ငြိမ်မှုနှင့် ချင့်ချိန် နှိုင်းဆ မှု များ အ ပြင် စိတ်နေ သဘောထား ကောင်းမွန်မှုနှင့် ပြည့်စုံမှသာလျှင် ထိပ်တန်း ဂေါက် သီး သ မား တ ယောက် ဖြစ် နိုင် လေ သည်။ ဂေါက်သီး ကစားခြင်းဖြင့် ကိုယ်ခန္ဓာနှင့် စိတ်ခန္ဓာ နှစ်ရပ်လုံး ကြံ့ခိုင် သန့်ရှင်းစေရန် အလေ့အကျင့် ရရှိနိုင်သည်။

မြန်မာလူမျိုးထဲမှ ကမ္ဘာ့သိဂေါက်သီးသမားမှာ မြအေးဖြစ်လေသည်။

ကျော်ညွန့်မိုး






ညသည် မှောင်မိုက်လာပြီ။ တိတ်ဆိတ်လာပေပြီ။

လှဝင်း၊ ဇော်ဝင်းနှင့် မြခင်တို့သည် မိုးချုပ်စကပင် ဗလီကြီးရှေ့ မှောင်ရိပ်ထဲသို့ ရောက်နေကြ၏။ သူတို့သည် ဗလီကြီးနှင့် မလှမ်းမဝေးတွင် ရှိသော ဖရဲသီးပွဲရုံသို့ လှမ်းကြည့်ကြ၏။ ဖရဲသီးပွဲရုံသည် မီးလင်းလျက်ပင် ရှိသေး၏။

"ဘယ်လို သွားခိုးမလဲ" ဟု ဇော်ဝင်းက မေး၏။

"လွယ်ပါတယ်ကွာ။ ရေမြောင်း အတိုင်း သွား ပြီး ပွဲရုံနောက် ရောက်တော့ ကျူဖျာကို အသာဟပြီး ယူလိုက်ရုံဘဲ။ မခက်ပါဘူး"ဟု လှဝင်းက ခိုးရန် နည်းလမ်းကို ပြောပြသည်။

"ဒီလိုဆိုယင် ဆိုင်ပိတ်တာနဲ့ ခိုးကြမယ်ကွာ" ဟု မြခင်က ပြောသည်။

တဖြည်းဖြည်းနှင့် အချိန်သည် ကုန်မှန်းမသိ ကုန်လာခဲ့သည်။ ဖရဲသီး ပွဲရုံတွင် မီးရောင်မရှိတော့ချေ။ အစောင့် အဖိုးကြီးသည် ပွဲရုံရှေ့တွင် လမ်းလျှောက်နေ၏။

"အတော်ဘဲ၊ အဖိုးကြီး အရှေ့ဖက်မှာ လမ်းလျှောက်နေတုန်း နောက်က ဝင်ခိုးကြရအောင်"ဟု မြခင်က ပြောသဖြင့် ဇော်ဝင်းနှင့် လှဝင်းလည်း ပြင်ဆင်နေကြလေသည်။

သူတို့အားလုံး ခါးတောင်းကျိုက်ပြီး ကြလျှင် ရေမြောင်းထဲသို့ ဆင်းလိုက်ကြ၏။ သူတို့သည် မြောင်းထဲတွင် ကုန်း၍ သွားကြရလေသည်။ ၁၀ ပေခန့် သွားမိလျှင် ပွဲရုံနောက် သို့ ရောက်လာကြတော့သည်။

"မြခင် – ကျူဖျာကို ဖြေးဖြေး ဟထား" လှဝင်းက ခပ်တိုးတိုး ပြောလိုက်သဖြင့် မြခင်က ကျူဖျာကို ဟပေး၏။ လှဝင်းသည် ဖရဲသီး သုံးလုံးကို မြောင်းထဲသို့ ဆွဲချလိုက်သည်။ ထို့နောက် တယောက် တလုံးစီ ပိုက်၍ လာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။

ဗလီရှေ့သို့ ရောက်သောအခါ မြောင်းပေါ်သို့ ပြန်တက်ကြပြီး မှောင်ရိပ်ခိုကာ အခြေအနေကို အကဲခတ် ကြည့်နေကြ၏။ အစောင့် အဖိုးကြီး ပွဲရုံထဲ ပြန်ဝင်သွားသောအခါ သူတို့သည် ရပ်ကွက်ထဲသို့ ပြန်လာခဲ့ကြတော့သည်။

ရပ်ကွက်ထဲသို့ ရောက်သော် ကင်းသမားအချို့ကို ဖရဲသီး တလုံး ပေးခဲ့ပြီး ဓမ္မာရုံရှေ့သို့ လာခဲ့ကြသည်။ ဓမ္မာရုံဘေး မှောင်ရိပ်ထဲရောက်လျှင် ဖရဲသီးကို ရိုက်ခွဲပြီး စားကြ၏။ ဖရဲသီးကို ကုန်အောင် မစားနိုင်ကြချေ။ တလုံးနှင့် တဝက် သာ စားနိုင်ကြသည်။ ကျန် တဝက်ကို လွှင့်ပစ်ခဲ့ပြီး အိမ်သို့ ပြန်လာခဲ့ကြသည်။

ထိုအချိန်၌ ကင်းတဲမှ သံချောင်း ခေါက်သံ ၁၀ ချက်ကို ကြားကြရလေသည်။

နောက်တနေ့ နံနက်တွင်

လှဝင်း၊ ဇော်ဝင်းနှင့် မြခင်တို့သည် ဖရဲသီးပွဲရုံသို့ လာခဲ့ကြပြန်သည်။ အခြေအနေကို စုံစမ်းကြရန်ဖြစ်သည်။ ဖရဲသီးပွဲရုံအနီးသို့ ရောက်လာသောအခါ ပွဲရုံထဲမှ စကားသံများကို ကြားကြလေသည်။

“နောက်ဖက် အပုံထဲက ဖရဲသီး သုံးသုံး ရော့နေတယ်။ ညက ရှင် ရောင်းလိုက်သလား”

ဖရဲသီး ပွဲရုံပိုင်ရှင် မိန်းမကြီးက အစောင့် အဖိုးကြီးကို မေးလိုက်ခြင်းဖြစ်သည်။

“မရောင်းပါဘူး” ဟု အဖိုးကြီးက ပြောသည်။

“မရောင်းယင် ရှိမှာပေါ့။ အခု ဘယ်မှာလဲ။ ရှင် ရောင်းယင် ရောင်းတယ် ပြောပါ” ဟု မိန်းမကြီးက ပြောပြန်၏။

“ငါမရောင်းတာ အမှန်ဘဲ။ နဂိုကထဲက ရော့နေလိမ့်မယ်” အဖိုးကြီးက ပြန်ပြော၏။

“ကျုမ သေသေချာချာ ရေထားခဲ့တာဘဲ။ ဒီအကောင်းစား အပုံထဲမှာ အလုံး ၃၀ ဘဲ ရှိတာ၊ အခု သုံးလုံးရော့နေပြီ။ ကျုမ အလုံးရေမှတ်ပြီးမှ ပြန်သွားတာ။ လူကြီးတန်မဲ့နဲ့ မညာနဲ့။ ဒီလိုသာ လုပ်နေမယ်ဆိုယင် ရှင့်ကို မစောင့်ခိုင်းတော့ဘူး” ဟု မိန်းမကြီးက ပြောလိုက်သောအခါ အဖိုးကြီးသည် ဝမ်းနည်းသံဖြင့် –

“ငါ မညာပါဘူးဟာ။ ဒီအရွယ်ကြီးကျမှ လိမ်လဲ မပြောတတ်ပါဘူး။ ငါ့ကို အလုပ်ကတော့ မထုတ်လိုက်ပါနဲ့။ နင်တို့အလုပ်ထုတ်လိုက်ယင် ငါထမင်းငတ်မှာ။ နောက်ကို ဒါမျိုး မဖြစ်အောင် ငါဂရုစိုက် စောင့်ပါ့မယ်” ဟု ပိုင်ရှင် မိန်းမကြီးကို တောင်းပန်လေသည်။

ပွဲရုံအတွင်းမှ ပိုင်ရှင် မိန်းမကြီးနှင့် အစောင့် အဖိုးကြီးတို့၏ စကားသံများကို လှဝင်း၊ ဇော်ဝင်းနှင့် မြခင်တို့ ကြားကြလျှင် ငိုင်နေမိကြသည်။ သူတို့အတွက်ကြောင့် အဖိုးကြီး အပြောခံနေရ၍ စိတ်မကောင်းဖြစ်နေကြသည်။ သူတို့သည် သူတို့၏ အပြစ်ကိုလည်း နောင်တရနေကြလေသည်။ ထို့နောက် ပွဲရုံနားမှ ပြန်လာခဲ့ကြသည်။

“ခိုးစားတာ မကောင်းဘူးကွာ။ ဒို့ ပျော်ရတာထက် သူများ ဒုက္ခရောက်ရတယ်။ အဖိုးကြီးကို သနားတယ်ကွာ” ဟု မြခင်က ပြောသည်။

“အေးကွာ ဒို့အတွက် အဖိုးကြီး အဆူခံနေရတယ်။ ဒို့ကြောင့် အလုပ်ပြုတ်သွားယင် ထမင်းငတ်မှာ။ ဒါ ဒို့အပြစ်ဘဲ” ဟု လှဝင်းက ပြောသည်။

“နောက်ကို ဘယ်တော့မှ ခိုးမစားတော့ဘူးကွာ” ဟု ဇော်ဝင်းက ပြောပြန်သောအခါ –

“အေးကွာ ဒို့လဲ မခိုးတော့ပါဘူး” ဟု မြခင်နှင့် လှဝင်းတို့က ထောက်ခံကြပြန်သည်။

သူတို့သည် ထိုနေ့မှစ၍ အသိတရား ရကာ နောက်နောင်တွင် ခိုးမစားကြတော့ပေ။

## ရွှေသွေး

ဝလုံးလေး ဝလုံးလေး
ဝိုင်းဝိုင်း စက်စက်ရေး။
ဝလုံးရေးဘို့ ကျောက်တံတို
မပျောက်ပျက်စေလို။
ကျောက်တံတို ပျောက်လို့သွား
ရွှေသွေး မခက်လား။
သားသားအတွက် ကျောက်တံဝယ်
ပိုက်ဆံ ကုန်လိမ့်မယ်။
ကျောက်တံဝယ်လို့ သားကိုပေး
အမေ ဆူလိမ့်လေး။
မေမေပေးတဲ့ သားရေစာ
လမ်းမှာ မစားရာ။
ကျောင်းတက်ခါတော့
လုံအောင်ထား
စာသင်ပြီးမှ စား။
ကျောင်းသားချင်းချင်း သူ့ဥစ္စာ
ခိုးဝှက် မယူရာ။
ပညာသင်တဲ့ အမေ့သား
လူရည်ချွန်ဘို့ စာကြိုးစား။ ။

မောင်ပုည



R. 517

# ရှောက်သီး






အချိုမျိုး၊ အချဉ်မျိုး၊ ရှောက်ပန်းမျိုး ဟူ၍ သုံးမျိုးရှိသည်။ အချဉ်မျိုးမှာ အလွန်ဆေးဖက် ဝင်သည်။ သွေးအားကိုကောင်းစေပြီး အရိုးအချဉ်များကို ခိုင်မာ သန့်စွမ်းစေသည်။ အထူးသဖြင့် လေနာအမျိုးမျိုးကို နိုင်နင်းသည်။ နားအူ နားထိုင်း နားလေထွက်သော် ရှောက်ရွက်ကို တို့စားသုတ်စားနိုင်သည်။ ရှောက်ရည်နှင့်လျက်ဆားမှာ လေပူလေနာရောဂါများအတွက် ကောင်းသည်။

အချို့ ဒေသတွင် ချဉ်ရေဟင်း ချက်လျှင် ရှောက်ချဉ်ရည်ကို မန်ကျည်းမှည့်အစား အသုံးပြုသည်။ အရသာထူး၍ လေဝမ်း ကောင်းသည်ဟုသိရသည်။ ငသလောက်ပေါင်းရာတွင်ရှောက်ချဉ်ရည်ကို ထည့်သုံးက အရိုးပါ နူးလွယ်သည်။ ငရုတ်သီးစပ်စပ် ရှောက်သီးသုတ်နှင့်ကြာဇံဟင်းခါး ပူပူကို အလွန်အေးသော ရာသီများတွင် ဓာတ်စာအဖြစ် အချို့စားသုံးလေ့ရှိသည်။ အခိုးပွင့်သည်ဟု အဆိုရှိသည်။ ရှောက်သီးအပုပ်ကို မီးအုံး အရည်ညှစ်၍ ခေါင်းလျှော်သော် သန်းကိုက်နာ ဒက်ပေါက်နာ ပျောက်သည်။ ရှောက်မြစ်မှာ ထုံနာ ကျင်နာ စသည့် လေငန်း ဝေဒနာရှင်များအတွက် လိမ်းဆေးတလက်ဖြစ်သည်။

**မောင်မောင်မြင့်**








၂၅ ပြား


ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး
ဂျာနယ်

ပန်းချီ - ဦးဘကြည်


ဇာတ်လမ်း - သာဥ္စန်

အတွဲ ၁၊ အမှတ် ၃၂။ ၉-၁-၆၉






မိဖြူ အဲ့ကနဲ ငိုသံကြားလျှင် မိနီသည် မငြိမ်းထံ အပြေးကလေးသွားပြီး -
အဲ့ အဲ့
ညောင်ညောင် အဲ့ အဲ့
လက်တို့ခေါ် လေ့ရှိ၏။
ရော့ရော့ စား — မိနီ
နှစ်နှစ်ခွဲအရွယ်ရောက်လျှင် မိဖြူနှင့် မိနီတို့သည် စားအတူ နေအတူ ဖြစ်ကြ၏။
မငြိမ်းက အင်္ကျီလေး ချုပ်ပေးသည့်အခါမှာပင် -
အေး အေး
မေမေ မိနီ့အင်္ကျီ ပါချုပ် ပေး — နော်
ကြောင်လေး မိနီ ညောင်ညောင်မြည် မိဖြူ ချစ်ပါသည်
မိဖြူ ကပြလျှင် မိနီကသဘောကျ၍
မိနီကပြလျှင် မိဖြူက အလွန်ကျေနပ်လေသည်။
မလေး မိဖြူ ဖွေးဖြူဖြူ မိနီချစ်တဲ့သူ
ဦးဖြိုးနှင့် မငြိမ်းတို့လည်း ပီတိဖြစ်ကြသည်။


သတိ! စလုပ်- - - -
၁-၂ ၃-၄ ၅-၆ ၇-၈
၈-၇ ၆-၅ ၄-၃ ပြန်လုပ်
မိမြကျန်းမာရေး လေ့ကျင့်လျှင်
မိနီရယ်
ဆောင်-ဆောင် လုပ်ပါ ၁-၂ ၃-၄ - - - -
မိနီက လိုက်လုပ်ပြီး တခါတခါ ဆရာလုပ်သေး၏။
မိမြအိပ်လျှင် မိနီသည် ရင်ခွင်ထဲ၌ ဝင်အိပ်လေ့ရှိသည်။
တနေ့သော်
နောက်ဖေး ထမင်းရုံထဲ၌ မုံ့ရောင်းတမ်း ကစားနေကြသည်။
မိမြငုံ၍ လှီးနေစဉ် အနောက်မှ လှုပ်လှုပ် လှုပ်လှုပ်နှင့် တစုံတခုကို -
မိနီမြင်သဖြင့် စူးစိုက်ကြည့်လိုက်ရာ - -
မြွေကြီးတကောင် ဖြစ်နေ၍ သတိနှင့် စိုက်ကြည့်နေမိ၏။


ရော့လေ မိနီ – ဘာ အူကြောင် ကြောင်လုပ်နေ တာလဲ
မြွေကြီးသည် မိဖြူကို ပေါက်ရန် ပါး ပြင်းထောင်လျက် အားယူလိုက်စဉ်-
ဟာ့ မိနီ
မိနီသည် လျှင်မြန်ဖျတ်လတ်စွာ ခုန်၍ -
မလွှတ်တမ်းကိုက်ခဲသတ်ပုတ်နေခိုက်-
မိဖြူသည် ကြောက်အားလန့်အားနှင့် အော်ဟစ် ပြေးလေ၏။
အမေရေ အမေ့
မိနီက အသက်ပေးပြီး မိဖြူကို ကယ်လိုက် တာဘဲ ပါလား
မိနီ သေပြီ– ဟီး – ဟီး
မငြိမ်းနှင့် အိမ်နီးချင်းများ ရောက်လာသောအခါ၌ကား မြွေလည်းသေ မိနီလည်း သေနေသည်ကို တွေ့ရလေသည်။


အမြော်
အမြင်
သူဌေးကြီး ဦးတောဂ သည် အလွန် ကြွယ်ဝ ချမ်းသာသော သူဌေးကြီး ဖြစ်သည်။
ချမ်းသာ ကြွယ်ဝလှသော်လည်း ပျင်းရိ ငြီးငွေ့လျက်သာ ရှိသည်။
အင်း-ငါ့မှာသားသမီးကလဲ တယောက်မှမရှိဘူး-ဒီအထဲ သူဌေးကတော်ကြီးကလဲ ဆုံးသွားတော့-တယ်-ငြီးငွေ့ဖို့ကောင်းပါလား
ငါ့ပစ္စည်းဥစ္စာတွေကိုဆက်ခံ ထိန်းသိမ်းဖို့သားတယောက်လောက် မွေးစားရင်ကောင်းမယ်-
အဲဒီသားဟာ ဉာဏ်ပညာ အမြော်အမြင်ရှိရမယ်- ဟုတ်တယ်- ဟုတ်တယ်




ဟုတ်ကဲ့ ခင်ဗျာ
မောင်းသမားသည် မြို့တွင်း၌ ကြေညာ မောင်း ခတ်လေသည်။
ဗျိုး
မိဘမဲ့ မောင်ဥာဏနှင့် သူဌေးသား ဖြစ်လိုကြသူ များသည် အလွန်စိတ်ဝင်စားကြပြီး
သူဌေးကြီးအိမ်သို့ အလုအယက် ရောက်လာကြ လေသည်။
ဟုတ်ကဲ့ ခင်ဗျာ


ဟာ-မကျည်းစေ့တွေ ပါလား၊ ဒါအကြောင်းရှိရမယ်
ဟင်း- သကောင့်သား အရူးလုပ်တာ
မောင်ဥာဏသည် ပေါက်တူးကိုင်ပြီး မြို့ပြင်ရှိ ကွင်းပြင်သို့ ထွက်သွားလေသည်။
မြို့ပြင်ရှိ ကွင်းပြင်ကျယ်ကြီး၌ မကျည်းစေ့များကို စိုက်ပျိုးပြုစုခဲ့ရာ ငါးနှစ်ကာလ အတွင်း
မကျည်းရွက်နုများကို ရောင်း၍ ငွေများစွာ ရလေသည်။
ငါးနှစ်ပြည့်မြောက်သောနေ့တွင် ငွေထုပ်ကြီးကို ထမ်း၍ သူဌေးကြီးထံ သွားလေသည်။
ဟာ-မောင်ဥာဏ ပါလား-
ငွေတွေ လာပို့တာပါ-အဘေ
ဒါမှပေါ့ အဘမှာကိုလက်ခံ နိုင်မှ အဘမြေးအဖြစ်ရှိ တဲ့ပေါ့သားကွ-ဟား-ဟား-ဟား

# လူ ဆိုသည်မှာ

ဥသြ-တင်မြ။ သရုပ်ဖော်-ကုဆ


လူသည် သက်ရှိ သတ္တဝါဖြစ်၍ တိရစ္ဆာန်သည်လည်း သက်ရှိသတ္တဝါ ဖြစ်သည်။ သို့သော် သဘာဝအရ လူနှင့် တိရစ္ဆာန်သည် အသိဉာဏ် အရာ၌ မိုးနှင့်မြေပမာ ကွာခြားသည်ကို အောက်ပါအချက်များကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။




လူသည် တိရစ္ဆာန်ထက်ပို၍ အသိဉာဏ်ရှိသည်။ ပြဿနာများကို ဝေဖန် ခန့်ခွဲနိုင်သည်။





ခံစားချက်မှ ပေါ်ထွက်လာသော အလွန်တရာ သိမ်မွေ့နူးညံ့သည့် သဘောတရားများကို ဖော်ပြနိုင်စွမ်းရှိသည်။




သဘာဝ၏ အပူဒဏ် အအေးဒဏ်ကို ကာကွယ်နိုင်သည်။ ထို့ကြောင့် ကမ္ဘာ့အရပ်ရပ်သို့ သွားလာ နေထိုင်နိုင်သည်။




အပင်ရိုင်းများမှ အပင်ယဉ်ကို ဖန်တီးယူ၏။ တိရစ္ဆာန်ရိုင်းများကို ယဉ်ပါးအောင်မွေးမြူ၏။ သဘာဝ၏ ရေအား လေအားများကိုလည်း အသုံးပြုသည်။




လိုအပ်သောပစ္စည်းများကို ပြုလုပ်ယူရန်အတွက် လက်နက်ကရိယာ တန်ဆာပလာများကို တီထွင်အသုံးပြုသည်။




အာကာသထဲရှိ အခြား ဂြိုဟ်များဆီသို့ ပျံသန်းနိုင်အောင် ကြံစည်ကြိုးစားနိုင်စွမ်းရှိသည်။




လူ၌ တန်ဖိုးအရှိဆုံး အချက်ကား ဆင်ခြင်တုံတရား ရှိခြင်းပင် ဖြစ်သည်။



သရုပ်ဖော်-ဗ
ကျော်ကျော် နှင့် မော်မော်
ပါဝင်သူ-ဆေးထိုးဂမ္ဘာ ဒေါက်တာ
ဟဲ့-ကျော်ကျော်၊ မျက်နှာလဲ သိပ်မကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်း ဘူးလား၊
နေသိပ်မကောင်းဘူး ဒါကြောင့် နောက်ဖြန်နေမကောင်း သေးရင် ကျောင်း မတက်သေးဘူး နော်၊
အေးလေ-မကောင်းလဲ မတက် နဲ့ပေါ့၊
အမှန်က၊ ကျော်ကျော် စိတ်မချမ်းမသာ ဖြစ်နေခြင်းမှာ၊ နောက်ဖြန်ကျောင်းသွား၊ ဝမ်းကောဂါကာကွယ်ဆေး၊ လာထိုး မည်ဆိုသောကြောင့် ဖြစ်သည်၊
ဝမ်းကောဂါဆေးဆိုတာ၊ ထိုးရင်သိပ်နာတာကဲလို့ ပြောသံကြားဘူးတယ်၊ ဒုက္ခပဲ၊
ဝမ်းကောဂါဆေး
ဝမ်းကောဂါဆေး
ဝမ်းကောဂါ ဆေး
ဘုရား-ဘုရား ငါ့အလှည့်ရောက် တော့မယ်၊
ဆေးထိုးဂမ္ဘာဒေါက်တာ၊ ကျော်ကျော်ဆိုတာ၊ မင်းလား၊ မင်းကိုတော့၊ စပယ်ရှယ်ဆေးထိုး အပ်နဲ့ထိုးရမယ်၊ လာခဲ့၊
ဟာ-


အောင်မယ်လေး ဗျ -
ဆေးထိုးခံရမှာကြောက်လို့ ထွက်ပြေးလာတဲ့ ကျော်ကျော်ဆိုတာ၊ မင်းမဟုတ်လား၊ ကဲ-မင်းကို ဘေးကင်းရာ ပို့ပေးမယ်၊ လာလိုက်ခဲ့-
ဟိုဒီ ခြံဝင်းကြီးထဲမှာ ဆေးမထိုးချင်တဲ့ ခလေးတွေ ရှိတယ်ကွ၊ မင်းလည်း သွားနေပေါ့၊ ကစားစရာတွေ ရှိပါတယ်ကွယ်၊
ဆေးမထိုးချင်သူများ
ဟုတ်ကဲ့၊ ကျွန်တော် သွားနေပါ့မယ် ကျေးဇူး တင်ပါတယ် ဦးဦး၊
ဟာ-ဒီကထဲရောက် တခါနဲ့ တပြိုင်နက်ဝင်း တံခါးကြီးပိတ် သွားပြီ၊
ဝုန်း
မင်းကော ဘာလို့ ဒီနေရာကို လာတာလဲ၊ ငါတို့တတွေဟာ ဆေးထိုးခံရမှာကြောက်လို့ ဒီနေရာမှာလာပြီး ဝပ်ခိုနေရတာကွ၊ သိလား၊


ငါတို့တွေဟာ နေ့ဖက်မှာ ခုလို ပျော်ပျော်ပါးပါး ကစားနေပေမယ့်၊ ညကျမယ်ဆိုတော့ ငှက်ဖျားခြင်ကြီး တွေက ငါတို့သွေးကို စုပ်ဖို့၊ တဝူးဝူးပိန့် ရှူးလာကြမယ် မြင်တဲ့အတိုင်းပဲ
မင်း ဒီနေ့က ဖြန်ဖြန်ထွက်သွားပြီး ဆေးထိုးခံပါကွာ၊
ဒီလိုဆိုရင်၊ ဒီနေ့ ကတည်း ငါ ဖြန်ဖြန် ထွက်ပေးမှာပဲ၊
အောင်မယ်လေး- ကျွန်နော် ဆေးထိုးခံပါ တော့မယ်ဗျ-
ဟေ့-ဘယ်ပြေးတာလဲ မပြေးနဲ့-
လိုက်ဟ- လိုက်ဟ-
ဆေးထိုးခံ ပါတော့မယ် ဆေးထိုးခံ ပါတော့မယ်
ဟဲ-ငါ အိပ်မက် မက်နေတာပါလား၊ ဘုရား-ဘုရား-
နောက်တနေ့
ဆေးထိုးခံရမှာ ကြောက်တဲ့ ကျော်ကျော်တာ ပေါက်ဖော် ခုတော့လဲ သိပ်သတ္တိရှိနေ ပါလား၊

# တောင်တက်ခြင်း



ရှေးခေတ်က တောင်တက်ခြင်းမှာ အပျင်းဖြေ သဘော၊ စွန့်စားမှုသဘောသာဖြစ်သည်။ နောက်သစ် အား က စား နည်း တရပ် အဖြစ်ကား သက်တမ်း အားဖြင့်နှစ်ပေါင်း ၁၀၀ ကျော်မျှသာ ကြာပေသေးသည်။

ကမ္ဘာပေါ်တွင် အမြင့်ဆုံး တောင်မှာ ဧဝရက်တောင် ဖြစ်၍ အမြင့်ပေ ၂၉,၁၀၀ ရှိသည်။ ၁၉၅၃ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ထို တောင် ထိပ် သို့ အောင်မြင်စွာ တက်ရောက် နိုင်ခဲ့ကြသည်။

တောင် တက် ခြင်း တွင် ကျောက်တောင်များကို တက်ခြင်းနှင့် နှင်းခဲ ဖုံးလွှမ်းသော တောင်များကို တက်ခြင်း ဟူ၍ နှစ်မျိုး ရှိသည်။ တောင်တက် သမားသည် ကိုယ်လက် ကြံ့ခိုင်၍ ဇွဲရှိရသည်။မည်သည့်တောင်ကို တက်သည်ဖြစ်စေ ကြိုးကို အသုံး ပြုရ၏။ နှင်းခဲတောင်တက်လျှင်မူ ကြိုးအပြင် ရေခဲပေါက်ချွန်း၊ သံကွင်း ပါသော ငုတ်တိုင်များ၊ နှင်းကာမျက်မှန်၊ ဦးခေါင်းစွပ် ပါသော သားမွေးအင်္ကျီ၊ လက် အိတ် ရှည်၊ အောက်ဆီဂျင်ဗူးစသည့် ပစ္စည်းကရိယာများကိုပါအသုံးပြုရ၏။


တောင် အမြင့်တွင် လေထုသည် ပါးလွှာ သောကြောင့် ချောင်း အနည်းငယ် ဆိုးတတ်သည်။ ထို့ပြင် အရိုး အဆစ်ကိုက်ခြင်း၊ကြွက်သားများကိုက်ခြင်း၊ လည်ချောင်းကွဲခြင်း၊ဝမ်းပိုက်နာခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေ ပျို့အံ့ခြင်း စသော မအီမသာမှုများကို ခံစား ရတတ်သည်။

တောင်တက် သ မား သည် လေဒဏ်၊ အအေးဒဏ်၊ ပင်ပန်းသောဒဏ်တို့ကိုလည်း ခံနိုင်ရည် ရှိရန်လိုသည်။


တောင်တက်ခြင်းကို အမျိုးသားများသာမက အမျိုးသမီးများလည်း ပြုလုပ် နိုင်ကြလေသည်။ တောင်တက်သမားတို့၏ ဆောင်ပုဒ်မှာ "တောင်ရှိလျှင် တက်မည်" ဟူ၏။

ကျော်ညွန့်မိုး

## မျက်စိရှင်ရဲ့လား



တြိဂံ၏ အနားများ ဖြောင့်ရဲ့လား



စက်ဝိုင်းသည် အမှန်ဝိုင်းရဲ့လား

အဖြေ။ ၁။ ဖြောင့်သည်။ ၂။ ဝိုင်းသည်။




ကျွန်တော်တို့ တသိုက်သည် နေ့စဉ် အမှတ် (၇) ဟီးနိုး ကားကိုစီး၍ ကျောင်းသွားရပါသည်။

ဟီးနိုးကားတွင် "အတက်" "အဆင်း"ဟုရေးထားပါသည်။ ထို့ပြင် "ကံထွေး မထွေးရ" "ဆေးလိပ် မသောက်ရ" ဟုလည်း ရေးထားပါသည်။ ထိုသတိပေး စာတန်း များ သည် ခရီးသည် အားလုံးအတွက် ဖြစ်ပါသည်။

ကျွန် တော် တို့ အ ထဲ တွင် ကပ္ပလီသည် ခေါင်း အမာဆုံး ဖြစ်ပါသည်။ ဟီးနိုးကားစီးတိုင်း "အတက်" ဟု ရေးထားသော နေရာမှ မတက်ပဲ "အဆင်း"ဆို သော နေရာမှ ဇွတ် တ ရွတ် တက်လေ့ရှိပါသည်။ ထို့ကြောင့် လက်မှတ်ရောင်းသော လူကြီး၏ အပြစ်တင်ခြင်းကို ခဏခဏ ခံရ ပါသည်။ သို့သော် ကပ္ပလီကား လုံးဝ ဂရုမစိုက်ပဲ မသိယောင် ဆောင်၍ နေတတ်ပါသည်။

သည်နေ့လည်း ကျွန်တော် တို့တသိုက် ကျောင်း သွား ရန် ဟီးနိုးကားကို ခါတိုင်းလိုစောင့် နေကြပါသည်။ မကြာမီ ကျွန် တော်တို့ စောင့်နေသော မှတ် တိုင်သို့ ကား လာရပ်ပါသည်။ ကားပေါ်တွင် မတ်တတ်ရပ်စရာ မရှိအောင် လူပြည့် နေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ သည် ကျောင်းတက်ရန် နီးနေ ပြီဖြစ်သဖြင့် ကားပေါ်သို့ မရ မက တက်ကြရပါသည်။ ကျွန် တော်နှင့် သန်းဝင်း၊ တင်ဝင်း၊ အောင်ညွန့်တို့မှာ "အတက်"ဟု ရေးထားသောနေရာမှ တက်ကြ ပါသည်။ ကပ္ပလီသည် ကျွန် တော်တို့ တက်သော နေရာမှ မတက်ပဲ "အဆင်း" ဆိုသော နေရာမှ တက်ပါသည်။ ထိုအခါ ကားပေါ်မှဆင်းကြသော ခရီး သည်များနှင့် တိုက်မိ ပါတော့ သည်။

"ဟဲ့ ကောင်လေး၊ မင်း နားမလည်ဘူးလား၊ ဒါ အဆင်း ကွ။ တက်ရမဲ့နေရာ မဟုတ်ဘူး။ သွား – အခုပြန်ဆင်း"ဟု လက် မှတ်ရောင်းသူက နှင်ချ ပါတော့ သည်။ ကပ္ပလီသည် ကားပေါ် မှ ပြန်မဆင်းပဲ ငြိမ်နေလိုက်ပါ သည်။ခရီးသည်များမှာ ကပ္ပလီ ကို ဝိုင်းကြည့် နေကြ ပါတော့ သည်။

"မင်း သိပ်ဆိုးတာဘဲကွာ။ အတက်ဆိုတဲ့နေရာက တက်ပါ လို့ ငါ ခဏခဏပြောတာ မင်း နားမထောင်ဘူး။ အခုလို လူ ကြားထဲမှာ အပြော ခံရတော့ ရှက်စရာ မကောင်းဘူးလား"ဟု ကျွန်တော် က ပြော လိုက် ပါ သည်။

"မင်းကလဲကွာ၊ ကြီးကျယ် လိုက်တာ။ အဆင်း နေရာက ချောင်လို့ ငါ တက်တာပေါ့။ မချောင်ယင် ဘယ် တက်ပါ့ မ လဲ။ ငါနားလည်ပါတယ် လူမြင့် ရာ၊ မင်း လူလယ်လုပ်စရာ မလို ဘူး"ဟု ကပ္ပလီက ပြန်ပြော လိုက်ပါသည်။ ကျွန်တော်သည် ကပ္ပလီစကားကို လုံးဝ မကျေ နပ်ပါ။ ကျောင်း သွား ဖော်

သူငယ်ချင်းများ ဖြစ်သဖြင့် သည်းခံလိုက်ပါသည်။

မကြာမီ ကျွန်တော်တို့ ကျောင်းအနီးရှိ မှတ်တိုင်သို့ ရပ်လိုက်ပါသည်။ ကျွန်တော်တို့ ဆင်းလိုက်ကြပါသည်။ ကပ္ပလီသည် ကျွန်တော်တို့ တသိုက်အား စကားမပြောဘဲ တဦးတည်း သွားပါတော့သည်။ ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။

ညနေ ကျောင်းလွှတ်သောအခါ ကျွန်တော်တို့သည် ဟီးနိုးကားမှတ်တိုင်၌ ကားအလာကို စောင့်နေကြပါသည်။ ကပ္ပလီသည် ကျွန်တော်တို့ကို စိတ်ဆိုး၍ ခပ်ခွါခွါတွင် တယောက်တည်း ထိုင်စောင့် နေပါသည်။ မကြာမီ ကျွန်တော်တို့ ရပ်နေသော ကားမှတ်တိုင်သို့ ဟီးနိုးကားတစီး ဆိုက်ရောက် လာပါသည်။

ကားပေါ်၌ ခရီးသည်များ ပြည့်ကျပ် နေပါသည်။ ကျွန်တော်တို့တသိုက်သည် ကားပေါ်သို့ မရမက တက်သဖြင့် ရောက်သွားကြပါသည်။ ကပ္ပလီသည် အဆင်းဆိုသော နေရာမှ ဇွတ်တရွတ် ခုန်တက်လိုက်ပါသည်။ ထိုသို့ , ခုန်တက်လိုက်ရာ ဆင်းမည့်ခရီးသည် အချို့နှင့် တိုက်မိပြီး အောက်သို့ အရှိန် ပြင်းစွာဖြင့် လဲ၍ ကျသွား ပါတော့သည်။

"အို - ကလေး တယောက် ကျသွားပြီ။ လုပ်ကြပါအုံး" ဟု ကားပေါ်မှ မိန်းမကြီး တဦးက အော်လိုက်ပါသည်။

ကျွန်တော်သည် မိန်းမကြီး အော်သံကြောင့် အောက် သို့ လှမ်းကြည့်လိုက်ပါသည်။ လမ်းပေါ်တွင် မှောက် လျက် သား လဲနေသော ကပ္ပလီကို မြင်လိုက်ရပါတော့သည်။

"ကယ်ကြပါအုံး၊ ကယ်ကြပါအုံး။ ဟော့ တင်ဝင်း ကပ္ပလီကွ၊ ကပ္ပလီ" ဟု ကျွန်တော်က တင်ဝင်းကို ပြောကာ အောက်သို့ ဆင်းလိုက်ကြပါသည်။ လူအချို့က ကပ္ပလီကို ပွေ့ချီထားကြပါသည်။ ကပ္ပလီ၏မျက်နှာ တခုလုံး သွေးများ ပေနေပါသည်။ လက်တဖက်လည်း ကျိုးသွားသည်ဟု ပြောသံ ကြားရပါသည်။

ကျွန်တော်တို့ တသိုက်သည် ကပ္ပလီ၏ အဖြစ်ကို မြင်လိုက်ရသဖြင့် ကြောက်လန့် သွားပါသည်။ ကပ္ပလီအတွက် စိုးရိမ်နေကြပါသည်။

ယခုကဲ့သို့ကပ္ပလီတယောက် အဖြစ်ဆိုးနှင့် ရင်ဆိုင်ရခြင်းမှာ စည်းကမ်း ကို မ ရှိ သေ ခြင်းကြောင့် ဖြစ်ပါသည်။ ကပ္ပလီ၏ အဖြစ်အပျက်သည် ကျွန်တော်တို့ကို သင်ခန်းစာ ရစေပါသည်။ စည်းကမ်း ထားရှိခြင်းသည် ကျွန်တော်တို့ အားလုံး အတွက် ကောင်းစေလို၍ ထားရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်း စည်းကမ်းကို လိုက်နာသင့်ပါသည်။

## မိထူး

မှုန်နုံသော ပါးကွက်ကျားနှင့်
နှစ်ဖက်ပါးအလှဖြယ်၊
မွှေးလိုက်တာကွယ်။

ပြုံးဟန်ကကြွယ်၊ ကုံးသွယ်သည့်
စပယ်ဖူး၊
ရွှေကြက်တောင် ဆံရစ်ဝိုင်းနှင့်
ရှုတိုင်းတင့်ထူး။

စပယ်ငုံ မြအဖူးတွေနှင့်
မလှဘူး လှောင်သူလှောင်၊
ကြည့်လိုက်ကြမောင်။

ခွေးတွေကဟောင်၊ ပုံဆောင်သည့်
ဟန်ရေး၊
မြန်မာ့ဟန် မြန်မာဖျက်တယ်
ဒို့ရှက်မိသေး။

မြန်မာ့ဟန် ဆံရစ်ဝိုင်းနှင့်
အောက်ပိုင်းက ဂါဝန်တို၊
ထူးတယ်လို့ဆို။

ငိုချင်ငို၊ ဗူးယိုမှုဝို့ရှူး၊
မှုန်နုံသော သနပ်ခါးနှင့်
မွှားပေါ့မိထူး။ ။

ပန္တရဝင်း



R. 517

# မင်းဂွတ်သီး




မင်းဂွတ်သီးသည် လိမ်မော်သီး ပုံသဏ္ဌာန်ကဲ့သို့ ရှိသော်လည်း လိမ်မော်သီးထက် ငယ်သည်။ အရောင်မှာ သီးစ၌ စိမ်းသည်။ မှည့်သောအခါ နီညိုရှိ၍ မှောင်သောအရောင် ရှိသည်။ မင်းဂွတ်သီး၏ အခွံမှာ ထူ၍ မာသည်။ အခွံအတွင်း၌ အဖြူရောင် အသားရှိသော အမြွှာပေါင်း လေးမြွှာမှ ရှစ်မြွှာအထိ ပါလေ့ရှိသည်။ ထိုအသားမှာ ပျော့၍ ချိုသော အရသာ ရှိသည်။

မင်းဂွတ်ပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို နှစ်သက်သည်။ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်တိုင်းနှင့် ဧရာဝတီတိုင်း စသော အရပ်ဒေသတို့တွင် စိုက်ပျိုးလျှင် ဖြစ်ထွန်းနိုင်သည်။

မင်းဂွတ်သီးသည် လူတို့၏ အရိုးနှင့် သွားများကို ခိုင်မာတောင့်တင်းစွာ တည်ဆောက်နိုင်ရန် အားပေးသည်။ ကိုယ်ကာယကြီးထွားမှုကို ဖြစ်စေသည်။ အာရုံကြောများကို ကောင်းမွန်သန်မာ စေနိုင်သော အာဟာရဓာတ်များ ပါဝင်သည်။

မင်းဂွတ်သီးသည် ဒူးရင်းသီးနှင့် တပြိုင်နက်လိုလိုတွဲ၍ ပေါ်လာပြီး ဒူးရင်းသီးလိုပင် နာမည်ကြီးသော အသီးဖြစ်သည်။

စိန်တင်





၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦး...ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

# ပညာရှိ တရားသူကြီး

ပန်းချီ ဦးဘကြည်

ဇာတ်လမ်း - မြေရိုင်း

ရွှေသွေး ဂျာနယ်

စနေနေ့တိုင်း ထုတ်ဝေသည်။ အတွဲ-၁ အမှတ် ၃၃ ၁၆-၈-၆၉




ငါ့လိုဖြစ်ကျိုးကို
ဒီဖြင်းပေးမှာ . . . တဲ့
ဒီလိုဆိုယင်
ဒီတရားသူကြီး
မတရားဘူး
အခါ အခွင့် သင့်တုန်း
ဒီတရားသူကြီးကို လေ့လာရမယ်
ပိုင်ပြီ
ပိုင်ပြီ
မင်းသားလေးသည်
စိတ်ကူးရပြီး —
ဒီအိမ်ပါး
အော:
တရားသူကြီး
တရားသူကြီး ထံသို့ပင် ခေါ်
သွားလေ၏။
တရားသူကြီး ထံ တွင် ကုန်
သည်တဦး၊ လှေသူကြီးတဦး၊
လူငယ်တဦး ရောက်နေ၏။
ဒီသူငယ်ဟာ ကျွန်တော့် ဆီမှာ
အလုပ်လုပ်တာ ဆယ်နှစ် ရှိပါပြီ —
စကားမပြောတတ်ပေမဲ့ စိတ်တတ်
ပါတယ် — စာရင်းတွေ တွက်ပေး
ပါတယ်
ကုန်သည်ကြီးက စွဲချက်ကို
တင်ပြ၏။
မဟုတ်ပါဘူး — သူဟာ
ကျွန်တော့် လှေထိုးသားပါ — ကျွန်
တော်နဲ့ လှေ အတူတူထိုးခဲ့
ပါတယ်
လှေသူကြီးကလည်းပြန်လည်
ချေပ၏။
ကောင်းပြီ — ဒီသူငယ်ကို
ထားခဲ့ပါ — နက်ဖြန်ပြန်လာခဲ့ကြ
ပါ — အဲဒီအခါ ဆုံးဖြတ်ပေး
မယ်
တရားသူကြီးက ရက်ချိန်း၏။
မင်းသားလေးတို့ကို ကြား
နာပြီးနောက်...
မြင်းကိုထားခဲ့ပြီး
နက်ဖြန်ပြန်လာကြ —
ရက်ချိန်း ပေးပြန်၏။


ဒီသူငယ်ကို ခင်များ ပြန်ခေါ် သွားနိုင်ပြီ
နောက်တနေ့တွင် တရားသူကြီးက သူငယ်လေးကို ကုန်သည်ကြီးလက် အပ်လိုက်၏။
လှေသူကြီး ကိုမူ ဆိုဆုံးမ၍ လွှတ်လိုက်လေသည်။
မင်း သား လေး နှင့် သူ တောင်းစားကိုကား....
နောက်ဖက်တွင်ရှိသော မြင်းဇောင်းအတွင်းသို့ ခေါ် သွားပြီး ပထမ သူတောင်းစားကို မြင်းရွေးခိုင်း၏။
ထိုနောက် မင်းသားလေးကို အလှည့် ပေးပြန်သည်။
ထို နောက် မင်း သား လေး အား မြင်းကို ပိုင်သူဟု ဆုံးဖြတ်ပြီး....
သူတောင်းစားကိုမူ ဆိုဆုံးမ ပြန်၏။
မင်း သား လေး သည် တရား သူကြီး ဆုံး ဖြတ် ချက် ကို သဘောကျလှ၍....


အို ခရီးသွား လုလင် — ညက ဖိုးသူငယ်လေး ကို.....
တရင်း ဂဏန်းများတွက်နေရာ ဖေါင်းစွာတွက် ချက်နိုင်၏။ ကိုင် တွယ်ပုံမှာလဲ အလေ့အထရှိသူများ သို့ပင် — လက်ဖဝါးများ လဲ နူးညံ့မှု အလုပ်ကြမ်းသမား မဖြစ်နိုင်ချေ။ သူ့ ပခုံး လဲ ကျွဲမခုံးထနေခြင်း မရှိတော့ လယ်ထိုးသား မဖြစ်နိုင်ချေ—
သင်တို့ ကိစ္စ တွင်ကား....မြင်းသည် သင့်အား သခင် အဖြစ် ချစ်ကြင်နာစွာ လက်ခံ သည်ကို တွေ့ရပြီ.....
ဟို လူ ကို ကား လုံးဝ သိမ့်မရ ချေ — ထို့ကြောင့် မြင်းသည် သင့် မြင်းသာဖြစ်ရမည် ဟု အတတ် ပြောနိုင်ခြင်း ဘဲ.....
မင်းသားလေးမှာ တရားသူကြီးကို ကျေနပ်ကာ ပြန်သွားလေ၏။
နောင် မင်းသားလေး နန်းတက်သောအခါ ထိုတရားသူကြီးအား နေပြည်တော်တွင် တရားသူကြီးချုပ်အဖြစ်ဖြင့် ခန့်အပ်လေသည်။

# ကိုလတ် နှင့် သိုင်းပညာ

ကျော်ကျော်




ကာတွန်း
မောင်မောင်သက်
မိုးကာလ
သတိပြုစရာ
ဆွေးမြည့်သော သစ်ပင်အိုကြီးများ အောက်ကို မဝင်ပါနှင့်
ရေနက်သော ကန်ချောင်းများအတွင်း ဆော့မကစားပါနှင့်
ပျက်စီးနေသော လျှပ်စစ် ဓာတ်ကြိုးများကို မကိုင်ပါနှင့်
ရေညှိတက်နေသော နေရာတွင် သတိထား၍ လျှောက်ပါ၊
မျက်နှာကိုအုပ်၍ လမ်းဖြတ်ကူးခြင်းကို ရှောင်ပါ




သိမ်ထွန်း ၏
ညီညီလေး
နှင့်
အိမ်အလုပ်
သားသား ဘယ် သွားမလို့လဲ ။
ဘောလုံးကန် သွားမလို့ပါမေမေ
ခြံထဲက အမှိုက်တွေ ရှင်း ပြီးမှ သွားပေါ့ကွယ်၊ အိမ် က အလုပ်လဲကူအုံးမှပေါ့ သားရဲ့ ။
အို... အိမ်အလုပ်တွေလုပ်တာ အပိုဘဲ... ဘောလုံးကန်သွား တာဘဲ ကောင်းပါတယ် ။
ကျွန်တော်တို့ အသင်းနိုင်တယ် မေမေ
အိုး
အား
အင်း... ငါခြံထဲက အမှိုက်တွေ ရှင်း မသွားမိလို့ ခုလို ချော်လဲပြီး အနာတရ ဖြစ်တာဘဲ ။ နောက်ငါ အိမ် အလုပ်တွေကူ ပြီးမှ ကစားတော့ မယ်... ။


# စက်

တင်ပြသူ - ကိုဂျင်ဖြ
သရုပ်ဖော် - ကဆု

စက်ဆိုသည်မှာ အချိန်ကုန်၍ ပင်ပန်းစွာ လုပ်ကိုင်ရမည့် အလုပ်ကို လူ့စိတ်တိုင်းကျ သက်သာစွာ လုပ်ပေးသောပစ္စည်း ဖြစ်သည်။ လူက စက်ကို လည်အောင် အစပြု အားစိုက်ပေးရသည်။ စက်က ထိုအားရှိန်ဖြင့် မူလ အားကို ကျော်လွန်ကာ အလုပ် လုပ်ပေးသည်။

စက်များကို ကြည့်လျှင် ရှုပ်ထွေးသည်။ သို့သော် မည်မျှပင်ရှုပ်ထွေးစေကာမူအရင်းအမြစ်ကို စိစစ်ကြည့်လျှင် ရိုးရိုး စက်ကလေး ခြောက်မျိုးဖြစ်သော ကုတ်၊ စက်သီး၊ ဘီးနှင့် ဝင်ရိုး၊ ပြင်ညီစောင်း၊ ဝက်အူနှင့် သပ်တို့ကို တခုနှင့်တခု အမျိုးမျိုး ဆက်စပ်၍ တည်ထားခြင်းသာ ဖြစ်သည်ကို တွေ့ရပေမည်။ ရိုးရိုးစက် ဆိုသည်မှာ အားတခုတည်းဖြင့် အလုပ်ပြီးမြောက်စေသည့် ပစ္စည်းဖြစ်သည်။





၃
ဘီးနှင့်ဝင်ရိုး
၄
မျဉ်းစောင်း
၅
ဝက်အူ
၆
သပ်


ကျောင်းပိတ်ရက်အတွင်း ဖိုးတေနှင့် တာတီးတို့သည် လေး
အိမ်တန်းရွာသို့ အလည်သွားပြီး ပြန်လာကြ၏။
မြန်မြန်လာဟေ့ မိုးချုပ်ယင် အိမ်က ဆူနေလိမ့်မယ်
အေးပါဟ
ရွာထိပ် သခွားခြံ အနီးသို့ ရောက်လျှင် - -
လာဟေ့ ဆာတယ်ကွာ သခွားသီးခင်းမှာ ကြံရအောင်
အေးဟ အတော်ဘဲ
ဒီကနေ ဝင်တာ မြန်တယ်ကွ
မင်းဟာ မိတ်မချရဘူး ကွ
ခြံထဲသို့ဝင်၍ သခွားသီးများကို ခူးကြလေသည်။
ဟေ့၊ အဖိုးကြီးနဲ့ တိုးလို့ မိနေအုံး မယ်ကွ
သူ့နိုက်ကိုမှ အောင်မလိုက် နိုင်ပါဘူးကွာ
လမ်းတွင် တာတီးက
ဂျေ-ဖိုးတေ မင်းအကုန် ယူသွားတော့ ကွာ
အေး ကောင်းသားပဲ



အိမ်သို့ရောက်လျှင် မိခင်က
မင်းဘယ်က ရခဲ့ သလဲ မှန်မှန်ပြော
ကျွတ်ပြီသွား ခဲ့ကပါ
လူမသိဘဲ တိတ်တဆိတ် ခူးလာတာ မဟုတ်လား
မဒိဘက်ခြံက တာတီးလဲခူးတာ ဘဲမေမေ
ကော့ပါမေမေ ဂယ်သိမ်းထား လိုက်မယ် ဒီ အပေါ်မှာ
ကိုယ့်ပစ္စည်း မဟုတ်ယင် ယူပိုင်ခွင့် မရှိဘူး၊ ခြံ့ပေါင် အဖိုးကြီး မှာ တာဝန်ရှိတယ်၊ မင်း ပြန်ပို့ရမယ်
ကျွန်တော် ပြန်မပို့ရဲ တော့ဘူး၊ မှောင်မဲနေပြီ သူ့ဆီမှာလဲ လူကြီးရှိတယ်
အမယ်ခိုး တုံးက တော့ မကြောက်ဖူးလား၊ သွား မင်း ပြန်မပို့ယင် ထမင်းလဲ မစားရဘူး အိမ်ကိုလဲ ပြန် မလာနဲ့
ဖိုးတေသည် ကြောက်ကြောက်ရွံ့ရွံ့ ထွက်လာခဲ့သည်။
ငါ...ကြောက်တယ် - ဒုက္ခဘဲ
သခွားခြံ အနီးသို့ ရောက်လျှင်
တာတီးရဲ့သခွားသီးတွေ ပါငါယူလာမိတာ - မှားတာဘဲ. ခုဘောက်ဆို သူဖြတော့ ဖမ်းမှာဘဲ
မကြာမီ
ဟေ့ ကောင်လေး ... ဘာဖြစ်လို့ လာင့်နေတာလဲ မှောင်မဲမဲထဲမှာ ...
မနက်က ယူသွားမိတဲ့ သခွားသီးတွေ လာပို့တာပါ


အေး အေး မင်းလိမ္မာတယ်၊ နောက်ကို ဒီလို မလုပ်နဲ့ကြားလား... ဒီ အဘ ချွေးပိုင်တဲ့ခြံကွယ့်
ဒါ အကုန်ဘဲလား လူလေး
ကျွန်တော် တလုံး ခိုးလိုက်တယ်-အားချင်လွန်းလို့ပါ-ကျွန်တော့်ကြောင့် ဖိုးဖိုး ဒုက္ခမရောက်ပါဘူးနော်
ရော့ပါစေလေ တလုံးထဲဘဲ၊ ကျန်တာတွေ မင်းမယူလာယင်သာ ငါ ဒုက္ခလုံးလုံး ရောက်မှာ
ကျေးဇူးတင်ပါတယ်၊ ပြန်ပါဦးမယ် ဖိုးဖိုး
ဖိုးတေသည် ပြေးထွက်လာခဲ့ပြီးမှ ရုတ်တရက် ပြန်လှည့်သွားပြီး –
ဖိုးဖိုး ကျွန်တော်သားမိတဲ့ သခွားသီးကို ခိုးတယ်လို့ လူတွေပြောမှာလား... ဟင်!
အေး.. ငါလဲ မပြောတော့ဘူး.. အင်း လေ မင်းမရှိဘူးလို့ ပြောပါ့မယ်၊ ဖိုးဖိုး.. လက်ဆောင်ပေါ့
ဒီလိုဆို ကျွန်တော့်မှာ အပြစ် မရှိတော့ဘူးပေါ့နော်
အေး ပေါ့. ကဲ - ပြန်ပေတော့ သိပ် မှောင်နေပြီ
ဖိုးတေသည် ဝမ်းမြောက်ရွှင်လန်းစွာ ပြန်လာခဲ့သည်။
သူ့တွင် ကြောက်စိတ် မရှိတော့ပေ။
ငါ ပျော်နိုင်ပြီ




တင်းနစ် ကစားနည်းသည် ပြင်သစ်ပြည်မှ စတင်သည်ဆို၏။

ရှေးက တင်းနစ်ကစားကွင်း အဖြစ် မြက်ခင်းပြင်ကို အသုံးပြုကြသည်။ ပြုပြင်ရန်အလုပ်များ သဖြင့် ယခုအခါ သမံတလင်း ကွင်းကို အသုံးပြုကြသည်။


တင်းနစ် ကစားကွင်းသည် အလျား ၇၈ ပေ၊ အနံ ၃၆ ပေကျယ်သော ထောင့်မှန်စတုဂံပုံရှိသည်။ ကွင်း၏အလယ်တွင် သုံးပေမြင့်သော ကန့်လန့်ဖြတ် ပိုက်တခု တန်းထားသည်။ ကွင်း၏ နယ်နိမိတ် ပတ်လည်ကို ဆေးဖြူသုတ် မျဉ်းဖြောင့် များဖြင့် ရေးမှတ်ထားသည်။

တင်းနစ် ဘောလုံးသည် အချင်း နှစ်လက်မခွဲရှိ၍ ကြက်ပေါင်စေးဖြင့်ပြုလုပ်ထားသည်။ အပြင်သားတွင် သက္ကလတ်ဖြင့် ဖုံးအုပ် ထားသည်။ တင်းနစ်ရိုက် ဘက်တံမှာ အနံရှစ်လက်မ အလျား ၁၂ လက်မ ရှည်၏။

တင်းနစ် ကစားရာတွင် ဘောလုံးကို သတ်မှတ် ထားသော နေရာမှ သတ်မှတ် ထားသော စည်းကမ်းများ အတိုင်း တဖက်သို့ စတင် ရိုက်ပို့ရသည်။ ဘောလုံးကိုစတင်ပို့ရာတွင် ကိုယ်အလေးချိန်ကို ခြေဖျားပေါ်၌ ထား၍ ဒူးကွေးညွတ်ကာ မျက်လုံးများကို ဘောလုံးဆီသို့ရှေးရှုပြီး ကိုယ်ကို နောက်သို့ အတန်ငယ် လှန်ထားကာ ရိုက်ရသည်။

အပြည်ပြည် ဆိုင်ရာ တင်းနစ်ပြိုင်ပွဲကြီးကို ဒေးဗစ် ဖလားပွဲဟု ခေါ်၏။ ၁၉၀၀ ပြည့်နှစ်တွင် ဒွိုက်ဒေးဗစ် ဆိုသူက ဆုတံထွင် ချီးမြှင့် ခဲ့ရာမှ ဒေးဗစ်ဖလားပွဲအဖြစ် နှစ်စဉ် ကျင်းပလေ့ ရှိပေသည်။

ကျော်ညွန့်မိုး




**အဖြေ။** ၁။ ပုံဆွဲရာတွင် နီးသူ ကြီး၍ ဝေးသူ ငယ်စေရမည်။ ၂။ ဆင်မြီးမှာ နွားမြီးဖြစ်နေသည်။ ၃။ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တွင် လက်နှစ်ဖက် အနေအထား ပြောင်းပြန်ဖြစ်နေသည်။ ၄။ အုန်းပင်မှာ ထန်းပင်ကဲ့သို့ အရည်ခံ၍ မရပါ။ ၅။ ကုတ်ဖြင့် ကော်မသည့် ဝန်ပစ္စည်း၏ အနီးဖက်တွင် အောက်ခံခုတုံး ရှိစေရမည်။

# ဝါဝါ့အလုပ်

မောင်ဆိန်ဝွေး




စာမေးပွဲကြီး နီးပြီ။ ဝါဝါ စာကျက်တော့မည်။

ဖေဖေက အလုပ်သွားတော့မည်။ ဝါဝါကို ဖေဖေက လှမ်းကြည့်သည်။ ဝါဝါ စာကျက်နေသည်ကိုမြင်၍ သဘောကျသွားသည်။ ပြုံးပြုံးကြီး ခေါင်းညိတ်၏။ နောက် လွယ်အိတ်ကိုဆွဲ၍ ရုံးသို့ ထွက်သွားလေသည်။

ထိုအခိုက် အိမ်ရှေ့မှ ကားဟွန်းသံပေါ်လာ၏။ မမကိုလာခေါ်သော ကျောင်းကြို ကားကြီး ဖြစ်သည်။

မမသည် ကျောင်း ဆရာမ တယောက် ဖြစ်၏။ မမတို့ ကျောင်းကြိုကားကြီးမှာ စက်သံ ပြင်းပြင်းနှင့် ထွက်ခွာသွားလေသည်။

ဝါဝါသည် မေမေ့ကို လှမ်းကြည့်လိုက်မိသည်။ ထမင်းစားပွဲ၌ မေမေသည် စာထိုင်ရေးနေလေသည်။ ကိုကိုကြီးထံသို့ စာရေးနေခြင်း ဖြစ်ဟန်ရှိ၏။

ကိုကိုကြီးသည် စစ်ဗိုလ်ဖြစ်သည်။ ရန်သူများကို နှိမ်နင်းဖို့ အဝေး၌ တိုက်ပွဲတွေ ထွက်နေရလေသည်။

မေမေသည် ဟင်းအိုး ဆူလာသဖြင့် သွားမွှေလိုက်ရသေးသည်။

စာကျက်ရမည်ကို ဝါဝါမှာ ပျင်းနေသည်။ ကျောင်းသားဘဝကို စိတ်ပျက်၏။

ဖေဖေ၊ မေမေ၊ ကိုကိုကြီး၊ မမတို့ကို အားကျသည်။ သူတို့တော့ စာမကျက်ရပြီ။

ဝါဝါလည်း အလုပ်လုပ်ချင်၏။ အလုပ်လုပ်ရသည်မှာ လခလည်းရသည်။ ဟန်တွေပန်တွေနှင့်လည်း နေရသည်။ လွတ်လွတ်လပ်လပ် ပျော်စရာလည်း ကောင်းသည်။

ဖေဖေက ခဏခဏ ပြောတတ်၏။ လူမှန်လျှင် အလုပ်တခုခု လုပ်ရမည်။ အလုပ်မလုပ်သောသူသည် လောကမှာ ဘာမျှ အသုံးမကျ။ ရှက်စရာကောင်းသည်ဟု ဆိုသည်။

စာမေးပွဲကိုမူ ဝါဝါသည် ကောင်းစွာ ဖြေနိုင်ခဲ့ပါသည်။

တညဦးတွင် –

"မေမေ – ဝါဝါ ကျောင်းမနေချင်တော့ဘူး။ အလုပ် လုပ်ချင်တယ်" ဟု ဝါဝါက လူစုံရှေ့၌ ပြောချလိုက်သည်။

အားလုံး အံ့အားသင့်သွားကြ၏။

"စာကျက်ရမှာ ကျောင်းတက်ရမှာပျင်းပြီ၊ အလုပ်လုပ်ရတာကမှ ကောင်းအုံးမယ်" ဝါဝါက ခပ်တိုးတိုးပြော၏။

ဖေဖေက ပြုံး၍ဆိုသည်။

"ဝါဝါက ငယ်သေးတာဘဲ၊ အလုပ် လုပ်စရာ မလိုသေးပါဘူး"

"အလုပ်မလုပ်တဲ့လူဟာ ရှက်ဖို့ ကောင်းတယ်၊ ဒါကြောင့် ဝါဝါ အလုပ် လုပ်မှာပေါ့" ဟု ဝါဝါက ဖေဖေ ပြောဘူးသော စကားနှင့် ဖေဖေ့ကိုပင် ပြန်၍ အနိုင်ပြောလိုက်သည်။

အားလုံးက ဝါဝါ့ကို ဝိုင်းရယ်ကြသည်။

ဝါဝါမှာ သူစကားကို ဝိုင်းရယ်ကြ၍ စိတ်ဆိုးသည်။ ထိုကြောင့် နှုတ်ခမ်းစူလျက် အိပ်ရာဆီသို့ ထွက်လာခဲ့၏။

"အေးပေါ့၊ နောက်တခါ ဝါဝါ့ကိုကိုကြီးဆီ စာရေးမှ ထဲ့

ရေးပြရဦးမယ်။ မင်း ညီမ က အလုပ် လုပ်ချင်တယ်တဲ့လို့” ဟု ရယ်ရင်းပြောသော မေမေ့အသံကို ဝါဝါကြားလိုက်ရသည်။

တနေ့၌ ဝါဝါ့ သူငယ်ချင်းများ ရောက်လာကြသည်။

“ဒီနေ့ စာမေးပွဲ အောင်စာရင်း ထွက်မယ်တဲ့ဟေ့၊ ဒို့များ သွားကြည့်မလို့ ဝါဝါရော လိုက်မလား”

စာမေးပွဲ အောင်စာရင်း ထွက်တော့မယ် ဆိုတော့လည်း ဝါဝါ အလိုလို ပျော်လာသည်။

ကျောင်းသည် မဝေးလှ။ မကြာမီ ဝါဝါတို့ တတွေမှာ ကျောင်းသို့ ရောက်သွားကြ၏။ ကျောင်းသားများ ဆူညံနေကြသည်။ ပျော်စရာတမျိုးပင်။

ဝါဝါတို့ သူငယ်ချင်းများ အားလုံး စာမေးပွဲ အောင်ကြသည်။ အားလုံး ခုန်ဆွခုန်ဆွနှင့် ပျော်နေကြ၏။ ဝါဝါမှာ စာမေးပွဲအောင်သည် ဆိုတော့လည်း အလိုလို ဝမ်းသာအားရ မြူးကြွနေတော့သည်။

ဝါဝါတို့တတွေသည် ဆူဆူညံညံ စကားပြောဆိုရင်း လမ်းအတိုင်း ပြန်လာခဲ့ကြသည်။

“မေမေရေ–ဝါဝါ စာမေးပွဲ အောင်တယ်”

“ဟေ–တယ် ဟုတ်ပါလား၊ ငါ့သမီး တော်တယ်ဟေ့၊ အေး သမီး ကိုကိုကြီးဆီကလဲ စာရောက်နေတယ်၊ ရော့ ဖတ်ကြည့်” ဟု မေမေက ဝါဝါ့ကို စာတစောင် လှမ်းပေးသည်။

ဝါဝါ ညီမလေး –

မေမေ့ဆီက စာရတယ်။ ဝါဝါက အလုပ် လုပ်ချင်လို့ဆို။ ကောင်းပါတယ်။ အခုလဲ ဝါဝါ အလုပ် လုပ်နေသားဘဲ။

ဖေဖေက ရုံးမှာ အလုပ်လုပ်တယ်။ မေမေက အားလုံး စားမှုသောက်မှုအတွက် အလုပ်လုပ်တယ်။ မမက ကျောင်းဆရာမ အလုပ်လုပ်တယ်။ ကိုကိုကြီးက ရန်သူကို နှိမ်နင်းတဲ့အလုပ်လုပ်တယ်။ ဝါဝါကတော့ကိုယ်နေတဲ့ နိုင်ငံမှာ နောင်တနေ့ သိပ်အသုံးကျတဲ့သူဖြစ်နိုင်ဖို့ ပညာတွေသင်ယူနေရတဲ့ အလုပ်ကြီး လုပ်နေတယ် မှတ်လား။

ခု–ဝါဝါလုပ်နေတဲ့ အလုပ်ကလဲ မသေးငယ်ပါဘူး။ အများကြီး ဂုဏ်ရှိတယ်။

တိုက်ပွဲတပွဲ နိုင်တဲ့ အခါ ကိုကိုကြီးမှာ အလုပ်တာဝန်တခု ကျေပြွန်ရသလိုဘဲ၊ ဝါဝါလဲ စာမေးပွဲ တပွဲ အောင်တိုင်း အလုပ်တာဝန်တခု ကျေပြွန်ပြီဘဲပေါ့။

အေး–ဝါဝါ့ အလုပ်ကို ဝါဝါ ကျေပြွန်အောင်သာ ကြိုးစား။ ညီမလေး ဝါဝါဟာလဲ အလုပ်တာဝန် ကျေပြွန်မှာ အမှန်ပါဘဲ၊ ကိုကိုကြီးတော့ ယုံတယ်လေ။

ကိုကိုကြီး

ဝါဝါက ပြုံးနေ၏။

“ဝါဝါ့ အလုပ်ကို ဝါဝါ ခုတော့ နားလည်ပါပြီ ကိုကိုကြီး....”

## ဆေးရောင်ခြယ်မယ်

ဗျိုင်းဖြူလေးနဲ့ ယုန်သူငယ်
ဆေးရောင် တူပါတယ်။
အစိမ်းရောင်ခြယ် ကြက်တူရွေး
နှုတ်သီး နီတွေးတွေး။
ကျီးကန်းကလေး အနက်ရောင်
ဆင်ကြီး မဲမှောင်မှောင်။
ချီထောင်ထောင်နဲ့ ကျွဲကြီးလဲ
ခြယ်လိုက်ပေါ့ အမဲ။
တောထဲကကျားဘာရောင်ကွယ်
ညီပုလေး သိတယ်။
အဝါခြယ် အနက်စင်း
တိရစ္ဆာန် သားမင်း။

အောင်စည်(ချောက်)



R. 517

# ဖန်ခါးသီး


ဖန်ခါးသီးသည် လူကြိုက် များလှသော တို့စရာ တမယ် ဖြစ်သည်။ အရသာမှာ ဖန်၍ ခါးသော်လည်း ခံတွင်းရှင်း၍ နှုတ်ကို မြိန်စေသည်။ မြန်မာ့ဆေးကျမ်း များတွင် ဖန်ခါးသီးသည် ခြောက်သောသလိပ်ကို စိုစေတတ်၏၊ လေပူကို ကြေစေ၏၊ ပျို့အန်ခြင်းကို ပိတ်ပင်၏၊ ရေငတ်ကို ပြေစေ၏ဟု ဖော်ပြထားသည်။ ဖန်ခါးသီးသည် လူတို့၏ သွား၊ သွားဖုံးနှင့် အရိုးများကို ခိုင်မာစေပြီး သွေးအားကို တိုးစေသည်။ မီးလောင်၍ အဖုပေါက်သော် ဖန်ခါးသီးခြောက် အမှုန့်ကို အုန်းဆီနှင့် ဖျော်လိမ်းနိုင်သည်။ ဝက်ခြံ အမြစ်မထွက်သော် ဖန်ခါးစေ့ကို ဆန်ဆေးရည်နှင့် သွေးလိမ်းရသည်။ ဖန်ခါးသီးကို သားရေနယ် ဆိုးဆေးအဖြစ် သုံးနိုင်သည်။ တနင်္သာရီ တောင်ပိုင်းတွင် အသုံးများသည်။

ဖန်ခါးသားမှာ မာ၍ ကြမ်းသဖြင့် အိမ်ဆောက်ရာတွင် အကြမ်းထည် အဖြစ် သုံးနိုင်သည်။ ထုတ်-လျှောက်-ယက်မ စသည်ဖြင့် သင့်သလို သုံးနိုင်သည်။ ထို့ပြင် လှည်းပစ္စည်းများ၊ စူးဆောက်-တူ-လွှ-အရိုးများလည်း ပြုလုပ်နိုင်သည်။

ဖန်ခါးပင်ကို မြေပြင် အမြင့် ပေ ၃၅၀၀ အောက်ရှိ ဒေသများတွင် အနှံ့အပြား တွေ့နိုင်သည်။ အထူးသဖြင့် မကွေး ခရိုင်နှင့် ရွှေကျင်မြို့နယ် တပိုက်တွင် အများဆုံး တွေ့ရသည်။ မကွေး ဖန်ခါးမှာ နာမည်ကျော်ကြား လူကြိုက်အများဆုံး ဖြစ်၏။



**မောင်မောင်မြင့်**




၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

စနေနေ့တိုင်း ထုတ်ဝေသည်

အတွဲ ၁၊ အမှတ် ၃၄၊ ၂၃-၁-၆၉

## မြေကြီး နှင့် ရွှေထီး

ပန်းချီ-ဦးဘချစ်
ဇာတ်လမ်း - လင်းယုန်သစ်လွင်






မောင်ရွှေထီးတယောက်မှာကား စားပြီးအိပ်၊ အိပ်ပြီးစားနှင့် အချိန်ကုန်၏။





တခါတရံ ဦးသူတော်က သတိပေးသည်ကိုပင် ကိုမဲတူနှင့် မကျုတ်တို့က မကြိုက်ကြချေ။



အရွယ် ရောက်လာသော် မောင်မြေကြီးသည် အားတိုက် ခွန်စိုက် တောရှင်း၊ လယ်ထွန်၊ စပါးရိတ်၊ သီးနှံစိုက်နှင့် လယ်ယာတို့မှာ ဖြစ်မြောက်ပြီး၊ အခြားရွာများကပင် အားထားရသတဲ့





ထိုမျှမကသေး၊ မင်းနေပြည်တော်ကပင်လျှင် ပွဲစားများက သူ့ထက်ငါ အားပေးကြ၏။




အခြား ဖြီထွက် ပစ္စည်းများထက် သီးနှံထွားကြိုင်းသဖြင့် မြေကြီးဖြီထွက်ဆိုလျှင် ဈေးပိုရ၏။


ဒေါက် လိုက်မယ် ချီ----
ချိုလိုက်မယ် ဖီး
မောင်ရွှေထီးမှာကား နေ့ညပင်မသိ အဖော်များနှင့် အရက်မူး၍သာ နေလေ၏။
ရွှေထီးကလဲ ရှင်ဘုရင်မဖြစ်သေး — ရှိတဲ့ ပစ္စည်းစား တွေလဲ ကုန်တော့မယ် ရှင်မရေ့ . . . .
အိုတော်...
အချိန်တန်တော့ဖြစ်မှာပေါ့ —
ရွှေထီး ဖြုန်းတီးသဖြင့် စီးပွား လျှော့လေ၏။
ကိုမဲတူနှင့်မကျူတ် ကွယ်လွန်ပြီးနောက် ရွှေထီးသည် ဘိန်းများပင် ရှုနေတော့သည်။
တနေ့တော့
ဖြေကြီး ခြံထွက်ပစ္စည်းများ နာမည်ထွက်ပြီး ဘုရင်ကြီး ကြားသဖြင့် အခေါ် လွှတ်သတဲ့
ရွှေနန်းတော်သို့ရောက်သော် ဘုရင်ကြီးကိုယ်တော်တိုင် ဆွေးနွေးပြီးနောက် -
ရွှေဘောတော် ကျလှသဖြင့်....
ချက်ခြင်းပင် စိုက်ပျိုးရေးဝန် ခန့်လေသည်။



အလို.... နေမှုကြံကြံ လယ်ကွင်းထဲမှာ လူတယောက် လဲပြီး အားများဖြစ်နေပါသလဲ - သွားကြည့်စမ်း
စိုက်ပျိုးရေးဝန်မင်း ဦးမြေကြီးသည် မိဘရှိရာ ရွာသို့ ပြန်လာစဉ် ရွာအဝင် လယ်ကွင်းထဲ၌ တစုံတရာကို မြင်လေသော် -
သိလိုဇောဖြင့် မင်းစေလုလင် တယောက်ကို စေလွှတ်၍ ကြည့်စေသတဲ့
ဘိန်းစား တယောက် အားပြတ်ပြီး လဲနေကြောင်းပါ ဝန်မင်း
အို - ချွတ်ချွတ် - ရွှေထီး သွားမိုး ထားပေး လိုက်ပါ လား
မင်းစေ လုလင်သည် ဘိန်းစားရွှေထီး အား ပြတ်ပြီး လဲနေသည်တွေ့၍ လျှောက်တင်သော်
ဟော်မျှ...... ကြည့်နေရင်း သေသွားရှာပြီ
ဦးမြေကြီးက သနားပြီး အရိပ်ရရန် ထီးမိုးစေ၏။ သို့သော် နောက်ကျလေပြီ။
မောင်မြေကြီးကရွှေထီးဆောင်းရတဲ့ဝန်ဖြစ်ပြီး မောင်ရွှေထီးက ဘာကြောင့် ရွှေထီးဆောင်း ရတဲ့ ဘိန်းစားအဖြစ်နှင့် သေသွားရသလဲ
လွယ်လွယ် လေးပါကွယ်၊ တူ- တူမလေးတို့ အချင်းချင်း ဆွေးနွေးကြည့်ကြ၊ အဖြေရအောင် စဉ်းစားကြပေါ့ -




သတိမူပါ
မိုးတွင်းမှာ
ယကြိုး၊ ကိုလတ် နှင့် ညိုထွေး
ကျော်ကျော်
မိုးရေထဲမှာ ကစားရအောင်ဟေ့
ကျနော်လဲ ဆော့မယ် မေမေ့ကိုသွားပြော ရအောင်
မေမေ သားတို့ မိုးရေချိုးချင်တယ်
အေး... သစ်ပင်အောက်ကို မသွားနဲ့နော် သစ်ပင်ပေါ် ကိုလဲမတက်ကြနဲ့
အကြာကြီးမနေကြနဲ့ အအေးမိပြီးဖျားနေအုံးမယ်
ဟုတ်ကဲ့ မေမေ
ညိုထွေးရေ ဘော်လုံး ယူခဲ့ဟေ့ ကန်ကစား ရအောင်


ထို့နောက်
ညီထွေးကန်လိုက်တာ ခြံအပြင်ဘက်ကိုရောက်သွားပြီ
ဘောလုံးသည်သရက်ပင် နားသို့ရောက်သွား လေသည်။
သရက်သီးတွေ စားချင်လိုက်တာ
ညီထွေးရေ... သရက်သီး မစားချင်ဘူးလား-- တက်ခူးကြရအောင်
စားတော့စားချင်တယ် ဒါပေမဲ့ မေမေက သစ်ပင်မတက်ရဘူးလို့ ပြောထားတယ်မှတ်လား
မေမေတို့က နေရာတကာ စိတ်ပူတတ်တယ်
ညီထွေး... အောက်ကနေ သရက်သီးကောက်နော်


သရက်သီးတလုံး ပစ်ချလိုက်မယ်ဟေ့
ယကြီးလို ခေါ်နေတယ် ဆင်.ရဲ့ဘာ
မဆင်းခဲ့ဘူးလို့ ပြောလိုက်.. ဟိုက်..မိုးရေကြောင့် ချော်ပြီး ငါကျပြီ
ဟာ! ကိုလတ် ချော်ပြီး ကျလာပြီ သွားကူဖို့ဘဲ
အင့်
ထိုစဉ်လေပြင်းတချက်တိုက်လိုက်ရာ သစ်ကိုင်းကျိုးကျပြီး...
အား-
နာလိုက်တာကွာ
မေမေ့စကားကိုနားမထောင်ဘဲလို့ ခုလို ဒုက္ခရောက်ရတာဘဲ


# တာဝန်ကျေသော ဖခင်ငါး

ရေး-တင်အေးကြည်
သရုပ်ဖော်-မောင်မောင်သက်



အာဖရိကတိုက်ကမြစ်များနှင့်အင်ဒိုနီးရှားနိုင်ငံက ရေကန် များတွင် တီလာပီယာခေါ် ငါးမျိုးရှိသည်။ ထိုငါးမျိုးမှ ငါးထီးသည် သားငယ်များ ပေါက်လာဖို့အရေးတွင် မိခင် တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်သည်။


တီလာပီယာ ငါးထီးသည် ငါးမက ဥချလိုက်သော ဥများကို အာခံတွင်းတွင် ထည့်၍ အကောင် ပေါက်လာသည်အထိ ငုံထားသည်။ အာခံတွင်းတွင် ဥများကို ငုံထားသော ၁၄ ရက်မျှ အချိန်ကာလ အတွင်း ငါးထီးသည် မည်သည့် အစာကိုမျှ မစားပဲ နေသည်။






ရက်သတ္တနှစ်ပတ်မျှ အစာမစားပဲ ဆာလောင်မွတ်သိပ်စွာ နေပြီးနောက် ငါးကလေးများ ကိုယ်တိုင် ကူးခပ် သွားလာ နိုင်လောက် ရှိမှ အာခံတွင်းမှ ထွေးထုတ်လိုက်သည်။ ထိုအခါမှ ငါးကလေးများသည် သူတို့ထိုက်နှင့် သူတို့ကံ လွတ်လပ်စွာ ကူးခပ် သွားကြတော့သည်။ ဤသို့ ဂရုတစိုက် စောင့်ရှောက်မှုကြောင့် တီလာပီယာငါးမျိုးသည် မျိုးပွားအလွန်လျင်မြန်သည်။

ဒစ်ကပ်စ်ခေါ် ငါးမျိုးသည်လည်းသားငယ်များ ပေါက်လာရေးတွင် မိဘ၏တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်သည်။ ထိုငါးမျိုးကို တောင်အမေရိကတိုက် အမ္ဗဇုန်မြစ်တွင် တွေ့ရသည်။





ဒစ်ကပ်စ် ငါးထီးသည် အန္တရာယ် ထူပြောသော ပင်လယ်ပြင်တွင် ခြောက်မြား လှစွာသော သားငယ် ပေါက်စကလေးများကို ဘေးမသီရန်မခပဲ ပျော်မြူးစွာကူးခပ် နေနိုင်ရန် အတွက် စောင့်ရှောက်ပေးသည်။

ငါး ပေါက်စကလေး များသည် ရေမကူးသည့် အချိန်တွင် မိဘများ ကိုယ်ပေါ်တွင် တွယ်ကပ်နေကြ၍ မိဘများ၏အရေခွံမှထွက်သော အဆီကို စုတ်ယူ စားသောက် ကြသည်။ မိဘ နှစ်ဦးအနက် တဦးက ငါးကလေးများ အဆီစုတ်ယူသည်ကို ငြီးငွေ့ လာသည့်အခါတွင် ခါချတတ်သည်။ ထိုအခါ ငါးကလေးတို့သည် အခြားမိဘတဦးထံပြေးကပ်ပြီး အဆီ စုတ်ယူ ကြပြန်သည်။ ဤ ဒစ်ကပ်စ်ငါးမျိုးတွင် မိခင်ရော ဖခင်ပါ တာဝန်ခွဲဝေ၍ သားငယ်များကို စောင့်ရှောက်ကြသည်။




ကျော်ကျော် နှင့် မောင်မောင် ပါဝင်သော
စကြာဝဠာ သူရဲကောင်း
ကျော်ကျော်သည် သတင်းစာတွင်ပါသော လဗိမာန်သွား အပိုလို-၁၀-အကြောင်းကို စိတ်ဝင်စားစွာ ဖတ်နေသည်
အပိုလို-၁၀-က လဗိမာန်ကို ၉-မိုင်အကွာအဝေး ကပတ်ပြီး ပြန်လာတယ်တဲ့၊ အပိုလို-၁၁-ကတော့ လပေါ်ဆင်းတယ်ဆိုပါလား၊ တယ်-အားကျစရာ ကောင်းတာကိုး၊
လဗိမာန်ပြန် သူရဲကောင်းဆိုရင်၊ တကမ္ဘာလုံးက ဝိုင်းအုံးချီးကျူးကြမှာပဲ၊ ငါသာ တခေါက်လောက် သွားပြီးပြန်လာနိုင်ရင်၊ စကြဝဠာသူရဲကောင်း ကြီးဆိုပြီး ဝိုင်းအုံးချီးကျူး ကြမယ်၊
စကြာဝဠာသူရဲကောင်း
စကြာဝဠာသူရဲကောင်း
စကြာဝဠာ သူရဲကောင်း
ခေါ- ခေါ- ခေါ-
အခု အာကာသကို တက်မယ့်သူရဲကောင်းကြီး ကျော်ကျော်ပါ၊ လဗိမာန်သာမက အင်္ဂါဂြိုဟ်၊ ယူရေနပ်စ်ဂြိုဟ် ကြာသပတေးဂြိုဟ် သောကြာ ဂြိုဟ်နဲ့ စနေဂြိုဟ်တွေကို သွားဖို့စီစဉ် ထားပါတယ်၊ အောင်မြင်ပါစေလို့ ဆုတောင်း ပေးပါတယ်၊
ဟုံး စကြာဝဠာခရီး-အောင်မြင်ပါစေ
ဖြောင်း ဖြောင်း
ဖြောင်း ဖြောင်း


ဒုံးပျံတက်သွားပြီး ပထမဆုံး ကမ္ဘာမြေကြီးနှင့် မိုင်သိန်းပေါင်း - ၂၆၀ - ကွာဝေးသည့် သောကြာဂြိုဟ်သို့ ခရီးထွက်ခဲ့သည်။
တဖန် သောကြာဂြိုဟ်မှ အင်္ဂါဂြိုဟ်ဆီသို့ ဒုံးပျံဖြင့် ကျော်ကျော် ခရီးဆက်ခဲ့ပြန်သည်။ ကမ္ဘာမြေကြီးမှ မိုင်သိန်းပေါင်း ၄၈၀ - ဝေးကွာသည့် အင်္ဂါဂြိုဟ်သို့ ကျော်ကျော်သွားရသည်မှာ များစွာပျော်ရွှင်မိသည်။
အင်္ဂါဂြိုဟ်တွင် လည်ပတ်ပြီးနောက် ကျော်ကျော်သည် ဗုဒ္ဓဟူးဂြိုဟ်ဆီသို့ ခရီးဆက်ခဲ့ပြန်သည်။ ကမ္ဘာမှ မိုင်သိန်းပေါင်း - ၅၇၀ - ကျော်ဝေးသည့် ဗုဒ္ဓဟူးဂြိုဟ်ကို သွားရသည်မှာ မြန်သက်သာလှပေ၏။
စနေဂြိုဟ်ကို ခပ်လှမ်းလှမ်းက ကြည့်ရသည်မှာ တမျိုးကြည့်ကောင်းသည်ဟု ကျော်ကျော်ထင်မိသည်။
စနေဂြိုဟ်ကြီးမှာ ပတ်နေတဲ့ လက်စွပ်လိုဟာကြီးဟာ၊ သိပ် ကြည့်လို့ကောင်းတာဘဲ။
ကျော်ကျော်သည် ကမ္ဘာမြေကြီးမှ မိုင်သိန်းပေါင်း ၇၉၃၀ - ကျော်ဝေးသော စနေဂြိုဟ်မှ တဖန် မိုင်သိန်းပေါင်း - ၃၉၀၀ - ကျော်ဝေးသော ကြာသပတေးဂြိုဟ်သို့ ခရီးဆက်ခဲ့ပြန်သည်။


ကမ္ဘာမြေကြီးထက်၊ မျက်နှာပြင်ဆွဲငင်အားသည် ၂-ဆခွဲကျော်ရှိသဖြင့်၊ ပေါင်-၇၀-ကျော်လေးသော ကျော်ကျော်သည်၊ ပေါင်-၇၆၀-ကျော်လေးနေသဖြင့်၊ လမ်းသွားရသည်မှာ၊ တမျိုးဖြစ်နေသည်၊
စကြာဝဠာတွင်းတွင်၊ ခရီးအနှံ့သွားခဲ့ပြီးနောက်၊ ကျော်ကျော်သည် ကမ္ဘာမြေကြီးသို့ ပြန်ခဲ့သည်၊
ကမ္ဘာမြေသို့ ပြန်ရောက်လာသော စကြာဝဠာသူရဲကောင်းကြီး ကျော်ကျော်အား ကမ္ဘာ့လူမျိုးပေါင်းစုံ၊ ဝမ်းသာအားရ ကြိုဆိုကြသည်၊
စကြာဝဠာသူရဲကောင်းကြီး ကျော်ကျော်အား လှိုက်လှဲစွာကြိုဆိုပါသည်
အာ-အာ-အမယ်လေးဗျာ-
ဟဲ-စကြာဝဠာ သူရဲကောင်းကြီး ဒူးယားဦးပေါ့ကွ၊ ဝဲဝဲလျော့ကျပြီ-
ကျွတ်-ကျွတ်-နာလိုက်တာ-မက်ခဲ့သတဲ့တော့၊ ငါ့အိပ်မက်-မက်နေတာပါလား၊ အိပ်မက်ထဲမှာ စကြာဝဠာသူရဲကောင်းကြီးဖြစ်ရတာနဲ့၊ အဝင် တောင်မြန်လိုက်ပြီ၊
အိမ်ခေါင်မိုးပေါ် မတက်ရဘူးဆိုတဲ့ ကျော်ကျော်ကလည်း လုပ်ပြီ၊ အပေါ်ရောက်နေတာလဲဟေ့၊
သူများတွေအိုးကောင်းသ တောင်တက်နေကြတာ၊ ဒီခေါင်မိုးလောက်တော့၊ ဘာဖြစ်လို့မတက်ရမှာလဲ မေမေရဲ့၊



# နပမ်းလုံးခြင်း

နပမ်းလုံးခြင်းသည် အာရှတိုက်သားတို့ အထူး နှစ်သက်သော အားကစား တရပ် ဖြစ်သည်။ ခရစ် မပေါ်မီ အနှစ် ၃၀၀၀ က အီဂျစ်နှင့် ဗက်ဗီလုံးနီးယားပြည်တို့တွင် ခေတ်စားခဲ့သည်။ ယခုခေတ် အိုလံပစ် အားကစားပွဲများတွင် ပြိုင်ပွဲတခုအဖြစ် ပါဝင်လေ့ရှိသည်။

နပမ်းလုံးရန် စည်းဝိုင်းမှာ အချင်း ၁၂ ပေခန့် ကျယ်၏။ ကြိုးတန်းကာထားသော စင်မြင့်ကို အများအားဖြင့် အသုံးပြုကြ၏။

ကျောပြင်နှင့် မြေကြီး ထိလျှင် အရှုံးပေးရသော ဤကစားနည်းတွင် အားခွန်ဗလကြီးခြင်း၊ ကိုယ်အလေးချိန် များခြင်းတို့သည် ပဓာနမဟုတ်ပေ။ မျက်စိ လျင်ခြင်း၊ ဖျတ်လတ်ခြင်း၊ ကျင်လျှင်ခြင်း တို့သည်သာ အရှုံးအနိုင်ကို အဆုံး အဖြတ် ပေးနိုင်သည်။

မြေလှဲ နပမ်းလုံး နည်းနှင့် မတ်တတ်ရပ်နပမ်းလုံးနည်းဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ပထမ အမျိုးအစားတွင် ယှဉ်ပြိုင်သူ နှစ်ဦးသည် မျက်နှာချင်းဆိုင် ရပ်၍ သူ့ထက်ငါ ဦးအောင် တရှိန်တည်း တွန်းလှဲလိုက်ရသည်။ ကျသွားသော သူအား မထနိုင်အောင် ပခုံးမှ ဖိထားရ၏။


ဒုတိယ အမျိုး အစားတွင် ယှဉ်ပြိုင်သူ နှစ်ဦးသည် မတ်တတ်ရပ်၍ ခါးအထက်ပိုင်းကိုသာ ဖက်ပြီး လုံးခွင့်ရှိသည်။ ခါးအောက်ပိုင်းကို မကိုင် တွယ်ရပေ။ တဖက်လူ၏ ပခုံးနှစ်ဖက်ကို ကိုင်၍ မြေသို့ နှိမ့်ချနိုင်လျှင် အနိုင်ရသည်။

အခြားနည်း တခုလည်း ရှိသေးသည်။ နပမ်းစ၍ မလုံးမီ တဦး၏ ကိုယ်ကို တဦး မြဲမြံစွာ ကိုင်ထားရ၏။ မတ်တတ်ရပ်၍ လုံးခြင်းဖြစ်သောကြောင့် ခြေဖဝါးနှင့် မြေကြီးသာ ထိခွင့်ရသည်။ အခြား ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခုနှင့် မြေကြီးထိသွားလျှင် ရှုံးတော့လေသည်။

ကျော်ညွန့်မိုး



အစိမ်း၊ အနီ၊ အပြာ၊ အဝါရောင် ဆေးများဖြင့် အရောင်ခြယ်ပါ။



# တဖက်သတ်အမြင်

ကျန်းဇော်

တနင်္ဂနွေ ကျောင်းပိတ်ရက် တရက်၌ မေမေသည် ကျွန်တော့်ကို ပုဇွန်တောင်ဈေးသို့ လက်ဖက်ခြောက် ဝယ်ခိုင်း ပါသည်။ ပုဇွန်တောင်ဈေးတွင် ကျွန်တော့်ကို လက်ဖက်ခြောက် ဝယ်ပေးမည့် မေမေ့ မိတ်ဆွေတယောက်ရှိပါသည်။ မေမေသည် ကျွန်တော့်ကို ငွေငါးကျပ်တန် တရွက် ပေးလိုက်ပါသည်။ လမ်းစရိတ် အသွားအပြန် အတွက် ပြားသုံးဆယ် သုံးပြီး၊ ပြား နှစ်ဆယ်ကို မုံ့ဖိုးအဖြစ် ယူရန် မှာလိုက်ပါသည်။ ကျွန်တော်သည် မေမေပေးလိုက်သော ငွေကို ယူ၍ ပုဇွန်တောင်ဈေးသို့ ဘတ်(စ)ကားဖြင့် လာခဲ့ပါသည်။

ဘတ်( စ )ကားသည် လူကျပ် လှ၏။ အချို့ ခရီးသည်များ မတ်တတ်ရပ်လိုက်ကြရလေသည်။ ကျွန်တော်ရပ်နေသည့် ဘေးမှ မိန်းမကြီး တယောက် ဆင်းသွားသဖြင့် သူ့နေရာကို ရလိုက်ပါသည်။

မှတ် တိုင် တ ခု သို့ ရောက်သောအခါ ကျွန်တော့်ဘေးမှ လူတယောက် ဆင်းသွားပြန်သဖြင့် တဖက်သို့ တိုးထိုင်လိုက်ရ၏။ ထိုသို့ တိုးထိုင်လိုက်ရခြင်းအတွက် ကျွန်တော် အတော်ကျေနပ် နေပါသည်။ ပြတင်းပေါက်နားတွင် ထိုင် ရ သ ဖြင့် ပြင်ပ မြင်ကွင်းများကို ကြည့်ခွင့်ရသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ပြင်ပမှမြင်ကွင်း များ ကို ငေး ကြည့် ရင်း လိုက်ပါ လာခဲ့ပါသည်။ ကျွန်တော့်ဘေးတွင် လာထိုင်သော လူကြီးသည် ညစ်နွမ်းသော အဝတ်များဝတ်ဆင်ထားပါသည်။ သူသည် ကျွန်တော်၏ နောက်မှီပေါ်တွင် လက်တဖက်ကို တင်ထားပါသည်။ သူ့ လက် သည် ကျွန်တော့်ပခုံးကို မကြာခဏ လာထိနေတတ်၏။

"ဟေ့ ချာတိတ်၊ လက်မှတ်ယူပြီးပြီလား" ဟု ကားစပယ်ယာက မေးသဖြင့် ကျွန်တော်လည်း အိတ်ထဲသို့ နှိုက်လိုက်ပါသည်။ကျွန်တော့် မျက်လုံးများ ပြူးသွားပါသည်။ ကျွန်တော် အလွန်အံ့ဩနေ၏။ ကျွန်တော့် အိတ်ထဲတွင် ငါးကျပ်တန် မရှိတော့ပါ။ ကျွန်တော်လည်း စိုးရိမ်စိတ်ကြောင့် ဘောင်းဘီအိတ်ထဲ နှိုက်ကြည့်၏။ မတွေ့ပါ။ ထိုင်ခုံအောက်ရှာကြည့်၏။ ရှာလို့ မတွေ့ပါ။ ကျွန်တော့်ရင်ထဲတွင် တထိတ်ထိတ် ဖြစ်နေပါတော့သည်။

အတန်ကြာသောအခါ ကျွန်တော် စဉ်းစားမိပါသည်။ ခါးပိုက်နှိုက်ခံရခြင်း ဖြစ် ပေ လိမ့်မည်။ ထို့ကြောင့် ဘေးကလူကြီးကို ကျွန်တော်ကြည့်လိုက်၏။ သူသည် ခပ်တည်တည်နှင့် ထိုင်နေ၏။ လက် တ ဖက် က မူ ကျွန်တော့် နောက်မှီပေါ်တွင် တင်ထားဆဲ ဖြစ်သည်။ သူ့ကို ကြည့်ရင်း ကျွန်တော်မယုံတော့ပါ။ သူသည် ခါးပိုက်နှိုက်ကြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် –

"ဒီမှာဦးလေး၊ ကျွန်တော့် ပိုက်ဆံ ပြန်ပေးပါ" ဟု တောင်းလိုက်ပါသည်။

"ဘာပိုက်ဆံလဲကွ"

"ကျွန်တော့်အိတ်ထဲကပိုက်ဆံ ဦးလေး နှိုက်သွားတယ် မဟုတ်လား။ အခုပြန်ပေးပါ"

"ကြံကြံဖန်ဖန်ကွာ၊ မင်းပိုက်ဆံ ငါမယူပါဘူး"ဟု လူကြီးက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သဖြင့် ကျွန်တော် ဝမ်းနည်းလာပါတော့သည်။ မျက်ရည်များပင် ကျလာမိပါသည်။

"ဟေ့လူ၊ကလေးပိုက်ဆံပြန်ပေးလိုက်ပါ"ဟု လူတယောက်က ဝင်ပြောပါသည်။

"ကျုပ်မှ မယူတာဗျ" ဟု လူကြီးက ငြင်းပါသည်။

"ဟုတ်ဘူး၊ ဟုတ်ဘူး၊ သူယူတယ်၊ သူဘဲယူတယ်" ဟု ကျွန်တော်ကလည်း ဇွတ်ပြောလိုက်ပါသည်။ ကျွန်တော့်စကားဆုံးလျှင် ခရီးသည် တယောက်က "ခွေးမသား ခါးပိုက်နှိုက်၊ ကလေးပိုက်ဆံတောင် မထားဘူး" ဟု ပြောပြောဆိုဆို လူကြီးကို ထိုးမည်ကြိတ်မည် လုပ်သဖြင့် အခြား ခရီးသည်များက ဝိုင်းဆွဲထားရပါသည်။ တကားလုံးရှိ ခရီးသည်များက ဝိုင်းကြည့်ပြီး အပြစ်တင် ပြောဆိုကြသဖြင့် လူကြီးလည်း မျက်နှာကြီးနီမြန်းကာ မှတ်တိုင် အရောက်တွင် ကားပေါ်မှ ဆင်းသွားပါတော့သည်။ ခရီးသည်များက ကျွန်တော့်ကို ဝိုင်းဝန်း ချော့မော့ကြပါသည်။

ပုဇွန်တောင်ဈေး မှတ်တိုင်သို့ ရောက်လျှင် ကျွန်တော်ဆင်းလိုက်ပြီး ဈေးဖက်သို့ လျှောက်လာခဲ့ပါသည်။ ဈေးထဲမှ မေမေ့မိတ်ဆွေကို မေမေမှာသည့် အတိုင်း ပြောပြပြီး ကျွန်တော့်ပိုက်ဆံ ခါးပိုက်နှိုက်ခံရကြောင်း ပြောလိုက်ပါသည်။ မေမေ့မိတ်ဆွေက "ဒေါ်ဒေါ် စိုက်ဝယ်ပေးလိုက်မယ်" ဟု ပြောပြီး ဂျုံအိတ်ကိုလှမ်းယူကာ ခါလိုက်ပါသည်။ ထိုအခါ ဂျုံအိတ်ထဲမှ ငါးကျပ်တန် တရွက် ထွက်ကျလာပါသည်။ကျွန်တော် အလွန်အံ့သြနေပါသည်။

ငွေစက္ကူကို ကျွန်တော် အထားမှားခြင်း ဖြစ်ပါသည်။ ဂျုံအိတ်ထဲတွင် ထည့်ထားသည်ကို ကျွန်တော် မေ့လျော့ နေမိပါသည်။

ကျွန်တော် နောင်တရခဲ့ပါပြီ။ ကျွန်တော်၏ တဖက်သတ် စွပ်စွဲမှုကြောင့် လူတယောက်အရှက် ရသွား ရပါသည်။ ကျွန်တော်သည် နီမြန်းသော မျက်နှာကြီးနှင့် ကားပေါ်မှ ဆင်းသွား သော လူကြီး ကို မြင်ယောင်လာပါသည်။ တွေးရင်း တွေးရင်း အတော့ကို အားနာမိပါသည်။

မျက်မြင် မဟုတ်ပဲ တဖက်သတ် စွပ်စွဲခြင်းသည် မကောင်းပါ။ ဆိုးရွားသော မိုက်မဲမှုဖြစ်၏။ ထို့ကြောင့် နောက်နောင် တဖက်သတ် မစွပ်စွဲမိစေဖို့ သတိပြု ဆင်ခြင်ပါတော့မည်။ အားလုံးကိုလည်း သတိပြု ဆင်ခြင် ပါဟု ကျွန်တော် တောင်းပန်လိုက်ပါသည်။


## စည်းကမ်းရှိစွာ အချိန်သုံး

ကစားချိန်မှာ အပေါင်းများနဲ့
ပျော်ပျော်ပါးပါး ကစားကွယ်။
အစားအစာ ချိန်မှန်စားမှ
ခွန်အားပြည့်ဖို့ကျန်းမာမယ်။
စာသင်ချိန်မှာ စိတ်ဝင်စားလို့
ကြိုး စား ကျက် မှတ် သင် ယူ
ကွယ်။
ကျောင်းအားချိန်မှာ အိမ်လုပ်
ငန်းကို
ကိုယ်စွမ်းသမျှ ကူညီကွယ်။
စည်းကမ်းရှိစွာ အချိန်သုံးမှ
ရည်မှန်းသမျှ အောင်မြင်မယ်။
အောင် မြင် မယ် အောင် မြင်
မယ်။ ။

မောင်တင်စိုး (သစ်ရာကောက်)




R. 517



# ခေါင်းလောင်း


ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ခေါင်းလောင်းကို အရွယ်အမျိုးမျိုးသွန်းလုပ်ကာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးပြုကြသည်။ မြန်မာ အပါအဝင် ဗုဒ္ဓဘာသာဝင် နိုင်ငံများတွင် ခေါင်းလောင်းများကို စေတီ ပုထိုး၊ သိမ်၊ ကျောင်းများ၌ ထားရှိပြီးလျှင် သာသနာ့ ကိစ္စများအတွက် အသုံးပြုလေ့ရှိကြသည်။ အချို့သောနိုင်ငံတို့တွင် နှန်းတက်ပွဲ စသောမင်္ဂလာ အခမ်းအနားများ၌၎င်း၊ နိုင်ငံအကြီးအကဲများ ကွယ်လွန်သော အခါများ၌၎င်း ခေါင်းလောင်းထိုးလေ့ရှိကြပြန်သည်။ ဘုရားစေတီ၏ ထီး၌ ချိတ်ဆွဲထားသော ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ကြေးဆည်းလည်းစသည်တို့သည် ခေါင်းလောင်း အသေးစားများပင် ဖြစ်သည်။



## မင်းကွန်း ခေါင်းလောင်းကြီး

မြန်မာနိုင်ငံ၌ ဘိုးတော်ဘုရား လက်ထက်တွင် မင်းကွန်းစေတီ အနီး၌ သွန်းလုပ်ထားသော မင်းကွန်း ခေါင်းလောင်းကြီးသည် ကမ္ဘာတွင် ဒုတိယ အကြီးဆုံး ခေါင်းလောင်းကြီး ဖြစ်သည်။ ယင်းခေါင်းလောင်းကြီးကို ကြေးညို ပိဿာချိန် ၅၅,၅၅၅ ဖြင့် သွန်းလုပ် သည်ဟုဆိုသည်။ တန်ချိန်ဖွဲ့သော် ၉၀.၅၂ တန် ရပေသည်။

ဝါဝါအောင်





ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ဘိမ်းသါဖာ

ရေးသူ- ကျော်သွင်ဖိုး
သရုပ်ဖော်- သနိုကြိုင်

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၃၅၊ ၁၀-၁-၆၉





တနေ့မှာ ဖခင်အိုကြီးဟာ အကြီးအကျယ် မကျန်းမမာဖြစ်လို့ ဆရာဝန်တွေခေါ်ရပေမဲ့ မရဘူး။
ငါ့သားတို့ ဖေဖေ တော့ကြာကြာ နေရတော့မှာ မဟုတ်ဘူး။ အဲဒါကြောင့် ဖေဖေ မသေခင် တခု မှာခဲ့ချင်တယ်။ ဖေဖေ မရှိတဲ့နောက် ငါ့သားတွေ ဒီအိမ်ကြီးမှာပဲ တခုတဝေးတည်း နေကြပါ။ တဦးနဲ့တဦး ညီညီညွတ်ညွတ် နေကြပါ။ ငါ့သားတို့ကို ဖေဖေ အမွေပေး
စိတ်ချပါ ဖေဖေ!
စရာ ဒီအိမ်ကြီးပဲ ရှိတယ်။
ဖခင်ကြီး မရှိတဲ့နောက် သူ့သားငါးယောက်ဟာ အိမ်ကြီးကို အခန်းခွဲကြတယ်။
ငါတို့ညီအစ်ကိုတွေဟာ တဦးနဲ့တဦး အကြိုက်ချင်း မတူကြလို့ တအိမ်ထဲမှာ အတူပေါင်းနေလို့ မဖြစ်ဘူး။ ဒီအိမ်ကြီးထဲမှာပဲ ခွဲခြမ်းနေကြရအောင်။
ကောင်းပါတယ်။
အကိုကြီး မောင်သန့်ရှင်းကတော့ သန့်သန့်ရှင်းရှင်း နေတတ်ပြီး တနေ့ ရေနှစ်ကြိမ်သုံးကြိမ် ချိုးတတ်လို့ ရေချိုးခန်းကို ယူလိုက်တယ်။
မောင်ပညာက စာပေဗဟုသုတ လိုက်စားလို့ စာဖတ်ခန်းကို ယူလိုက်သလို မောင်သီလကလည်း ဘာသာရေး ကိုင်းရှိုင်းသူမို့ ဘုရားခန်းကို ယူလိုက်တယ်။
ကြေးစည်ကို ဖြေးဖြေးထုပါကွာ၊ နားကွဲတော့မယ်။
ငါ့အခန်းက ငါ့ဟာကွ၊ ကြိုက်သလို ထုထု မယ်ကွ။


မောင်ချစ်ဆွေကတော့ မိတ်ဆွေပေါသူမို့၊ ဧည့်ခန်းဆောင်ကြီးကိုယူလိုက်ပြီး၊ မောင်ဂျဟင်းကတော့၊ အစားအသောက်မက်သောသူမို့ မီးဖိုဆောင်ကိုယူလိုက်တယ်၊
ချော်တယ်ကွ၊ ဒီမှာ ဧည့်သည်တွေနဲ့ အလုပ်လုပ်နေတယ်၊
ချောယင်ရှာခေါင်းပိတ်ထားကြ -
ကိုယ့်အခန်းမှာကိုယ်ထင်ရာကိုယ်လုပ်နေကြတဲ့ အတွက်၊ သိုက်ဘိုဥ်ကို ငါးဦးပါ ခိတ်ဝမ်းကွဲပေါ် လာကြတယ်၊
မီးဖိုချောင်ကနံ့ကတော့၊ အားလုံး မနေနိုင်တော့ဘူး၊ ငြိတ်ဆိုးမွှန်းတိုက်ပြန်ရင် တော်တော်ညစ်ပတ်တဲ့ အကောင်ပဲ၊
တဦးအခန်းကို တဦးကဖြတ်သန်းသွားလာခွင့်မပေး တဲ့အခါ၊ ခိုက်ဝမ်းကွဲလာကြတယ်၊
ကျွန်မတော့ ဂျမဆိုးဂျတာ တပတ်လောက် ကြိုဟင်းဂျဆိုး ဟင်းဂျ အကို၊
မင်းချက်တဲ့ဟင်းကျတော့ တမတ်ပေးလို့လား မဆိုးဂျဘူး သွား -
ဟေ့-သိလ၊ ငါ့အခန်းကဖြတ်မသွားနဲ့၊ အပြင် ထွက်ချင်ရင် ဘုရားခန်းပြတင်း ပေါက်က၊ ခိုင်းမင်းထိုးထွက် - သွား -
တညတွင်
မောင်သိလ ဘုရားခန်းက မီးခိုးတွေထွက်နေပါလား၊ မပေါင်းတိုင်က မီးခိုးနဲ့ တူတယ်၊



ဟာ-မီးခိုးတွေ အတော်ထွက်လာပါလားဗျ ဖယောင်းတိုင်
သူ့အခန်းထဲကို အကုန်းဝင်လို့မဖြစ်ဘူး။ တော်တော်ကြာ
ဟေ့-ငါ့သမီးတို့ မင်းတို့ဒီအတိုင်းကြည့်နေကြမယ်ဆို မင်းတို့ဗိုလ်အခန်းတွေပါ မီးကူးပြီး တအိမ်လုံး ပြာကျသွားလိမ့်မယ်။ ဒီတော့ ငါတို့တတွေ ညီညီညွတ်ညွတ်နဲ့ ဝိုင်းပြီး မီးငြိမ်းရအောင် ငါ့အခန်းက ရေသွားသယ်ကြ။
ဟုတ်တယ် အဘကြီးပြောတာ မှန်တယ်။ ဒီအတိုင်းကြည့်နေမယ်ဆို အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်။ မြန်မြန်လာကြဟေ့။
ပက်ကြဟေ့-ပက်ကြ
ငါတို့တတွေ ညီညီညွတ်ညွတ်နဲ့ လက်ညီတက်ညီ မီးငြိမ်းလိုက်လို့ အိမ်ကြီး ပြာကျမသွားတာပဲ။ ငါတို့တတွေ အမှားကို အချိန်မီ ပြင်နိုင်ကြလို့ ဒုက္ခ မရောက်ကြတာကွ။
ထိုအချိန်မှစ၍ အိမ်ကြီးထဲတွင် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ပေါင်းနေထိုင်ကြသဖြင့် အိမ်ကြီးမှာ ပို၍သာယာလာလေသည်။



ပန်းချီ စုံထောက်
မောင်ဘစီဟာ အားယင်ဝါသနာပါတဲ့ ပန်းချီကိုသာဘဲ ရေးဆွဲနေလေ့ ရှိတယ်။
ကျောင်း လေ့လာရေးခရီးထွက်ယင် စာနဲ့လဲမှတ်၊ ပုံလဲ ဆွဲလေ့ရှိတယ်။
ပုံဆွဲဘို့ အိမ်ရှေ့ထွက်ပြီး စဉ်းစားနေတုန်း သုံးဘီးကားတစီး ဒေါ်မြလေးတို့အိမ်ရှေ့မှာ ထိုးရပ်လိုက်တယ်။
သုံးဘီးပေါ်က လူနှစ်ယောက်နဲ့ ဒရိုင်ဘာပါ အိမ်ထဲကို ပြေးဝင်သွားကြတယ်။
နာရီဝက် လောက် ရှိတော့ ဒီလူ သုံးယောက် ဟာ အထုပ် တွေနှင့် ဆင်းလာ ပြီး -
အမြန် မောင်းထွက် သွားကြတယ်။


ဒေါ်မြလေး..ဒေါ်မြလေး-ဘာများ လုပ်နေတုန်းအိပ်ပျော်နေလို့ အသံလဲမကြား ပါလိုး
မိုးစဲသွားတော့ အိမ်နီးချင်း ဒေါ်လှ အလည်လာရာ -
အိမ်နီးနားကလူတွေ လာကြပါ အုံးဟေ့-ဒီမှာ ဘာဖြစ်သလဲ မသိဘူး
ပစ္စည်းတွေ တအိမ်လုံး ပြန့်ကြဲနေပြီး ဒေါ်မြလေးကို ကြိုး တုပ်လျက် တွေ့ရတယ်။
ရဲကို အမြန်ဆုံးဖုန်းဆက်ရအောင်
သူ့ကို ကြိုး ဖြေပေးလိုက် ကြပါအုံး
ရပ်ကွက်ထဲက လူကြီးတွေ ရောက်လာပြီး ရဲစခန်းကို အကြောင်းကြားတဲ့အတွက် -
ဆရာ..အနုကြမ်း စီးသွားတာဘဲ...
ရဲအဖွဲ့ဝင်များ ရောက်လာပြီး စစ် မေးကြတယ်။
မိုးတွေသဲတုန်းအခွင့် ကောင်းယူသွားတာဘဲ ဟေ့...
ကဲ..ခင်ဗျားတို့ အိမ်နီးနားချင်းတွေထဲက တယောက်ကမှမတွေ့. တယောက်တော့တွေ့မှာဘဲ
ဒေါ်မြလေးက လူဆိုးတွေကို မမှတ်မိ၊ ဘာနဲ့လာကြမှန်းလဲ မသိဘူးလို့ ဖြေတယ်။


ဦးဦး - ကျွန်တော် မြင်လိုက်တယ်
ကဲ - ဒါဖြင့် ပြောစမ်းပါကွယ်
ကံအားလျော်စွာ ဘစီတယောက်သာ မြင်တွေ့လိုက်သူရှိပြီး -
ဘစီက အိမ်ရှေ့ထွက်ပြီး ပန်းချီဆွဲဖို့ ထိုင်စဉ်းစားနေတုန်း -
မြင်တွေ့ရပုံ အစအဆုံးကို ပြောပြတယ်။
ပါးစပ်နဲ့ ပြောရုံမက သူဆွဲထားတဲ့ ပန်းချီပုံကိုပါ ထုတ်ပြတယ်။
ပုံထဲကရတဲ့ သုံးဘီးကားနံပတ်နဲ့ လိုက်လို အမှုပေါ်ပြီး -
ဘစီကို ရဲဖက်ကရော တရားလိုဖက်ကပါ ချီးကျူး ကျေးဇူးတင်ကြတယ်။


# လင်းနို့


ကာတွန်း - မောင်မောင်သက်




လင်းနို့သည် ကြွက်နှင့် တူသော်လည်း ကြွက်မဟုတ်။ ငှက်နှင့် တူသော်လည်း ငှက်မဟုတ်။ သားငယ်များကို နို့တိုက်သော သွေးပူတိရစ္ဆာန် ဖြစ်သည်။

လင်းနို့သည် ဇောက်ထိုး တွဲလဲနေတတ်သည်။ သူ၏ နောက်ခြေများသည် ရှေ့ခြေများထက် ပို၍ သန်မာသောကြောင့် ထိုသို့ နေနိုင်ခြင်းဖြစ်သည်။






လင်းနို့သည် ငှက်ကဲ့သို့ ပျံနိုင်သည်။ သို့သော် ငှက်နှင့် ကွာခြားချက်ရှိသည်။ ငှက်မှာကဲ့သို့ အမွေး မရှိချေ။ သူ၏ အတောင်မှာ အရေခွံပါးဖြစ်၍ ခြေထောက်ပေါ်၌ ဖြန့်ဖုံးလျက်ရှိသည်။



လင်းနို့၌ အသံကို ထူးကဲစွာ ကြားနိုင်သောသတ္တိ ရှိသည်။ အမှောင်ထဲတွင် လူတို့ မကြားနိုင်လောက်အောင် မြင့်သော အသံကို မြည်စေနိုင်သည်။ ထိုအသံလှိုင်းသည် အရာဝတ္ထုကို တိုက်၍ လင်းနို့ နားသို့ ပြန်ရောက်လာသည်။ ထိုပဲ့တင်သံကြောင့် ရှေ့တွင်အရာဝတ္ထု ရှိမှန်းကို သိပြီးလျှင် ရှောင်တိမ်းသွားနိုင်သည်။


လင်းနို့၏ မျက်စိကို ဖုံးထားသော်လည်း အတားအဆီးများကို မတိုက်မိပဲ ပျံနိုင်ကြောင်း သိရသည်။ သို့သော် မကြားနိုင်အောင် နားကို အုပ်ထားလျှင် ဖြစ်စေ၊ မမြည်နိုင်အောင် ပါးစပ်ကို ပိတ်ထားလျှင် ဖြစ်စေ ကောင်းစွာ မပျံနိုင်တော့ဟု ဆိုသည်။





လင်းနို့အမျိုးပေါင်းများစွာ ရှိသည်။ များသောအားဖြင့် လူတို့အား ဘေးဥပဒ် ပေးတတ်သော ပိုးမွှားများစွာကို စားပစ်ခြင်းဖြင့် အကျိုးပြုသည်။ လိုဏ်ဂူများ၊ လူမနေသော အဆောက်အအုံများတွင် အုပ်ဖွဲ့၍ နေတတ်သည်။ လင်းနို့ချေးသည် အပင်များအတွက် မြေဩဇာကောင်းဖြစ်သည်။ လင်းဆွဲမှာ လင်းနို့အကြီးစားမျိုးဖြစ်၍ သစ်သီးဝလံများကို စားသောက်တတ်သည်။


ကိုမိုး
နှင့်
မီးသင်္ဘောလေး
ဆီစဉ်သရုပ်ဖော်-
မိုးရာသီရောက်လာရာ ကိုမိုးက မီးသင်္ဘောကလေး ဝယ်ပေးရန် သူ့ဖခင်အား ပူဆာ၏။
မီးသင်္ဘောလေး ဝယ်ပေးပါဖေဖေ
မယူချင်ပါနဲ့သားရယ်
ဟင့်အင်း ဟင့်အင်း မရရင်ငိုမှာဘဲ
မရမက ပူဆာ၍ ဝယ်ပေးလိုက်ရ၏။
ဒါဖြင့်၊ ရေစည်ပိုင်းထဲမှာဘဲ ကစားရမယ်နော် ရေမြောင်းကြီးမှာသွားမကစားရဘူး
ဟုတ်ကဲ့ပါဖေဖေ
သင်္ဘောလေးက သွားနေပြီဟေ့
ကိုမိုးသည် သူငယ်ချင်း သံချောင်းနှင့် အတူ ရေစည်ပိုင်းတွင် လွှတ်ကစားသည်။
တနေ့တွင်
ရေစည်ပိုင်းထဲမှာ လွှတ်ရတာ ယျင်းစရာကြီးပါကွ ရေမြောင်းကြီးမှာသွားလွှတ်ရအောင်ကွ
အေးကွ


မြန်မြန်လာဟေ့
အေးပါကွာ
ကိုမိုးသည် ရေမြောင်းကြီးမသွားရန် ဖခင်၏ စကားကို မေ့သွားလေပြီ။
သူတို့သည် ရေမြောင်းကြီးထဲတွင်သင်္ဘောလေးသွားနေသည်ကို ကြည့်ပြီး အလွန်ပျော်နေကြသည်။
သင်္ဘောလေးသစ်ကိုင်းနဲ့ ငြိသွားပြီကွ
နေအုံးနေအုံး တုတ်နဲ့ လှမ်းချိတ်မှရမယ်
ကိုမိုး၊ ကောင်းကောင်းလုပ်နော်
ဟာ၊ ခုမှခက်တော့ဘဲ တုတ်နဲ့ထိုးမိလို့ သင်္ဘောလေးမျောသွားပြီ
ထိုအခါ
ဟေ့ကိုမိုး ကိုမိုး
သံချောင်းက တားသော်လည်း ကိုမိုးသည် သင်္ဘောလေးပြန်ရလိုစိတ်ဖြင့် ခုန်ချလိုက်၏။
ရေမှာ အလွန်နက်သဖြင့် ကိုမိုးသည် စုံးစုံးမြုပ်သွားလေသည်။


ဟောဒီမှာ ကိုမိုးတယောက် ရေနစ်နေလို့ ကယ်တော်မူကြ ပါဗျို့
ကယ်တော်မူကြပါ
ကယ်တော် မူပါ
ကယ်ကြပါအုံး ခင်ဗျာ
ကိုမိုး ပြန်မပေါ်လာတော့မှ သတိရပြီး အကူအညီ တောင်းရ၏။
ဘယ်မှာလဲဟေ့
မြန်မြန်
ဟောဒီမှာခင်ဗျ
အော်သံကြား၍ လူအများ ပြေးလာပြီး ကိုမိုးကို ဆယ်ကြရသည်။
ဟော၊ဟော၊ လက်ကလေးပေါ်လာပြီ
ဟုတ်ပြီ ဟုတ်ပြီ
ဒီပေး၊ဒီပေး
ကိုမိုးသည် သေကံမရောက်၍ အသက်မပျောက် သော်လည်းမီးသဘော်ကလေးမှာပြန်မရတော့ပေ။
ကိုမိုးတယောက်ရေနစ်လို့တော့
ဟင်
ကိုမိုး၏ဖခင် အလုပ်မှ ပြန်လာသောအခါ အကြောင်းစုံ သိရသည်။
ဒါကြောင့်မို့မီးသဘော်လေးကို ရေမြောင်းကြီးမှာသွားမလွှတ်ဖို့ ဖေဖေသတိပေးတာပေါ့ သားရယ်



# ခရစ်ကက်

ခရစ်ကက် ကစားနည်းသည် အင်္ဂလန်ပြည်၌စတင်ပေါ် ပေါက်ခဲ့သည်။ နွေရာသီတွင် ညီညာ စိမ်းလန်းသော မြက်ခင်းပြင်၌ ကစားလေ့ ရှိသည်။ ကွင်း၏ အလယ်ဗဟိုမှ ၂၂ ကိုက် အကွာ တဖက်တချက်စီတွင် ၂၇ လက်မ အမြင့်ရှိသော တိုင် သုံးတိုင်စီ စိုက်ထူထားသည်။ တိုင်များ၏ ထိပ်တွင် လေးလက်မစီ ရှည်သော ပွတ်လုံးတန်းကလေးနှစ်ခု ကို တင်ထားသည်။


ခရစ်ကက်ရိုက်တံ၏ အလျား မှာ ၃၈ လက်မထက် မပိုချေ။ အလေးချိန်မှာ နှစ်ပေါင်ခွဲခန့်ရှိ သည်။ ခရစ်ကက် ဘောလုံးကို ဖော့ဖြင့် ပြုလုပ်၍ သားရေနီ အုပ်ထားသည်။ အလေးချိန်မှာ ငါးအောင်စခွဲခန့် ရှိသည်။

တဖက်လျှင် လူ ၁၁ ယောက် စီ ယှဉ်ပြိုင်ကစားရ၏။ တသင်း က ဘောလုံးကို ရိုက်လျှင် အခြားအသင်းက ဘောလုံးကို ပစ်ပေးရသည်။ ဘောလုံးရိုက် သူသည် ဒူးကာနှင့် လက်အိတ် များကို ဝတ်ဆင်ထားရသည်။ သူ၏တာဝန်မှာ တိုင်ကလေး သုံး တိုင်ကို တဖက်လူပစ်လိုက်သော ဘောလုံး မထိမှန်စေရန် ကာ ကွယ်၍ ရိုက်ပစ်ရခြင်းဖြစ်သည်။ ဘောလုံးကို တတ်နိုင်သမျှ ဝေး ဝေး ရောက်အောင် ရိုက်ရပေ သည်။ သို့မှသာ ရိုက်ပြီး တဖက် မှ တိုင်ကလေးသုံးတိုင် ရှိရာသို့ ပြေးသွားပြီးနောက် မိမိနေရာသို့ အချိန်မီ ပြန်ရောက်နိုင်ပေမည်။

တိုင်သုံးတိုင်ကို ဘောလုံးထိ မှန်၍ လဲကျသွားလျှင် ဖြစ်စေ၊ ရိုက်လိုက်သော ဘောလုံးကို ပစ် ပေးသူက မြေမကျမီ ပြန်၍ဖမ်း ယူနိုင်လျှင် ဖြစ်စေ၊ ပစ်လိုက် သောဘောလုံးသည် ရိုက်သူ၏ ကိုယ်ကို ထိသွားလျှင် ဖြစ်စေ ရိုက်သူ ထွက်ပေးရသည်။

ကစားပွဲ၏ အရှုံးအနိုင်ကို သုံးတိုင်များ အကြား အပြန် အလှန် ပြေးရသော ခေါက်ရေ အနည်းအများဖြင့် ဆုံးဖြတ်လေ သည်။

ကျော်ညွန့်မိုး



မျဉ်းစက်နေရာ၌ ခေါက်၊ အပေါက်နေရာတွင် ကြိုးသွင်း၊ ကော်ကပ်ပြီး ကြိုးကို လှည့်ပါ။ လှောင်အိမ်တွင်းသို့ ငှက်ရောက်သွားလိမ့်မည်။



# ရယူလိုသောသူ

နေဝင်းမြင့်

ကျွန်တော်၏ အခင်မင်ဆုံး သူငယ်ချင်းမှာ ချမ်းအေးဖြစ်ပါသည်။ သူ၏ မိဘများသည် ပစ္စည်းပြည့်စုံသူများ ဖြစ်ကြ၍ သူ့အား အစစအရာရာ အလိုလိုက်ရှာပါသည်။ တဦးတည်းသောသား ဖြစ်ခြင်း ကြောင့်လည်း အလွန်ချစ်ကြပါသည်။

ချမ်းအေးသည် ကစားမက်သူ ဖြစ်ပါသည်။ မကြာခဏလည်း ကျောင်းမတက်ဘဲ နေတတ်ပါသည်။ သို့သော် သူ့မိဘများက သူ့ကို မဆူကြောင်း ပြောပါသည်။

ကျွန်တော်တို့သည် ကျောင်းတွင် ညီအစ်ကိုတမျှ တွဲလေ့ ရှိပါသည်။ သူ ကျောင်းမတက်သောနေ့များတွင် ကျွန်တော်မှာ ပျင်း၍ နေတတ်ပါသည်။ ချမ်းအေးသည် ပျော်တတ် ရွှတ်တတ်သူဖြစ်ရာ သူနှင့်ကျောင်းသွားရလျှင် အပျင်းပြေပါသည်။ ချမ်းအေးသည် ကျောင်းသားများ အပေါ် ဆရာလုပ်၍ ရယ်စရာ ပုံပြင်များကို ပြောလေ့ ရှိ၏။ တခါတရံ ဆရာ့ထံ ခွင့်တိုင်၍ ကျွန်တော်တို့သည် အိမ်သာသို့ အတူထွက်သွားလေ့ ရှိပါသည်။ သို့သော် အိမ်သာသို့ တန်းတန်းမတ်မတ်မသွားသေးဘဲ တခြားအခန်းများသို့ ဝင်ကြည့်ပြီး နောက်ပြောင်လေ့ ရှိ၏။

ချမ်းအေးသည် အိမ်တွင် ပေါ်ကြော့နေရသူဖြစ်၏။ ကျွန်တော်လည်း သူ့လိုပင် ပေါ်ကြော့နေချင်လာ၏။ သို့သော် ကျွန်တော့် မေမေကား, ချမ်းအေး၏ မေမေကဲ့သို့ မဟုတ်ပေ။ ကျွန်တော့်ကို ထင်းခွဲခိုင်းသည်။ တခါတရံ ဈေးဝယ်ခိုင်းသည်။ အိမ်တွင် ညီငယ်ကိုလည်း ထိန်းခိုင်းသေး၏။ ကျွန်တော်သည် ဤကဲ့သို့ လုပ်ရခြင်းကို မလိုလားပါ။ ထို့ကြောင့် တခါတရံ မေမေက အပြင်သို့ခိုင်းလျှင် ရှက်သလိုလို ဖြစ်လာတတ်ပါသည်။ သို့သော် မေမေသည် ကျွန်တော့်ကို ချော့၍ခိုင်းတတ်ပါသည်။

ကျွန်တော်သည် ချမ်းအေးကဲ့သို့ ကျောင်းမတက်ချင်သော စိတ်များ ပေါ်လာတတ်၏။ သို့သော် ကျောင်းမတက်ဘဲ အိမ်တွင်နေပါက အိမ်အလုပ်ကို ပို လုပ်ရမည် ဖြစ်သော ကြောင့် ကျွန်တော်သည် ကျောင်းသို့သာ သွားပါသည်။

ကျွန်တော်တို့အတန်းထဲတွင် မောင်ထွေးဆိုသူ ကျောင်းသားတယောက် ရှိပါသည်။ မောင်ထွေးသည် ကျွန်တော်တို့၏ ရွှေနှစ်ခုံကျော်တွင် ထိုင်ပါသည်။ သူ၏အဝတ်အစားများမှာ ညစ်နွမ်းလှ၏။ ထို့ကြောင့် ကျွန်တော်တို့က သူနားသို့ မကပ်ဘဲ နေကြ၏။ မောင်ထွေး၏အမေသည် ကျွန်တော်တို့ ကျောင်းတွင် ဈေး ရောင်း လေ သည်။ မောင်ထွေးသည် အားလပ်ချိန်၌ ဈေးကူရောင်းနေသည်ကို အမြဲ တွေ့ရပါသည်။ ကျွန်တော်တို့က သူ့ကို သနားသောကြောင့် သူ့ထံမှ မုန့်ဝယ်စားကြပါသည်။

ကျွန်တော်တို့၏ စာသင်နှစ်သည် တဖြည်းဖြည်း ကုန်လွန်ခဲ့ပါသည်။ စာမေးပွဲလည်း နီးကပ်လာပေပြီ။ တနေ့ကျောင်းတက်ချိန်တွင် ကျွန်တော်တို့ကျောင်းသူကျောင်းသားများကို ဆရာကြီးက ဘုရားရှိခိုးခန်းသို့ စုဝေးစေပါသည်။ ထိုနေ့သည် ကျွန်တော်တို့၏ ကျောင်းတက်ရက်နောက်ဆုံးနေ့ ဖြစ်ပါသည်။ စာမေးပွဲ စစ်ခါနီးပြီ ဖြစ်၍ ဆရာကြီးက ဆုံးမဩဝါဒ ပေးလိမ့်မည်ဟု ထင်ရပါသည်။

ဆရာကြီးသည် လက်နှစ်ဖက်ကို နောက်ပစ်ထားကာ –

"တပည့်တို့၊ ခုအချိန်ဟာ မင်းတို့အတွက် အရေးအကြီးဆုံး အချိန်ဖြစ်တယ်။ မင်းတို့ရဲ့ တနှစ်တာ ကျောင်းသင်ခန်းစာဟာ ခုအချိန်မှာ ကုန်ဆုံးခဲ့ပြီ။ ဒါပေမဲ့ မင်းတို့ ဘယ်လောက် တတ်သိ နားလည်တယ် ဆိုတာကို ဆရာကြီးတို့က ပြန် စစ် ဆေးကြည့်ရအုံးမယ်။ ဒီလို ပြန်စစ်ခြင်းကို စာမေးပွဲလို့ခေါ်တယ်။ မင်းတို့ဟာ စာမေးပွဲကို အောင်အောင် ကြိုးစားကြရမယ်" ဟု ဆရာကြီးသည် စိတ်အားထက်သန်စွာ ပြောပါသည်။ ကျွန်တော်တို့သည် ဆရာကြီး၏ ဩဝါဒကို အာရုံ စူးစိုက်နေမိပါသည်။ ထို့နောက် ဆရာကြီးက ကျွန်တော်တို့ မထင်မှတ်သော စကားကို ဆက်ပြောပါသည်။

"ဒီနှစ် ဆရာကြီးတို့ကျောင်းမှာ စာရိတ္တဆုအဖြစ် ဆုတခုကို တီထွင်ခဲ့တယ်။ ဒီဆုကို စာတော်တိုင်းလဲ မပေးဘူး။ ရိုးသားဖြောင့်မတ်ပြီး ကိုယ်ထူကိုယ်ထ ကြိုးစားတဲ့သူကိုမှ ပေးဖို့ ဖြစ်တယ်။ ဒီဆုအတွက် မောင်ထွေးကိုပေးအပ်ဖို့ ဆရာကြီးတို့ ဆုံးဖြတ်ခဲ့ကြတယ်"

ဆရာကြီး၏ စကားအဖြတ်တွင် ကျောင်းသား အားလုံးက လက်ခုပ်တီး၍ ဩဘာပေးကြလေသည်။

"မောင်ထွေးဟာ တခြားကျောင်းသားတွေလို အေးအေးဆေးဆေး ပညာသင်ရသူမဟုတ်ဘူး။ သူဟာ ပညာကိုလဲကြိုးစားတယ်။ တဖက်က မိဘကိုလဲ ကူညီလုပ်ကိုင်ပေးတယ်။ ဒါပေမဲ့ သူဟာ စိတ်ဓာတ် မကျဘဲ ကြိုးစားခဲ့သူဖြစ်လို့ ဒီဆုကို သူရသွားခြင်းဖြစ်တယ်" ဟု ဆရာကြီးက ထပ်၍ပြောလေသည်။

ကျွန်တော်သည် ချမ်းအေးကို ကြည့်လိုက်မိ၏။ သူသည် ခေါင်းငုံ့နေသည်။ စဉ်းစားနေပုံရ၏။ ကျွန်တော်လည်း တွေးနေမိပါသည်။ မောင်ထွေးကဲ့သို့ စာရိတ္တဆုကို ရယူချင်လာပါသည်။ ကျွန်တော်သည် မောင်ထွေးကဲ့သို့ မရှက်မကြောက်ဘဲ မိဘကို ကူညီချင်သော စိတ်များ တဖွားဖွားပေါ်လာပါသည်။ ထို့ကြောင့် ယခင်က ညံ့ဖျင်းသော စိတ်များကို တခါတည်း ဖျောက်ဖျက်ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

---

## မျိုးချစ်စိတ်

ဒို့ပြည်ကိုထိ
တစိမှ မခံ။

သစ္စာကို ရင်မှာပိုက်လို့
တိုက်ခိုက်မယ်ကြံ။


ရှိတယ်ကွဲ့ အားမာန်
လူဟာန်က ငယ်သေး။

ဒို့ရင်မှာ အစဉ်ပျိုးတယ်
မျိုးချစ်စိတ်လေး။ ။

ကျော်လွှမ်းဝေ (မန္တလေး)



R. 517



# ကြေးစည်

ကြေးဖြင့် ပြုလုပ်ထားသော တခဲနက် စည်တမျိုးကို ကြေးစည်ဟုခေါ်သည်။ ကြေးစည်ကိုအကြီးအငယ်အရွယ် အမျိုးမျိုးပြုလုပ်ကြသည်။ ကြေးစည်၏ ပုံသဏ္ဌာန်သည် သုံးထောင့်ပုံအပြားဖြစ်သည်။ အပေါ် ထိပ်စွန်းသည် ဝိုင်း၍ အောက်စွန်းနှစ်ဖက်သည် အပေါ်သို့ ကော့ထောင်၍ နေသည်။ ကြေးနှောင်၊ မောင်း၊ လင်းကွင်းတို့ ကဲ့သို့ ပုံခတ်၍ ပြုလုပ်ရသောပစ္စည်းမျိုး ဖြစ်သည်။ ကြေးစည်ကို ရိုက်တီးရာတွင် အရိုးတံ တပ်ထားသော သစ်သား ဆောက်ပုတ်ဖြင့် တီးခတ်ပေးရသည်။


ဗုဒ္ဓဘာသာဝင် မြန်မာ တိုင်းရင်းသားတို့သည် သုမင်္ဂလ၊ ဒုမင်္ဂလ ကိစ္စနှစ်ဝလုံးတွင် ကြေးစည်တီး၍မေတ္တာပို့ အမျှဝေလေ့ ရှိကြသည်။

ကြေးစည် ထိပ်စွန်းရှိ အပေါက်တွင် တပ်ထားသောကြိုးကို ကိုင်ကာ တီးလိုက်လျှင် ကြေးစည်သည် ချာချာလည်ရင်း အသံ ဝေ့ကာ ဝေ့ကာ ထွက်ပေါ်လာသောကြောင့် "ချာလည် ချာလည်၊ ရွှေကြေးစည်လည်း၊ သာကြည်ချိုအေး၊ နိမ့်မြှာန်တေး"ဟု အစချီသော ကဗျာပင် ပေါ်ထွက်ခဲ့ပေသည်။ ကြေးစည်ကို အသုံးပြုခြင်းသည် ထူးခြားသော မြန်မာ့ယဉ်ကျေးမှုတရပ် ဖြစ်ချေသည်။

ညီညီအောင်









ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

## လပ်ပေး လပ်ယူ ဒို့ရန်သူ


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွှန့်

အတွဲ-၁ အမှတ် ၃၆ ၆-၉-၆၉






လက်နက်ဝန်ကြီးကလည်း လက်နက်များကို ဖြည့်တင်းလျက်ရှိသည်။
မောင်တော် ဒီနေ့ အိမ်ပြန်နောက်ကျလှ ပါကလား
အင်း — နောက်ကျဆို စစ်ရေးအတွက် လက်နက်တွေ စစ်ဆေး ဝယ်ယူ နေရလို့ပေါ့ —
တနေ့၌ လက်နက်ဝန်ကြီး အိမ်သို့ပြန်လာရာ
မှန်ကျတာပေါ့ မောင်တော်ရဲ့ — ဒါဟာ မောင်တော် နှစ်မတော်တို့အတွက် အကွက်ဆိုက် တာပေါ့ —
တော်စမ်း — တော်စမ်း တိတ်.... ဘုရားမကြိုက် တဲ့ အလုပ်တွေ......
မောင်တော်က ရိုးလွန်း အလွန်းပါတယ်...... သူများတကာတွေ အိမ်ကြီးတွေ တိုက်ကြီးတွေ ဆင်ကြီးတွေနဲ့ ဖြစ်ကုန်ပြီ.....
အယ်သူ့တရား မျက်မျက် ကိုယ်မပျက်ဖို့ အရေးကြီးတယ် ရှင်မ
နောက် သုံးလေးရက်ကြာသော်
ရှင်က ဒါ တယ် ဆိုထားလဲ မခံချင် — ရှင့်ကလေးတွေ ကြည့်စမ်း — တခြားဝန်ကြီး ကလေးတွေနဲ့ တူသလား လို့....
နှစ်မတော် ကြည့်ပြီး စီမံ ပါမယ်.... နော် — နော်
ဝန်ကတော်အတွက် လက်ဆောင်တွေပါ — မေတ္တာ စေတနာနဲ့ ပါဘဲ... ဟဲ-ဟဲ
ကျေးဇူးတင် ပါတယ် ရှင်
နေ့ဆက်ရက်ဆက် ပြောဖန်များသော် ဝန်ကတော်စကား အောင်လေတော့သည်။


ဖူး
အင်း ..... ဒီဓါးက ဖြောင့်တယ်-
ထက်တယ် . သံကောင်းတယ်-
ဒါပေမဲ့ လပ် နဲ့နဲ့ မှ ပေး
ရကောင်းမှန်း သိတဲ့
ပန်းဘဲ ဆရာ မဟုတ်ဘူး
ပယ်ရမှာဘဲ - - -
ဝန်ကတော် စကားအောင်နေပြီဖြစ်သော လက်နက်ဝန်ကြီးသည် ပန်းဘဲဖိုများမှပေးသွင်းသော ဓား-လှံများကို စစ်ဆေးပြီးသော် လပ်ပေးသော ပန်းဘဲဖိုမှ လက်နက်များကိုသာ လက်ခံပြီး လပ်မပေးသော ပန်းဘဲဆရာများ၏ လက်နက်များကို ပယ်လေတော့၏။
အကျိုးအကြောင်း ဆရာကြီး
အော် - ဒီကိစ္စသိ: ... ဝန်မင်း မရှိဘူး — ဝန်မင်းကတော် ကိုသာ ကြည့်ရှုမီးတော့ ...... ..........
ကျုပ်တို့ဓါးတွေ ပယ်တဲ့ ကိစ္စ ဝန်မင်းကို လျှောက်ထားချင်လို့
တနေ့သော် လက်နက်ဝန်ကြီး အိမ်ဝင်းဝသို့ ပန်းဘဲဆရာ ဦးဒွံ့ဖိုး ရောက်လာပြီး ....
အော် ...... မတွေ့ချင်တော့ ပါဘူးများ - - - နောက်မှဘဲ - - -
ဦးဒွံ့ဖိုးသည် လပ်ယူသည်ကို ရိပ်မိ၍ မကျေမနပ်နှင့် ပြန်ထွက်လာ၏။
လမ်းခုလတ်၌
ဆရာရယ် .... ဝန်ကတော်က လပ် ယူပြီး ဝန်ကြီးက မသိဘူး လုပ်နေတာ ထင်ရှား ပါတယ်
ဝေါက်
လုပ်ကြ ဒုံး ပေါ့ကွ
တနေ့တွင် လက်နက် စစ်ဆေးစဉ် ဘုရင်ကြီး ကြွလာကြည့်ရှုနေခိုက် ....


ဟာ.... ဟတ်....
ဟတ်....
ဟတ်ချီး
အား
ဟာ — ဝန်ကြီး နှာခေါင်းပြတ်သွားပြီ
ဘယ်လို ဖြစ်ရတာလဲ သံတော်ဦး တင်စမ်း
မှန်လှပါ - ဘုန်းတော်ကြောင့် သက်ယင်လဲ သေရမယ် — ထားယင်လဲ နေရပါမယ် ဘုရား.... ကျွန်တော်မျိုး များ တင်သွင်းတဲ့ မျိုးကောင်းဓါးများကို မတရား ပယ်ချပြီး..... လပ်ယူထားသော သူ များရဲ့ ဓါးညံ့ များကိုသာ တဖက်သတ်ရွေးပြီး လက်ခံပါ သဖြင့်.....
ပန်းဘဲဆရာ ဦးဒွံ့ဗိုး က လျှောက်သည်မှာ
ဓါးနှောင့်များတွင်ရင်း — ဓါးပြားများတွင်ရင်း — ပြုတ်မှုန့်နဲ့ နှာမှုန့် များ ထည့်ထားခဲ့ ကြောင်းပါ ဘုရား
ဟဲ့ လက်နက်ဝန်ရဲ့ — လျှောက်တင်တဲ့အတိုင်း မှန်ရဲ့လား....
မှန်ပါ့ ဖရှား
အင်း — ဝန်မင်းထိုက်ခဲ့ဝန်ခေါင်းကကိုး — နိုင်ငံတော်အတွင်း လပ်ပေးလပ် ယူမလုပ်ရဆိုတာ မသိဘူးလား..... လက်နက်ဝန်ကို ထောင်သွင်းအကျဉ်းထားစေ —





အစားရှေးသူ
ပန်းချီ
ဦးအေးတင်
မောင်မောင်တော့
ယင်နားတဲ့အစာ
တွေ စားနေပြန်ပြီ
မောင်မောင်သည် ကျောင်းသို့လာရာ ....
ကျောင်းတက်ချိန် မရောက်မီ လက်သုပ်စုံကို
ဝယ်စားသည်။
ယင်နားတဲ့အစာကို မစား
ရဘူးကွဲ့-အစာဆိုးစုံကိုလဲ
မစားနဲ့နော်
ဒီမုန့်တွေ အားလုံးကို
ဝယ်စားမယ်
အမှည့်လွန်
သရက်သီး
ပြောင်းဖူး
မုန့်လုပ်ခေတင်း
မသာလာ
ကျောင်းသူကြီး တယောက်
က သတိပေးသော်လည်း
မောင်မောင်သည် နားမထောင်ဘဲ မိမိ
စားလိုသည့် မုန့်များကို -
တခုပြီးတခု လျှောက်
ဝယ်စားသည်။
ဝေါ့
ညဥ့် အစာမကြေဖြစ်ပြီး
အော့အန်တော့သည်။
အစားရှုံ့လို့
ခုလိုဖြစ်တာဘဲ
နောင်ကိုဆင်ခြင်
ရမယ်ကွဲ့
ဟုတ်ကဲ့
ဆရာဝန်ကို ချက်ခြင်းခေါ်ကုမှ သက်
သာသွားပေသည်။
ကျွန်တော် အစား
ဆိုးစုံ မစားရဲတော့
ပါဘူး
မောင်မောင် အစားမရှမ်း
တော့ပါ။

# လောဘ

• မူမဲ့မသေဂျပ်ဖော်...
ထွန်းလင်း —

• ဇာတ်လမ်း .....
မောင်ပုလဲ —





အပေါင်းဖျက်က-ပျက်တတ်လှ
ဦးမောင်မောင်မြ
ငါ့သားတော့ ဒီကောင်လေးတွေနဲ့ ပေါင်းနေယင် ဒုက္ခဘဲ ဘယ်လိုမှ မြော မရဘူး
တနေ့တွင် အကြံတခု ပေါ်လာသဖြင့် ဦးဥာဏ်လင်းသည်.....
ဈေးသို့သွား၍ သရက်သီးမှည့်လေး ငါးလုံးကို ဝယ်ခဲ့ပြီး....
ဒီသရက်သီးတွေ အကုန်လုံး နက်ဖြန်ညနေ မင်းကို ကျွေးမယ်
ထို့နောက် ထိုသရက်သီးများထဲတွင် အပုတ်တလုံးထည့်ထားလိုက်၏၊
နောက်တနေ့ညနေတွင် သရက်သီးများကို ထုတ်ယူသော.....
ဟယ်
ဖေဖေရေ့ အကုန်လုံး ပုတ်ကုန်ပြီ
အေး အဲဒါ သင်ခန်းစာဘဲ မှတ်ထား-မကောင်းတဲ့ အပေါင်းအသင်းကြောင့် မင်းကိုလဲ ကူးစက်ပြီး ပျက်စီးသွားနိုင်တယ်
ထိုနေ့မှစ၍ မောင်ဖိုးထူးသည် မကောင်းသော အပေါင်းအသင်းများကို ရှောင်ရှားလေတော့၏။

# ကုတ်

ရေးသူ-ကိုရှင်ဩ
သရုပ်ဖော်- ကညှ


ကုတ်ဆိုသည်မှာ လေးလံသော ဝန်ကို ကြွစေရာ၊ ရွေ့စေရာ၌ လွယ်ကူ သက်သာရန် အသုံးပြုသော မောင်းတံ တုတ်ချောင်းဖြစ်သည်။ ကုတ်ကို အသုံးပြုရန် အဖျားတဖက်ကို ဝန်အလေးအောက် ထိုးသွင်း၍ တုံးတခုခုဖြင့် ခုပြီးနောက် ကျန် အဖျားတဖက်မှ အားစိုက်ပြီး ဖိရ၊ တွန်းရသည်။ အလေးရှိရာ ဖက်ကို ဝန်၊ အားစိုက်ရာ ဖက်ကို စိုက်အား၊ တုံးခုသည့်နေရာကို လည်ချက်ဟု ခေါ်သည်။


ဝန်၊ လည်ချက်နှင့် စိုက်အားတို့၏ တည်နေရာအရ ကုတ်များကို သုံးမျိုးခွဲခြားထားသည်။

ပထမ အမျိုးအစားတွင် ဝန်နှင့် စိုက်အားအကြား၌ လည်ချက်တည်ရှိသည်။ ပုံစံမှာ ကတ်ကြေး၊ သံနုတ်၊ သံကုတ် စသည်တို့ ဖြစ်သည်။

ဒုတိယအမျိုးအစားတွင် လည်ချက်နှင့် စိုက်အားအကြား၌ ဝန်တည်ရှိသည်။ ပုံစံမှာ အမှိုက်တွန်းလှည်း၊ ကွမ်းညှပ်တို့ ဖြစ်သည်။


တတိယ အမျိုးအစားတွင် လည်ချက်နှင့် ဝန်အကြား၌ စိုက်အား တည်ရှိသည်။ ပုံစံမှာ လက်မောင်း၊ မီးညှပ်၊ ဇာကနာ စသည်တို့ ဖြစ်သည်။




၂
ကွမ်းညှပ်
အမှိုက်တွန်းလှည်း
၃
လက်မောင်း
မီးညှပ်


မိုး နဲ့ ကျော်ကျော်
ရေးသူ-မလေးလှိုင် (မိုးတဲတောင်)
သုံးတန်းမှ လေးတန်းသို့ တက်ရသည့်အတွက် ကျော်ကျော်အလွန်ပျော်နေသည်။ အထူးသဖြင့် အတန်းသစ်သို့တက်ရသော နေ့တွင် မိုးရေထဲ၌ သူငယ်ချင်းများနှင့် သွားရသဖြင့် ပိုပျော်နေသည်။
ကျော်ကျော်သည် မိုးကို အလွန်နှစ်သက်သူလေး ဖွဲဖွဲ၊ မိုးရွာလျှင် အမြဲဘောလုံးထွက်ကန်တတ်သည်။
ထို့နောက် ဆရာမဖြစ်သူ အမကြီးက အမြဲဆူပူလေ့ရှိသည်။
ဟေ့-ကျော်ကျော်-ဒီလိုမိုးရေထဲထွက်ထွက် ဆော့နေမယ်၊ တနေ့တော့ ဒုက္ခတွေ့ တော့မှာကွ-လာ-အိမ်ထဲဝင်၊
အမကြီးဟာ ဆရာမမို့ လွန်းမသိဘူး သိပ် ဆူတာကိုပေပေကလို၊ မိုးရေထဲဆော့တာ မကြိုက်ဘူး၊ အို-ကါမှမဖိုး၊ သူတို့ဟာ မိုးကိုဒီလောက်ကြောက်နေကြတာလဲ မသိ ပါဘူး။
ကျောင်းသားဆိုတာ စာကြည့်ချိန် စာကြည့်၊ ဂုဏ်ယူကစား တဲ့အချိန်ကို အားကြီးမထားရဘူး။ နှင့်ကျောင်းနဲ့ ပတ်သက် ဆိုတာပဲ ပြင်လေးထဲကနေ အပျော်ကစားလွန်ကြီး ကြီးနောက်မှ စာနောက်ကျ တာမျိုး မဖြစ်စေရဘူး မောင်လေးရဲ့။
ကျော်ကျော်သည် လူကြီးများ ကွယ်ရာတွင် မိုးရေထဲ ဆော့မြဲ ဆော့နေသည်။


ထို့ကြောင့် တနေ့တွင် အဆော့မိုးမိပြီး၊ အပြင်းဖျားတော့သည်၊
အဖျား-၁၀၃-ကျော်ကျော်ရှိနေတယ်၊ ဆေးတလုံးထိုးခဲ့ပါတယ်၊ ဒီဆေးကိုသောက် တိုက်ပါ၊
ဟုတ်ကဲ့ ဆရာ
အခမ်း စာမေးပွဲတော့ မဖြေရတော့ပါဘူး -အင်း-
အခမ်း စာမေးပွဲ မဖြေရလို့ နောက် စာမေးပွဲမှာ အဆင့်မှန်မှန်ရအောင် ကြိုးစားဖြေ ပေါ့မောင်လေး
မိုးရေထဲ ဒီလောက်ကစားချင်တဲ့ကောင်လေး ဖျားနာတာ မထူးဆန်းပါဘူး သမီးရာ၊
မိုး မိုး မိုး
ဝေါ ဝေါ ဝေါ
အလို-ရှေ့မှာ မိုးနတ်သားရဲ့ ဗိမာန်ကြီးပါလား၊
မိုးရေထဲမှာ အဆင်မတန်ဆော့ချင်တဲ့ ကျော်ကျော်ဆိုတာ မင်းမှတ်လား၊ ကဲ-မိုးရေထဲမှာ သူ့ကိုထားလိုက်ပါ၊ ပျော်ပျော်ပါးပါး ဆော့ချင်တိုင်းဆော့ပါစေ၊


ဟေး
ဝိုး
ပျော်တယ်- ပျော်တယ်- နို့ပျော်တယ်- ဟား-ဟား- ဟီး-ဟီး-
အမယ်လေး-ချမ်းလိုက်တာ၊
ကျွန်တော် မိုးရေထဲမဆော့တော့ပါဘူး၊ ချမ်းတယ်-ချမ်းတယ်- ချမ်းတယ်-
ချမ်းတယ်-ချမ်းတယ်- ကျွန်တော်နောက် မိုးရေထဲမဆော့ တော့ပါဘူး- အင်း-အင်း-
ထိုနောက်
မိုးရေထဲမှာ၊ နောက်မဆော့ တော့ဘူး၊

# မြန်မာ စစ်တုရင်



စစ်တုရင် ကစားနည်းသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်က အိန္ဒိယနိုင်ငံမှ စတင်ပေါ် ပေါက်လာသည်ဟု ဆိုသည်။

စစ်တုရင် ကစားနည်းနှင့် ပတ်သက်၍ မြန်မာ့ရှေးဟောင်း ကဗျာလင်္ကာများ ရှိခဲ့၏။ ယခု ခေတ်တွင်မူ စစ်တုရင်ဟုလည်း ခေါ်ဝေါ် သုံးစွဲနေကြသည်။

စစ်တုရင်ကို နှစ်ယောက် ကစားရ၏။ စစ်တုရင် ခုံပေါ်တွင် ထောင့်မှန်ကွက် ၆၄ ကွက် ရှိသည်။ ခုံ၏ ထောင့်နှစ်ဖက်မှ အလယ်တည့်တည့်ဖြတ်၍ မျဉ်း နှစ်ကြောင်းဆွဲထား၏။ ထိုမျဉ်း နှစ်ကြောင်း၏ တဖက် တချက်စီတွင် ကစားမည့်သူ နှစ်ဦး၏ စစ်တုရင်အရုပ်များကိုအကွက်များ ချထားရသည်။ စစ်တုရင် အရုပ်များကို အကွက်ချ စီစဉ်ခြင်းကို တပ်ဆင်သည် ဟုခေါ်၏။

ရှေးခေတ်က စစ်တုရင် ခုံများတွင် မိမိတို့ အရုပ်များကို တပ်ဆင်ရာ၌ တဖက်လူမမြင်နိုင် စေရန် ကန့်လန့်ကာဖြင့် ကာကွယ်ထားကြသည်။ တပ်ဆင် ပြီးမှ ကန့်လန့်ကာကို မ,တင်၍ ပွဲစတင် ကစားလေသည်။

စစ်တုရင်ရုပ်မှာ တဖက်လျှင် ၁၆ ရုပ်ရှိ၏။ ယင်း ၁၆ ရုပ်မှာ မင်းကြီး ၁၊ ရထား ၂၊ မြင်း ၂၊ ဆင် ၂၊ စစ်ကဲ ၁ နှင့် နတ် ၈ ရုပ်တို့ဖြစ်၏။ စစ်တုရင် အရုပ် များကို တဖက်နှင့် တဖက် ကွဲပြားစေရန် အနက်နှင့် အနီ ရောင်ခြယ်၍ ခွဲခြားထားသည်။

စစ်တုရင်အရုပ်များတွင် အရုပ်ကို လိုက်၍ ရွှေ့ပြောင်းနိုင်ခွင့်၊ စားနိုင်ခွင့် စည်းကမ်းချက် များရှိသည်။

စစ်တုရင် ကစားရာ၌ တဖက်သားကို အကျပ်ကိုင်ရန်မှာ ကစားပွဲ၏ ရည်ရွယ်ချက် ဖြစ်သည်။ အထူးသဖြင့် မင်းကြီး ရုပ်ကို မရွှေ့နိုင်အောင် ချိန် လိုက်ခြင်းကို ခွေသည်ဟု ခေါ်သည်။ မင်းကြီးရုပ်သည် အခွေ ခံရ၍ အကွက်မှ မလွတ်မြောက် ခဲ့သော် အရှုံးပေးရသည်။

ကျော်ညွန့်မိုး

## အဖြေမှန် သိပါစ

၁။ ကောင်းကင်ယံက မီးပန်းခက် လင်းပြီး နောက်မှ အသံကြီး ထွက်။

၂။ ဆေးရုံကြီးက ဓာတ်ပုံတိုက် ရောဂါရှိယင် အမြန်ဆုံးရိုက်။

၃။ ဆင်းလိုဆင်း တက်လိုတက် လမ်းဖြောင့်လှတဲ့ တို့လယ်ကွက်။

ဦးသုတ

အဖြေ။ ၁။ မိုးကြိုးမုန်တိုင်း
၂။ ဓာတ်မှန်
၃။ လေယာဉ်ပျံကွင်း





# ကျွန်တော်တို့အကြောင်း

မောင်လွန်းငြိ

ကျွန်တော်တို့ သူငယ်ချင်း ငါးယောက် ရှိပါသည်။ ကျွန်တော့်အမည်မှာ မောင်အုတ်ခဲ ဖြစ် သည်။ ကျွန် တော် သည် အင်းစိန် ဒညင်းကုန်းဇာတိ ဖြစ်ပါသည်။ ကျွန်တော်နှင့် ညီအစ်ကိုတော်သူ အချို့မှာ အင်းစိန် စော်ဘွားကြီးကုန်း၌ မွေးကြပါသည်။

ကျွန်တော်၏ သူငယ်ချင်းများမှာ မောင်ကျောက်စရစ်၊ မောင် ထုံး မှုန့်၊ မောင် သဲ နှင့် မောင်ဘိလပ်မြေတို့ ဖြစ်ကြပါသည်။

မောင် ကျောက်စရစ် သည် ရေထဲမှ တက်လာသူ ဖြစ် ပါသည်။ သူသည် အမိ ကျောက် တောင် ကျောက်ဆောင်များမှ ခွဲခွာကာ မြစ်ကြောင်းအတိုင်း ရေငုပ်လာပြီး ကျွန်တော်တို့နှင့် သူငယ်ချင်း ဖြစ်နေသူ ဖြစ်ပါသည်။

မောင်ထုံးမှုန့်နှင့် မောင်ဘိလပ်မြေတို့မှာ မြန်မာပြည် အလယ်ပိုင်းမှ ဖြစ် ကြ ပါ သည်။ မောင်ဘိလပ်မြေကို သရက်မြို့၌ မွေးပါသည်။ သူတို့နှစ်ယောက်သည် ညီအစ်ကိုဝမ်းကွဲ တော်ကြပါသည်။

မောင်သဲမှာ မောင်ကျောက်စရစ်ကဲ့သို့ပင် ရေထဲမှ တက်လာသူ ဖြစ်ပါသည်။ သူကို သဲလုပ်သား ကြီး များ က ရေ ငုပ် ပြီး ဆယ်ယူလာသဖြင့် ကုန်းပေါ် သို့ ရောက်ကာ ကျွန် တော် တို့ နှင့် ပေါင်း သင်း နေ ခြင်း ဖြစ် ပါ သည်။

ကျွန်တော်တို့အားလုံးသည် တယောက်ချင်းအနေဖြင့် များစွာအသုံးမကျပါ။ နည်းနည်းပါးပါးသာလျှင် လူတို့က အသုံးချပါသည်။ သို့သော် ကျွန်တော်တို့အားလုံး စုပေါင်းမိလျှင်ကား လူအများက လိုလိုချင်ချင် ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သူငယ်ချင်း ငါးယောက်ပေါင်းလိုက်ခြင်းဖြင့် လူနေရန် တိုက်တာများလည်း ဖြစ်လာသည်။ စာသင်ကျောင်းများ လည်း ဖြစ် လာ သည်။ ဆေး ရုံ များ လည်း ဖြစ် လာ သည်။ အခြား အဆောက်အအုံများ လည်း ဖြစ် လာ နိုင် ပေ သည်။

ကျွန် တော် တို့ ပေါင်း မိ ၍ အဆောက်အအုံကြီးများ ဖြစ်သွားလျှင် များစွာ ပျော်ရွှင်ရပါသည်။ တဦးစီကွဲကာ လေလွင့်ပျက်စီးသွားရသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရပါက "ငါတို့ဘာမျှ အသုံးမကျတော့ပါလား" ဟု တွေးမိပြီး အလွန် ဝမ်းနည်းရပါသည်။

ထို့ကြောင့် ကျွန် တော် တို့ တကွဲတပြားစီ မနေချင်ပါ။ စုပေါင်းနေထိုင်မှသာလျှင် ကျွန်တော်တို့ဘဝမှာ အသုံးကျကာ လူတို့ အ တွက် အ ကျိုး ပြု နိုင် သဖြင့် စုပေါင်း၍သာ နေထိုင်ချင်ကြပါသည်။

တနေ့တွင် ကျွန်တော်တို့၏ စုပေါင်း အင်အားကြောင့် ဖြစ်လာသော တိုက်တန်းလျားကြီးမှ ဝမ်းသာကြည်နူးစွာ ကြည့်

လိုက်ရာ ကျွန်တော်တို့ကဲ့သို့ပင် သူငယ်ချင်းနှစ်ယောက်ကို တွေ့ပါသည်။

သူတို့မှာ မောင်ကတ္တရာနှင့် မောင်ကျောက်ခဲ ဖြစ်ပါသည်။ သူတို့နှစ်ယောက်က ကျွန်တော်တို့အလျင် သည်နေရာသို့ရောက်နေကြပါသည်။ ကျွန်တော်တို့က သူတို့ကို လှမ်း၍ နှုတ်ဆက်ပါသည်။

"မင်းတို့ ဒီမှာ ရောက်နေတာ ကြာပလားကွ"

"အေး ကြာပြီ။ ဒါပေမဲ့ ဒို့ချည်းဘဲ ဆိုတော့ သိပ် စည်စည်ကားကား မရှိပါဘူး။ မင်းတို့ရောက်လာမှ ပိုစည်ကားလာမှာပါ။ ဒို့လဲ မင်းတို့စည်းစည်းလုံးလုံးနဲ့ ဘယ်တော့များမှ လာမလဲလို့ မျှော်နေတာဘဲ"

သူတို့က ကျွန် တော် တို့ ကို မျှော်နေသည်ဟု ပြောပါသည်။ ဟုတ်ပါသည်။ သူတို့နှစ်ယောက် ပေါင်းသောလမ်းနှင့် ကျွန်တော်တို့ပေါင်းသော အဆောက်အအုံ ရှိမှ စည်ကားပါသည်။ ကျွန်တော်တို့က သူတို့ကိုပြန်၍ ဝမ်းသာစကား ပြောပါသည်။

"အေးကွာ — တွေ့ရတာလဲ ဝမ်းသာပါတယ်။ မင်းတို့ရှိတဲ့နေရာတိုင်း ဒို့ ရောက်လာမှာပါ။ မင်းတို့နှစ်ယောက် ခုလို စည်းစည်း လုံး လုံး နဲ့ လမ်းကောင်းကြီးတွေ ဖြစ် နေ သ လို ဒို့လဲ စည်းစည်းလုံးလုံးနဲ့မို့ ခုလို အဆောက်အအုံ ကြီးတွေ ဖြစ်ရတာဘဲ"

"အေးပေါ့ကွ။ ဒို့နှစ်ယောက်ကတော့ ဘယ်တော့မှ မခွဲဘူးဟေ့။ ဒါမှလဲ ဒို့ဘဝဟာ အသုံးဝင်မှာကွ"

"ဒို့ငါးယောက်လဲ မင်းတို့လိုပါဘဲ။ တယောက်တကွဲ ဆိုယင် ဘာမှ သိပ်ပြီး အသုံးဝင်မှာ မဟုတ်ဘူး။ ခုလို ပေါင်းလိုက်မှ အသုံးဝင်လာတာ"

ကျွန်တော်တို့ ငါးယောက်နှင့် သူ တို့ နှစ် ယောက် သည် ကိုယ့်ဘဝကို ကိုယ်နားလည်ကြပါသည်။ သူတို့သည် ယခုကဲ့သို့ ပေါင်းစပ်နေနိုင်မှ အသုံးကျသလို ကျွန်တော်တို့ ငါးယောက်လည်း အတူတူ စုစည်းနေနိုင်မှ တန်ဖိုး ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့တတွေကို စုပေါင်းပြီး အကျိုးရှိအောင် သုံးကြရန်နှင့် လေ လွင့် ပျက် စီး မှု မရှိအောင် ထိန်းသိမ်းနိုင်ကြပါစေလို့ အမြဲ ဆုတောင်းရ ပါသည်။

ကျွန် တော် တို့ ၏ စုပေါင်း အောင် မြင် မှု များ ကို လည်း နောင်လာနောက်သားများဖြစ်ကြသည့် ကျောင်းသူကျောင်းသား လူငယ်လူရွယ်များကို စံနမူနာပြုလျက် ရှိပါသည်။ ကျွန်တော်တို့ကို စံနမူနာ ယူပါလျှင် ကျွန်တော်တို့တတွေ တိုင်းပြည်အတွက်အကျိုးရှိသလို ကျောင်းသူကျောင်းသား လူငယ်လူရွယ်များသည်လည်း တိုင်းပြည် အတွက် အားကိုးရမည့်သူများဖြစ်လာ ကြ မည် ဟု ယုံ ကြည် ပါသည်။

## အာကာသ

အာကာသ အာကာသ
အမြင့်ကြီးဘဲဗျ။
မြင့်လှပေမဲ့ မကြောက်ပါ
မောင်တို့ သွားရဲတာ။
သွားဘို့ရာသာ ဒုံးပျံပေး
သွားမယ် ခုမနွေး။
သတ္တိသွေးက တနိုနို
ဗမာ့သား ပီပီ။
တို့တိုင်းတို့ပြည် တို့လူမျိုး
မောင်တို့ ချစ်မြတ်နိုး။
တိုင်းကျိုးပြည်ကျိုး
တွက်ဆိုလျှင်
အသက် စွန့်လိုက်ချင်။
ကောင်းကင်ပြင်ကျယ်
အာကာသ
သွားကြမှာဘဲဗျ။ ။

မြကြီး (ရေနံ့သာ)





# ပတ္တလား

ပတ္တလားတွင် ဝါးပတ္တလား၊ သံပတ္တလားနှင့် ကြေးပတ္တလားဟူ၍ သုံးမျိုးရှိပေသည်။

မြန်မာတူရိယာတမျိုး ဖြစ်သော ပတ္တလားတခု ဖြစ်မြောက်ရန် ပတ္တလားအိမ်၊ ပတ္တလားအဆန်နှင့် လက်ခတ်ဟူသော အစိတ်အပိုင်းများ လိုအပ်ပေသည်။

ပတ္တလားအိမ်ကို ကျွန်းသားဖြင့် ပြုလုပ်လေ့ ရှိကြသည်။ အချို့က သစ်သားကို အရောင်တင်၍ အချို့က မှန်စီရွှေချ ပြုလုပ်ကြသည်။ ပတ္တလား အဆန်ကိုမူ ကြေး သို့မဟုတ် သံ သို့မဟုတ် ဝါးဖြင့် ပြုလုပ်ကြသည်။ ပတ္တလားအဆန် ပြုလုပ်ရန် အကောင်းဆုံး ဝါးသည် ဝါးပိုးဝါးဖြစ်သည်။ ထိုဝါးမှာလည်း သုံးနှစ်ကျော် လေးနှစ် နီးပါးနေအတ်၊ လေအတ်၊ မိုးအတ် ခံရသည့် ဝါးကို ရွေးချယ်သုံးစွဲရသည်။ သို့မှ ကြာရှည်ခံသည်။

မည်သည့် ပတ္တလားမျိုးတွင်မဆို ပတ္တလားအဆန် ၂၁ လုံးမှ ၂၄ လုံးထိ တပ်ဆင်၍ တီးရသည်။ ပတ္တလားကို ကြေးနှောင်တီးသကဲ့သို့ လက်ခတ် နှစ်ချောင်းဖြင့် တီးရသည်။ ယခုအခါ ပတ္တလားကို အငြိမ့်ပွဲများ၊ အပျော်ထမ်း တူရိယာအဖွဲ့များတွင် အသုံးများလေသည်။

ဂါဝါအောင်



ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


ယုန်ကလေး

# ဖိုးဖြူ


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-အောင်ရဲညွန့်

# ရွှေသွေး ဂျာနယ်

အတွဲ ၁။ အမှတ် ၃၇။ ၁၃-၉-၆၉




ဒီမှာကျန်ယင် နောက်တ နေရာ
လိုက်ရှာကြအုံး ကွာ။ တွေ့ယင် ခုလိုအဲ့မျိုးတ စားကြရ မယ်
ကန်စွန်းပင်များ ကုန်သွားသော် ယုန်အိုကြီး
အကြံပေးသည့်အတိုင်း အစုခွဲ၍ လိုက်ရှာကြ၏။
ငါ့ဟာငါရှာလို့ တွေ့ယင် – ငါတကောင် ထဲ – ဝ – အောင် စားမယ်
ဖွီ – –ဝ– အောင် လဲ မစား ရဘူး
ဖိုးဖြူ တကောင်ကား မကျေမနပ်ဖြစ်ကာ
တကောင်တည်း အစာရှာထွက်လာလေသည်။
ဟာ – ဂေါ်ဖီ ထုပ်တွေပါလား
ပွကာဘဲ – ငါ ဘယ်သူ့မှမ ပြောဘူး၊တ ကောင်ထဲ ဝ-အောင် စားမယ်၊ ဟီးဟီး
ကံအားလျော်စွာ ဂေါ်ဖီစိုက်ခင်းကို သွားတွေ့၍
အားရပါးရ ဝင်စားပြီး တရေးလောက်မှိန်းပြီးမှ



ကျေကျေနပ်နပ်ကြီး ထွက်လာစဉ် ....
ဟဲ့ ကောင်လေး နင် ဘယ်သွားနေတာလဲ – အစာရှာလို့ရော တွေ့ရဲ့လား
ဟင် အင်း
ဒီမှာပါဘဲ –
ရော့ ရော့ – ဒါလေး စား လိုက်အုံး – ဆာလှရောပေါ့
ယုန်မကြီးတကောင်နှင့်တွေ့သဖြင့်ကိုယ်ရှိန်သတ်ကာ
နင်ကလဲလေ – ခက်လိုက်တာ – တချက်တချက် အဖေါ်တွေ နဲ့ပြန်တွေ့ အုံးမှပေါ့
ရပါတယ်
အလိုက်သင့်လှိမ့်ပြီး အသာလိုက်သွား၏။
ညတိုင်းညတိုင်း အလစ်တွင် ဂေါ်ဖီသွား စားနေသည်ကို –
အိုဟို – ဒါ့ကြောင့်ကိုး မိုးဖြူတော့ ကိုင်းသဘော ဟင်းအိုးထဲ ရောက်မလား – ခွေးပါးစပ်ထဲဘဲ ရောက်မလား – အင်း
တညတွင် ယုန်အိုကြီးအစာရှာရင်း အမှတ်မထင် ကြုံကြိုက်၍ သိသွားလေတော့သည်။



ဒီအကြောင်း ကျန်ယုန်များကို ပြောပြတော့၏။
ဟား ဟား – ဟား ဟား –
အခြားယုန်ငယ်များ မခေါ်သည်ကို ဖိုးဖြူက ဂရုမစိုက်ချေ။
နောက်တနေ့တွင် ခြံရှင်များက ဂေါ်ဖီများကို ဈေးပို့ရန် နုတ်ယူကြ၏။
ထိုညဉ့် ဖိုးဖြူမှာ စားစရာ မရှိတော့ချေ။
ထိုကြောင့် ကျန်ယုန်လေးများထံ ပြန်၍ အသနားခံသော်လည်း....
မရသည့်အဆုံး၌ ယုန်အိုကြီးအား မိမိမှားကြောင်း ရှိခိုးဝန်ခံမှ ဆိုဆုံးမပြီး အပြစ်လွှတ်လေတော့သည်။


မျောက်ကြီး
မိုးရွာပြီးစ ဖြစ်သဖြင့် လမ်းတွင် ရွှံ့များပြည့်လျက်ရှိသည်။
မြန်မြန်လါဟေ့ ကျောင်းတက်တော့မယ်
ချော်လဲမယ်နော် သတိထားကြဟေ့
ကိုလတ်
ဟိုမှာဂွက်တော် ချော်လဲပြီ
အမလေး
ဖါးဖမ်းတာဘယ်နှစ်ကောင် မိလဲဟေ့ - ဟား ဟား ဟား
ထိုစဉ် ကိုလတ်နဘေးမှ ရွှံ့အိုင်ပေါ်သို့ သုံးဘီးကား ဖြတ်သွားရာ-
ဟာ! ရွှံ့တွေ စဉ်ကုန်ပြီ
ဟိုမှာဘာကောင် ကြီးလဲမသိဘူး
မျောက်ကြီးဟေ့ မျောက်ကြီး ဟီး ဟီး

# ပုံသို့မှီးကြသည်

ကာတွန်း
မောင်မောင်သက်ဦး





ဆရာဝန်
ဆိုတာ
ချစ်စရာ
ဖိုးဇော်ကြီး ဖျားနေတာ ဆိုးတယ်ကွ
ဖိုးဇော်တယောက် အပြင်းဖျား နေတဲ့အတွက် –
သူငယ်ချင်းများနှင့် အတူ လိုက် မကစားနိုင်ရှာဘူး။
ဆရာဝန်က စမ်းသပ်ပြီး ဆေးထိုးပေးတယ်။
မနာဘဲနဲ့ ဖိုးဇော်က တအားအော်တယ်။
တပတ်လောက်ရှိတော့ ဖိုးဇော် နေကောင်းပြီး ပြန်ကစားနိုင်လာတယ်။
ဖေဖေ-သားသား ဆေးမထိုး ချင်ဘူး-ဆရာဝန်လာပြီ မုန်းတယ် မထိုးဘူး
တနေ့ ဘောင်းဘီ ဝတ် ထားတဲ့ သူအဖေ မိတ်ဆွေတယောက်လာရာ –
သားသား သိပ်ပြီ မုန်းတာပါတယ်
သားသားက ဆရာဝန် မှတ်လို့သား-မဟုတ်ဘူးကွဲ့ ဆရာဝန်ဆိုပေမယ့်-မမုန်း ရဘူး-ချစ်ရတယ်-တို့အသက် တွေကိုကယ်တာ-သားသားအခု ကစားနိုင်တာ ဆရာဝန်ကြောင့်ပေါ့





ယခုခေတ် ဒုံးပျံနှင့် အာကာသယာဉ်များသည် ပွဲလမ်းသဘင်အခါများ၌ ပစ်လွှတ်လေ့ရှိသော မီးကျည်များနှင့် အနည်းငယ် တူညီချက်ရှိသည်။ ယင်းတို့ အားလုံးသည်ရှေးအနှစ်ရာပေါင်းများစွာက တရုပ်ပြည်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တခုမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည် ဆို၏။


တရုပ်လူမျိုးတို့သည် ၁၃ ရာစုအစ၌ ယမ်းမှုန့်များကို အသုံးပြုနေကြပြီ။ ထိုအခါက စက္ကူကျည်တောက်အတွင်း ယမ်းမှုန့်ထည့်၍ စစ်သုံး မုံးများကို ပြုလုပ်ကြသည်။ တခါသော် ထိုမုံးမျိုးတလုံးသည် မပေါက်ကွဲပဲ မြေကြီးပေါ် လျှောက်ပြေးနေသည်ကို တွေ့ရှိရာမှ ဒုံးပျံပြုလုပ်ရန် အကြံ စတင် ပေါ်ပေါက်ခဲ့ဟန် တူပေသည်။

ဒုံးပျံအဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာပုံကား ....

**ခရစ် ၁၂၃၂ ခုနှစ်**-မွန်ဂို ကျူးကျော်ရေးသမားများကို တရုပ်တို့က ပီကင်းတံတိုင်းမှနေ၍ ဒုံးပျံလက်နက်များဖြင့် တိုက်ခိုက်တွန်းလှန်လိုက်သည်။

**၁၄၀၀ ပြည့်နှစ်တာရီ**-တရုပ်ပြည်မှ ဒုံးပျံလုပ်နည်းအတတ်သည် အိန္ဒိယနှင့် ဆာရာဆင် အင်ပိုင်ယာတို့မှ တဆင့် ဥရောပသို့ ပြန့်နှံ့သွားသည်။



၁၇၈၀ ပြည့်နှစ်-အိန္ဒိယပြည်တွင်ဗြိတိသျှစစ်တပ်ကို ဒုံးပျံ လက်နက်များဖြင့် တိုက်ခိုက်ကြသည်။

၁၈၀၆ ခုနှစ်-နပိုလီယန် စစ်ပွဲအတွင်း ဗြိတိသျှ ရေတပ်က ဒုံးပျံ လက်နက်များဖြင့် တိုက်ခိုက်သည်။

၁၈၀၇ ခုနှစ်-ဒုက္ခတွေ့နေသော လှေသင်္ဘောများသို့ ဒုံးပျံဖြင့် အသက်ကယ်ကြိုး ပစ်ပေးသည့်နည်း ပေါ်ပေါက်သည်။

၁၉ ရာစုအစ-မြန်မာပြည်တွင် ဘုန်းကြီးပျံများ၌ လောင်တိုက်ပြာသာဒ်ကို ဒုံးပျံလွှတ်၍ မီးရှို့ (ဒုံးတိုက်)သည့် အလေ့အထ ခေတ်စားလျက် ရှိသည်။


၁၉၄၂ ခုနှစ်-ဂျာမန်တို့သည် မိုင် ၁၀၀ ကျော် အဝေးရောက်သော ဒုံးပျံကို ပစ်လွှတ်သည်။

၁၉၅၄ ခုနှစ်-အမေရိကန်တို့က အမြင့် ၁၅၀ မိုင်ရောက်သော သုတေသန ဒုံးပျံကို ပစ်လွှတ်သည်။


၁၉၅၇ ခုနှစ်-ရုရှတို့က စစ်သုံး ဒုံးပျံကို ပြုပြင်အသုံးပြု၍ ပထမဆုံးသော ကမ္ဘာပတ် စပွတ်နစ် (၁) ဂြိုဟ်တုကို ပစ်လွှတ်သည်။


၁၉၆၁ ခုနှစ်-ရုရှတို့က သုံးဆင့်ပေါက် ဒုံးပျံကို အသုံးပြု၍ ဗော့စတော့ (၁) အာကာသ ယာဉ်ဖြင့် ပထမဆုံး လူသားကို ကမ္ဘာပတ် လမ်းကြောင်းထဲသို့ ပစ်လွှတ် လှည့်ပတ်စေသည်။

၁၉၆၉ ခုနှစ်- အမေရိကန်တို့က ဆေတန်(၅) ဒုံးပျံဖြင့် အပိုလို(၁၁)အာကာသယာဉ်ကို ပစ်လွှတ်ကာ ပထမဆုံး လူသားများကို လဗိမာန်ပေါ်သို့ ဆင်းသက်စေသည်။




၏ နှစ်ဆယ်တန် တရွက်
မောင်သန်းဦးသည် ကျောင်းမှအပြန် လမ်းပေါ်မှ ငွေနှစ်ဆယ်တန် တရွက် ကောက်ရသည်။ ။
ငါဒီနှစ်ဆယ်တန်ကို ကောက်လိုက်တာ၊ ဘယ်သူမှ မမြင်ဘူး၊ တော်သေးရဲ့။ ပွတာပဲ
လမ်းတွင်
ကျွန်တော့်မှာ ဒီနှစ်ဆယ်တန် တရွက်ပဲရှိပါတယ်။ အခုဘယ်နားကျပျောက်ခဲ့ပြီလဲ မသိဘူးဗျာ။ ။ အဲဒါမှ ဒုက္ခပဲ
အေးဗျာ၊ တနေကုန် ပင်ပန်းကြီးစွာ၊ ရုန်းကန် ရှာလားရတဲ့ ငွေဆိုတော့။ ပို နှမြောစရာဖြစ်နေတာပေါ့
ငါသွားပြန်ပေးလိုက်ရင်၊ ကောင်းလေမလား။ မပေးဘဲနေတာ က ပိုပြီးတော့ ကောင်းလေမလား။ ။
အို။ ငါနို့လိုက်လို့ ငါကောက်ရတာပဲဟာ။ ပြန်ပေးဖို့မလိုပါဘူးလေ


ဟေး ။ မောင်ချိုးမြင့်ပါလား ။ ငါအခေါ်လိုနေတာနဲ့အတော်ဘဲ၊
ဘာလုပ်ဖို့များလဲကွ ။ ။ ။
ဟာ ။ လိုက်တာပေါ့ကွ၊ သိပ်လိုက်ပေါ့!
ထို့နောက် ။ သူငယ်ချင်းနှစ်ယောက်သွား၊ လေဟာပြင်ဈေးဘက်၊ ခြေဦးလှည့်ခဲ့ကြကာ ။ တဆိုင်ဝင်တဆိုင်ထွက်နှင့် ငွေနှစ်ဆယ်ကို ။ မကုန်ကုန်အောင်၊ ဖြုန်းကြလေတော့၏ ။
မောင်သန်းဦး၏ဖခင်သည်၊ လခစားတဦးဖြစ်သည် ။၊ ထို့ကြောင့်လည်း ။
ညီလေးသိပ်များနေပါကလား ။၊
။ ထို့နှစ်ဆယ်တန်တရွက်ကိုကောက်ရခဲ့သည့်နောက် နှစ်ရက်မြောက်သောနေ့တွင်
လကုန်ခါနီးနေလို့ ။ တအိမ်လုံးမှာ၊ အဲဒီငွေငါးကျပ်ဘဲရှိတော့တယ် ။ ။ ။ ။ ။ ။
မောင်သန်းဦးသည်၊ ငါးကျပ်တန်လေးကို အကျႌအိတ်ထဲထည့်ကာ ။ သူ့ချစ်ညီလေးအတွက်ဆေးဝယ်ရန်၊ ပြည်သူ့ဆေးဆိုင်သို့ ။ အပြေးကလေးလှမ်းလာခဲ့သည် ။ ။
ဆိုင်သို့ရောက်သောအခါ ။
ဟင်



မောင်သန့်ဦး ခမျာ၊ ရှုံးမလောက် ဦးနှောက်ခြောက်သွားရှာသည် ။ ။
လမ်းမှာကျပျောက်တာဘဲ ဖြစ်ရမယ် ။ ၊ ဒုက္ခပါဘဲ ။
လာလမ်းအတိုင်း၊ ပြန်လိုက်ရှာစဉ် မောင်ဖိုးမြင့်နှင့် တွေ့ရ ။ ။ ၊
ငါ့ကူရှာပေးပါအုံး မယ်ကွာ၊
သို့သော် ။ မှစ်ပျောက်သား၊ အခေါက်ခေါက် အခါခါ ပြန်ရှာသော်လည်း၊ ငါးကျပ်တန်လေးကိုကား ရှာမတွေ့တော့ ။ ။ ၊
ညီလေး ။ ဟော့ ။ ၊ ဟော ဒီမှာ ။ မင်း ခုနက လမ်းပေါ်မှာ ကျကျန်ရစ်ခဲ့တဲ့ ငါးကျပ်တန် ။ ။
ဟင် ။ ။ ဟုတ်ဆိုက်ကား သလားပါလား ။ ။ ။ ။ ၊
မောင်သန့်ဦးသည် သူ၏အပြစ်ကို ပြန်လည်ဆင်ခြင်မိလာကာ၊ ချက်ခြင်းပင် ဖွင့်ဟဝန်ချ၊ တောင်းပန်လိုက်မိလေတော့၏ ။ ။ ။ ။ ။
အကိုခွင့်လွှတ်ပါတယ်ကွာ ။ ။ ။ သွန်ကြော့တဲ့ကိစ္စကတော့ ရှိပါစေတော့ ။ ၊ နောက်နောင် ဒီလိုမျိုး မဖြစ်အောင်နေမယ်ဆိုယင်ဘဲ အကိုရဲ့ ငွေနှစ်ဆယ်၊ သုံးကျိုးရကျိုးနပ်ပါပြီပေါ့ ညီတို့ရာ ။ ။ ၊ ကဲ ။ ကဲ ။ အချိန်ရှိတုန်း မင်းရဲ့ညီလေး အတွက် ဈေးသွားဝယ်ချေအုံး ။ ၊

# စက်ဘီးစီးပြိုင်ပွဲ



စက်ဘီးစီးပြိုင်ပွဲများမှာ အလှစီးပြိုင်ပွဲ၊ အနှေးစီး ပြိုင်ပွဲ၊ အမြန်စီးပြိုင်ပွဲများဟူ၍ ရှိခဲ့၏။ ယခုခေတ်တွင်မူ အမြန်စီးပြိုင်ပွဲ တမျိုး သာလျှင် ခေတ်စားသည်။

အမြန်စီးပြိုင်ပွဲတွင် တာတိုနှင့် တာဝေးဟူ၍ နှစ်မျိုးရှိ၏။ တာတိုမှာ မီတာ ၈၀၀၊ ၁၀၀၀၊ ၁၆၀၀၊ ၄၈၀၀၊ ၁၀၀၀၀ တို့ ဖြစ်၏။ တာဝေးမှာ ၆၂.၅ မိုင်နှင့် ၁၂၅ မိုင်တို့ဖြစ်၏။ ပြိုင်စက်ဘီး၏ဘောင်နှင့် ရှံ့ကာကို လွန်စွာပေါ့ပါးသော ကရိုမီယမ် ခေါ် သတ္တုတမျိုးဖြင့်ပြုလုပ်ထား၏။ လက်ကိုင်မှာ နွား ချိုကုပ်ကဲ့သို့ အောက်ဖက်သို့ ကောက်ထားလေသည်။ သာမန်စက်ဘီးများထက် သုံးလေးဆ ပို၍ လျင်မြန်စေရန် အထူး ဂီယာခေါ် ခွေးသွားစိတ်တခု တပ်ဆင် ပါရှိ၏။

စက်ဘီးစီးအားကစားသည် လျင်မြန် ဖျတ်လတ်မှုနှင့် ဇွဲကို အခြေပြုသည်။ ပြိုင်ပွဲ ဝင်သူတို့သည် လျင်မြန်မှု၊ ကြံ့ခိုင်မှု၊ ဇွဲရှိမှုတို့ ပြည့်စုံရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ်၌ မြန်မာနိုင်ငံ ပြိုင်စက်ဘီးအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီး စက်ဘီးစီးပြိုင်ပွဲများကို စတင် ပြုလုပ်ခဲ့သည်။

မြန်မာလူငယ် စက်ဘီးစီးအကျော်အမော်များမှာ ချစ်လှိုင်၊ လှထွန်း၊ အောင်မြင့်၊ မျိုးဝင်း၊ ဝင်းရှိန်၊ တင်မောင်၊ ရွှေကျွန်း၊ ရွှေဟင်းတို့ ဖြစ်၏။ ရွှေဟင်းသည် အသက်အငယ်ဆုံးဖြစ်ပြီး စတုတ္ထအကြိမ်မြောက် တိုင်းနှင့်ပြည်နယ် စက်ဘီးစီး ပြိုင်ပွဲတွင် ရွှေတံဆိပ် ခုနစ်ခု ဆွတ်ခူးခဲ့ပေသည်။

ကျော်ညွန့်မိုး



နီ၊ ပြာ၊ ဝါနု၊ စိမ်း အရောင်များဖြင့် ခြယ်ပါ။




မိချိုလေးသည် ကမန်းကတန်း ကသုတ်ကသက် ရိုက်လာသည်။ စိုးရိမ်စိတ် တို့သည် သူကလေး၏ တကိုယ်လုံး ကို လွှမ်းမိုး နေပါသည်။ ကျောင်းနောက်ကျလျှင် ဆရာမအရိုက် ခံရမှာကို မိချိုလေး အလွန် ကြောက် သည်။ ထို့ ကြောင့် လည်း ကျောင်းဝင်ချိန် မှီရန် အပြေးအလွှား တက်သုတ်ရိုက် လာခြင်း ဖြစ်ပေသည်။

သို့သော် မိချိုလေးအဖို့ အမောသာ အဖတ် တင်ရတော့သည်။ ကျောင်း ပတ်ဝန်းကျင်တွင် ကျောင်းသား ကျောင်းသူများ တယောက်မျှ မတွေ့ရတော့ချေ။ ကျောင်း တွင်းမှ စာသင်သံ များကိုသာ ကြားရတော့သည်။ မိချိုလေး ရပ်နေလိုက်သည်။

အိမ်သို့ ပြန်ရမည်လား၊ သို့မဟုတ် အရဲစွန့်ပြီး ကျောင်းသို့ပင် ဝင်ရမည်လား။ ဤနှစ်လမ်းကို မိချိုလေး မဝေခွဲ နိုင်ပေ။ အတန်ကြာတွေးနေလိုက်သည်။ ဆရာမ မျက်နှာကို မြင်လာသည်။ ဆရာမ ရိုက်မှာ ကို ကြောက်လာသည်။ ထို့ကြောင့် အိမ်သို့ ပြန်လှည့် လိုက်သည်။ လေး ငါး လှမ်း လျှောက် ပြီး နောက် ခြေ လှမ်း တုံ့သွားပြန်သည်။ အိမ်ရောက်လျှင် အမေ ရိုက်မှာကိုလည်း မိချိုလေးတွေး၍ မြင်မိပြန်သောကြောင့် ဖြစ်ပေသည်။

မိချိုလေးသည် အပိုင်နိုင်ဆုံးသော ဆုံးဖြတ်ချက်ကို ချလိုက်ကာ ပြန်လှည့် လိုက်၏။ ကျောင်း ရှိရာသို့ ဦးတည်ကာ ရဲရဲ တင်းတင်း လျှောက်လာခဲ့ပေသည်။

ကျောင်း စည်း ကမ်း အ ရ ကျောင်း ဝင် နောက် ကျ လျှင် အတန်းထဲသို့ဝင်ခွင့် မရှိသည့်အတိုင်း မိချိုလေးသည် အတန်းဝတွင် လက်ပိုက်လျက် ရဲရဲ တင်းတင်း ရပ်နေလိုက်သည်။

မိချိုလေးအတန်းဝတွင် ရပ်လိုက်သည်တွင် ဆရာမက လှမ်း၍ ကြည့်လိုက်၏။ ဆရာမကြည့်လိုက် သ ဖြင့် အ တန်း တွင်း မှ ကျောင်းသူကျောင်းသား ရွှေသွေးတို့ သည်လည်း မိချိုလေးအား လှမ်း၍ ကြည့်နေ ကြသည်။

"မိချိုလေး ဝင်လာခဲ့"

အတန်းပိုင် ဆရာမ၏ အသံကြားမှပင် မိချိုလေးသည် အတန်းထဲသို့ ဝင်ကာ မိမိနေရာသို့ ဝင်လိုက်ပါသည်။ လွယ်အိတ်ကို ခုံတွင်းသို့ သွင်းလိုက်ပြီး ဆက်၍ လက်ပိုက်ကာ ရပ်နေလိုက်ပါသည်။

"ကဲ–ဘာကြောင့်ကျောင်းနောက်ကျ သလဲ၊ ဆရာမကို ပြောစမ်း မိချို"

မိချိုလေးသည် ဆရာမ၏ ခပ်ပြတ်ပြတ်မေးလိုက်သော အသံကြောင့် ကြောက်စိတ်များ လွှမ်းကာ အသားများပင် တုန်လျက်ရှိသည်။

"ဆရာမကို မကြောက်နဲ့ မိချို၊ ကျောင်း နောက်ကျရင်း

အကြောင်းကိုသာ ပြော၊ ဟုတ်လား”

ထိုအချိန်တွင် ကျောင်းအုပ်ဆရာမကြီး ရုတ်တရက် အတန်းထဲသို့ ဝင်လာသည်။ မိချိုလေးတို့ ဒုတိယတန်းရှိ ကျောင်းသူကျောင်း သား များ အားလုံး မတ်တတ် ရပ်၍ အရိုအသေ ပြုကြသည်။ ဆရာမကြီးက လက်ပြကာ ထိုင်ခိုင်းမှ အားလုံးထိုင်ကြသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် အခြား အမျိုးသမီးတဦးလည်း ပါလာသည်။ ထိုအမျိုးသမီးကို မိချိုလေး သိပေသည်။

ဆရာမကြီးသည် ကလေးတို့ကို ငြိမ်ငြိမ်နေရန် လက်ကာပြရင်း စကားပြောရန် ဟန်ပြင်လိုက်သည်။

“ကလေးတို့ကို ဆရာမကြီး စကား နဲနဲပြောမယ်။ ငြိမ်ငြိမ်နားထောင်ကြနော်”

“ဟုတ်ကဲ့ဆရာမကြီး”

“အခု မင်းတို့ အတန်းမှာ မတ်တတ် ရပ်နေတဲ့ မိချိုလေးဟာ ဒီကနေ့ ကျောင်းနောက်ကျတယ်။ မင်းတို့ကတော့ ထင်ကြမယ်၊ ကျောင်းနောက်ကျတဲ့အတွက် မိချိုလေးမှာ အပြစ်ရှိတယ်လို့။ ဒါပေမယ့် မိချိုလေးမှာ အပြစ်မရှိတဲ့အပြင် သူဟာ မှန်မြတ်တဲ့အလုပ်တခု၊ ဂုဏ်ယူစရာကောင်းတဲ့ အလုပ်တခုကို လုပ်ခဲ့တယ်။ ဒါကြောင့် သူ ကျောင်း နောက်ကျတာ ဖြစ်တယ်။

“မိချိုလေးဟာ ကျောင်းလာရင်း ဟောဒီညီမရဲ့ ဖွားဖွား လမ်းမှာ တယောက်ထဲမောနေတာ တွေ့လို့ အိမ်အရောက် တွဲပြီး လိုက်ပို့ခဲ့တယ်။ ဒါကြောင့် ကျောင်းနောက်ကျသွားတယ်။ မိချိုလေးဟာ အားနဲ့တဲ့ လူကို ကူညီခဲ့တယ်။ သူဟာအင်မတန် ဂုဏ်ယူ ထိုက်တဲ့ ကျောင်းသူလေးတယောက်ဘဲ။ ကလေးတို့ကော မိချိုလေးလို ဂုဏ်ယူစရာကောင်းတဲ့ မှန်မြတ်တဲ့ အလုပ်မျိုးကို မလုပ်ချင် ကြဘူးလား”

“လုပ်ချင် ပါတယ် ဆရာမကြီး”

တတန်းလုံးကလေးတို့၏ အသံများသည် မိုးလုံး ညံသွားပါသည်။

“အေး – မင်းတို့ လေးတွေ မိချိုလေးလို စာလဲတော်ရမယ်။ သူတပါးကိုလဲကူညီရိုင်းပင်းကြ။ အားနဲ့တဲ့လူကို ကူညီကြ။ အခု မိချိုလေးဟာ မှန်မြတ်တဲ့အလုပ်ကို လုပ်ခဲ့တဲ့ အတွက်၊ ဆရာမကြီးကရော တကျောင်းလုံးကပါ ဂုဏ်ယူ လေးစား ထိုက်ပါတယ်”

စကားဆုံးသည်နှင့် ဆရာမကြီးနှင့် ကျောင်းသူ ကျောင်းသားတို့၏ လက်ခုပ်သံသည် မိုးယံသို့ လွှင့်ပျံ၍ သွားပါတော့သည်။

မိ ချို လေး သည် ဝမ်းသာသော မျက်ရည်ကလေးများ ဝဲလာ သည် အ ထိ ဝမ်းမြောက်သွားမိလေသည်။


## ရည်ရွယ်ချက်


မောင်လေးငယ်စဉ် ပညာသင်
ကြီးလျှင် ဘာလုပ်မှာလဲကွယ်။
တိုင်းပြည်ရန်ကို တွန်းလှန်ဖို့
စစ်ဗိုလ်ကြီးလားကွယ်။
လူတိုင်းကျန်းမာ သက်ရှည်စွာ
ဆရာဝန်ကြီးလားကွယ်။
ကျောင်းသူကျောင်းသား
စာသင်ကြား
မောင်ကား ဆရာကြီးလား
ကွယ်။
တန်တားတွေပြင် စက်သံလွင်
အင်ဂျင်နီယာကြီးလားကွယ်။
သီးနှံဝေဆာ စိုက်ပျိုးကာ
မောင်ဟာ လယ်သမားကြီး
လားကွယ်။
ဂြိုဟ်တုဒုံးပျံ တီထွင်ကြံ
သိပ္ပံပညာရှင်ကြီးလားကွယ်။
မောင်လေးငယ်ရှယ် ပညာ
ကြွယ်
ရည်ရွယ်သမျှဖြစ်ရမယ်။ ။

မမြဇင်



R. 517





# စည်


စည်သည် သာမန်အားဖြင့် တဖက်ပိတ်စည်နှင့် နှစ်ဖက်ပိတ်စည် ဟူ၍ နှစ်မျိုး ရှိသည်။ စည်တော်၊ ပတ်မ စသည်တို့သည် နှစ်ဖက်ပိတ်စည် ဖြစ်၍ အိုးစည်သည် တဖက်ပိတ်စည် ဖြစ်သည်။ စည်၏မျက်နှာဝကို သားရေဖြင့် ပိတ်၍ကြက်ထားသည်။ စည်တော်၊ စည်တို စသော အချို့စည်များသည် ပတ်စာတပ်ရန် မလိုချေ။ ပတ်မ၊ ဗုံရှည်၊ အိုးစည်၊ ဗုံစသော အချို့စည်များကား ပတ်စာတပ်၍ တီးမှ လိုသော အသံကို ရပေသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသား အသီးသီးသည် မိမိတို့ရိုးရာအလိုက် မင်္ဂလာယူ၍ တီးသောစည်များ ရှိကြသည်။ မြန်မာ တိုင်းရင်းသားက စည်တော်ကို၎င်း၊ တိုင်းရင်းသား ကရင်လူမျိုးနှင့် ကယားလူမျိုးတို့က ဖားစည်ကို၎င်း၊ တိုင်းရင်းသား ရှမ်းလူမျိုးတို့က အိုးစည်ရှည်ကို၎င်း တီးလေ့ ရှိကြပေသည်။

ညီညီအောင်









ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၀ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်ဖုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# စေတနာရှင်

ပန်းချီ ဦးဘကြည်
ဇာတ်လမ်း - ကျော်သျှ

ရွှေသွေး ဂျာနယ်

အတွဲ ၁။ အမှတ် ၃၈။ ၂၀-၉-၆၉

တချိန်က ဘိနပ်ချုပ်သမား မောင်ထူးဆိုသူတယောက်ရှိသတဲ့။ ဘိနပ်မျိုးစုံလဲ ချုပ်တယ်။ ဘိနပ်ချုပ်လဲ မြန်တယ်။ ဆန်းလဲဆန်းတယ်။ ဒါကြောင့် ကုန်သည်တွေဟာ ဝိုင်းဝိုင်းလည်ပြီး မျက်နှာသိပ်ပွင့်လန်းတာတဲတဲ့-





မောင်ထူးဟာ မောင်ထူးဘဝမှ ဦးထူး၊ ဘကြီးထူး ရယ်လို့ တဖြေးဖြေး ကြီးလာတဲ့ အထိရရစားစားဘဲ နေလာခဲ့သတဲ့
ဘကြီးထူး — ဒီလိုသာလုပ်နေရင် ... ဘယ်ပြီးမလဲ ။ မြန်မြန် ရမှဖြစ်မှာ...
အေးလေ — ပြီးရင် ရမှာပေါ့
အသက်ကြီးတော့ လက်ရာ ကောင်းပေမဲ့ မျက်စေ့မှုန်လို့ ဘိနပ်ချုပ် သိပ်နှေးသတဲ့
ဒီ ဘိနပ်ကသိပ်ပေါင်းရ ပြီးဈေးလျှော့ရောင်းပေါ့
ကိုးပေးပါကွယ် ဒါကခုံဘိနပ်ဆိုပေမဲ့ — ပန္နည်းကောင်းတယ် — လက်စိပ်တယ် ကျွဲကန် ပါတယ် ကွယ်
ဒီလိုနဲ့ဘဲ ဝင်ငွေနည်းသွားပြီး နောက်ဆုံး လက်ရာပြ ခုံဘိနပ်ကလေး တရံ ကျန်တာ တောင် ဝယ်မည့်သူမရှိ ဖြစ်နေသတဲ့
အင်း — ရှိတဲ့ငွေလေးလဲ ကုန်ပြီ - နက်ဖြန်ကျရင် ထမင်းစားရ အုံ့တောင် ခက်နေပါပြီ လား .... ဘုရား .... ဘုရား .....
နောက်ဆုံးကျတော့ သားထောက် သမီး ခံကလဲမရှိတာနဲ့ ဘကြီးထူးဟာ အဆင်းရဲကြီး ဆင်းရဲသွားသတဲ့
အိမ်ရှင်တို့ — အိမ်ရှင်တို့
ခဏလောက် အထဲ ဝင်ပါရစေဗျာ
ဒေါက် ဒေါက်
ဝင်ခဲ့လေ — တခါးတွန်းပြီးဝင်ခဲ့ ရပါတယ်
ညတညသန် ကောင်ယံမှာ မိုးကြီး သဲသဲ မဲမဲရွာနေတုန်း ဘကြီးထူးအိမ်လေးရဲ့ တံခါး ခေါက်သံကြားရပြီး
ကျနော့ ကိုထမင်းလေး ဘာလေး ကျွေးကြပါခင်ဗျာ
ငါ့မှာ ငွေလဲတပြားမှ မကျန်တော့ဘူး — ထမင်းလဲ မကျန် တော့ဘူး၊ ဒါပေမဲ့ ဒီမှာမိုးခိုရင် ခိုနိုင်ပါတယ် —
ဝင်လာသူက သူတောင်းစားကြီး ဖြစ်နေတယ်။


ဒီလိုဆို နက်ဖြန် ခင်များ ဘယ်ကို သွားမလဲ - ဟင်
မသိပါဘူး ကွယ်.... မင့်လိုဘဲ တောင်းစားရ မလို ...ဖြစ်နေပြီ
ခင်များ မှာ ဘာဖြစ်လို့ ငွေ တခွေးမှ မကျန် တော့တာလဲ
ငါက အချိန်နေမြဲ ဟုတ်လား - ဒီတော့ ဘယ်သူ ကမှ အလုပ်မလုပ်နိုင် ကြတော့ဘူးလေ.... မြန်မြန်လုပ်ပေးနိုင်တဲ့ လူငယ်တွေဆီ သွား ကြတယ်
အရေးထဲ သူတောင်းစားက ဟိုမေး သည်မေးနဲ့ လျှောက်ပြီး စပ်စုနေသေးသတဲ့
ဟိုမှာ ဘိနပ် တရံ ပါလား..... ဘာဖြစ်လို့ ဒီဘိနပ် ကိုမရောင်းဘဲ ထားတာလဲ
ဘယ်သူမှ မဝယ် ချင်ကြဘူးကွဲ.... မတန်ဘူးလို့ပြော ကြတယ်....
ကျနော့ မှာ ဘိနပ်လဲ မရှိဘူး - အဲ ဒီဘိနပ် ဆိုယင် ကျနော် နဲ့ အတော်ဘဲနေမှာ.......
ကျနော့ ခြေထောက်တွေ အားလုံး ပဲ့ကွဲ နေ ကြတယ်.... သိပ် နာတာဘဲ..... ဝယ်ဖို့လဲ ငွေ မရှိတော့.... ခက်တယ်...
နောက်တော့ ဘိနပ်သွားတွေ့ပြီး ....
အလှူခံပြန်ရောတဲ့ -
ဒီလိုဆိုယင် မင်းဘဲ ဒီဘိနပ် ကိုယူသွားပေတော့.... ငါက ကိုယ်ချင်းစာပြီး စေတနာနဲ့ ပေးလိုက် ပါတယ်။ မင်းက ငါ့ ထက် ဒုက္ခကြီး ပေသကိုး
ဘကြီးထူးက သနားတာနဲ့ အလကားပေး လိုက်သတဲ့
နောက် တော့နှစ် ယောက်သား အိပ် ပျော်သွားကြတယ်။
ဟင် - သူတောင်းစား ဘယ်အချိန်က များ ပြန်ထွက်သွားပါလိမ့်
မနက်ကျတော့ သူ တောင်းစားရော ဘိ နပ်ရောမရှိတော့ဘူး



နေ ထန်း ထဖျား ခန့်ရှိတော့
အိမ်ရှင်တို့ - အိမ်ရှင်တို့ - အိမ်ထဲဝင်ခဲ့မယ်နော်
အေး လာ လာ
ဘကြီးထူး ဆာဆာနဲ့ ထိုင်နေစဉ်
ဘကြီး စားဖို့ ထမင်းပို့ခိုင်း လိုက်လို့ လာပို့ပါတယ်
အမျိုးသမီးတယောက် ပေါက်လာပြီး ....
ကျုပ်အတွက် - ဟုတ်လား... ...အလို.... ဘာတွေများမြန်နေပါလိမ့်..... လူများပို့တယ် ထင်တယ်-
လူမမှားပါဘူး.... ဘကြီးထူး ဟုတ်လား...
မနေ့ညက - ရှင် ကျမတို့ အရှင်ကို ဘိနပ် တရံ ပေး လိုက်တယ် ဟုတ်လား....
ဘကြီးထူးမှာ အဖြစ်အပျက်ကို နားမလည်နိုင်ဘဲ ဖြစ်နေပြီး မေးမြန်းတော့မှ -
ခု သူက ရှင့်ရဲ့ စေတနာကို တုံ့ပြန်တာဘဲ
ဟင်..... ကျုပ်ပေးလိုက်တာက သူတောင်းစား တယောက်ဘဲ..... မင့်အရှင်က ဘယ်သူလဲ
မြို့တော်ဝန်လေ.... သူက ဆင်းရဲသားလို ရုပ်ဖျက်ပြီး မြို့ထဲလှည့်လည်လေ့ရှိတာ သိတယ်ရှင်...... မြို့တော်ဝန်က စေတနာရှင် ဘကြီးထူးကို သက်ဆုံးတိုင် ပြုစုစောင့်ရှောက်သွားမယ်လို့ ကတိပေးလိုက်ကြောင်းလဲ မှာလိုက်သေးတယ် ရှင်......
အကြောင်းစုံကို သိရပြီး ပီတိဖြစ်ရလေသတဲ့။

# ယင်ကောင်အန္တရာယ်

ကာတွန်း



## အောက်ပါသတ္တဝါများ၏ သက်တမ်းကိုသိပြီလား





ဝင်းဖြေ
တာတေ
မကောင်းကြံ ဒဏ်ထိ
ဖိုးကောင်က တယ်အကျင့်ပိုင်ပါလား၊ ဒို့နှစ်ယောက် စီးရအောင် သူ့ကို မိုလ်ကျပြီး ခေါင်းလှတ်ရအောင် ကွာ..။
မလုပ်ပါနဲ့ကွာ- သူအရင်ရောက်တာဘဲ စီးချင်ယင်တဖက်ကသွားစီးပေါ့
မင်းသတ္တိမရှိယင်နေကွာ..
ငါလုပ်ပြမယ်
ဟေ့ကောင် - ဒို့စီးမလို့ဖယ်စမ်းကွ
ကျွန်တော်အရင်ရောက်လို့စီးတာဘဲ
ကဲ ကွာ - လျှာရှည်တဲ့ကောင် မှတ်ထား
ဟဲ-ဟဲ- အခုကောင်းသိပြီလား ?
ဘယ့်နှယ်လဲကွ သူများကိုမကောင်းကြံတော့ ကိုယ်ဘဲခံရတယ်မဟုတ်လား
အောင်မယ်လေးဗျ

# ပိုးကောင်နှင့် လူသား

ရေးဆွဲသူ ချို..ကြင်



ကမ္ဘာပေါ်တွင် ပိုးကောင် အမျိုးပေါင်း ရှစ်သိန်းကျော်ခန့် ရှိသည်။ ပိုးကောင်များသည် များသောအားဖြင့် လူတို့၏ အကျိုးကို ဖျက်ဆီးကြ၏။ သို့သော် လူတို့၏ ကောင်းကျိုးကို ဆောင်သော ပိုးကောင်များလည်း ရှိသည်။

ပိုးမျှင်ကောင်များက ပိုးထည် ရက်လုပ် ရန် အတွက် ပိုးချည်မျှင်များကို ထုတ်ပေးကြသည်။




ပျားများက
ပျားရည်ထုတ်ပေးကြသည်။

ပုရစ်သင်ပေါင်းပိုး၊ ခါချဉ်၊ ပိုးမျှင်ကောင်စသည့် ပိုးများကို လူအချို့တို့ ကြော်လှော်စားသုံးကြသည်။






ပျားပိတုန်း လိပ်ပြာတို့က အပင်များ၌ ဝတ်မှုန်ကူးခြင်းကို အထောက်အကူပြုသဖြင့် အသီးအနှံများကောင်းစွာ ဖြစ်ထွန်းသည်။



မျက်မွေးလိမ်များတို့က ပွဲလျက်ကို ထုတ်ပေးကြ၏။

ပလပ်စတစ်ကဲ့သို့ လူသုံးပစ္စည်းများ ပြုလုပ်ရာတွင် အလွန်အသုံးဝင်သည့် ချိပ်ကို ချိပ်ပိုးများမှ ရရှိ၏။





ပိုးကောင်များမှ ရသော ပစ္စည်းများဖြင့် ဆေးဝါးများ ဖော်စပ်နိုင်၏။



ရှေးက ပိုးစုန်းကြူးများကို ပုလင်းတွင် ထည့်ပြီး အလင်းရောင် ဖြစ်စေခဲ့ဘူး၏။

ကျူးမားကျွန်းသူများသည် မိမိတို့ ဝတ်ရုံများတွင် ပိုးစုန်းကြူးအရှင်များဖြင့် တန်ဆာဆင်ကြ၏။



ပုရစ်အော်သံကို နားဆင်ရန် အတွက် တရုပ်နိုင်ငံ၊ ဂျပန်နိုင်ငံများတွင် ပုရစ်ကို တယုတယ မွေးမြူကြ၏။


အေး - ကောင်းတယ်။
လာကြဟေ့ -
စစ်တိုက်တမ်း ကစား
ရအောင်။
ထို့
နောက်
အေး - ကွ -




အင်း-ခလေးတွေ အသံ မကြားရပါလား၊ မသင်္ကာစရာပဲ၊ ကဲ-စေတီပျက်လေးကို ဝိုင်းကြစမ်း၊
ဟောဟိုစေတီပျက်လေးပါပဲ ဦးဦး၊
ငါ့သေနတ်ကို မင်းတို့ ယူထားတယ်မှတ်လား၊ မှန်မှန်ပြောစမ်း၊ မပြောရင် အားလုံးအသေပဲ၊
မ-မ-မယူပါဘူးခင်ဗျာ၊
ဟေ့-မပြေးနဲ့-
အမယ်လေး ဗျာ-

## လမ်းလျှောက် ပြိုင်ပွဲ



လူတိုင်းပင် လမ်းလျှောက်ကြသော်လည်း ပြိုင်ပွဲဝင် လမ်းလျှောက်နည်း ကိုမူ သိပ္ပံနည်းကျကျ လေ့ကျင့်ယူရပေသည်။

ပြိုင်ပွဲဝင် လမ်းလျှောက်နည်း၌ မပြေးရုံတမယ် ခပ်သွက်သွက် လျှောက်ရန် လိုသည်။ လက်မောင်းကို ရှေ့နောက် လွှဲပေးရသည်။ ခြေလှမ်း များကို ခပ်ကျဲကျဲလှမ်း၍တင်ပါးကို ရှေ့သို့ ခပ်ဆတ်ဆတ် လှိမ့်ပေးလိုက်ရသည်။ခြေလှမ်းသည့်အခါ ခြေထောက် မြောက်တက်သွားမည်ဆိုလျှင် အရှိန်ကို နှေးကွေး စေသည်။မြေကြီးပေါ်သို့ ခြေဖဝါး တပြင်လုံး နင်းမိစေရန် သတိပြုရသည်။

လမ်းလျှောက် ပြိုင်ပွဲတွင် ကီလိုမီတာ ၂၀ နှင့် ကီလိုမီတာ ၅၀ နှစ်မျိုး ရှိသည်။ မြန်မာပြည်၏ အမျိုးသား လမ်းလျှောက် ချန်ပီယံမှာ ရာဂျန် (တပ်မတော်) ဖြစ်၏။

တိုင်းနှင့် ပြည်နယ် ကီလိုမီတာ ၂၀ ပြိုင်ပွဲတွင် ကြီးငွေ (တနင်္သာရီ)က ၁ နာရီ ၅၇ မိနစ် ၂၉ စက္ကန့်ဖြင့်၎င်း၊ ကီလိုမီတာ ၅၀ ပြိုင်ပွဲတွင် စောအနာရီ (ကော်သူးလေ)က ၅ နာရီ ၂၅ မိနစ် ၆.၈ စက္ကန့်ဖြင့်၎င်း ပထမ ရရှိခဲ့သည်။


မက္ကဆီကိုအိုလံပစ်တွင် အမျိုးသား ကီလိုမီတာ ၂၀ ပြိုင်ပွဲ၌ ရုရှားမှ ဗလာဒီမာဂိုလူနီချီက ၁ နာရီ ၃၃ မိနစ် ၅၈.၄ စက္ကန့် ဖြင့် ပထမ ရသွား၏။

ကျော်ညွန့်မိုး

## အမှားခြောက်ခု တွေ့အောင်ရှာ




အဖြေ။ ၁။ တိုက်ပုံအင်္ကျီတွင် ကျယ်သီးတလုံး ပိုနေသည်။ ၂။ မှန်ထဲကလက် မှားနေသည်။ ၃။ မင်္ဂလာဆောင် ဓာတ်ပုံထဲက သတို့သားနှင့် သတို့သမီး နေရာအထိုင်လွဲနေသည်။ ၄။ စာအုပ်စင်တွင် စာအုပ်တွေ အပေါ်သို့ ကပ်နေသည်။ ၅။ အပ်ချုပ်စက်ကို ပြောင်းပြန် ချုပ်နေသည်။ ၆။ ထီလက်မှတ် ဂဏန်းခုနစ်လုံးဖြစ်နေသည်။




''ငါလဲပါမယ်''

ဖလတက်က အောင်ကြီး အနားတွင် ခပ်တည်တည်ရပ်၍ ပြော၏။

''နင့်မှာ ဂေါ်လီရှိလို့လား''

အောင်ကြီးက တွင်းတူးနေရာမှ မော့ကြည့်ကာမေးသည်။

''မရှိဘူး၊နင်ငါ့ကိုပေးပေါ့''

ဖလတက်က အောင်ကြီး၏ ဘယ်လက်တွင် ဆုပ် ထားသော ဂေါ်လီလုံးကို မေးငေါ့ပြ၏။

''သွား - သွား ဒီကောင် မလေး၊ လာမရှုပ်နဲ့''

နီတွတ်က ဖလက်တက်ကို ထအော်ပစ်လိုက်သည်။

ထိုအခါ ဖလတက်က သူ့ လက်ထဲတွင် ရှိသော သစ်ကိုင်းဖြင့် နီတွတ်ကို လှမ်းရိုက်သည်။

နီတွတ်ကလည်း ဖလတက်ကို ပြန်၍ ရိုက်၏။

အော်သံ၊ ငိုသံတို့ရောထွေးဆူညံသွားလေသည်။

''ဟဲ့ ကလေး တွေ ဖြစ် ကြပြန်ပလားဟဲ့၊ အော့ကြောလန်လေးတွေရဲ့''

''ကျွန်တော်တို့ ကစားနေတာ သူတို့က လာစတာ အမေရဲ့။ နောက်ပြီး သူက ကျွန်တော့်ကို သစ်ကိုင်းနဲ့စရိုက်သေးတယ်''

''အစကထဲက နေပူလွန်းလို့ အောက်မဆင်းပါနဲ့လို့ ငါမပြောဘူးလား။ ဟောကြည့်စမ်း နီတွတ်ပါးမှာလဲ အစင်းကြီးတွေနဲ့။ ဖြစ်လိုက်ယင် သူတို့ အခံဖက်က ချည်းဘဲ။ ဟို အကြီးကောင်က ကြည့် မပြောဘူးလားဟင်....''

''အမေကလဲ ကျွန်တော်ပြောပါတယ်''

''တက်ကြစမ်း၊ တက်ကြစမ်း၊ ပြောရတာ လွန်ပါရောတော်....''

မခင်တင့်သည် သူ့သား အောင်ကြီးနှင့် နီတွတ်တို့ အိမ်ပေါ် ရောက်သောအခါ ဘာမှန်းမသိ တိုးတိုး တိုးတိုး ပြောနေ လေသည်။

မြဘော်သည် စိတ် ပျက်ပျက်ဖြင့် သူ့အိမ်ဖက်သို့ပြန်လာခဲ့သည်။ အိမ်ပေါက်ဝသို့ရောက်သောအခါ သူ၏ အဖေ ကိုလူထွေးက –

''မင်းတို့ ဘာဖြစ်ကြတာလဲကွ'' ဟု လှမ်းမေး၏။

''ကျွန်တော် မပါပါဘူး ဖေဖေ။ အောင်ကြီးတို့နဲ့ ဖလတက်တို့ ဖြစ်ကြတာပါ''

အနောက်ဖက်တွင် နေလုံးပျောက်ကွယ်သွားချိန်၌တလမ်းလုံး ကလေးများသည် လမ်းပေါ်သို့ ရောက်နေကြသည်။

မြဘော်သည် သူ့ အဖေနှင့် အတူအိမ်ပေါက်ဝတွင်ရပ်နေ၏။

''သား မနက်က ပြောသလို သူ့အမေ မခင်တင့်က သူ့သားတွေကို တိုးတိုးတိတ်တိတ် သင်ပေးနေတယ် ဆိုယင်တော့ သူတို့ရန် ဖြစ်ကြအုံးမယ်ကွ။ သား မသွားနဲ့အုံး''

ကိုလူထွေးက ဆေးတံကို ဖွာကာ အိမ်အဝရှိ ခုံတန်းလျားပေါ် ထိုင်နေသည်။ ထိုစဉ် နီတွတ်သည် ဝါးလုံးတို တချောင်းဖြင့် ပြေး

လာကာ ကိုယ့်အိမ်ရှေ့၌ ကစား နေသော ဖလတက်အား ပြေး၍ ရိုက်၏။

ရုတ်တရက် ကိုလူထွေးသည် ကြောင်၍ ကြည့်နေရာမှ ထ၍ နီတွတ်ကို လှမ်းဆွဲ ထားလိုက်ရ၏။

"အမေ – နီတွတ်က ရိုက်တယ်၊ အဟီး–အဟီး"

ဖလတက်က အော်ငိုသော်လည်း သူ့အိမ်မှ တယောက်မျှ ထွက်မလာပေ။

ကိုလူထွေးသည် ဖလတက် ခေါင်းကို ပွတ်ကာ "ကလေး တိတ်တိတ်၊ မနာပါဘူး လာ" ဟု ချော့သည်။

"မင်းက ဘာလို့ ရိုက်ရတာ လဲကွ"

ကိုလူထွေး က နီ တွတ် ကို မေးသည်။

"မနက်က သူ ကျွန်တော့်ကို ရိုက်တယ်ဗျ။ အဲဒါ ကျွန်တော်က ခုပြန်ရိုက်တာပေါ့။ အမေက ကိုယ့်လုပ်ယင် ပြန်လုပ်ရမယ်လို့ ပြောထားတယ်။ ပြန်မလုပ်ယင် ကျွန်တော့်ကို ရိုက်မယ်တဲ့"

"မဟုတ်ဘူးကလေးရ။ သူက ကိုယ့်ရိုက်၊ ကိုယ်က သူ့ပြန်ရိုက် လုပ်ယင် မင်းတို့ရန်ဖြစ်တာ ဘယ်ဆုံးတော့မလဲ။ မင်းတို့ နှစ်ယောက် စ လုံး နာ မှာ ပေါ့။ နောက် ဒီလို မလုပ် နဲ့တော့ နီတွတ်။ လိမ်မာကြပါကွာ၊ မင်း အမေကိုလဲ ဦးဦးပြောပြပါမယ်။ ကဲ–မင်းပြန်တော့"

နီတွတ်သည် ခေါင်းကလေး ညိတ်ကာ သူ့အိမ်ဖက်သို့ ပြန်လျှောက်သွားသည်။ ကိုလူထွေးသည် ဖလတက်ကို ခေါ်ကာ ချော့မော့ပြီး သူ့အိမ် ပြန်ပို့ပေးသည်။ သူ့မိဘများ မရှိကြ။ ပြည်သူ့ဆိုင် သွားနေ သည်ဟု ဘေးအိမ်က ပြောသည်။

နီတွတ် သူ့အိမ်ရှေ့သို့ ရောက်သောအခါ ဖလတက်၏မောင် ပိန်ချောင်းက တုတ်တချောင်းနှင့် လိုက်ရိုက်၏။ နီတွတ် အိမ်ပေါ် တက်အပြေး မြန်၍သာ တော်တော့သည်။

ထို ည တွင် နီ တွတ် သည် တော်တော်နှင့် အိပ်မပျော်ပေ။

"အမေပြောသလိုဆိုယင် ဒို့ဟာ ရန်ဖြစ်နေရတာနဲ့ ကောင်း ကောင်း က စား ရတော့ မှာ မဟုတ်ဘူး။ ဦးလေး ကိုလူထွေး ပြောတာ မှန်တယ်"ဟု စဉ်းစားမိ၏။ ပြီးတော့ ကျောင်းမှ ဆရာလေးပြောသော စကားများကိုလည်း ကြားယောင်လာသည်။

"ရန် ရန် ချင်း မတုံ့ နှင်းရဘူး။ ရန်စယင် ဆရာ့ဆီလာတိုင်ရမယ်။ ဆရာက တရားနည်းလမ်းကျအောင် ဆုံးမမယ်။ အိမ်မှာ ဖြစ်ယင် ဆိုင်ရာ မိဘတွေကို တိုင်ရမယ်။ ရန်ငြိုးထားပြီး တယောက်နဲ့ တယောက် မလုပ်ရဘူး"

"ဟုတ်ကဲ့ဆရာ"

နီတွတ်သည် ထိုသို့ နှုတ်မှ ရေရွတ်မိပြီးနောက် နှစ်ချိုက်စွာ အိပ်ပျော်သွားတော့သည်။

## စည်းရုံးသော လက်ချောင်းများ

ပုပုငယ်တဲ့ လက်မငယ်
ဂုဏ်ဝင့်ဟန်ပြတယ်။

သွယ်သွယ်ချွန်တဲ့ ထိုလက်ညှိုး
ရန်လိုတတ်သူမျိုး။

ထိုးထိုးထောင်ထောင်
လက်ခလယ်
အရပ် မြင့်ပါတယ်။

လက်သူကြွယ်က လက်စွပ်ဆင်
ဂုဏ်ဝင့်သူမာန်အင်။

အသွင်သေးတဲ့ လက်သန်းလေး
ရိုးရိုးကုတ်ကုတ်ထွေး။

လက်လေး ငါးချောင်း
ပေါင်းစပ်သည်
ဖြစ်ရလက်ရုံးရည်။

ဤသည်ကို သတိပြု
စည်းလုံးညီညွတ်မှု။ ။


ကျော်မြင့်သောင်း



R. 517



# ပလွေ



ပလွေ (ပြွေ) သည် လေဖြင့်မှုတ်ရသော တူရိယာ တမျိုးဖြစ်သည်။

ပလွေတွင် နှဲကဲ့သို့ အပေါ်ဖက် လက်ပေါက် ခုနစ်ပေါက်၊ အောက်ဖက် လက်မပေါက်တပေါက် ပါရှိသော်လည်း နှဲတွင်ပါရသော အခင် (နှဲခင်) နှင့် ဂေါ်လံများ မပါချေ။ ပလွေ၏ ရိုးတံတခုလုံးသည် လုံးပတ်ညီညာစွာ ရှိရသည်။

ပလွေ၏ထူးခြားချက်မှာ လက်ပေါက်များ၏ ထိပ်ပိုင်းတွင် အပေါက်ကြီးတခု ဖောက်၍ ထိုအပေါက်ကြီးကို အပေါ်ပိုင်းနှင့် အောက်ပိုင်း အပေါက်နှစ်ခု ဖြစ်ပေါ်လာအောင် ပလွေခေါင်း အတွင်း၌ ပျားဖယောင်းထည့်သွင်းထားသည်။ ထို့နောက် အပေါ်ပိုင်းမှ အပေါက်ကို ငုံမိအောင် သံပြားပါးပါးဖြင့် ပတ်ထားသည်။ တဖန် ဖယောင်းပေါက်နှင့် အပေါ်ဆုံး လက်ပေါက်အကြီး ခပ်စောင်းစောင်းနေရာတွင် အပေါက်ငယ်တခု ဖောက်၍ စက္ကူပါး သို့မဟုတ် ပင့်ကူမြွေးကလေးဖြင့် ဖုံး၍ ကပ်ထားရသည်။

ပလွေမှာလည်း အကြီးအသေးနှစ်မျိုးရှိသည်။ ပလွေကြီးကို စန္ဒယားပိုင်းများဖြင့် သီချင်းကြီးများ တီးမှုတ်သောအခါ အသုံးများ၍ ပလွေငယ်ကိုမူ အိုးစည်ပိုင်း၊ ဒိုးပတ်ပိုင်း၊ ကာလပေါ် တူရိယာပိုင်းများတွင် အသုံးများပေသည်။

ရဲလင်း





ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ချုပ်ရေးအဖွဲ့၊
ထုတ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

သပြေတန်းရွာလေးမှ


# သာဆန်း

ဇာတ်လမ်းနှင့် သရုပ်ဖော် ကုဿ

စနေနေ့တိုင်း ထုတ်ဝေသည်။

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၃၉၊ ၂၇-၉-၆၉





သာဆန်း၏ ဖခင် ဦးသာအောင်သည် ပြည်သူ့စစ် ခေါင်းဆောင်ဖြစ်၏။
တယ်ဟုတ်တာ ဘဲနော်
ကျည်ဆံဘယ်လို ထည့်ရလဲ အဘ
သေနတ်တိုက်ချွတ်သည့်အခါ တိုင်းဘေးမှထိုင်ပြီး သာဆန်း သွားရည်ကျနေရ၏။
ဒီလိုထည့်ရတာ ပေါ့သားရဲ့
ကျည်ထိုးပုံ၊ ချိန်ပုံ၊ ပစ်ပုံကိုလည်း တတွတ်တွတ် မေးမြန်းတတ်၏။
ချီတက်
အမယ်
တခါတရံ သေနတ်ကြီးကို ကိုင်ရသောအခါ၌ သူ့ကိုယ်သူ ပြည်သူ့စစ် ထင်မှတ်သွားသည်။
မိုးကျလေပြီ
ရွာသားများ လယ်ထဲသို့ ဆင်းကြရလေပြီ။
ရွာသူများလည်းကောက်စိုက် လိုက်ကြရသဖြင့် —
ရွာထဲ၌ ကလေးနှင့် သက်ကြီး ရွယ်အိုတို့သာ ကျန်ရစ်ခဲ့၏။
သောင်းကျန်းသူရန်မှအေးနေ သည်မှာလည်းကြာပြီဖြစ်၍
လယ်ကိုသာ စိတ်ချလက်ချ လုပ်နေကြသည်။ မိုးကလည်း ကောင်းလှ၍ ရွာဖက်ကိုပင် အာရုံမပြုနိုင်ကြတော့ —



တနေ့တွင် မိုးကြီး ရွာနေရာက—
တောစပ်မှ လူသုံးယောက် ဝင်လာသည်ကို မည်သူမျှ သတိမပြုမိကြ
ဒီလူတွေကို ငါ မသင်္ကာဘူး
သာဆန်းကမူ ထိုလူသုံးယောက်ကိုပဲ အကဲခတ်နေသည်။
ဦးသာအောင် မရှိဘူးလား
သေနတ် ပြောင်း ဝ ကို မြင်သောအခါ အကင်းပါးသော သာဆန်းသည် သောင်းကျန်းသူတွေဟု ချက်ခြင်း သိလိုက်သည်။
ငါ့အဘ ကိုဖမ်းဖို့အောင် လာတာဘဲ အဘမရှိဘူး-ပြောလိုက်လို့လဲ ယုံလိုက်သွားကြမယ် အဘနဲ့ မုချတိုးမိနေမှာဘဲ၊ အဘမှာလဲ ခုခံစရာ သေနတ်ကြီးပါမသွားဘူး
အဘရှိတယ်လို့ပြောလိုက်ရင်ရော ယင်လဲ သူတို့တက်ရှာလို့အဘကို မတွေ့ရင်သာဂမလား လို့ငါ့ကိုဖမ်းမယ်
အကြံရပြီ
အဖေ အိပ်နေတယ်
ကျနော်သွား နှိုးပေးမယ်
သာဆန်းသည် ကြောက်တတ်သော သူငယ်လေး မဟုတ်၍
အကြံ ရလျှင် ရခြင်း ထိုသို့ ပြောကာ အိမ်ခန်းထဲသို့ ပြေးဝင်သွား၏။
အဘထထ၊ အိမ်ရှေ့မှာ ဧည့်သည်တွေ လာမေးနေတယ်၊
ဟာ အဘကလဲ နိုးဂ ခက်လိုက်တာ
နှိုးဟန်ပြုလျက်သေနတ်ကြီးကို ယူ၍ အသံမမြည်စေပဲ ကျည်ဆံထိုး မောင်းတင်၏။


ဖြိုးနောက်
ရှေ့ဆုံးမှ လူကို ချိန်လိုက်သည်။ လက်တွေ တုန်နေ၍ တော်တော်နှင့် ချိန်၍မရ
မနိုးသေးဘူးလား။မနိုးသေးယင်ဒိုတက်နှိုးမယ်
ရှေ့ဆုံးမှ လူမှာ မစောင့်နိုင်တော့၍ သေနတ်ကို ထုတ်ကာ အိမ်ပေါ်သို့ လှမ်းပြီး တက်လိုက်ရာ–
ဒိုင်း
သာဆန်း၏သေနတ်ပြောင်းဝမှအသံကြီးသည် ပတ်ဝန်းကျင်ကို ဟိန်းသွားတော့သည်။
ဂွဲဘော်တို့ကြာထဲမှာ သောင်းကျန်းတွေဝင်နေဖြီ၊အားလုံးအသင့်ဖြင်
သာဆန်း၏ သေနတ်သံသည် လယ်လုပ်နေကြသော ပြည်သူ့စစ်များကို အချက် ပေးလိုက်သကဲ့သို့ ဖြစ်သွားလေပြီ။
ဒိုင်း
ဒိုင်း‌ဒေါင်
သောင်း ကျန်း တွေ လည်း ပြည်သူ့စစ် စွမ်းရည်ကို မခံနိုင်၍ လက်နက်ချရသည်။
သောင်း ကျန်း ဗိုလ် မှာ သာ ဆန်း လက် ချက် ဖြင့် လှေကားရင်း၌ လဲလျက်ရှိသည်ကို တွေ့ရ၏။
ဟာ-
သာ ဆန်း ကိုလည်း အိမ်ပေါ်တွင် လဲနေသည်ကို တွေ့ရလျက် လက်ထဲမှ သေနတ်ကြီးကအဓိပ္ပါယ်ကို ဖော်ပြလျက်ရှိလေ၏။
သာဆန်း - သား - လူလေး -
သူ့ဖခင်ခေါ်သည်ကိုဖြန်ဂျ မထူးနိုင်သော်လည်း---
ပေါင်ကိုသာကျည်ဆံရှပ်ဖြီး မှန်သဖြင့် - သာဆန်းမှာ မသေနိုင်ပါချေ ။—။


ဦးမောင်မောင်မြ
၏
အုန်းပင်အကြောင်း
သိကောင်းစရာ
အုန်းပန်း
အုန်းဆီ
အုန်းရည်
ဆပ်ပြာ
အုန်းမှုတ်
အုန်းဆံကြိုး
ဟင်း-မုန့်မျိုးစုံ
တံမြက်စည်း
အုန်းဆံ




# အလွန်ဆော့သော ကြွက်နီလေး

ဇါတ်လမ်း - စိန်တင်

သရုပ်ဖော် - ကဆု




ကြွက်နီလေးသည် အလွန်ဆော့၏။ အဖေက မလုပ်ရဟု တားမြစ်ထားလျှင် အဖေအလစ်တွင် ပြုလုပ်တတ်၏။ တနေ့တွင် အဖေသည် ရေနံဆီမီးဖိုကို ပြင်နေစဉ် ကြွက်နီလေးက ထိုင်ကြည့်နေသည်။




အဖေသည် မီးဖိုကို ပြင်ပြီး သွားသောအခါ ရေနွေးတည်ကြည့်ရန် ရေနွေးကရား သွားယူ၏။ မီးဖိုကိုမီးညှိထားသဖြင့် လက်နှင့်မကိုင်ရန် ကြွက်နီလေးကို မှာခဲ့သည်။





ကြွက်နီလေးသည် အဖေ့ စကားကို နားမထောင်၊ မီးဖိုကို လက်နှင့် ကိုင်ကြည့်၏။ မီးဖိုမှာ အလွန်ပူနေ၍ ကြွက်နီလေး လက်လောင်သွား၏။ ကြွက်နီလေးသည် အလွန် နာသဖြင့် အော်ငိုတော့သည်။





ကြွက်နီလေး ငိုသံကြား၍ အဖေ ပြေးလာပြီး ဆေးထည့်ပေးရသည်။ ကြွက်နီလေးသည် အဖေပြောစကားကို နားထောင်လျှင် ယခုကဲ့သို့ လက်အပူလောင်မည် မဟုတ်ပေ။

—



ကျောင်းသား
ဆိုတာ.
သရုပ်ဖော်. ပန်းချီ
ဦးဘေးတင်
ကျောင်းမှန်မှန်တက်
စည်းကမ်းချက်ကို လိုက်နာ
စာကိုကြိုးစားရမည်
ဆရာသင်သမျှမှတ်သား
အများနဲ့ ချစ်ခင်စွာနေ
ဖွံ့ဖြိုးရေးတွေလဲလုပ်
အပတ်တကုတ်စာကြိုးစား
လူရည်ချွန်များ ဖြစ်စေချင်
ပြည်ခွင်အကျိုး တို့သည်ပိုး

# သွား





ကိုအေး အသက် ၁၂ နှစ်ရှိ၍ သွား ၂၈ ချောင်းရှိပြီ။ မွေးမွေးချင်း ကိုအေး၌ သွားမရှိ။ ခြောက်လခန့်တွင် သွားစထွက်လာသည်။ ထို သွားများမှာ ငယ်သွားများဖြစ်သည်။ အသက် ၆ နှစ်မှစ၍ ငယ်သွားများလဲပြီးကြီးသွားများ နောက်ထပ် ပေါက်လာသည်။ အသက် ၁၇ နှစ်နှင့် ၂၁ နှစ် အကြားတွင် သွား ၃၂ ချောင်း စုံမည်။ အံသွားသည် နောက်ဆုံးမှ ပေါက်သည်။

သွားကို ကိုက်၊ ဖြတ်၊ ဝါးရန် အတွက် အသုံးချရသည်။ အောက်သွားနှင့် အပေါ် သွား တစုံစီတွင် ကိုက်ရန် ရှေ့သွား လေး ချောင်း၊ ဖြတ်ရန် သွားစွယ် နှစ်ချောင်း၊ ဝါး ရန် ရှေ့အံသွား လေးချောင်း၊ အစာကို ကြိတ် ချေရန် အံသွား ခြောက်ချောင်း ရှိသည်။ အောက်သွား ၁၆ ချောင်းနှင့် အပေါ် သွား ၁၆ ချောင်း ရှိသည်။




သွား တချောင်းစီ၌ ထိပ်ဖုံးပိုင်း၊ အလယ်ပိုင်း၊ သွားခြေပိုင်း ဟူ၍ သုံးပိုင်းရှိသည်။ ထိပ်ဖုံးပိုင်းမှာ ကြွေဖြစ်သည်။ အလယ်ပိုင်းမှာ သွားမာပိုင်းဖြစ်၍ သွားတခုလုံးတွင် အများဆုံးအပိုင်း ဖြစ်သည်။ သွားမာ၌ အခေါင်းရှိ၍ အတွင်း၌ သွေးကြောများနှင့် အသားနုရှိသည်။







သွားနာသည်မှာ ဤသို့ ဖြစ်သည်။ သွားကြားတွင်အစာ ကျန်နေ၍ထိုအစာကို ဗက်တီးရီးယားများက အက်ဆစ် ဖြစ်စေသည်။ ထို အက်ဆစ်က ထိပ်ဖုံး ကြွေကို စားသည်။ ဗက်တီး ရီးယားများသည်သွားခေါင်းတွင်း ဝင်၍ အ သားနုကို နာကျင်စေသည်။ သွားမနာအောင် အကောင်းဆုံး ပြုလုပ်နိုင်သည်မှာ အစာစားပြီး သွားကြား၌ အစာမကျန်အောင် ဆေးကြော ပေးရန် ဖြစ်သည်။


တိရစ္ဆာန်များ တွင် သူတို့နှင့် သင့်တင့်
လျောက်ပတ်အောင် သွားများရှိသည်။ ဝက်ဝံ
၌ ရန်သူကို တိုက်ခိုက်ရန်အတွက် သွားစွယ်ရှိ
သည်။ ဆင်၏ အစွယ်သည် ရှည်ထွက်နေသော
သွားပင်ဖြစ်သည်။





အသားစားသော ခွေး၊ ကြောင် ကဲ့သို့သော
တိရစ္ဆာန်မျိုးတွင် ကိုက်သတ်ရန်နှင့် ကိုက်ဖြတ်
ရန်အတွက် ချွန်ထက်သော သွားများရှိသည်။
ထိုသွားများဖြင့် ဝါး၍လည်းရသည်။ ကျွဲ၊ နွား၊
မြင်း၊ သမင် စသော မြက်စား တိရစ္ဆာန်များ၌
မြက်ကိုဖြတ်ရန် ထက်သော ရှေ့သွားနှင့် ကြိတ်
ချေရန် မာသောအံသွားများရှိသည်။




မြွေကဲ့သို့သော တွားသွား တိရစ္ဆာန်များ၌ နောက်သို့ ယိုင်သော သွားများရှိသည်။ ထို
သို့ ယိုင်နေသဖြင့် အစာကို မျိုနေစဉ် အစာသည် လွတ်ထွက်၍ မပြေးနိုင်ပေ။





နွေရာသီ လုပ်အားပေး စခန်းတွင် မြေတကွက်ကို ကျောင်းသားနှစ်ယောက်ကျ တာဝန်ချ၍ တူးဆွပြိုင်စေသည်။





နောက်ဆုံးနေ့နံနက်တွင်ဖိုးတေနှင့် တာတီးတို့ စောစော ရောက်လာကြသည်။
အေးပါဟ
မကြာမီ သစ်မြစ်ကြီး တခုကို ဆွဲထုတ်ကြသည်။
ဟာ! သစ်မြစ်က အကြီးကြီးပါလား
တာတီး စိတ်ပျက်လာ၏။
ဖိုးတေနဲ့တော့ အလုပ်မဖြစ်ပါဘူး ဘယ်နှယ်လုပ်ရပါ့မလဲ၊ ခက်တာဘဲ
ဖိုးတေသည် ဘပုတို့ ရှိရာသို့ သွားပြီး ပြောင်နောက်နေပြန်သည်။
ထိုနေ့ည
အေး မြန်မြန်လာ
သူတို့သည် မှုန်ဝါးဝါး ကြယ်ရောင် အောက်တွင် စတင် တူးဆွကြသည်။
သူတို့သည် ဂမုန်းရုံးထိုးနှင့် ကပ်လျက် ရှိသော မြေကွက် တွင် မှားပြီး ဝင်လုပ်နေသည် ကို မသိကြချေ။
အေး မြန်မယ်



နောက်နေ့နံနက် မြေကွက်ရှိရာသို့အလာတွင် -
မင်းတို့မကြိုးစားကြနဲ့တော့ ဟေ့ အလံကိုမင်းတို့ဘယ်လိုမှမရနိုင်တော့ဘူး
ကိုယ့်အလုပ်ကို အေးအေး သွားလုပ်ယင် ကောင်းမယ်ဟေ့
ဖိုးတေနှင့် တာတီးတို့သည် တခြား အဖွဲ့များကို လိုက်နောက်နေကြသည်။
ဟေ့၊ ဒီအကွက်က .. ကောင်တွေ ဘာမှ လဲမပြီးသေးပါလား အိပ်မောကျနေပုံထင်တယ်
ဟာ ... ဒါ နို့မြေကွက်ဖြစ်နေ ပါလား...!
ဟီး - ဟီး
ဖိုးတေတို့ သံသယ ဝင်လာပြီး ချောက်ချားလာကြသည်။
နို့ .. ဒါက အများကြီးတဖြုတ်ထား ခဲ့တာဘဲ ... ဟ
အေး - သစ် ပင်ကြီးကလဲ ကျွတ်တွန်းဘဲ ကွ
ထိုစဉ်ကပ်လျက်ရှိသောမြေကွက်မှဘပုကအံ့ဩစွာလှမ်းအော်လိုက်သည်။
ဟေ့၊ သူငယ်ချင်းတို့- နို့မြေကွက်ထဲက သစ်ငုတ်ကြီး အလိုလို မရှိတော့ဘူး ကွ
အေး ဟ..!
ဟုတ်တယ်ဗျ.
မကြာမီ ဘပုတို့က အောင်လံဆု ကို ဆွတ်ခူးသွားလေတော့သည်။
လက်တွေ့ သာ အဓိက ကွ
ဖိုးတေတို့ မြေကွက်မှာမူ အခြား အဖွဲ့မှ ပိုင်းကူ၍ နောက်ဆုံးမှ ပြီးသဖြင့် စာချောက် ရုပ် သာ စိုက်ထူရလေတော့သည်။
နို့မြန်မြန်ကြိုးစားခဲ့ ယင်၊ ဒီလိုဖြစ်မှာ မ ဟုတ်ဘူး...ကွ

# ကင်ဒို



ကင်ဒိုသည် ဂျပန်ရိုးရာ ဓား ရှည်ခုတ်ကစားနည်းဖြစ်၍ ဂျပန် ဓားသိုင်း ပညာပင် ဖြစ်သည်။ လေ့ကျင့် ရာ၌မူ တုတ်ရှည်ဖြင့် လေ့ကျင့်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့် ခွန်းတခု၌ ''ကိုယ်ခန္ဓာ သန်စွမ်း ကျန်းမာစေမဲ့ ကင်ဒို ဓားသိုင်း တွေ ခုတ်ရမယ်။ ဂျူဂျစ်ဆုတို့၊ ဂျူဒိုတို့ဆိုတဲ့ ကိုယ်ခံပညာတွေ လေ့ကျင့်လိုက်စားကြရမယ်'' ဟု ပြောကြားခဲ့ဘူးသည်။ ရဲဘော် သုံးကျိပ်တို့ စစ်ပညာ သင်ယူရာ ၌ ကင်ဒိုသည်လည်း အပါအဝင် ဖြစ်ခဲ့သည်။


ကင်ဒိုသည်ဂျပန်ရိုးရာ ကိုယ် ခံပညာရပ်များအနက် အခြေခံ အကျဆုံးဖြစ်၏။ ခရာတေး သ မားနှင့် အိုက်ကီဒိုသမားတို့သည် ကင်ဒိုကို သင်ယူ ရသေးသည်။

ဓားရှည်ကိုကိုင်ပုံကိုင်နည်းမှာ ဘယ်လက်ကို အောက်မှထား၍ ညာလက်ကို အပေါ်မှဆုပ်ကိုင် ပြီး အသင့်အနေအထားမျိုး ရှိရ မည်။ ညာခြေထောက်သည် တ ဖက်ရန်သူနှင့်တည့်တည့်မတ်မတ် ရှိနေရမည်။ ဘယ်ခြေကိုအတွင်း ဖက်သို့ ၁၅ ဒီဂရီ စောင်းထားရ သည်။ ညာနှင့်ဘယ်ခြေထောက် တို့ကိုရွှေနောက် ၁၅ လက်မကွာ စေပြီး၊ ရှေ့တက်ခြင်း၊ နောက် ဆုတ်ခြင်းကို ပုံမှန်ကျအောင် အ ထပ်ထပ် လေ့ကျင့်ရန် လိုသည်။ တက်ဆုတ်ပုံ မှန်သောအခါ အ ခုတ် လေ့ကျင့်ရပြန်သည်။ ခုတ် ရာ၌ တဖက်ရန်သူ၏ ဦးခေါင်း၊ ခါး၊ လည်မျို စသောအစိတ် အပိုင်းများကို ရွေးချယ် ခုတ်ရ သည်။ ကင်ဒို နည်းပရိယာယ် အမျိုးမျိုးကို တိုက်စစ် ခံစစ် ဟူ ၍ နှစ်မျိုးခွဲခြားထားသည်။


အရှေ့ တိုင်းသား များသည် ဓားကိုအမြတ်တနိုး ကိုင်ဆောင် ကြ၏။ မြန်မာတို့တွင် ငှက်ကြီး တောင်ဓားရှိသကဲ့သို့ ဂျပန်တို့ တွင် ဆာမူရိုင်းဓားရှိလေသည်။

ကျော်ညွန့်မိုး

## ခြံ ကာပေးပါ




ခြံတိုင်အမှတ် တခုနှင့် တခု မျဉ်းဖြောင့် ၂ ကြောင်း ဆက်၍ ခြံ ၄ ခု အကွက်ရိုက် ခြံကာပေးပါ။ အကွက် တခုလျှင် သစ်ပင် ၃ ပင်စီ ပါရှိစေရမည်။



# မဆလာတထုပ်

နေဖြူကျော်ထွန်း

အမေသည် သား ဖိုးထောင် အား ငါးပြားစေ့ တစေ့ ထုတ် ပေးကာ

"လူကလေး၊ အမေ ဈေးက မေ့လာလို့ လမ်းထောင့်ကဆိုင် မှာ မဆလာတထုပ် သွားဝယ် ချေ၊ မြန်မြန်လာခဲ့နော်" ဟု ခိုင်းလေသည်။

ဖိုးထောင်လည်း "ဟုတ်ကဲ့ အမေ" ဟု ပြန်ဖြေကာ လမ်း ထောင့်ဆိုင်သို့ မဆိုင်းမတွ ထွက် သွားလေသည်။

ဆိုင်ရှေ့တွင် လူရိပ်လူခြည် မမြင်ရပေ။ ဖိုးထောင်သည် ခြေ ဖျားကလေး အသာထောက်၍ အရပ်ကလေးကိုရှည်ကြည့်လိုက် သောအခါ အတွင်းတနေရာတွင် ထမင်းအိုး မွှေနေသော ဆိုင်ရှင် အဒေါ်ကြီးကိုတွေ့ရလေ၏။ အ ဒေါ်ကြီးသည် ပေါင်ခွင်ထဲတွင် ကလေးထည့်၍ နို့တိုက်ရင်း ထ မင်းချက်နေသည်။

ဖိုးထောင်က "အဒေါ်ကြီး မဆလာတထုပ် ရောင်းပါ" ဟု ပြော၍ ငါးပြားစေ့ကို ပုလင်း ဖုံးပေါ် တင်လိုက်၏။

အဒေါ်ကြီးသည် ကလေး ကို "ကျွတ် – ကျွတ် – ကျွတ်" ဟု စုတ်သတ်ချော့ရင်း ဖင်ရွှေ့ ဖင်ရွှေ့လာ၏။ ထိုနောက် တန်း လန်း ချိတ်ဆွဲထားသော မဆ လာထုပ်များထဲမှတထုပ်ကို မမှီ မကမ်း လှမ်းဖြုတ် ပေးလိုက် သည်။

ဖိုးထောင်သည် လမ်းတွင် မဆလာ ထုပ်ကို သေချာ စွာ ကြည့်မိသည်။ မဆလာမှာ တ ထုပ်မဟုတ်။ အထုပ်ချင်း ကပ် ကာ အပိုပါလာသဖြင့် နှစ်ထုပ် ဖြစ်နေ၏။ ဆိုင်ရှင် အဒေါ်ကြီး ကမန်းကတန်း ထရောင်းလိုက် သဖြင့်မှားပါလာခြင်းဖြစ်သည်။ ဖိုးထောင် များစွာ ဝမ်းသာသွား သည်။ တထုပ်ကို အမေ့အား ပေးမည်။ တထုပ်ကိုကစားသော စက္ကူဗူးထဲတွင်အသာသိမ်းထား မည်။ နောက်တခါ အမေ မဆ လာ ဝယ်ခိုင်းလျှင် သိမ်းထား သော မဆလာထုပ်ကို ထုတ်ပေး ကာ ပိုက်ဆံ ငါးပြားယူမည်။ ထို ငါးပြားဖြင့် တရုပ်မုန့်အဝိုင်းတခု ဝယ်စားမည်။ ယင်းသို့ ကြံကာ တထုပ်ကို အမေအားပေး၍ တ ထုပ်ကို စက္ကူဗူးထဲထည့်ခဲ့သည်။

ဖိုးထောင်သည် ကစားရန် ကြံသော်လည်း စိတ် မဖြောင့် ပေ။ မဆလာထုပ်ကို ခဏခဏ သတိရနေသည်။ "အဖေအလုပ် က ပြန်လာလို့ သိသွားယင်...." ဟု တွေးမိသောအခါ သူသည် မျက်လုံးကလေးများ ဝိုင်းသွား မိလေသည်။ အဖေတခါကပြော ဘူး၏။ "ဘယ်ပစ္စည်းမဆို ဥစ္စာ ရှင်မသိဘဲ မယူရ၊ ဥစ္စာရှင်မပေး ဘဲ တိတ်တိတ် ယူခြင်းသည် ခိုးခြင်းဖြစ်သည်။ သူခိုးကိုဘယ် သူမှ မချစ်" ဟု ပြောဘူးသည်။

ဖိုးထောင်သည် အိမ်ပေါ် ပြန်တက်ကာ မဆလာ ထုပ်က လေးကို ကြည့်ပြန်၏။ သူသည် ပြန်ပေးရမှာ နှမြောသလိုလို ဖြစ် လာသည်။ အမေက မီးဖိုထဲမှ လှမ်း၍

"လူကလေးတက်လိုက်ဆင်း လိုက်နဲ့ ဘာဖြစ်နေတာလဲ" ဟု မေးသည်။

ဖိုးထောင်သည် အမေ့အသံကို မိုးခြိမ်းသံတမျှ မှတ်ထင်ကာ လန့်သွားမိသည်။

"ငါသူခိုးဖြစ်ပြီ။ ငါ့ကိုဘယ်သူမှ ချစ်မှာ မဟုတ်တော့ဘူး" ဟု စိတ်ထဲကပြောမိသည်။ ထိုနောက် ကလေးနှင့်တိုက်ရင်း ထမင်းချက်နေသောအဒေါ်ကြီးကို မြင်ယောင် လာသည်။ "ဒီလိုဆိုင်ကလေး တွေဟာ ငါးပြားမြတ်၊ ဆယ်ပြားမြတ် အမြတ်ကလေးနဲ့ စားရတာ သနားပါတယ်" ဟု အမေတခါက ပြောဘူးသည်။

ဖိုးထောင်သည် ဆိုင်ရှင် အဒေါ်ကြီးထံသွား၍ မဆလာထုပ်ကို ပြန်ပေးလိုက်သည်။ "ခုနက ဝယ်တုန်းက တထုပ် အပိုပါလာလို့ပြန်လာပေးတာပါ"ဟု ပြောပြသည်။

အဒေါ်ကြီးက မုန့်ပုလင်းကို ဖွင့်ကာ တရှပ်မုန့်အဝိုင်းတခုထုတ်ပေး၏။

ဖိုးထောင်က "ပိုက်ဆံမပါလို့မယူပါရစေနဲ့" ဟု ငြင်းသည်။

အဒေါ်ကြီးက ပြုံးရယ်ကာ "ယူပါကွယ့် – ပိုက်ဆံပေးဘို့ မလိုပါဘူး။ မင်းရိုးလို့၊ လိမ္မာလို့ အဒေါ်က တမင်ကျွေးတာပါ" ဟု ပြောသည်။

ဖိုးထောင်သည် မုန့်ကို လှမ်းယူကာတကိုက်ကိုက်လိုက်သည်။ ရိုးသားမှုကြောင့် စားရသော မုန့်မှာ ချိုမြိန်၍ အရသာရှိလှသည်ဟု အောက်မေ့မိလေသည်။


## အမြင်မှန်



မုန့်ဖိုးပိုက်ဆံ အရမ်းကန်မဖြုန်းနဲ့
လမ်းမှန်သုံးကွဲ ညီလေးရယ်။
ညီလေးငယ်ငယ်
ဆီးရွက်လောက်က
စီးကရက်သောက်တော့
ရောဂါတွယ်။
လောင်းကြေးစားမယ်
ထွေကိုခင်းလို့
သားရေကွင်းနဲ့ ဖဲထပ်တယ်။
ပိုက်ဆံကိုကွယ် အလွယ်သုံးလို့
တကယ်ဖြုန်းတော့ငတ်တတ်တယ်။
စားဖွယ်သောက်ဖွယ်
အလေ့မာထားလို့
မတော်တာမစားနဲ့
မှားတတ်တယ်။
စိမ်းစားဉရယ် ရေခဲချောင်းက
မြေထဲအောင်းဖို့ သွားရမယ်။
ဆင်ခြင်ကာရယ်
သတိဉာဏ်မထားတော့
အသိမှန်တရားနဲ့ လွဲတတ်တယ်။
ဗိုက်ကြီးကယ်ကယ်
ဝမ်းတွေသွားတော့
နှမ်းခွေပျားလို့ကျောင်းပျက်မယ်။
သိဖွယ်မှတ်ဖွယ် သေချာတွေးတော့
ချောတာရေးက သေဘေးကယ်။
တွေးဖွယ် တွေးဖွယ်။


ဗန္ဓုရဝင်း

ဗိုက်ကွဲမှာ မကြောက်ပါ (ရဲမြင့်)



R. 517






# ခေါင်းပေါင်း

ခေါင်းပေါင်းသည် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ကျက်သရေဆောင် အသုံးအဆောင်တခု ဖြစ်သည်။ တိုင်းရင်းသားအလိုက်၊ ရာထူးဂုဏ်သိမ်အလိုက် ပုံသဏ္ဌာန် အမျိုးမျိုး၊ အရောင်အမျိုးမျိုး ကွဲပြားခြားနားသည်။ တိုင်းရင်းသား ရှမ်းလူမျိုး၊ ကရင်လူမျိုး၊ ချင်းလူမျိုး၊ ကယားလူမျိုး၊ ပလောင်လူမျိုး စသည်တို့သည် ခေါင်းပေါင်းပုံနှင့် အရောင်ကို မိမိတို့ တိုင်းရင်းသားအလိုက် စိတ်ကြိုက် တီထွင်ကြပေသည်။ တိုင်းရင်းသား မြန်မာလူမျိုးတို့တွင်လည်း ရှေးက ရှင်ဘုရင်နှင့် မှူးကြီးမတ်ရာတို့က ပုံသဏ္ဌာန်တမျိုးဖြင့် ပေါင်းခဲ့ကြသည်။ ယခုခေတ်သို့ရောက်သော် မြန်မာ တိုင်းရင်းသားတို့သည် အဆင့်အတန်း မရွေး ခေါင်းပေါင်းစအောက်တွင် ခြင်းခံ၍ ခေါင်းပေါင်း အုပ်ပေါင်း ပေါင်းကြသည်။ ထိုနောက်တွင်ကား ခြင်းခံ၍ အဆင်သင့် ပိုးစဖြင့် ရစ်ပတ်ထားသော ခေါင်းပေါင်းကို ပြုလုပ်ရောင်းချလာကြ၍ ခေါင်းပေါင်း ပေါင်းလိုသူများက မိမိတို့ခေါင်းနှင့် သင့်တော်ရာ ခေါင်းပေါင်းကို အဆင်သင့် ရွေးချယ် ဝယ်ယူနိုင်ကြပေသည်။ ခေါင်းပေါင်းစ၏ အရောင်မှာ များသောအားဖြင့် ပန်းရောင်၊ အဝါနု နှင့် အစိမ်းနုရောင်များ ဖြစ်ကြသည်။

ပပဝင်း

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဇံုးက ရိုက်နှိပ်သည်။

# လောဘ နှင့် ဒေါသ


ပန်းချီ-ဦးဘကြည်၊
ဇါတ်လမ်း-သာညွန့်

စနေနေ့တိုင်း ထုတ်ဝေသည်

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၄၀၊ ၄-၁၀-၆၉




အို - သစ်ခြောက် ပင်စောင့် နတ်မင်း — နွားနို့ လာပို့ ပါသည် -
လာရောက် လက်ခံတော် မူပါလော့
နောက်နေ့တွင် စောစောထ၍ နွားနို့ကို သစ်ခြောက်ပင်ကြီး ခြေရင်းသို့ ပို့လေ၏။
သစ်ခေါင်းအတွင်းမှ လှုပ်ရှားသံများနှင့် မရှေးမနှောင်းပင် မြွေကြီးတကောင် ထွက်လာ၍ -
ကြောက်အား လန့်အားနှင့် ထွက်ပြေးပြီး အဝေးရှိ ချုံကွယ်မှ အသာ ချောင်းကြည့်နေ၏။
ဟာ - ပတ္တမြား တလုံး တွေ့ ပြန်ပြီ
တန်တော့ - သစ်ခေါင်းထဲက စကား ပြောတာ ဒီမြွေကြီးဘဲ ဖြစ်ရမယ် -
မြွေကြီးသည် နွားနို့သောက်ပြီး သစ်ခေါင်းထဲသို့ပြန်ဝင်သွား၏။ အတန်ကြာမှ အနားသွား၍ ကြည့်သော်....
ထိုနေ့မှစ၍ နို့သည်ကြီးသည် ဝါတွင်း လေးလပတ်လုံး နေ့စဉ် နွားနို့ တအိုးတအိုး သွားပို့လေတော့သည်။
နှစ်စဉ် ဝါတွင်း၌ တနေ့ ပတ္တမြားတလုံး မှန်မှန် ရလေရာ နို့သည်ကြီးမှာ တနှစ်ထက် တနှစ် ချမ်းသာကြွယ်ဝ လာလေသည်။


ရှင်မနေရယ် - သား ကိုငါ့ တနား ခေါ်ပေးစမ်းပါ - သူ့ကို ပြောစရာတွေ ရှိလို့ပါ......
ဟုတ်ကဲ့
တနေ့တွင် နွဲ့သည်ကြီးသည် အပြင်း ဖျားလေ၏။ သူ့ကိုယ်သူ စိတ်မချရဟုထင်ပြီး တခုခုကို တွေးမိသဖြင့်....
သား - အဘရဲ့ ××××××× ခုလိုဖြစ်လာတယ် နက်ဖြန် ဆိုရင် - ဝါဝင်ပြီဖြစ်လို့ - သား - အဘ ကိုယ်စား သွားရို့ သွားပို့ချေ ကွယ်.......
စိတ်ချပါ - အဘ သား သွားပါ့မယ်
မြွေကြီးထံမှ ပတ္တမြား တလုံး တလုံး နေ့စဉ်ရခဲ့ကြောင်း ပြောပြပြီးနောက် သားကို တာဝန် ပေးလေ၏။
အဘကတော့ တကယ့်ကို လူကြီး လူအကြီးပါ..... လူကြီးတွေဟာ အ,ကို အ,ပါတယ်....
နောက်တနေ့ နံနက်တွင်....
အသင် မြွေမင်း သွားရို့သောက် ရန်ကြွပါလော်!
သစ်ခြောက်ပင်အောက်ရောက်သော် နွဲ့အိုးကို အသာချထားပြီး ခပ်လှမ်းလှမ်းမှ....
ဖုန်း
မကြာမီ မြွေကြီးထွက်လာပြီး နွဲ့သောက်စဉ် တုတ်ဖြင့်ဝင်ရိုက်လေရာ ဦးခေါင်းကိုထိ၍ မြွေကြီး သစ်ခေါင်းထဲ ဝင်ပြေးလေ၏။
အင်း - မြွေကြီးတော့ ပြန်ထွက်မလာတော့ဘူး သစ်ခေါင်းထဲ သေနေပြီနဲ့ တူတယ်
အင်း ... ဒီတခါတော့ ချမ်းသာတော့မယ်... ပတ္တမြားတွေ ပတ္တမြားတွေ
အတန်ကြာသော် သစ်ပင်ရင်းကို တုတ်ချွန်ဖြင့် တူးလေတော့၏။ ပတ္တမြားတွေ့ရတော့မည်ဟုလည်း ဝမ်းသာနေ၏။


ထိုအခိုက် မြွေကြီးသည် ပြန်ထွက်လာပြီး နို့သည် ကြီးသား၏ ဂုပ်ပိုးကို ပေါက်လိုက်လေသည်။
မြွေကြီးသည် တုံးလုံးလဲ၍ သေနေသော လုလင်ကို သစ်ခေါင်းဝမှ ကြည့်ပြီး....
မှန်း - ဟင်-အဖျားကျ သွားပြီ
အေး
ဒါနဲ့ -သား လေး လဲပြန်မလာသေးဘူး။ မိုးချုပ်လှပြီ —
ပါမှာပါ - သူငယ်ချင်းတွေ နဲ့တွေ့ရလို့ နောက် ကျတာဖြစ်မှာပေါ့
ညဖက်၌....
နောက်နေ့နံနက် ဖအေကိုယ်တိုင် သွားပို့ရာ
ဟင် - သား - ခြင်းဘယ် ကိုဖြစ်ရ တာလဲ ကွယ်....
နို့သည်ကြီးသည် သားသေရသည့် အကြောင်းကိုရိပ်မိပြီး မြွေကြီးအား နို့သောက်ရန် အကြိမ်ကြိမ် ခေါ်သော်လည်း ထွက်မလာချေ။
နောက်ဆုံး၌ နို့သည်ကြီးသည် သားအလောင်းထမ်းကာ မျက်ရည်စက်လက်နှင့် အိမ်သို့ပြန်လာလေသတည်း။

# ဖိုးပါ ဖိုးတာ

သရုပ်ဖော်
ကျော်ကျော်

ဇာတ်လမ်း
တင်ထွန်း
(ဈေးကရက်ဟတ်)






ကျနော့်လေယာဉ်ပျံကြောင့် မှန်ကွဲသွားပါတယ် မတော်တဆမို့ ခွင့်လွှတ်ပါ
အေး...ကိုယ့်အမှားကို ကိုယ်ဝန်ခံတာ ကောင်းတယ်ကွဲ့
မင်းရိုးသားတဲ့အတွက် ဆုပေးမယ် ရော့... ငှက်ပျောသီးတလုံး
ကျေးဇူးတင်ပါတယ် ဦးလေး
ဟေ့ဖိုးတာ..ငါ့ကို ရိုးသားတယ်ဆိုပြီး ငှက်ပျောသီးတလုံးတောင် ပေးလိုက်တယ်ကွ
ငါလဲငှက်ပျောသီး ရအောင်ကြံဦးမှဘဲ
အကြံရပြီ
ခဲလုံးကောက်ပြီး
ဟောဒီလို ဦးလေးဝက်ဝံ အိမ်ကမှန်ကိုကွဲအောင် ပေါက်လိုက်မှာပေါ့
ချလွမ်


ဟေ့ - ဘယ်သူ ခဲနဲ့ပေါက်တာလဲကွ
ကျနော့ ခဲလုံး အခန်းထဲကို ကျသွားလို့ ပြန်ပေးပါ
ငှက်ပျောသီး ရှိသေးယင်လဲ တလုံးပေါက်...
ငှက်ပျောသီးတော့မရဘူး မြေတောက်ဘဲရမယ် ကဲ..လိုချင်အုံး
အမလေးဗျ
ဟေ့ဖိုးတာ ဘာဖြစ်လို့ ငိုလိုရတာလဲ
ဖိုးတာက အကျိုးအကြောင်း ရှင်းပြလေသော်...
ယင်းက ကလိမ်ကျတာကိုးကွ ခံရရှာပေါ့


# အချက်ပြ ဆက်သွယ်ရေး



အမေရိကန် အင်ဒီးယန်း တို့သည် တောင်ကုန်း တောင်ထိပ်တွင် မီးဖိုပြီး စောင်ဖြင့် အုပ်ကာ မီးခိုးလိပ် ထွက်စေခြင်းဖြင့် အချက်ပြ၍ အဝေးသို့သတင်းပို့ခဲ့ကြသည်။



နပိုလီယန်သည် အီဂျစ်တိုက်ပွဲများ အတွင်းက နေရောင်ခံမှန်ဖြင့် အချက်ပြ၍ စစ်ညွှန်ကြားချက်များ ပေးခဲ့သည်။




၁၈ ရာစုတွင် ဥရောပ၌ အလံဖြင့် အချက်ပြဆက်သွယ်နည်းကို အသုံးပြုခဲ့ကြသည်။

ရှေးက တရုပ်တို့သည် ညဥ့်ဖက်၌ မီးကျည်ဖြင့် အချက်ပြဆက်သွယ်နည်းကို သုံးခဲ့ကြသည်။



သင်္ဘောများ တွင် ဥသြသံ ဖြင့် အချက်ပြ ဆက်သွယ်နည်းကို သုံးခဲ့ကြလေသည်။



၁၉ ရာစု အလယ်လောက်တွင် လျှပ်စစ်ဓာတ်ကို အသုံးပြုသော ခေတ်မှီအချက်ပြ ကြေးနန်း ရိုက်နည်း ပေါ်ပေါက်လာသည်။



ထိုနောက် စကားပြောကြေးနန်း ပေါ်ပေါက်လာသည်။

ထိုမှ တဆင့်တက်၍ လူတို့သည် ၂၀ ရာစု အစလောက်တွင် ကြိုးမဲ့ကြေးနန်းကို တီထွင်လာကြသည်။



ထိုနောက် ကြိုးမဲ့စကားပြောကြေးနန်း ပေါ်ပေါက်လာပြန်သည်။

ရေဒီယို၊တယ်လီဗစ်ရှင်း၊ ရေဒီယိုဓာတ်ပုံ စသည်တို့ကား မျက်မှောက်ခေတ်၏ အသုံးအဆောင်များ ဖြစ်နေလေပြီ။




ဝတ်စားခြင်း
ရေးသူ-သန်းဝင်းနိုင်(တက္ကသိုလ်)
သရုပ်ဖော်-
ကျောင်းသားလေး မောင်မောင်သည် မြန်မာဆန်ဆန် မဝတ်စားပဲ ရုပ်ရှင်တွင်မြင်ရသည့်အတိုင်း ဝတ်စားသူ ဖြစ်သည်။
ဟောင်မယ်-ဒီလိုဆိုတော့ ငါ့ရုပ်က
ဟဲ-ဟဲ-
သူ၏အပေါင်းအသင်းများမှာ လူရှုပ်လူပွေ တာတေတို့ လူစုပင်ဖြစ်သည်။
ဟိုကောင်မလေး-ဟိုကောင်မလေး- ဟေး-ဟေး--
ထို့ကြောင့်လည်း ဆရာက မောင်မောင်ကို အမြဲဆုံးမသည်။
လူ့ဘဝ အပေါင်းအသင်း အလွန်အရေးကြီးတယ်၊ မင်းတို့လိုကျောင်းသား လူငယ်တွေအဖို့ ပိုပြီးအရေးကြီးတယ်၊ ဒါကို သတိထားပါကွယ်
သို့သော်လည်း မောင်မောင်သည် နားမဝင်ခဲ့ချေ။
ဆရာကြီး နားတော်ငြီးနေရတာနဲ့ တာတေတို့နဲ့ ချိန်းထားတာ လွတ်နေတော့မယ်။
တနေ့တွင် မောင်မောင်တို့ကျောင်းက လယ်တောသို့ လေ့လာရေးခရီး ထွက်ခဲ့ကြသည်။
ဟေ့-မောင်မောင်- လယ်တောသွားတာ မင်းအဝတ်အစားနဲ့ ဖြစ်ပါ့မလားကွ။
အိ-အနောက်နိုင်ငံက လယ်သမားတွေ ဒီအတိုင်းဝတ်နေကြတာကွ မင်းတို့သာ ခေတ်နောက်ကျလို့ ဝတ်နေကြတာကွ။


ထိုနောက်လယ်တောသို့ရောက်သောအခါ၊ ဆရာဆရာမများနှင့်အတူ၊ ကျောင်းသူကျောင်းသားများ၊ တပျော်တပါးကောက်စိုက်ကြလေသည်။
ထိုအချိန်တွင် မောင်မောင်မှာ
ငါ့ဘောင်းဘီကလဲ၊ တယ်ကျပ်ပါလား၊ ကုန်းဆိုတော့ မကုန်း၊ ဒုက္ခဘဲ၊ သူများတွေကတော့၊ တပျော်တပါး ကောက်စိုက်နေလိုက်ကြတာ၊ ဟိုဟာ - ဂုဏ်အောင် ကုန်းမယ်-
ဟာ-ဘောင်းဘီပြဲသွားပြီ၊ အောက်ခံဘောင်းဘီတို တထည်ပါလို့တော်ပါသေးရဲ့၊ ဒါပေမယ့်ဘောင်းဘီ ပြဲတာ ဖုံးရခက်ကြီး -
အင်း-ဟိုဘောင်းဘီဝတ်သူငယ်တော့၊ ကုန်းကုန်းကွကွနဲ့ ဒုက္ခတွေ့နေပြီ၊ မြန်မြန်အဝတ်အစားလဲပေးမှဘဲ၊
ဟေ့-သူငယ်ဒီအဝတ်အစားကိုလဲဝတ်လိုက်-
အို-ကျနော့်အနား မလာပါနဲ့-ဒုက္ခပါဘဲ၊


ညနေမှမင်းခင် ဦးကြီးပေးတဲ့ အဝတ်ကို လဲမှကွ၊
အောင်မယ်- ဒီလိုဆိုတော့လဲ၊ အတန်သားပါလား၊ သူများတွေလို ကျနော်လဲကောက်စိုက်နိုင် ပြီပေါ့နော် ဦးကြီး၊
ဒီဂျာကင်ကြီးကလဲ ရှုပ်လိုက်တာ- သွားစမ်း၊
ဟဲ- ကန်သင်းပေါ်တင်ထားတဲ့ ငါ့မြက်ဦးထုပ်ကြီး ကို မြက်မှတ်ပြီး နွားစားပစ်နေပြီ၊ အေးလေ- ဒါဘဲကောင်းပါတယ်၊
ဘယ့်နှယ်လဲ ဘဝပြောင်းနေပါလား မောင်မောင်၊ ငါတို့ရဲ့ ကိုယ်ပိုင်အဝတ်အစားဟာ ရိုးရာကာလနဲ့ အမြဲတန်သင့်တော်တယ် ဆိုတာ သိပြီလား၊
ဟုတ်ကဲ့- သိပါပြီဆရာ၊
အဝတ်အစားဆိုတာဟာလဲ၊ ကာလဥတုဒေသကိုကြည့် ဖို့နဲ့ အလုပ်အကိုင်ကိုကြည့်ဖို့ ဝတ်ရတာ ပါကွယ်၊ ကိုယ့်မှာ ကိုယ်ပိုင်အမျိုးသား အဝတ်အစား ရှိသားနဲ့ နိုင်ငံခြားကို အတုခိုးပြီး ဝတ်စရာလဲ မလိုပါဘူး၊
ညနေတော့မှ ပြန်လာပြီးနောက်တွင် မောင်မောင်သည် လုံးဝဘဝပြောင်းသွားတော့သည်၊
ခုလိုဆိုတော့လဲ ငါ့တပည့်မောင်မောင်ဟာ အဝတ်ကျက်သရေရှိ လာပြီဟေ့၊
ဟုတ်ကဲ့ဆရာ၊ ကျနော်အခုသိရှိရ ကျသွားပါတယ်၊ ခုလိုကိုယ့်အမျိုး သားဝတ်စုံကို ကျက်သရေရှိရှိ ဝတ်နိုင်ပါလျက်သားနဲ့ နိုင်ငံခြားအဝတ် ကိုဝတ်မိတာ မှားပါပြီ

# ဟော်ကီ



ဟော်ကီအားကစားတွင် ရေခဲပြင်ဟော်ကီနှင့် ကွင်းဟော်ကီဟူ၍ ရှိသည်။ ရေခဲပြင်ဟော်ကီမှာ ကွင်းဟော်ကီ နည်းစနစ်များကို အခြေခံပြု၍ ရေခဲပြင်ပေါ်တွင် ကစားနိုင်ရန် နေရာဒေသအလျောက် ဖန်တီးတီထွင်ထားခြင်း ဖြစ်သည်။ ဆောင်းတွင်း၌ ရေခဲလေ့ရှိသော ဥရောပနိုင်ငံများတွင် ကစားကြသည်။


မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းဒေသမှ နိုင်ငံများတွင်မူ စိမ်းလန်းသော မျက်ခင်းပြင်ပေါ်တွင် ကစားသော ဟော်ကီရိုက်နည်းကို ကစားကြသည်။ ကွင်းအတိုင်းအတာမှာ အလျားကိုက် ၉၀ မှ ၁၀၀ အထိရှည်၍ အနံကိုက် ၅၀ မှ ၆၀ အထိ ကျယ်သည်။ ကွင်း၏ တဖက်တချက်စီတွင် ပိုက်ထောင်ထားသော ဂိုးပေါက်ရှိသည်။ ဂိုးပေါက်သည် အကျယ် ၁၂ ပေ၊ အမြင့် ၇ ပေ ရှိသည်။ ကစားသောအခါ တဖက်တွင် လူ ၁၁ ယောက်စီဖြင့် ကစားရသည်။

ဟော်ကီရိုက်တံသည် ၃ ပေခန့်ရှည်၍ အလေးချိန်မှာ ၂၈ အောင်စထက် မပိုပေ။ ထိုထက်ပေါ့ပါးသော ရိုက်တံများကို အမျိုးသမီးများ အသုံးပြု၏။ ဟော်ကီဘောလုံးမှာ အတွင်း၌ ဖော့ဖြင့်စိမ်ထားပြီး အပေါ်တွင် သားရေကျက်ထား၏။ အလေးချိန်မှာ ၅ ၃/၄ မှ ၅ ၃/၄ အောင်စအထိ လေး၏။

ဟော်ကီကို အမျိုးသား၊ အမျိုးသမီး မရွေး ကစားနိုင်သည်။ သို့သော် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင်မူ အမျိုးသားများချည်းသာ ယှဉ်ပြိုင်ခွင့် ရသေးသည်။

ကျော်ညွန့်မိုး

## မျက်စိရှင်ရဲ့လား




ဘယ်ဖက်ရှိ အပိုင်းကလေးများ ပေါင်းခြင်းသည် ညာဖက်က ပုံသဏ္ဌာန်နှင့် တူညီသလား။

အကြည့်ရခက်လျှင် ကတ်ကျေးဖြင့်ညှပ်၍ ဆက်ကြည့်ပါ။



# ဦးစားပေးစိတ်

အာကာမျှ

"ဘယ်သူဖောင်တိန်ယူမလဲ။ တတန်းလုံးတော့ မရနိုင်ဘူးနော်။ တကယ်လိုတဲ့ လူသာရမယ်"

"ကျွန်တော်ယူမယ် ဆရာမ"

"ကျွန်မလဲယူမယ် ဆရာမ"

ဆရာမက ဖောင်တိန်ကို တတန်းလုံးလူစေ့မရနိုင်၍ အမှန်တကယ် လိုသူသာ ရမည်ဟု ပြောစေကာမူ မယူလိုကြောင်း ပြောမည့်သူ မရှိ။ ထို့ကြောင့် ဖောင်တိန် ရောင်းချရေးမှာ အခက်အခဲနှင့် တွေ့နေရတော့သည်။

"တတန်းလုံးမှာ ရှိတဲ့ လူတိုင်းအတွက် ဖောင်တိန်ရတာ မဟုတ်ဘူးကလေးတို့ရဲ့။ ကျောင်းသူ ကျောင်းသားပေါင်း လေးဆယ်အတွက် ဖောင်တိန် အချောင်းသုံးဆယ်ဘဲ ရတယ်"

ကျောင်းသားဦးရေနှင့် ရရှိသည့် ဖောင်တိန် အရေအတွက်မှာ မမျှတသဖြင့် အထက်ပါအတိုင်း ရှင်းပြနေစေကာမူ မည်သူကမျှ မယူလိုကြောင်း ထပ်၍ မပြောချေ။

"ခင်မောင်ထွန်း၊ မင်းမှာ ဖောင်တိန်တချောင်း ရှိနေသားဘဲ၊ ဘာဖြစ်လို့ ထပ်ဝယ်ချင်သေးသလဲကွယ်"

"ခုကိုင်နေတဲ့ ဖောင်တိန်က ဟောင်းသွားလို့ပါ ဆရာမ"

ဆရာမသည် ခင်မောင်ထွန်းအား ဆက်မပြောသေးပဲ အခြားကျောင်းသားတဦးအား ထခိုင်းလိုက်ပြန်သည်။

"မောင်မြ၊ မင်းမှာကော ဖောင်တိန်ရှိတယ် မဟုတ်လား"

"ကျွန်တော့မှာ ဖောင်တိန် လုံးဝမရှိပါဘူး ဆရာမ။ ခုခဲတံနဲ့ဘဲ ရေးနေရပါတယ်"

မောင်မြသည် ဆရာမ၏ အမေးကို ချက်ချင်းပင် ထ၍ ဖြေသည်။ အမှန်စင်စစ် မောင်မြတွင် ဖောင်တိန် လုံးဝမရှိသည်ကို ဆရာမလည်း သိ၏။ သို့သော် ကလေးများကို လက်တွေ့ရှင်းပြလို၍ ယခုကဲ့သို့ မေးခြင်းဖြစ်၏။

"အခုဆိုယင် ကြည့်စမ်း၊ ခင်မောင်ထွန်းက သူ့မှာဖောင်တိန်တချောင်း ရှိပါရက်နဲ့ ထပ်လိုချင်တယ်။ မောင်မြကတော့ နဂိုကမရှိလို့ ဝယ်ချင်တယ်"

ဆရာမသည် စကားကို ဆက်မပြောသေးပဲ ကျန် ကလေးများအား လှမ်း၍ ကြည့်လိုက်ပြန်သည်။

"ကိုင်း မင်းတို့ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဝေဖန်ကြစမ်း။ ခင်မောင်ထွန်းနဲ့ မောင်မြတို့နှစ်ဦးအနက် ဖောင်တိန် တချောင်း အမှန်တကယ်လိုသူဟာ ဘယ်သူလဲ"

"မောင်မြပါ ဆရာမ"

သွက်သွက် လက်လက် ရှိသော မောင်အေးကြိုင် ဆိုသူကျောင်းသားကလေးက ထ၍ ဖြေ၏။

"ဘာကြောင့် မောင်မြလို့ မင်းပြောနိုင်သလဲ ပြောစမ်းပါအုံး"

"ခင်မောင်ထွန်းက နဂိုက

ရှိပြီး မောင်မြက လုံးဝမရှိသေး လို့ပါ ဆရာမ”

“အေး မင်းပြောတာ မှန်တယ်။ ရှိပြီးသားလူက ထပ်ဝယ်ယင် လိုတာထက် ပိုနေမှာဖြစ်ပြီး ဟိုအမှန်တကယ်လိုနေသူမှာတော့ မရဖြစ်နေမယ်။ အပိုထပ်ဝယ်သူအတွက် ချွေတာရာလဲ မကျဘဲ မိဘငွေကို ဖြုန်းတီးရာ ကျနေတယ်ကွဲ”

ဆရာမသည် ဖောင်တိန်ကိစ္စ ပြောရင်းက ချွေတာရေး သင်ခန်းစာ ပို့ချနေရသကဲ့သို့ စိတ်ပါ လက်ပါ ပြောနေပေသည်။

“ဘာပစ္စည်းဘဲ ဖြစ်ဖြစ်ပေါ့ကွယ်။ ရှိပြီးသူက မရှိသေးတဲ့သူအပေါ်မှာ ကိုယ်ချင်းစာနာတဲ့စိတ်၊ အမှန်တကယ် လိုသူကို ဦးစားပေးလိုတဲ့ စိတ်ဓာတ်တွေ မွေးရမယ်။ ခြိုးခြံလိုတဲ့စိတ်ဓာတ်ကိုလဲ မင်းတို့ကျောင်းသား အရွယ်ကထဲက မွေးသွားရမယ်”

ဆရာမသည် ထိုသို့ပြောပြီး ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

“ဆရာမ” ခင်မောင်ထွန်းက ထ၍ပြောသည်။

“ဘာလဲကွဲ ခင်မောင်ထွန်း”

“ကျနော် ဖောင်တိန်မယူတော့ဘူး ဆရာမ။ မောင်မြက အမှန်တကယ်လိုသူဖြစ်လို့ သူဘဲ ဝယ်ပါစေတော့”

“အေးအေး–မင်းရဲ့ ကိုယ်ချင်းစာနာတတ်တဲ့ စိတ်ထားကို ချီးကျူးပါတယ်ကွယ်”

“ဆရာမ ကျနော်လဲ မယူတော့ဘူး”

“ကျမလဲ မယူတော့ဘူး ဆရာမ”

ခင်မောင်ထွန်းက ဖောင်တိန် မယူလိုတော့ကြောင်း ပြောအပြီးတွင် ဖောင်တိန် လက်ရှိနှင့် ကျန် ကလေးများကပါ အမြင်မှန် ရလာကြပြီး မရှိသေးသူများအား ဦးစားပေးလိုစိတ်ဖြင့် တယောက်ပြီး တယောက် ထ၍ ဖောင်တိန်မယူလိုတော့ကြောင်း ပြောနေကြလေသည်။

“အေးအေး–မင်းတို့ ဒီလို အမြင်မှန်ရလာတဲ့အတွက် မင်းတို့အားလုံးကို ဆရာမ ချီးကျူးပါတယ်။ ရှိတဲ့သူက မရှိတဲ့သူကို ဦးစားပေးလိုတဲ့စိတ်၊ ကိုယ်ချင်းစာနာတတ်တဲ့စိတ်၊ ခြိုးခြံလိုတဲ့စိတ်တွေကို ခုထဲက မွေးသွားယင် မင်းတို့ကြီးလာတဲ့အခါ လူကြီးလူကောင်းတွေ ဖြစ်လာပြီး တိုးတက် ကြီးပွားလာမှာ မုချဘဲ”

ဆရာမသည် ဖောင်တိန်ဝေငှ ရောင်းချရေးနှင့် ပတ်သက်၍ ပြေလည်သွားသဖြင့် စိတ်အေးသွားသည်။ ဖောင်တိန် အမှန်မရှိသူများ ရရှိသွားသဖြင့်လည်း ဝမ်းသာမိသည်။

အတန်းထဲရှိ ကျောင်းသားကျောင်းသူ အားလုံးသည်လည်း မှန်ကန်သော စိတ်ဓာတ် ထားရှိရေးကို သဘောပေါက် နားလည်သွားသည့်အတွက် ဝမ်းမြောက်ကျေနပ်နေကြလေသည်။

# ရေသံသရာ

ကောင်းကင်ဝမှာ ပြေးကစားတဲ့
မိုးသားဘယ်က လာပါတယ်။

ပင်လယ်ဆီကို နေခြည်ထိုးလို့
ရေငွေ့မိုးသို့ တက်လာတယ်။

ကောင်းကင်ထက်ကို
ရေငွေ့ရောက်တော့
လေနုအေးနဲ့ တွေ့ထိတယ်။

ရေငွေ့တွေဟာ လေအေးတိုးလို့
မိုးရေစက်များ ဖြစ်လာတယ်။

မိုးရေစက်တွေ ထပ်စုရုံးတော့
ထစ်ချုန်းမိုးကြီး ရွာပြန်တယ်။

မိုးရေတွေဟာ မြေပြင်ရောက်လို့
ပင်လယ်ထဲသို့ စီးပြန်တယ်။

မိုးရေဆိုတာ သည်လိုဘဲကွဲ
လှုပ်ရှားမပြတ် လည်နေတယ်။
မှတ်ကွယ် မှတ်ကွယ်။ ။

ကြည်ဇော်



R. 517



# ခမောက်

မြန်မာနိုင်ငံတွင် ခမောက်ကို အပူ အအေး ကာကွယ်ရန် ဆောင်းသော ခမောက်နှင့် အလှအပ ဆောင်းသော ခမောက်ဟူ၍ နှစ်မျိုး နှစ်စား ခွဲခြားနိုင်ပေသည်။ များစွာသော ခမောက်တို့ကို နှီးများ၊ ဝါးဖတ်များဖြင့် ပြုလုပ်ကြသည်။ မြက်ဖြင့် ပြုလုပ်သော ခမောက်လည်း ရှိပေသေးသည်။ တောင်သူလယ်သမား များသည် များသော အားဖြင့် အလုပ်ခွင်သို့ ဝင်ကြသောအခါ ခမောက်ကို ဆောင်းကြသည်။ ခမောက်ကို ပုံ အမျိုးမျိုး ပြုလုပ်ကြရာ အချို့ ကောက်စိုက်သမ များသည် ခေါင်းနှင့်နောက်ကျောပါလုံသော ခမောက်ရှည်များကို ဆောင်းကြသည်ကို တွေ့ မြင်နိုင်ပေသည်။

အလှအပဆောင်းသော ခမောက်များမှာ ပါးပါးလျားလျားရှိ၍ နွဲ့နှောင်း ပျော့ပျောင်း လှပြီး အကွက်များ ဖော်ထားသည်။

ပန်းကွက် ပန်းခက်များ ဖော်ကာ အလွန် ပျော့ပျောင်း လှပသော ယိုးဒယား ခမောက် ခေါ် ခမောက်တမျိုးကိုလည်း တွေ့ကြရ ပေ သည်။

ညိုညိုအောင်



ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး

ဂျာနယ်

## ကျောင်းပျော်ပြီ

ပန်းချီ ဦးဘကြည်
ဇာတ်လမ်း - ဝင်းမိုလ် (မိုးသစ်)

အတွဲ ၁၊ အမှတ် ၄၁၊ ၁၁-၁၀-၆၉




မီးနီလေး ဘယ်ကလဲ
အိမ်ကထွက်လို့လာ
အိမ်ကထွက်လို့ ဘယ်ကိုသွား
စာသင်ကျောင်းကိုသွား
ထမင်း ဆန် စပါး
ဘယ်ကရ - ဆန်ကရ
ဘယ်ကရ - စပါးကရ၊
ဘယ်ကရ - ကောက်ပင်ကရ
ကျောင်းပိတ်သော ညတညလသာသာ၌ အရပ်ထဲမှ ကလေးများနှင့် ညီညီ၏အစ်ကို အစ်မများသည် ခြေဟန်လက်ဟန်ဖြင့် ကျောင်းမှာကဲ့သို့ အုပ်စုလိုက် စာဆိုကြ၊ တေးဆိုကြ ပြုလုပ်ကြရာ ....
ညီညီ ဝင်ပါချင် သော်လည်း မဆို တတ်၍ မှိုင်ကာ နေရှာ၏။
မမ၊ ကိုကိုတို့ ကျောင်းမှ ပြန်လာရာ ကျောင်းတံဆိပ်၊ အဖွဲ့တံဆိပ်၊ တာဝန်ကျလက်ပတ်များ တွေ့ရသော်ညီညီလိုချင်၍အတင်းတောင်း၏။
နင့်ထုတောင်းတဲ့ တထုပေးရမယ်
တာဝန်
ဟာ - ညီညီ ကျောင်းနေယင်ရမှာပေါ့ - ဒါမျိုးဟာ ဆိုင်မှာဝယ်ယူလို့မရဘူး ကျောင်းနေတဲ့လူမှ ရတာ ---
ဒီအလံတွေက ကျောင်းကပေး လိုက်တာ — နက်ဖြန် အာဇာနည်နေ့ ချီတက်အလေးပြုဖို့ — ပြီးယင် မောင် လေးကိုပေးမယ်။
နောက်တခါ ပြည်ထောင်စု အလံလေးများ ကိုင်၍ မမ၊ ကိုကိုတို့ ပြန်လာကြရာ ညီညီက လိုချင်၍ တောင်းပြန်၏။
မေမေ သမီး ပထမ ဆုတံဆိပ် ရတယ်။
သားလဲ ဝင်ပြေး မယ်
သား - ကျောင်း သားဖြစ်တော့မှ ဝင်ပြေးရ တာကွဲ့
တနေ့သော် ကျောင်း ပြေးပွဲသွားကြည့်ပြီး မမ ဆုရလာသည်ကို အားကျကာ ဝင်ပြေး ချင်စိတ် ပေါက်လာပြန်၏။


ဟာ ကွာ... ကျောင်းသား ကျောင်းသူဖြစ်ရတော့ တယ်ဟုတ်ပါလား
တခါသွလည်း ကျောင်းသူများ လူမျိုးစုဝတ်စုံများဝတ်၍ ကျွန်းဆွယ် အားကစားပွဲအတွက် လေ့ကျင့်ရန်သွားသည်ကိုမြင်၍အားကျပြန်၏။
သားသား ကျောင်းဖွင့်ပြီ– ကျောင်းနေတော့ နော်
ဟုတ်ကဲ့ မေမေ
ကျောင်းပြန်ဖွင့်၍ မိခင်က ကျောင်းနေရန် တိုက်တွန်းကြည့်ရာ ....
ဒါပေမဲ့ မဆော့ရတော့ ဘူး ထင်တယ်
ဖေဖေ-မေမေ တို့ကလည်း ဝမ်းသာစွာဖြင့် ကျောင်းသွားအပ်ပြီး လိုအပ်သော ငွေကြေးများကိုပါ ဆရာမအား ပေးခဲ့၏။
ညီညီ — ရော့
ကျောင်းတွင် ကစားရရုံသာမက....
ဖေဖေ — ဖွားဖွား — ဒီမှာ ကြည့် ပါအုံး
ပစ္စည်းများရလာ၍ ညီညီသည် အပျော်ကြီး ပျော်ပြီး အိမ်သို့ ပြန်လာသည်။
ထိုနေ့မှစပြီးညညတွင်စာမှန်မှန်အံလေတော့၏။


ထိုမျှမကသေး ခါတိုင်းလို နေ့တိုင်း နေထိုး
အောင် မအိပ်တော့တဲ့ စောစောထ -
ရေမှန်မှန်ချိုး-ခေါင်းဖြီး ....
သီချင်းလေးဆို၍ လက်သည်းညှပ်
ကျောင်းပိတ် ရက်များတွင် အဝတ်များပင်
ဖွပ်တတ်လာပြီးလျှင် ....
အိမ်အလုပ်ကိုလည်း မည်သူမျှမခိုင်းပဲ ကူညီ
လုပ်ကိုင်တတ်လာသည်။
နှစ်ကုန်သော် တန်းတင်စာမေးပွဲကို ကောင်း
စွာ အောင်မြင်လေသည်။

# ရောက်ရာနေရာ-ကူညီပါ


ဦးမောင်မောင်မြ



# ကိုယ့်အားကိုယ်ကိုး

ကာတွန်း
မောင်မောင်သက်






ငါလဲပေါက်လာပြီကွ
ငါလဲ လျှောက်နိုင်တယ်
ငါလမ်းလျှောက်နိုင်တယ်ကွ
ငါ့ခြေကမင်း့နှုတ်သီးထက်သန်တယ်၊
မင်းကငါ့လိုရေကူးတတ်လို့လား
ကူးနိုင်တယ်၊ “ဒိုင်ဗင်တင်လှကွ”!
ကယ်တော်မူပါ
နောက်ကိုမတုယင် မတုနဲ့ပေါ့ကွာ
ပြီး


# ဘီးနှင့်ဝင်ရိုး


တင်ပြသူ - ကိုရင်ငြေ
သရုပ်ဖော် - ဂျူး

ဘီးသည် ရှေးလူတို့၏ ရှေးဦးတီထွင် ချက်တရပ် ဖြစ်သည်။ လေးသောဝန်ကို သစ်တုံးပေါ် တင်ကာဆွဲလျှင် အဝေးသို့သယ်ယူနိုင်ကြောင်း တွေ့လာကြရာမှ သစ်တုံးကို ဖြတ်ဝင်ရိုးတပ်ပြီး ဝန်တင်အသုံးပြုလာကြသည်။ သို့သော် ဘီးမှာ နပင်းပိတ်စပ် ဘီးဖြစ်ပြီး ဝင်ရိုးမှာလည်း အသေဖြစ်သဖြင့် ပေါ့ပါးခြင်း မရှိချေ။ ထို့ကြောင့် သစ်သားများ ဖောက်ထုတ်ပြီး ဝင်ရိုးအရှင် တပ်ဆင်လိုက်သောအခါ လှည်းဘီးထောက်နှင့် လှည်းတံကူအဆင့်သို့ တိုးတက်လာသည်။ ဘီးလိမ့်အား ပိုမြန်လာသဖြင့် အနားများ ပွန်းပဲ့သည့်ဒဏ်မှ ကာကွယ်ရန် လှည်းပတ်သားရေနှင့် သံခွေများ တပ်ဆင် အသုံးပြုလာကြသည်။ ရှေးက မော်တော်ယာဉ်နှင့် စက်ဘီးတို့တွင် နပင်းပိတ် ရာဗာလုံးဘီးများ အသုံးပြုခဲ့ကြသည်။ နောက်မှ လေသွင်းတိုင်ယာဘီးများအဆင့်သို့ ပြုပြင်လာသည်။


ဘီးသည် ထက် - အောက်၊ ရှေ့ - နောက်သို့ တဆက်တည်း ရွှေ့စေနိုင်သော ဂုဏ်သတ္တိရှိသည်။ ထိုဂုဏ်သတ္တိကို စက်များတွင် အသုံးချသည်။ ဘီးတွင် ခွေးသွားစိပ်ဘီး၊ ခရပတ်ဘီး၊ အားထိန်းဘီး စသည်ဖြင့် အမျိုးမျိုးရှိသည်။








အာဂရုံ
သရုပ်ဖော်
အေး—တင်...
အင်! အလုပ်လုပ်လို့ ဒီလိုစားနေရတာဘဲ
ရွှေယုန်သည် အလုပ် ကြိုးစားလုပ်သူဖြစ်၍ အစားကောင်းကောင်း စားရသည်။
ရွှေယုန်ရဲ့အစာတွေကို စားချင်လိုက်တာ-- ဟား--အကြံရပြီ
ခွေးဆိုးသည် အလုပ် မလုပ်ချင်ပဲ အချောင်စားလိုသူ ဖြစ်သည်။
ဒါကြီးကို ဝတ်ပြီး ခြောက်လှန့်ရမယ်
ခွေးဆိုးသည် ခြင်္သေ့အရေကိုခြုံ၍
ရွှေယုန်ကို ခြောက်လှန့်လေရာ
အမယ်လေး ခြင်္သေ့ကြီး ပါကလား
ရွှေယုန်သည် ကြောက်၍ပြေးလေ၏။


ဟား ဟား စားလို့ကောင်း လိုက်တာ
ခွေးဆိုးသည် ရွှေယုန်၏အစာများကို အား ပါးတရ စားလေ၏။
ဟော့. မောင်ရွှေယုန် မောကြီးပန်းကြီး နဲ့ ဘယ်လိုဖြစ်လာသလဲကွဲ့.
ရွှေယုန်သည် ပြေးရင်း လမ်းတွင် ဖိုးဖိုးယုန်နှင့် တွေ့လေသည်။
ခြသေ့ နဲ့ တွေ့ခဲ့လို့. ဖိုးဖိုးရယ် ကူညီပါအုံး
ဟာ. ဒီတောမှာ ဘယ်ကလာပြီး ခြသေ့ ရှိရမှာလဲကွဲ့. လာ. ဖိုးဖိုး လိုက်ကြည့်မယ်
အစရာမှာ အရမ်းမကြောက် ရဘူးကွဲ့.
ဖိုးဖိုးယုန်သည် ရွှေယုန်၏ အိမ်သို့ လိုက်ပါလာလေ၏။
နောက်တနေ့
ဖိုးဖိုးယုန်နှင့် ရွှေယုန်တို့သည် အိမ်ထဲမှ ပုန်းပြီး ချောင်းနေကြစဉ်....


ဟော-ဟိုမှာ လာနေပြီဖိုးဖိုး
သူ့ဟာန်ပန်ကြည့်ရတာ ခြင်္သေ့နဲ့တော့မတူဘူး
ဟေ့ ခုလာနေတာ ဘယ်သူလဲဟေ့
ဟေ့- ငါခြင်္သေ့ကွ ဟောက်လိုက်မယ် သေပေတော့
ဝုတ် ဝုတ်
ဟာ. ဒါခွေးဘဲ ချကွာ
အမယ်လေးဗျ ကိန်.ကိန်
ခွေးဆိုးလည်း ထွက်ပြေးရတော့၏။
သူတပါးအရေခြုံတဲ့သူဟာ တနေ့ကျ ဒုက္ခတွေ့ရမှာမလွဲတာ ဘဲကွဲ့
ဟုတ်ကဲ့ ဖိုးဖိုး
အခုမှဘဲ အေးအေးဆေးဆေး အလုပ်လုပ်ရတော့တယ်
ထိုအခါမှစ၍ ရွှေယုန်သည် အေးချမ်းစွာ နေထိုင်ရတော့သည်။

# ကိုယ်ကာယအလှ ပြိုင်ပွဲ



ကိုယ်ကာယ အလှပြိုင်ပွဲ ဆိုသည်မှာ မောင်ရွေးပွဲ၊ မယ်ရွေးပွဲများပင် ဖြစ်သည်။ အမျိုးသားများအဖို့ ကာယဗလ ဖွံ့ထွားကြီးမားမှုကိုင်း၊ အမျိုးသမီးများအဖို့ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်လှပမှုကိုင်း အဓိက ထား၍ ယှဉ်ပြိုင်ကြရသည်။

မြန်မာနိုင်ငံ၌ ကာယဗလ အားကစား မျိုးစေ့ကို စတင်ချခဲ့သူမှာ ဆရာဝန်ကြီး ဝေါလတာ ဦးချစ်ထွန်းဖြစ်သည်။


၁၉၃၇ ခုနှစ်တွင်မြန်မာနိုင်ငံ ကာယဗလ အသင်းက ကြီးမှူး၍ ကိုယ်ကာယ အလှပြိုင်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ပြိုင်ပွဲတွင် မောင်မောင်လွင်က ကိုယ်ကာယ အလှဆုံး ကာယဗလ မောင်ဘွဲ့ကို ဆွတ်ခူးရရှိသွားသည်။

လွတ်လပ်ရေးခေတ်တွင် နာမည်ကြီးသော ကာယဗလ သမား အများအပြား ပေါ်ပေါက်လာသည်။ အချို့မှာ နိုင်ငံခြားများသို့ပင် သွားရောက် ယှဉ်ပြိုင် ခဲ့ကြရသည်။

ကိုယ်ကာယ အလှကို ပိုင်ဆိုင်ရရှိရန် အတွက် ခန္ဓာကိုယ် အစိတ်အပိုင်း အသီးသီးတို့တွင် တောင့်တင်း ကျစ်လစ်သော ကြွက်သား အစိုင်အခဲများနှင့် ပြည့်ဝ စုံလင်လာစေရန် နည်းလမ်းမှန်ကန်စွာ လေ့ကျင့်ပေးရသည်။

အမျိုးသမီးများသည် ခါး၊ ရင်၊ တင် အစိတ်အပိုင်း များကို အဓိကထား လေ့ကျင့်ရသည်။ ကိုယ်ကာယအလှ လေ့ကျင့်ခန်းများ ပြုလုပ်ရာ၌ ရှေးဦးစွာ ကရိယာမဲ့ လေ့ကျင့်ရသည်။ ထို့နောက်တွင်မှ ကရိယာများဖြင့် လေ့ကျင့် ရပေသည်။ လေ့ကျင့်သူသည် အစား အသောက် အနေအထိုင် စည်းကမ်း စနစ်ရှိရန် လိုသည်။ အရက်သေစာ သောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုရပေ။ လုံလောက်သော အိပ်စက် နားနေခြင်းသည် အထူးပင် လိုအပ်၍ မျှတသောအစာအာဟာရတို့ကို ရွေးချယ် မှီဝဲရပေသည်။

ကျော်ညွန့်မိုး





"ဘယ်လိုလဲမယ်ခွေး၊ ဟိုတနေ့က ငါပြောထားတဲ့ ကိစ္စ အတွက် ညည်းအမေကို ပြောပြပြီးပြီလား။ ညည်းသာလိုက်ဖြစ်မယ် ဆိုယင် သိပ် ပျော်စရာ ကောင်းမှာဘဲအေ"

"ငါ မ လိုက် တော့ ပါဘူး သွေယ်ရာ။ အမေ့ကိုလဲ မပြောဝံ့ပါဘူး။ ပြီးတော့ ငါတို့မှာ ညည်းတို့လို ချမ်းသာတာမဟုတ်ဘူးအေ့။ ညည်းလဲသိနေတာဘဲ။ ရန်ကုန်မြို့ကို သွားတယ် ဆိုတာ ငွေကြေးအများကြီး ကုန်တယ်လို့ အမေတို့ ပြောသံ ကြားဘူးတယ်။ အိမ်မှာလဲ ငါမရှိယင် မဖြစ်ပါဘူးအေ။ မောင်လေး ညီမလေးတွေက အမေ့ကို ကောင်း ကောင်း ကူညီနိုင်သေးတာ မဟုတ်ပါဘူး"

"အောင်မယ်၊ မယ်မင်းကြီးမက ကိုယ့်ကိုယ်ကို အပျိုကြီး ထင်နေတယ်ပေါ့လေ၊ အိမ်မှာ ငါမရှိယင်မဖြစ်ဘူးတဲ့၊ အပြောကြီးလိုက်တာ။ လောကမှာ ဗဟုသုတဆိုတာ ရှာထိုက်တယ်အေ့။ တောမှာနေယင် တောရဲ့ အကြောင်း လောက်ဘဲ သိမှာပေါ့။ ရန်ကုန်မြို့မှာ ဆိုယင် လူမျိုးစုံလဲမြင်ရမယ်၊ ဗဟုသုတ စုံလဲ တွေ့ရမယ်၊ လည်ပတ် စရာတွေလဲ မကုန်နိုင်အောင် ပေါတယ်။ ညည်းမှာ သူတကာလို ကျောင်းနေရတာ မဟုတ်လေတော့ ဒီလို ဗဟုသုတတွေ ရမှ အမြင်ကျယ်လာမှာပေါ့။ ငါက ညည်းကို ဗဟုသုတ ရပါစေဆိုတဲ့ စေတနာနဲ့ ခေါ်တာပါအေ။ မလိုက်ချင်လဲ ညည်း သဘောဘဲ"

သွေယ်၏ စကား ကြောင့် မယ် ခွေး သည် ရန်ကုန်မြို့ သို့ လည်းလိုက်ချင်၏။ အိမ်အတွက် လည်း နောက်ဆံတင်းမိ၏။ ငွေကြေး ကိုလည်း ငဲ့ပြန် သည်။ သွေယ်က စရိတ် အကုန်အကျခံ၍ ခေါ်ပါမည်ဟု ဆိုသော်လည်း သူများ၏ အကူအညီယူရမှာ ဝန်လေးနေသည်။ သူ၏ ဘဝ အကျိုးပေး ညံ့ပုံ ကိုသာ တွေးလျက် ဝမ်းနည်း နေ၏။ နောက်ဆုံးတွင် –

"ငါ မလိုက်တော့ ပါဘူး– သွေယ်ရာ။ ငါ့အတွက် ပိုပြီးတော့ သာ ဗဟုသုတတွေ ရှာခဲ့ပါတော့။ ပြီးတော့လဲ ညည်းပြောပြတဲ့ ရွှေတိဂုံဘုရားကြီးကို ပိုပြီး ဖူးခဲ့ပါတော့အေ" ဟု ပြောလိုက်လေသည်။

တပတ်မျှ အကြာတွင် ရန်ကုန်မှ အသုံးလုံးကျေ သင်တန်း ဆရာ ဆရာမများ မယ်ခွေးတို့ ရွာသို့ ရောက်လာကြလေသည်။ ထို့နောက် ရွာရှိ စာမတတ်သူ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေး အားလုံးကို စာရင်းကောက်၍ ပညာသင်ကြားပေးလေသည်။

မယ်ခွေးသည် အိမ်မှု ကိစ္စများကို စောစော ပြီးအောင် လုပ်၏။ ညစာ ထမင်းကို နေ့

တိုင်းထက်စောစောစားပြီးလျှင် သူမ၏ မိခင်နှင့် အတူ ကျောင်းတက်လေသည်။ အလုပ် အားလပ်သည့် ညအချိန်၌သာ ပညာသင်ရ သောကြောင့် မယ်ခွေးသည် ပို၍ ကြိုးစား၏။ ပညာသင်ကြား လိုစိတ် ပြင်းပြ နေသော မယ်ခွေးသည် အတန်းထဲတွင် အထူးချွန်ဆုံး ဖြစ်လာပေသည်။

မေးပါများစကားရဆိုသည့် အတိုင်းပင် မယ်ခွေးသည် မသိသည် မတတ်သည် မှန်သမျှကို မရှက်မကြောက် မေးမြန်းတတ်၏။ ကြာလာသော် စူးစမ်းမှုရှိသော မယ်ခွေးအား ဆရာ ဆရာမများက ခင်တွယ် လာကြသည်။ သူ၏ ဘဝ အကြောင်းကို သိလာသော အခါ သနားလာကြသည်။ ထို့ကြောင့် အဝတ်အစားများ ဝယ်ပေးသည်။ ဖတ်နိုင်မည့် စာအုပ် အချို့ကို ဖတ်ရန် ပေးသည်။ အားလပ်သည့် အချိန်များတွင် သိထိုက်သော အကြောင်းအရာ များ ပြောကြားပေးသည်။ မယ်ခွေးမှာ ရန်ကုန်မြို့သို့မရောက်ရသော်လည်း ရန်ကုန်မြို့၏ အကြောင်းကို သိသင့်သမျှ သိ၍လာသည်။ မယ်ခွေးကား ဆရာ ဆရာမများကို ကျေးဇူးတင်၍မဆုံး ဖြစ်နေတော့သည်။

အသုံးလုံးသင်တန်း ပြီးဆုံး၍ တပတ်ခန့် ကြာသော အခါ သွေ့ယ်တို့ မိသားစု ရန်ကုန်မြို့မှ ပြန်ရောက်လာ ကြ လေ သည်။ သွေ့ယ်သည် မယ်ခွေးဖို့ဝယ်လာခဲ့သော အင်္ကျီစကလေးကို ပိုက်လျက် ရောက်လာလေသည်။

မယ်ခွေးသည် စာဖတ် နေခိုက်ဖြစ်၍ သွေ့ယ်ကို မမြင်ပေ။ သွေ့ယ်သည် မယ်ခွေး၏ တမူထူးခြားပုံကို ကြည့်လျက် အံ့အားသင့်နေ၏။

"ဟေ့မယ်ခွေး၊ ငါ ပြန်လာတာတောင် မသိဘူးလား။ လက်ထဲမှာလဲ စာအုပ်ကြီးနဲ့ပါလား။ ဒီစာအုပ်ကို ဘယ်ကရသလဲ။ စာမတတ်ဘဲနဲ့ ကြည့်မနေ စမ်းပါနဲ့အေ။ ငါပြောပြမဲ့ ရန်ကုန်မြို့က ဗဟုသုတ အကြောင်းတွေ ကိုသာ နားထောင်စမ်းပါ။ ပြောမကုန်အောင် များတာဘဲအေ"


သွေ့ယ်၏ စကား မဆုံးမီပင် မယ်ခွေးက လက်ကာ လိုက်သည်။ သွေ့ယ်အား သေချာစွာ စူးစိုက်ကြည့်ပြီးနောက် –

"ညည်းငါ့ကို အထင်သေးတုန်းဘဲလားသူငယ်ချင်း။ ညည်းက ငွေကုန်ခံပြီး ဗဟုသုတ ရှာနိုင်သူကိုး၊ ပြောနိုင်ပေတာပေါ့။ ငါလဲ ဗဟုသုတတွေ ရနေပါပြီအေ့။ စာလဲ ဖတ်တတ်နေပါပြီ။ ရန်ကုန်မြို့အကြောင်းကို အသုံးလုံးကျေ ဆရာ ဆရာမတွေက ပြောပြလို့ သိရပါပြီ။ နောက်သူတို့က သတင်းစာတွေ ထပ်ပေးပို့ယင် ပိုပြီး ဗဟုသုတကြွယ်လာအုံးမှာပါ။ လောကမှာ ငွေကုန် မခံနိုင် ပေမဲ့လဲ ဗဟုသုတ ရနိုင်တာပါဘဲအေ" ဟု ပြောလိုက်လေသတည်း။

## မြွှော်လင့်ချက်

သီးကင်းနုနု သေးသွယ်သွယ်၊
မိုးဦးစမှာ ခပ်ငယ်ငယ်။
မိုးလယ်ကျတော့ ဝါဝါဝင်း၊
မှည့်မှည့် ချိုချိုသင်း။
ခြံအတွင်းက ဖူးတင့်၊
မြပုဝါကို ခြုံ။
အရွက်ပြူစ ပုဝါဟ၊
လန်းဆန်း ပွင့်လာရ။
တောင့်တမြွှော်လင့် အားထားဘွယ်၊
ပညာသင်ဆဲ ကလေး တို့ အရွယ်။
ပညာကြွယ်လို့ စွယ်စုံမြောက်၊
နောင် တ ခေတ် မှာ ဂုဏ် ယူလောက်။ ။

တက္ကသိုလ်ကြည်မာ



R. 517

# ကွမ်းတောင် ပန်းတောင်




ကွမ်းတောင် ပန်းတောင် တို့သည် ရှေးခေတ် မြန်မာဘုရင်များ လက်ထက်ကတည်းက အမြတ်တနိုး သုံးစွဲခဲ့ကြသော ထီးသုံး၊ နန်းသုံး၊ အိမ်သုံးပစ္စည်းလှ တမျိုးပင် ဖြစ်ချေသည်။ ကွမ်းတောင်ပန်းတောင်တို့ကို ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ပြုလုပ်တတ်ကြပေသည်။ အောက်ခြေမှစ၍ အထက် ထိပ်ဖျားတိုင်အောင် ပန်းနွယ်ပန်းခက်များဖြင့် ရုပ်လုံးဖော်ကာ တောက်ရှန်းဝင်းပစေရန် မှန်စီရွှေချ ထွင်းထုစီခြယ်ထားပေသည်။ အချို့ ကွမ်းတောင်ပန်းတောင်တို့ကို ဟင်္သာရုပ်များသဏ္ဍာန် ပြုလုပ်မွမ်းမံ ခြယ်လှယ်ထားသည်ကို တွေ့ရပေသေးသည်။ အထက် မြန်မာနိုင်ငံ အရပ်ရပ်၌ မင်္ဂလာ အခမ်းအနား၊ အလှူပွဲသဘင်များ၌ ကိုင်ဆောင်သုံးစွဲကြသည်ကို ယနေ့တိုင် တွေ့နိုင်ကြပေသည်။

အချို့ ကျေးရွာများ၌ အလှူဝတ်လှည့်လည်စဉ် လက်ရွေးစင် အမျိုးသမီးကလေး အချို့က ကွမ်းတောင်များ ကိုင်ဆောင် လှည့်လည် လာကြသည်ကို တွေ့ရပေသေးသည်။ ယင်း အမျိုးသမီးကလေးကို 'ကွမ်းတောင်ကိုင်' ဟူ၍ အမည်ပြည့် သတ်မှတ်ကြပေသည်။

ဝါဝါအောင်





၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်


အတွဲ ၁၊ အမှတ် ၄၂၊ ၁၀-၁၀-၆၉

အကြံကောင်းသော

## မြင်းထိန်းသား လုလင်

ပန်းချီ ... ဦးဘကြည်
ဇာတ်လမ်း .. ဇဂျော်ဝေ မြင့်လွင်





သူငယ်ချင်းများနှင့် စစ်တိုက်တမ်း ကစားကြရာတွင် လုလင်ငယ်သည် စီမံခန့်ခွဲပြီး အနိုင်တိုက်လေ့ရှိသည်။
တနေ့သော် နေပြည်တော်ကို ရန်သူတပ် အမြောက်အမြား ရောက်လာပြီး ဝန်းရံပိတ်ဆို့ထားလေသည်။
မိမိ၏ စစ်သည်အင်အားနှင့် မတွန်းလှန်နိုင်သည့်အဆုံး၌ ဘုရင်ကြီးသည် မှူးမတ်များနှင့် တိုင်ပင်၍ -
မြို့ပြင်လေးရပ် မောင်းခတ်ကြွေးကြော်စေလေသည်။ လုလင်ငယ်သည် စိတ်ဝင်စားလှ၍ စုံစမ်းပြီး ကူညီလိုကြောင်း ပြော၏။
ထို့နောက် ဘုရင်ကြီးနှင့် တွေ့ခွင့်ရပြီး မိမိ အကြံအစည်ကို ထင်ပြလေရာ သဘောတူချက်ရလေသည်။
ထိုညတွင်ပင် ရန်သူအစောင့်ပါးသော ချောင်းအတိုင်း အကွယ်အကာများဖြင့် စုန်ဆင်းပြီး မြို့ပြင်သို့ ထွက်ခဲ့ကြလေသည်။


အရှင့် စာချွန် တော်ပါတယ်- မြင်း အစီး -၃၀- ပေးပါ
ကြိုက်တာမြင်း များကို ရွေး ယူပါ• ရပါတယ်•
မြို့ပြင်ရောက်သောအခါ သူတို့၏ နယ်ပယ်ဖြစ်သော မြို့ငယ်တခုမှ မြင်းကောင်းမြင်းသန့်များ တောင်းယူပြီး နောက်တညတွင် ....
တိုက်ဟေ့ တိုက်ဟေ့
ဝိုင်းဟ – ဝိုင်းဟ
ရှူး.... ဟူးဟူး
ဝါး ဟားဟား ....
ဝေး .... ဟေးဟေး
ရန်သူတို့၏ တပ်ကို နောက်ဖက်မှ တရှိန်ထိုး ဝိုင်းဝန်း တိုက်ခိုက်ကြလေသည်။
ဟ ဟာ ဟား
မြန်မြန်
ရန်သူဗိုလ်ချုပ်မှာ အိပ်ရာမှ လန့်နိုးပြီး ....
နောက်ကြောင်း က လာ ပေါက်တဲ့ ကောင် တွေ ကို အလွတ် မပေး နဲ့. ... ချက်ချင်း လိုက်တိုက်ကြ စမ်း.....
ချက်ချင်းပင် တန်ပြန် တိုက်ခိုက် ရန် အမိန့်ပေး၏။
ဒီကောင်တွေ အပြေးတော့ မြန်သားဘဲ ဝန်ထုပ်တွေတောင် ကျန်ခဲ့တယ်.... ဟား ဟား ...သူ့ရဲဘော နဲ့တဲ့ ကောင်တွေပါ...
ရန်သူတပ်များ အလုံးအရင်းနှင့် လိုက်တိုက်လေသော် လုလင်ငယ်၏ တပ်သားများကမခံပဲ အစီအစဉ်အရ လက်လွှတ် ထွက်ပြေးကြ၏။ ဝန်ထုပ်ဝန်ပိုးများပင် လမ်းတွင် ချထားခဲ့သေးသည်။


အလကား ငပေါတွေ ပါ – ဗိုလ်မှူး.... ငွေးမြေး - ဝက်မြေး မြေးလိုက်ကြတဲ ပစ္စည်း တွေ တောင်မသယ် နိုင်ကြဘူး - ဟား ဟား
ရန်သူတို့သည် လုလင်ငယ်တို့၏ ပရိယာယ်ကို နားမလည်ကြသဖြင့် ကျကျန်ရစ်သည့် ပစ္စည်း များကိုယူ၍ ပြန်ခဲ့ကြသည်။
ဟာ
စခန်းသို့ ပြန်ရောက်၍ ဗိုလ်မှူးများကို ပြသရာ စစ်ဆေးကြည့်သောအခါ ထူးဆန်းသော စာ တစောင် တွေ့ရ၏။
ထိုစာအရ အင်အားကြီးစွာဖြင့် တဖက်မှ ညှပ် တိုက်မည် အထင်ဖြင့် ရန်သူတို့ သည် တပ် ခေါက်ရန် ပြုနေ၏။
တပ်ရင်း - ၁ - ချီ.....တက်
တပ်ရင်း - ၂ - ချီ.....တက်
တပ်ရင်း ၃ ချီ..တက်
ထိုစဥ် အ စီ အ စဥ် အ ရ ဘုရင်၏ မြို့ခံတပ်က ထွက်၍တိုက်ခိုက်ရာ ရန်သူတို့သည် အကြောက် လွန်ပြီး ဆုတ်ခွာ ထွက်ပြေးလေတော့သည်။
သား တော်....
ခမည်းတော် ဘုရား
သာဂရ ဘု ရင် ကြီး သည် အားရတော်မူလှ၍ လုလင်ငယ်ကို သားတော်အဖြစ် သူကောင်း ပြုလိုက်လေသည်။


ဟံသာဝတီ ဦးဘရင်
လေးဖုံးသိုက်
ခင်ညို
သရုပ်ဖော် ပန်းချီ ဦးအေးတင်
စစ်ကိုင်းမင်း အသစ်ယာ ဆောယွမ်းကို လုပ်ကြံဖို့ အရေးတော်ပြီးက သင့်ကို အထူးချီးမြှင့်မည်
ကောဇာသက္ကရာဇ် ၆၇၄-ခုနှစ်တွင်
ငါးစီးရှင် ကျော်စွာသည် ပင်လယ်မြို့၌ နန်းစံနေစဉ် လူယုံတော် ခင်ညိုကို အဆောင်သို့ခေါ်၍ အမိန့်ရှိလေ၏။
လုပ်ကြံရန် နန်းတွင်း ဝင်ဘို့ အခွင့်မသာသေးဘူး အရိပ်အခြည်ကြည့်အုံးမှ
ခင်ညိုသည် စစ်ကိုင်းသို့ကူး၍ အခွင့်ကောင်းကို စောင့်နေရာ နှစ်ရက်မျှ ကြာခဲ့လေပြီ။
ထမင်းမစားရတာ ၂-ရက်တောင် ရှိပြီ-ဆာလိုက်တာ
ထိုအတွင်း ထမင်းပင် မစားရချေ။
ထိုညတွင်
အခွင့်သာသည်နှင့် ခင်ညိုသည် နန်းတွင်းသို့ ဝင်လေရာ…
စစ်ကိုင်းမင်း နတ်တင်ထားသော ထမင်းနှင့် အသား ဟင်းလျာတို့ကို တွေ့ရ၏။


ခင်ညိုလည်း ဆာလောင်လှသဖြင့် နတ်တင်စာ တို့ကို မြိန်ရေ ရှက်ရေ စားတော့သည်
စားသောက်ပြီးနောက် ခင်ညိုသည် အဆောင်တွင်းသို့ ဝင်၍ ....
ယခုပင်ကျွ်မင်း၏ထမင်းကို ငါစားရချေပြီ-ထမင်းရှင်ကို ဖြစ်မှားသောသူတို့သည် ဘုန်းမကြီး- အသက်မရှည် အပြစ်ဝန်ကြီးလေး ပေတော့မည်- - - -
စက်တော်ခေါ်နေသော စစ်ကိုင်းမင်းကို လုပ်ကြံရာ ဓားကို ဓားအိမ်မှ ချွတ်လေ၏။
ထိုအခိုက်တွင် ခင်ညိုသည် ဓားကို ချွတ်ချည် သွင်းချည်ဖြင့် စဉ်းစားလေ၏။
ထမင်းရှင်ကိုမသတ်တော့ပြီ လုပ်ကြံသာလျှက်မလုပ်ကြံဘဲလာသည်ဟု ငါ့အရှင်ကငါ့ကိုမျက်သော် တသက် တခါသာသေရမည်- - -
စစ်ကိုင်းမင်းထံ ငါရောက် ကြောင်းသက်သေပြဘို့ရအောင် စစ်ကိုင်းမင်းရဲ့ ဓါးကိုတော့ ယူသွားမှဘဲ


ငခင်ညိုသည် စစ်ကိုင်းမင်း၏ ပဏ္ဏာမြားဒေးကို ယူ၍ ပင်လယ် မြို့သို့ ပြန်လေ၏။
ထမင်းရှင်ကို မပြစ်မှား လို၍ ကျွ်ဓါးကိုသာ ယူ လာရကြောင်းပါ
ငခင်ညိုလည်း ငါးစီးရှင်ကျော်စွာထံ ရောက်၍ ဓားကို ဆက်သပြီး အကြောင်းစုံကို တင်လျှောက်လေသည်။
ငခင်ညိုကား ထမင်းတနပ်မျှ စားရသောကျေးဇူးကို ယခုလောက်သိလျှင်
သူနှင့်တကွသားမယားကိုပါ နေ့တိုင်း မပြတ် ကျွေးမွေး နေသော ငါ၏ ကျေးဇူးကိုမူ အတိုင်းမသိ သိပေတော့မည်
ငါးစီးရှင်ကျော်စွာသည် ငခင်ညိုကို ကျေနပ်အားရနှစ်သက်စွာရှိသဖြင့်....
ကျေးဇူးသိသော ငခင်ညို အား ဆု များချီးမြှင့် လေသတည်း

# သင်ပင်





သင်ပင်သည် အပွင့်ပွင့်ပြီး အသီးသီးသော အပင်ဖြစ်သည်။ သင်ပင်ကို အသီးဖြင့် မျိုးဆက်ပြီး စိုက်၍မရ။ သင်ပင်ငယ် ကလေးများကို အပင်ခွဲပြီး စိုက်ရသည်။

သင်ပင်မှ သင်ပွင့်၊ သင်ဖျူးဖျာ၊ သင်အူကြီး၊ သင်အူရရှိသည်။ သင်ပွင့်ကို ဟင်းချက်စားရသည်။ စပယ်ပန်းကဲ့သို့ သီကုံးပြီး ပန်ဆင်နိုင်သည်။

သင်၏အကြောကိုင်ယူလျှင် အပေါ်လွှာ၊ အောက်လွှာ သင်အူဟူ၍ သုံးလွှာရသည်။ အပေါ်လွှာနှင့် အောက်လွှာကို သင်ဖျူးဖျာ ရက်၍ အကွက်ဖော်ပြီး ချည်နီဖြင့် ချုပ်ရသည်။ သင်ဖျူးဖျာတွင် တဖက်ချောနှင့် နှစ်ဖက်ချောရှိသည်။ တဖက်ချောဖျာမှာ အပေါ်လွှာနှင့် အောက်လွှာကို ဟပ်ပြီး ချုပ်ထားသော ဖျာဖြစ်သည်။ နှစ်ဖက်ချောဖျာမှာ အပေါ်လွှာ အကြောမျိုးချည်း ဟပ်၍ ချုပ်ထားသော ဖျာဖြစ်သည်။

သင် ဖျူးဖျာများကို ရဟန်းခံ၊ ရှင်ပြု၊ မင်္ဂလာဆောင်များတွင် အသုံးပြုကြသည်။

သင်အပေါ်လွှာ တပင်နှင့် တပင် ဆက်ပြီးရက်




သော ဖျာမျိုးကို ဆက်ဖျာဟု ခေါ်သည်။
မင်္ဂလာဆောင်များတွင် တန်ဖိုးထားပြီး
အသုံးပြုကြသည်။

သင်အူကြိုးကို နွားနဖားကြိုး၊ လက်ကိုင်ကြိုး၊ နွားလည်ပတ်ကြိုးများနှင့် လှေငယ် တက်စင်းများအတွက် ခတ်ကွင်းကြိုး စသည်ဖြင့် ကျစ်ယူ အသုံးပြုကြသည်။

သင်အူတိုင်ကို ပြာချပြီး အရည်ဖျော်ကာ အဝတ်လျှော်ရသည်။ ပြာမချပဲ သည်အတိုင်း ပုံထားပါက မိုးဦးကျတွင် သင်အူမှို ချိုချိုကို စားရသည်။



သင်ရွက်ကိုလိပ်ပြီး ဗီဗီကဲ့သို့မှုတ်လျှင် နဲ့မှုတ်သကဲ့သို့ အသံမြည်၏။ သင်ပင်၏ အလုံးကို ဘေးနှစ်ဖက်မှ ဓားဖြင့် ရစ်ပြီး ချိုးချလိုက်သော အခါ သစ်သား မြင်းရုပ်ခေါင်းပုံပေါ်လာ၍ မြင်းရုပ် လုပ်ကစားနိုင်သည်။

သင်နုပေါက် အပင်ရင်းသည်ဆေးဖက်ဝင်သည်။ ဆီးအောင့်ဆီး ထိုးသောအခါ သင်နုပေါက်ကို ကျောက်ပျဉ် ပေါ်တွင် ကြိတ်ပြီး ဆီးခုံ ပေါ် အုံ ထားပေးပါက ဆီး ပေါက် သည်ဟု ဆိုသည်။







ကာတွန်း
မောင်မောင်သက်ဦး
လုပ်အားတန်ဖိုး
ပုရွက်ဆိတ်ညို တကောင်သည် အစာရှာဖွေ စုဆောင်းနေစဉ်
ပန်းဝတ်ရည်သောက်ရတာ သိပ်ကောင်းတာဘဲ၊ အလို - ပုရွက်ဆိတ်ညို ပါလား -
လိပ်ပြာတကောင်မှာ ....
ဘာတွေလုပ်နေပါလိမ့် သွား ကြည့်အုံးမယ်၊
ခင်ဗျား ကြည့်ရတာ ပင်ပန်းလှတယ်ဗျာ၊
ဒီလိုအနာခံမှ တနေ့ အသာခံရမှာ
ကျုပ်က အနာမခံရဘဲ အသာခံရတဲ့သူဗျ၊ ပန်းမှုန့်အားလုံးဟာ ကျုပ်အတွက်ဘဲ - ဟောဒီလို ယူပြီး ---
ပန်းဝတ်ရည်ကို ဇိမ်နဲ့ သောက်နိုင်တယ် -
ခင်ဗျားတော့ အစားစာ သိုဖို့အတွက် အပင်ပန်းခံပေအုံးတော့
သို့ဖြင့် ညအချိန်ရောက်သော် ....



လေမုန်တိုင်းတိုက်သဖြင့် ပန်းပွင့်များ ပျက်စီးကုန်လေသည်။
ပန်းဝတ်ရည်သောက်ဖို့ တောထဲသွားအုံးမယ်၊
နောက်တနေ့ နံနက် —
အို-ပန်းပွင့်တွေလဲတပွင့်မှ မရှိတော့ပါလား-
ဒီတောမှာလဲ ပန်းတွေမရှိတော့ဘူး၊
ဟိုဘက်တောဆီကို သွားယင်ပန်းတွေရှိမှာဘဲ သွားလိုက်အုံးမယ်။
ဟင်-ပန်းတွေအားလုံးပျက်စီးနေပြီ၊ ဘာမှမရှိတော့ဘူး၊ ငါလဲပျံရတာမော လှတယ်၊ ခဏနားအုံးမယ်-
အင်း-မေ့နေလိုက်တာ ပုရွက်ဆိတ်ဦးဦးဆီကိုသွားပြီး အစာတောင်းစားရတော့မှာဘဲ-


ကိုလိပ်ပြာ ဘာကိစ္စရှိလို့လဲ
ခင်ဗျားအစာထဲက စားစရာနဲနဲ ပေးပါဗျာ၊
ရပါတယ်၊ ကျုပ်ဟာတဖက်သားကို ကူညီတတ်တဲ့စိတ်ရှိပါတယ်၊ ခဏစောင့်ပါ စားစရာသွားယူလိုက်အုံးမယ်၊
ဟုတ်ကဲ့-
ကဲ-ဒီသကြားခဲကို မိတ်ဆွေ ကြိုက်သလိုစားသောက်ပါ
အခုလိုစားသောက်ရတဲ့အတွက် ခင်ဗျားကျေးဇူးမမေ့ပါဘူး၊ ကျုပ်လှောင်ပြောင်မိတာကိုလဲခွင့်လွှတ်ပါ၊
အေးဗျာ-နောက်ဆိုရင်ခင်ဗျားဟာ ပေါ့ပေါ့ဆဆမနေဘဲ ဘယ်အလုပ်မဆို ကြိုးစားလုပ်ဖို့မမေ့နဲ့ပေါ့ဗျာ-
ဟုတ်ကဲ့-ကျုပ်လဲနောင်တရပါပြီ၊ အခုရှာဖွေစုဆောင်းဖို့ပြန်လိုက်ပါအုံးမယ်၊
ပြီး




ရွက်လှေကို ခေတ်သစ် အားကစားပြိုင်ပွဲ တရပ်အဖြစ် ယှဉ်ပြိုင် စီးနင်းသည့် ကစား နည်းသည် ဟော်လန်နိုင်ငံမှ စတင်ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံအချင်းချင်း ရွက်လှေပြိုင်ပွဲသည် ၁၈၅၁ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။

သမုဒ္ဒရာဖြတ် ပြိုင်ပွဲများအတွက် ၃၅ ပေမှ ၅၃ ပေ ရှည် ရွက်လှေကြီးများကို သုံးသည်။ မြစ်ချောင်း အင်းအိုင်တို့တွင်မူ အရှည်ပေ ၄၀ အောက် ရွက်လှေများကို အသုံးပြုကြ၏။

ဥရောပ နိုင်ငံများတွင် သာမန် အသုံးများသော ရွက်လှေမှာ အရှည် ၂၃ ပေရှိ (စတား) ကြယ် အမျိုးအစား ဖြစ်၏။ အခြား အမျိုးများမှာ ပေ ၂၀ အောက် ၁၆ ပေမှ ၁၉ ပေအထိ ရှည်သော အမျိုးအစားများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၆၁ ခု ဒီဇင် ဘာ ၁၁ လက ပြုလုပ်သော ဒုတိယ အကြိမ်မြောက် ကျွန်းဆွယ် ပြိုင်ပွဲ၌ အသုံးပြုသော ရွက်လှေမှာ ၁၄ ပေအရှည် လှေငယ်နှင့် ၁၉ ပေအရှည် လှေကြီးတို့ဖြစ်၏။ ပြိုင်ပွဲပြုလုပ်သော နေရာမှာ ကန်တော်ကြီး တွင်ဖြစ်သည်။ ယင်း ဒုတိယ ကျွန်းဆွယ်ပွဲတွင်မြန်မာနိုင်ငံသည် ၁၄ ပေ အရှည် လှေငယ် ပွဲ၌ ပထမ ရွှေတံဆိပ် ဆွတ်ခူး ခဲ့သည်။

ရွက်လှေ တစင်းတွင် ပဲ့ကိုင်နှင့် ရွက်ထိန်း ဟူ၍ စီးသူနှစ်ယောက် ပါလေ့ရှိ၏။ သူတို့သည် လေတိုက်နှုန်း၊ လေတိုက်ရာအရပ်၊ ရေအတိမ်အနက်တို့ကို ချင့်ချိန် နားလည်ထား ရသည်။ သို့မှသာ မိမိလှေကို လိုသလိုထိန်း၍ လွှင့်နိုင်ပေသည်။

ကျော်ညွန့်မိုး




အဖြေ။ ၁။ တံဆိပ်ခေါင်းကို စာအိတ်ရှေ့ဖက် လက်ျာအပေါ်ထောင့်တွင်သာ ကပ်ရသည်။ ၂။ ဇွန်းကိုညာလက်၊ ခက်ရင်းကိုဘယ်လက်ဖြင့်ကိုင်ရသည်။ ၃။ စာအုပ်ကိုမျက်စိနှင့် တပေခန့်ခွာ၍ဖတ်ရသည်။ ၄။ လူကြီးသူမများကို တခုခု ကမ်းပေးသောအခါ ဘယ်လက်ဖြင့်မပေးရ။ ၅။ ခေါင်းပေါင်းစကို ညာဖက်တွင် ချရသည်။ ၆။ ယုန်တွင် ကြွက်မြီး ရောက်နေသည်။

# သူငယ်ချင်းကောင်း



မောင်ဇော်၊ စိန်လှိုင် နှင့် တင်မြင့်တို့သည် စတုတ္ထတန်း ကျောင်း သား များ ဖြစ် ကြ သည်။ သူတို့သုံးယောက်သည် အလွန်ရင်းနှီးသော သူငယ်ချင်း များ ဖြစ်၏။ အတူတူကျောင်း သွား ကြ သည်။ ကစားချိန်၌ လည်း သ င့် မြ တ် ကြ သ ည်။ တယောက်ကို တယောက်လည်း ညှာတာသည်။တဦး၏မုံ့တဦးကို ခွဲဝေပေး၍ စားတတ်ကြသည်။

မောင်ဇော်သည် သူတို့သုံး ဦးအနက် အဆင်းရဲဆုံး ဖြစ် သည်။ မောင်ဇော်တွင် အဖေ မရှိ၊ ငယ်စဉ်ကပင် သေဆုံးခဲ့ သည်။မိခင်နှင့် အတူနေရသည်။ မောင်ဇော်၏ မိခင်သည် ဈေး ထဲတွင် ကုန်စိမ်းရောင်း၍ မောင် ဇော်အား ကျောင်းထားသည်။

အတန်းတင် စာမေးပွဲ နီး သောအခါ သူတို့ သုံးဦးသည် အပြိုင်အဆိုင် စာကြိုးစားကြ တော့သည်။ တဦးရသောစာ တ ဦးကိုပြောပြသည်။ တဦးနား မလည်သောစာကို ကျန်သူများ က ရှင်းပြတတ်သည်။ သုံးဦးလုံး နားမလည်သော စာဖြစ်ပါက ဆရာ့အိမ်သို့ သွား၍ အတူတူ မေးမြန်းကြသည်။

တ နေ့ တွင် မောင်ဇော် ကျောင်းသို့ မလာပေ။ စိန်လှိုင် နှင့် တင်မြင့်တို့သည် မောင်ဇော် လာနိုး လာနိုးဖြင့် မျှော်ရင်း ကျောင်းဆင်းခဲ့ရသည်။ နောက် နေ့ တွင် လည်း မ ေ ာ င် ဇ ေ ာ် ကျောင်းမလာပေ။ စိန်လှိုင်နှင့် တင်မြင့် တို့ သည် စိတ် ပူ လာ တော့သည်။

"တင်မြင့်ရေ ဒီကောင် ဘာ ဖြစ်လို့လဲ မသိဘူးကွ"

"အေးကွာ ခါတိုင်းဆို ဒီ့ကို သူလာခေါ်တာဘဲ"

"နေ မ ကောင်း လို့ လား မ သိဘူး"

"ဟုတ်ချင် ဟုတ် မှာ ပေါ့။ ညနေ ကျောင်းဆင်းယင် သူတို့ အိမ် သွားကြည့်ရအောင်"

× × ×

"လူမရှိဘူးထင်တယ် စိန် လှိုင်"

ထိုအချိန်တွင် အိမ်ခန်းထဲမှ မောင်ဇော့်အမေ ချောင်းဆိုးသံ ကို ကြားရသည်။

"ကြီးကြီး ကျွန်တော်တို့ပါ။ မောင်ဇော် သူငယ်ချင်းတွေပါ"

မောင်ဇော်အမေသည် အ ခန်းဝမှ ခေါင်းပြူထွက်လာကာ လက်ရပ်ခေါ် လိုက်သည်။

"ကြီးကြီး နေမကောင်းလို့ ကွယ် မောင်ဇော်လဲ ကျောင်း မတက်နိုင်ရှာဘူး။ အခုသူ ဈေး ရောင်းထွက်နေရတယ်ကွဲ့။ လူ လေးတို့တွေ့ချင်ယင် လိုက်သွား ပါလား။ ဆိုင်နေရာ သိတယ် မဟုတ်လား"

"ဟု တ် ကဲ့၊ သိ ပါ တ ယ် ကြီးကြီး၊ ကျွန်တော်တို့ လိုက် သွားပါဦးမယ်"

ဈေးသို့ ရောက်သောအခါ မောင်ဇော် ဈေးရောင်းနေသည် ကို သူတို့ တွေ့ရသည်။ မောင် ဇော်သည် သူတို့ကို မြင်သော အခါ ဝမ်းသာသွား၏။

"လာကြကွာ၊ ဒီမှာလာ

ထိုင်ကွ။ မေမေနေမကောင်းလို့ ဈေးရောင်းနေရတယ်ကွ။ စာမေးပွဲလဲနီးပြီ၊ ငါတော့ ဒုက္ခပါဘဲ...."

"ငါတို့ ရှိပါသေးတယ်ကွာ။ မင်းကျောင်းမတက်တုန်း သင်တဲ့စာတွေ ဒို့ကူးပေးမှာပေါ့။ အားတဲ့အခါ စာကြည့်ပေါ့"

"အေး– ငါကတော့ ဈေးရောင်းရင်းနဲ့ ဝယ်သူမလာယင် စာဘဲ ကြည့်နေတာဘဲ။ ဒါပေမဲ့ အောင်မှ အောင်ပါ့မလား မသိဘူးကွာ"

အား မလျှော့ပါနဲ့ကွာ၊ဒို့စာတွေ ကူးပေးပါ့မယ်။ မင်းသာ ကြိုးစားပြီးစာကြည့်ပါ"

"အေးကွာ ကျေးဇူးတင်ပါတယ်။ မနေ့ကတောင် ဆရာမ လာသေးတယ်။ သူကလဲ စာတွေသာ ကြိုဖတ် ထား ပါ တဲ့။ နားမလည်ယင် သူလာတဲ့အခါ မေးလို့ပြောတယ်"

"ဒီလိုဆို ပိုကောင်းတာပေါ့ကွ။ စိတ်မပူပါနဲ့ကွာ။ ဒို့ပြန်မယ်နော်"

× × ×

စာမေးပွဲများ ဖြေပြီးကြသောအခါ သူတို့သုံးယောက်လုံး ကောင်းစွာ ဖြေဆိုနိုင်ကြ၍ ဝမ်းသာနေကြသည်။

"တော်ပါသေးရဲ့ကွာ၊ မေမေကလဲ အချိန်မီ နေကောင်းလာလို့။ နောက်ပြီး မင်းတို့ကလဲ ကူညီလို့ပေါ့၊ နို့မဟုတ်ယင် ငါတော့ စာမေးပွဲကျပြီဘဲ"

မောင်ဇော်၏ ကျေးဇူးတင်စကားကြောင့် စိန်လှိုင်နှင့် တင်မြင့်တို့သည် ကြည်နူးသွားကြသည်။ သူတို့သုံးယောက်သည် စာမေးပွဲ ဖြေဆိုသော ကျောင်းဝင်းအတွင်းမှ အတူတူ ထွက်လာကြသည်။ ကျောင်းဝတွင် သူတို့၏ အတန်းပိုင်ဆရာမနှင့် တွေ့သည်။

"တပည့်တို့ ဖြေ နိုင် ကြ ရဲ့ မဟုတ်လား"

"ဖြေနိုင်ပါတယ် ဆရာမ"

သူ တို့ သုံး ယောက် လုံး က ဝမ်းသာအားရ ဖြေကြသည်။

"မောင် ဇော် ကောင်း ကောင်း ဖြေနိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ် ဆရာမ။ ကျွန်တော် စာမေးပွဲ ဖြေနိုင်တာ သူတို့နှစ်ယောက်ရဲ့ ကျေးဇူးပါဘဲ။ ဆရာမကိုရော သူတို့နှစ်ဦးပါ ကျွန်တော် သိပ်ကျေးဇူးတင်တာဘဲဆရာမ။ မေမေကလဲ သိပ်ဝမ်းသာနေတယ်"

"အေးပေါ့ကွယ်၊ သူငယ်ချင်းကောင်းဆိုတာ တဦးမှာ အခက်အခဲ အကျပ်အတည်းနဲ့ တွေ့ယင် ကူညီ ဖြေရှင်းပေးရတာဘဲ။ ခေါင်းမရှောင်ရဘူး။ အေးအတူ ပူအမျှ ဆိုသလိုပေါ့ကွယ်။ ဒါမှ အဆွေခင်ပွန်းကောင်းလို့ခေါ်တာ"

ဆရာမ၏ ချီးကျူးမှုသည် သူတို့သုံးဦးအား ဝမ်းသာကြည်နူးသွားစေပါသည်။

× × ×

## လပြည့်နှစ်ဝန်း

လဆန်းရက်တွင်၊ ကျောင်းသို့ဝင်၊
ဝလုံးရေးဘို့ပြင်။
လအသွင် သဏ္ဍာန်ကွေး၊
ဝလုံး မပီသေး။
လပြည့်ရက်တွင်၊ ဒုတန်းခွင်၊
စာကိုကြိုးစားသင်။
လအသွင် ဝိုင်းဝိုင်းလေး၊
ဝလုံး ပီပီရေး။
လက်ရေးအလှ လဝန်းပ၊
ယှဉ်ပြိုင်ကြကြစို့။
ထိုညတရက် ကောင်းကင်ထက်၊
လပြည့် နှစ်ဝန်းထွက်။ ။

ကြည်မွေ့(ဟံသာဝတီ)



R. 517

# နဂါး








နဂါးသည် မြွေအမျိုးအစားတွင် ပါဝင်သည်ဟု ဆိုသည်။ ဗုဒ္ဓဝင် စာပေနှင့် တေးသီချင်းအချို့တို့တွင် နဂါးကို "မြွေမင်းရာဇာ" ဟု ရေးသား သီဆိုကြသည်။ မြွေမင်းရာဇာ ဟူသော စကားသည် မြန်မာနှင့် ပါဠိ နှစ်မျိုး တွဲစပ်ထားခြင်း ဖြစ်၍ မြွေတို့၏အရှင်ဘုရင်နဂါးမင်း ဟု အဓိပ္ပါယ် ရသည်။ ရှေးအခါက မြတ်စွာဘုရား တရားဟောစဉ် မုစ္စလိန္ဒာ နဂါးမင်းက ပါးပြင်းဖြင့် အုပ်ကာ အရိပ်မိုးပေးသည် ဟု ဗုဒ္ဓဝင် စာပေကျမ်းဂန်တွင် ပါရှိသည်။ မြန်မာ ရာဇဝင်အရ တကောင်းခေတ်က မောင်ပေါက်ကျိုင်းသည် နဂါးကို နိုင်လိုက်သဖြင့် 'သတိုးနဂါးနိုင်မင်း' ဟု ဘွဲ့မည်ရကြောင်း သိရသည်။ စစ်ကြိုခေတ် မြန်မာနိုင်ငံတွင် နဂါးနီစာအုပ်သင်းဟု ရှိခဲ့ပြီး မြန်မာ့ကုန်သည်လောကတွင် နဂါးရုပ်ကို ကုန်အမှတ်တံဆိပ် အဖြစ် အသုံးပြုလေ့ရှိသည်။

ဝါဝါအောင်















ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွား ဂျာနယ်

အတွဲ ၁၊ အမှတ် ၄၃၊ ၂၅-၁၀-၆၉

## စကားပြောသော နီနီအောင်

ဇာတ်လမ်း- မောင်မြတ်ဖေ (မန်းတက္ကသိုလ်)

သရုပ်ဖော်




နီနီအောင်တို့သည် ကျုံးထဲသို့ဝင်သွားသော ဂေါနီ မြောင်းအတိုင်း ဆောရှေ့သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။


ခပယ်နဲ့လေးက မွေးလိုက်တာ၊
ခပယ်နဲ့မွေးတာကိုဖြော၊ ဂျွဲဆက်ခေါက်ကလေးမဖြောနဲ့ မိကျောင်းမလေး၊
ဒီခေါင်းဖြောင်ရှာတဲ့ ကောင်မလေးတော့ သိဂေ့ ပေါ့ကွာ- ဟင်း-
မေမေ- ဒီစပါးပင်တွေကြည့်စမ်းပါဦး၊ ဒီလို စပါးပင်တွေ ထောင်ထောင်မတ်မတ်နေတာဟာ၊ အဆံမပြည့်လို့တဲ့ မေမေရဲ့၊ အဆံပြည့်တဲ့ စပါးပင်တွေကတော့၊ ငုံ့နေသတဲ့၊ ဒါကြောင့်သမီးတို့ဆရာမက ပြောတယ် အရည်အချင်းမပြည့်တဲ့လူတွေဟာ၊ အဆံမပြည့်တဲ့ စပါးပင်တွေလို၊ ထောင်ထောင်လွှားလွှားနေတယ်၊ အရည်အချင်းပြည့်တဲ့လူတွေကတော့၊ ငုံ့လျိုးနေကြတယ်တဲ့၊
အေး- သမီးက တယ်တော်ပါလားကွယ်၊ ဟုတ်တယ်ကွယ့်၊ ဒါကြောင့် စကားပုံတခုရှိတယ်၊ စပါးနှံအဆံပြည့်မှ ငုံ့၊ လူကုန်ထံ- မိတ်ကာန် လျော့ရှိ ကျိုးတဲ့၊
မေမေ- ဘဲတွေ ငန်းတွေ၊ ဘာကြောင့် ရေပေါ် ပေါ်နေတာလဲ- သိလား၊ ရေပေါ်မှာပေါ်ကဲ့နေပါ့မလား မေမေရဲ့၊ သူတို့မှာ အမွေးမှုကြီးတွေ ရှိတာကိုး၊


အောင်မယ်လေး - ကယ်ကြပါဦး -
ရှူး - ရှူး -







သီတင်းကျွတ်ချိန် မီးထိန်လင်းလို့၊ မြတ်ဆင်းဗုဒ္ဓပူဇော်မယ်။



တူပျော်ကြတယ် ချေါက်ကာကန်တော့လို့၊
ကြော့ကြော့ မော့မော့ ဝတ်စားမယ်။




အများတကာကွယ် မျက်စိနောက်အောင်၊
မြောက်အိုးပေထုပ် မဖောက်ဘူးကွယ်။



စိန္တေဦးဆီ ဝတ်တွားခလို့၊
အကျွတ်တရားရဘို့ ခံယူမယ်။



စံယူစဘွယ် မိဘနှစ်ပါးနဲ့၊ ဆရာသမားကိုလဲ
ဂါရဝတသွယ်၊ ပြုမယ် ပြုမယ်။



ကြောက်ရှိုးသံ
မောင်မှူးမြင့်
ကာဆု (ကျုံပျော်)
ဟိုကောင်မလေးတွေလန့်သွား အောင်ကြောက်အိုးပစ်ထည့် ကြရအောင်ကွ
အေးကွ
ကဲ - တစ် - နှစ် - သုံး
ဒိုင်း
ဟဲ့-ပလုပ်တုတ်
ဟဲ့မုဒ္ဒါ
ဒိုင်း
ဒိုင်း
အမယ်လေး
ဟား-ဟား-ဟား လန့်ပြေးကုန်ပြီကွ
ဟဲ-ဟဲ-ဟဲ
ရှီ
ကဲ-က-က-ကိုယ့်လူ တို့ဂါတ်စခန်းကြွခဲ့ကြ ပေတော့
ဟင်
ဟီး-ဟီး
ဟီး-ဟီး
ဟီး
ဝေါ်ဝေါ်တုန်းကတော့ မင်းတို့ဂုယ်နိုင်ကြပြီး အခုမှ
ကျနော်တို့ မှားပါပြီ ခင်ဗျာ
အေး၊ နောက် ဘယ်တော့မှမ လုပ်ကြနဲ့

ဦးလေးတွတ် — ရေးသည်

# လူဦးရေ သိန်း ၂၇၀

သရုပ်ဖော်-ပန်းချီ ဦးအေးတင်





ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်း
လုံး၌ စုပေါင်း နေထိုင်ကြသော
လူဦးရေမှာ သိန်း ၂၇၀ ခန့်
(၂၆,၉၈၀,၀၀၀)ဖြစ်သည်။

ရန်ကုန်မြို့တွင် လူဦးရေ ၁၈
သိန်းနီးပါး(၁,၇၈၅,၀၀၀)
နေထိုင်သဖြင့် လူဦးရေ အ
များဆုံး မြို့ဖြစ်သည်။



ဧရာဝတီတိုင်းတွင် လူဦး
ရေ လေးဆယ့် နှစ်သိန်း
ကျော်(၄,၂၆၄,၀၀၀)
နေထိုင်သဖြင့် လူအများ
ဆုံးတိုင်းဖြစ်သည်။



က ယား ပြည် နယ် တွင်
လူ ဦး ရေ တ သိန်း ကျော်
(၁၁၃,၀၀၀) သာ နေ
ထိုင်သဖြင့် လူအနည်းဆုံး
ပြည်နယ်ဖြစ်သည်။



ပြည်ထောင်စု
တခုလုံးတွင်

အမျိုးသား ဦး ရေ ထက် အမျိုး သမီးက များ
သည်။ အသက်အရွယ် အပိုင်းအခြားအလိုက်
တွင် ရွှေသွေးအရွယ်နှင့် လူငယ်တို့က ဦးရေ
အများဆုံးဖြစ်လေသည်။



# သိပ္ပံ နှင့်

သိပ္ပံပညာသည် လူသားတို့၏ ဘဝကို ပြောင်းလဲ မြှင့်တင်ပေးလျက်ရှိသည်။

ရှေးက တနေကုန် ပင်ပန်းစွာ လုပ်ကိုင်ရ၍ အားလပ်ချိန် မရခဲ့ကြ။ ယခုသော် အားလပ်ချိန် ပိုရစေခဲ့သည်။

ရှေးက တဦးနှင့်တဦး ဆက်သွယ်ရာတွင် မုံသံ၊ တုံးသံ၊ မီးရောင်၊ မီးခိုးတို့ဖြင့် အချက်ပြခဲ့ကြရသည်။ ယခုသော် တယ်လီဖုန်း၊ ကြေးနန်း၊ ရေဒီယိုတို့ဖြင့် ကမ္ဘာအနှံ့နာရီပိုင်းအတွင်း ဆက်သွယ်နိုင်ကြပြီ။

တချိန်တုန်းက လှည်း၊ လှေတို့ဖြင့်သာ ခရီးသွားနိုင်ခဲ့၍ ကြန့်ကြာပြီး ခရီးမတွင်ခဲ့။ ယခုသော် မော်တော်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်တို့ဖြင့် ခရီးတွင်တွင် သွားနိုင်ကြပြီ။

ယခင်က လူအများနှင့် အချိန်ကြာမြင့်စွာ ခွန်အားစိုက်ပြီး ပင်ပင်ပန်းပန်း လုပ်ခဲ့ကြရသော လုပ်ငန်းခွင်တွင် ယခုသော် စက်များကြောင့် သက်သာလာကြပြီ။

# လူသား

တင်ပြသူ-ကိုကိုဝေ
သရုပ်ဖော်-ဂျူ



သိပ္ပံနည်း ကျသော ဆေးဝါး ကုသမှု ကျေးဇူးကြောင့် ဆရာတု ဆရာကြမ်းတို့၏ ဘေးရန်မှ ကင်းဝေးကြရပြီ။

ရှေးက လူတို့ ကြောက်ခဲ့ကြရသော သိကြားမင်း၏ ဝရဇိန်လျှပ်ပန်း လက်နက်ကို ယခုအခါ သိပ္ပံပညာက လူ့အကျိုးဆောင် အလင်းရောင်ရအောင် စေခိုင်းထားပေပြီ။

လူတို့သည် ရှေးက ဝတ်ဆင်ရန် သားရေနှင့် မြက်တို့ကို အားကိုး ပြုခဲ့ရသည်။ ယခုသော် သိပ္ပံ ပညာ ကျေးဇူးကြောင့် ကျောက်မီးသွေး၊ နို့နှင့် ပဲတို့မှပင်လျှင် ဆန်းသစ်သော အထည်များ ရလျက် ရှိသည်။

ရှေးက အတွေးဟောင်း၊ အယူ အဆဟောင်း၊ အယူ သည်းမှုများသည် သိပ္ပံပညာ၏ စံနစ်ကျသော လေ့လာမှုကြောင့် ပျက်ပြယ်ကာ လူသားတို့၏ကမ္ဘာနှင့်တကွ စကြဝဠာကြီး၏ အကြောင်း ကိုပင် လေ့လာ သိရှိနိုင်ကြပေပြီ။


အဆုံး အဖြတ်
သရုပ်ဖော် ။ ။ ထွန်းသန်း ။
ဇာတ်လမ်း ။ ။ ဖြတ်ကျော်
တခုသောအခါက ။ အကျဉ်းထောင်သို့ ။ ။ ။
ဤလုလင်ကို အလုပ်ကြမ်းနှင့် ထောင်၃နှစ်တသက် အကျဉ်းချထားရန် အမိန့်တော် ပါပါတယ် ။
အလို ။ သနားစရာပါကလား ။ ၊ ရုပ်ရည်သနားကမားနဲ့ ။ အဖြစ်ဆိုးလှချည်ကလား ကလေးရယ်
အမှုက ဘာအမှုများလဲကွဲ ။ ။ ။
ခရီးသည်တဦးဆီက ပစ္စည်းယူပြေး ။ လူကို သတ်ပစ်ခဲ့တဲ့ အမှုပါ ။
မင်းချင်းတို့ ပြန်ထွက်သွားကြသောအခါ ။ ။
ဘယ့်နှယ့် မောင်ရှုပ ။ မင်းအမှုက အမိန့်တော်မှာ ပါတဲ့ အတိုင်း အမှန်ဘဲလား ။ ။ ။
ကျနော့်မှာ ညှာတာ ထောက်ထားတတ်တဲ့ စိတ်ရှိပါတယ် အဘ ရယ် ။ ၊ အခုဟာ က- မတရားအပြစ်ပေး ခံရတာပါ ။ ။ ။ ။ ။
မင်းငါ့ကို လိမ်ညာပြော နေတာများ လား မောင် ရှုပ ရယ် ။ ။


လိမ်ညာရန်မ ဝံ့ပါ အဘရယ်၊
ရုပ်ရည်ရူပကာယ ပြေပြစ်ချောမောသလောက် အပြောအဆိုလေးကလဲ ယဉ်ကျေးပါပေတယ်။ အပြစ်ပေးရက်စရာမရှိဘူး၊ဘယ်နှယ်လုပ်ရပါ့မလဲ
အာဏာသားအိုကြီးသည်။ ဖောင်ရူပအား သူ့ရင်သွေးနှင့် မခြား။ ချစ်သနားလာမိသည်။။
ဒီကလေးကိုလွှတ်ပစ်လိုက်ရင်။ ငါဟာ မင်းပြစ်မင်းဒဏ်ကိုခံရမှာဘဲ။၊အို ငါလဲအသက်ကြီးပြီဘဲ၊သေပျော်ပါပြီလေ ။ဒီကလေးကိုငါကယ်မယ်။ ငါကယ်မယ်၊
ထို့နောက်
ကဲ။ လူကလေး ဘာမှမပူနဲ့။ မင်းဒီကထွက် ပြေးနိုင်အောင်။ အဘ ကူပေးမယ်။ ။ ။ ။ ။
။ ။ ။ ။ သို့ နှင့် ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။
ဪ။ လူကလေး။၊အဘအိုတာမင်းတာစု ဆောင်းထားတဲ့ဟောဒီအသပြာတွေကိုယူသွား ။ကြားတော့။ အဘပြောတဲ့လမ်းခရီးကနေ ဒီ မင်းရဲ့ဘေးကင်းရာကိုပြေးနော်။ ဟုတ်လား
နေဦး။ ခရီးလမ်းအကြားမှာ လူကလေးဆာနေမယ်။ ။လာ။ အဘနဲ့ထမင်းလက် ဆုံ ဝင်စားသွားချေ။ ။


အာလာသားအိုကြီး၏ ထမင်းထုပ်တွင် ကြက်သားတတုံး × ကြက်အသည်းတတုံးနှင့် ငပိတဲ့လက်မခန့်သာ ပါသည် × × ×၊
အာလာသားအိုကြီး သည် × ငပိနည်းနည်းနှင့်သာ ထမင်းစားသည် × ×၊ × × မောင်ရုပသည် ကြက်အသည်းတုံးကို စ၍ နှိုက်ပြီး ပလုပ်ပလောင်း စားနေသည် × × × × × × ထို့နောက် အသားတုံးကို လက်ဦးအောင် ထပ်နှိုက်ကာ စားပစ် လိုက်ပြန်သည် × ×၊
× ထို့ကြောင့် × × × × ×
အင်း × ငါတော့ လူကဲခတ် မှားပြီ ×၊ အာမ ဟုတ်တဲ့ အစားအသောက်မှာတောင်မှ၊ ဒီလောက်လောဘရမက်ကြီးသူဟာ × ရွှေ ငွေဥစ္စာနဲ့ဆိုယင် ပိုဆိုးတော့မှာပေါ့ × ×
အံ့မယ် × ငါ့ကို ခုခံပါကလား ×
အေး × ကောင်းတယ် ×၊ မင်းအခုလို ခုခံတော့ ငါ့အဖေနဲ့ မင်းရဲ့ ဒါးသည်းတဲ့ အတွင်းသဘောကို ပိုပြီး တိတိကျကျ သိရတာပေါ့ မောင်ရုပရဲ့ × × × ×
ပြီးတော့ × ငါ့ရဲ့အဆုံးအဖြတ်ဟာ မှန်ကန်ကြောင်း ပိုပြီး ထင်ရှားတာပေါ့ ×၊ ဒါကြောင့် မင်းရဲ့အပြစ်ဒဏ်ကို မင်းသာ ခံပေတော့ပေါ့ကွယ် ×၊



# လွန်ဆွဲ

ကျော်ဆွန့်မိုး

လွန် ဆွဲ ခြင်း သည် မြန်မာ့ ရိုးရာ အားကစားတရပ် ဖြစ်သည်။ များသောအားဖြင့် အမျိုးသားချင်း၊ အမျိုးသမီးချင်း အဖွဲ့လိုက် ယှဉ်ပြိုင်ဆွဲကြသည်။ လွန်ဆိုသည်မှာ ကြိုးကို ခေါ်သော မြန်မာစကား ဖြစ်၏။

လွန်ဆွဲမည့် နှစ် သင်း တွင် ဘဖက်လျှင် လူဦးရေ အညီအမျှစီ ပါရှိရသည်။ ခိုင်ခံ့သော အုန်းဆံကြိုးရှည် တချောင်းကို အလယ်ဗဟိုတွင် ပန်းစည်းကြိုး စည်နှောင် ထားသည်။ ပန်းစည်းကြိုးသည် နှစ်ဖက်လူတို့ ဆွဲယူရမည့် အမှတ်အသား ဖြစ်သည်။ တဖက်မှ ရှေ့ဆုံးလူနှင့် အခြားတဖက်မှ ရှေ့ဆုံးလူသည် ခြောက်ပေ ကွာ ရ သည်။ ထိုခြောက်ပေကွာ စည်းနှစ်ခု၏ အလယ်တွင် ဗဟို စည်းကြောင်း တခုရှိ၏။ လွန်ကြိုးပေါ်ရှိ ပန်းစည်းကြိုးစသည် ပွဲမစမီ ထိုဗဟိုစည်း နှင့် တည့်တည့် ရှိ စေ ရ သည်။

ဒိုင်လူကြီးက အချက်ပေးလိုက်သည်နှင့် တပြိုင်နက် အသင်းနှစ်သင်းသည်ပန်းစည်းကြိုးကို မိမိတို့ဖက်ရှိ စည်းကြောင်း လွန်လာအောင် အားကုန်သွန်၍ ဆွဲယူကြရသည်။ သက်လုံကောင်းခြင်း၊ ဇွဲရှိခြင်းနှင့် လက်ကြော၊ ကြွက်ကြော သန်စွမ်းခြင်းစသည့်အရည်အချင်းတို့နှင့် ပြည့်ဝသောအသင်းက နောက်ဆုံးတွင် အနိုင်ရလေ့ ရှိသည်။ လွန်ဆွဲရာတွင် လွန်ကြိုးကို တတ်နိုင်သမျှ နှိမ့်၍ဆွဲရသည်။ သို့မှသာ လွန်ကြိုးအပေါ်တွင် ကိုယ်လုံးအားသက်ရောက်၍ ကြံ့ကြံ့ခံထိန်းထားနိုင်သည်။

ခြေကန်ရန်အတွက် မြေကြီးပေါ်တွင် ဖနောင့်ထိုး၍ အားပြုရန်လိုသည်။ ထိုအခါ ဒူးသည် များစွာ အရေးပါ၏။ ဒူးခိုင်သူသည် လွန်ဆွဲအား ပိုမို ရှိလေသည်။

လွန်ဆွဲပွဲ အနိုင်အရှုံး ဆုံးဖြတ်ရာတွင် ရှေးခေတ်က သုံးကြိမ်ဆွဲရ၍ နှစ်ကြိမ်နိုင်မှ အနိုင်ပေးသည်။ ယခု ခေတ်တွင်မူ တကြိမ်သာလျှင်ဆွဲရလေသည်။



စိမ်း၊ နီ၊ ဝါ၊ ပြာ အရောင်များဖြင့် ခြယ်ပါ။



# ဦယ့်အရှည့်

အောင်လှိုင်ထွန်း

ကျွန်တော်တို့ ရပ်ကွက်တွင် စာကြည့်တိုက် တခု ရှိပါသည်။ ထိုစာကြည့် တိုက်တွင် လူကြီး လူငယ် အားလုံး ဖတ်ကြပါသည်။ လူငယ်များ အတွက် စာဖတ်ရန် စာပွဲတလုံး ထားရှိပေးပါသည်။ ထိုစာပွဲပေါ်တွင် လစဉ်ထုတ် ရွှေဆောင်လူငယ်၊ တေဇနှင့် ဒို့ကျောင်းသား စာစောင်များ အသင့် ရှိနေတတ်ပါသည်။ အခြားသော ပုံပြင်စာအုပ်အချို့လည်း ရှိပါသည်။

ကျွန်တော်၊ ဖေဌေး၊ လှခက်၊ အောင်လွင်စသော ကျောင်းနေဖက် သူငယ်ချင်းတစုသည် အမြဲတမ်း သွားရောက် ဖတ်ကြပါသည်။ ဖတ်ရင်းက လိုချင်သော ပုံများ၊ ကာတွန်းများတွေ့ပါက စာကြည့်တိုက်မှူး မသိအောင် ခိုးယူတတ်မြဲ ဖြစ်ပါသည်။ တခါတရံတွင် စာအုပ်တအုပ်လုံးကိုပါ ခိုးယူတတ်ပါသည်။

ကျွန်တော်တို့ ဖက်ရှိ စာပွဲပေါ်တွင် တင်ထားသော စာအုပ်များသည် လူကြီးများ စာပွဲပေါ် ရှိ စာအုပ်များကဲ့သို့ သေသပ်စွာမရှိကြတော့ပါ။ လဆန်းဆယ်ရက်ခန့်ကြာသည်နှင့် စုတ်ပြဲ ပေရေ ကျေမွ နေတတ်ပါသည်။ ကျွန်တော်တို့လူသိုက်၏ လက်ရာများပင် ဖြစ်ပါသည်။

ပြီးတော့ ရှိပါသေးသည်။ "စကားကို တိုးတိုးပြောပါ"ဟု စာကြည့်တိုက်ထဲတွင် ရေးထားသော်လည်း ရံဖန် ရံခါ ကျွန်တော်တို့ အော်ပြောတတ်မြဲဖြစ်ပါသည်။

"ဟေ့ ကလေးတွေ တိုးတိုး တိတ်တိတ် နေကြပါကွာ၊ မဆူကြပါနဲ့။ မင်းတို့က အော်ဟစ်နေတော့ စာဖတ်နေတဲ့ လူတွေကို အနှောင့်အရှက် ဖြစ်တာပေါ့ကွ...."ဟု စာကြည့်တိုက်မှူးက ဖျောင်းဖျ တတ်ပါသည်။ သို့သော် ကျွန်တော်တို့က မှုနားထောင်လေ့ မရှိပါ။

ယနေ့ကျွန်တော်တို့ကျောင်းမှ အတန်းပိုင်ဆရာ ဦးလှမြင့်က တိရစ္ဆာန်အကြောင်း သင်ကြားရင်း ယခုလထုတ် ရွှေဆောင်လူငယ်ဂျာနယ်မှ မောင်လူအေးရေးသော "တီကောင် ပြောသောပုံပြင်"ဆောင်းပါးကို ဖတ်ခိုင်းပါသည်။ ရွှေဆောင်လူငယ်ဂျာနယ်မရှိသောသူများကို စာကြည့် တိုက်များတွင် သွားရောက် ဖတ်ခိုင်းပါသည်။

ထို့ကြောင့် ညနေစာ စားပြီး သည်နှင့် ကျွန်တော် သည် လှခက်ကို ခေါ်ကာ စာကြည့်တိုက်သို့ ထွက်ခဲ့ပါသည်။

စာကြည့်တိုက်တွင် လူကြီးများ သိပ်မရှိသေးပါ။ ကလေးများသာ တော်တော်များများ ရောက်နေ ကြပါသည်။ ကျွန်တော်နှင့်လှခက်လည်း စာကြည့်တိုက်တွင်းသို့ လျင်မြန်စွာ ဝင်ရောက်ကာ ရွှေဆောင် လူငယ်ဂျာနယ်ကို ရှာကြည့် လိုက်ပါသည်။ တွေ့ပါပြီ။

ကျွန်တော် သည် မောင်လူအေး ရေးသော တီကောင် ဆောင်းပါးရှိရာ စာမျက်နှာကို လှန်လိုက်ပါသည်။ တီကောင်ပုံ

ကလေးနှင့် ဆောင်းပါးကို တွေ့ရသောအခါ ကျွန်တော်တို့ နှစ်ယောက် ခေါင်းချင်းဆိုင်၍ ဖတ်ကြပါသည်။ စိတ်ဝင်စားစွာဖြင့် ဖတ်နေကြခြင်း ဖြစ်ပါသည်။ ထိုအခိုက် စူးဝါးစွာ အော်လိုက်သော ကလေးသံကြောင့် ကျွန်တော်ရော လှခက်ပါ လန့်သွားပါသည်။ စိတ်ဝင်စားစွာ ဖတ်နေစဉ် ဤသို့ ဖြစ်ရခြင်းကြောင့် များစွာ စိတ်ဆိုးမိပါသည်။ တခြား ကလေးများကလည်း သူတို့ပြောလိုရာကိုကျယ်လောင်စွာပြောနေကြပါသည်။

"ကလေးတွေကလဲ သိပ်ဆူတာဘဲကွာ"

လူကြီးများ စာဖတ်နေစဉ် ကျွန်တော်တို့ အော်ဟစ်ခဲ့မိသည်များကို မှားမှန်း တွေးလိုက်မိကာ စိတ်မကောင်း ဖြစ်မိပါသည်။

ကျွန်တော်နှင့် လှခက်တို့သည် ကလေးသံများကြောင့် လူကြီးများ စာပွဲသို့ ပြောင်းဖတ်ရပါသည်။ လူကြီးများ၏ စာပွဲမှာ စာကြည့်တိုက်မှူး၏ ရှေ့တွင် ဖြစ်သဖြင့် စာကြည့်တိုက်မှူးက ကျွန်တော်တို့အဖြစ်ကို မြင်သွားပါသည်။

"ကလေးတွေ ဆူလို့နဲ့ တူတယ်"

"ဟုတ်ကဲ့ ဦးဦး"

ကျွန်တော်တို့သည် ဆောင်းပါးကို ဆက်ဖတ်နေကြပါသည်။ ထိုဆောင်းပါးကို မရ၍မဖြစ်ပါ။ ဆရာဦးလှမြင့်က ဖတ်ခိုင်းသည်မှာ မေးလိုသောကြောင့် ဖြစ်ပါသည်။

"ဟင်"

ကျွန်တော်တို့ နှစ်ယောက်စလုံး ပြိုင်တူ အသံထွက်သွားပါသည်။ ကျွန်တော်တို့ အသံကြောင့် စာကြည့်တိုက်မှူးက မေးပါသည်။

"ဘာဖြစ်လို့လဲ ငါ့တူတို့"

ကျွန်တော်တို့ ဖတ်နေသော ဆောင်းပါးမှ ကျွန်တော်တို့ဖတ်လိုသော စာမျက်နှာမှာ စုတ်ပြဲနေပါသည်။ ကျွန်တော်တို့ ဆက်ဖတ်၍ မရပါ။

စာကြည့်တိုက်မှူးလည်း အကြောင်းစုံ သိသောအခါ စိတ်မကောင်းစွာဖြင့် ပြောရှာပါသည်။

"အေးကွာ၊ စာကြည့်တိုက်က စာအုပ်တွေဟာ လူတိုင်းဖတ်ဖို့ ပေးထားတာဘဲ။ ဒါပေမဲ့ ကိုယ်လိုချင်တိုင်း ဆုတ်ဖြဲယူတာတော့ မကောင်းဘူးပေါ့ ငါ့တူတို့ရာ။ ခုတော့ ငါ့တူတို့မှာ သူတို့ကြောင့် စာမဖတ် ရတော့ဘူးပေါ့"

စာကြည့်တိုက်မှူးကို ကျွန်တော်တို့ ကြောင်ငေး၍ ကြည့်နေမိပါသည်။ ဤစာရွက်ကို ကျွန်တော်တို့ကဲ့သို့သော လူဆိုးကလေးများက ဆုတ်ဖြဲသွားကြခြင်း ဖြစ်ပေမည်။

ကျွန်တော်နောင်တရပါပြီ။ ကျွန်တော်တို့ကဲ့သို့ ကျန်လူများ မထိခိုက်စေရန် ဆင်ခြင်ပါတော့မည်။

# ဝါကျွတ်ပွဲ

မီးပုံးလေးတွေ စီရီတန်း၊
စိမ်းပြာနီဝါ ရောင်စုံသန်း။


ဝတီနန်းက လှမ်းကြွလာ၊
ဗုဒ္ဓရှင်အား ရည်မြော်ကာ။

ပူဇော်ပါလို့ ဦးနှိမ်ညွတ်၊
ပွဲတော် သီတင်းကျွတ်။

ဝါလကင်းလွတ် သည်ချိန်ခါ၊
ရှိုးရာစလေ့ပါ။

မိဘဆရာ ဘိုးနဲ့ဘွား၊
ရှိခိုးပူဇော် ကြစို့လား။ ။

တက္ကသိုလ် ကြည်မာ



R. 517






ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်အုန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၄၄၊ ၁-၁၁-၆၉






ရှေးတုန်းက အလွန် ချောလှသည့် မင်းသမီး လေးတပါးရှိသည်။ သူ့နာမည်က မာလာဟု ခေါ်၏။



မာလာကို နှစ်သက် စွဲမက်သည့် မင်းညီ မင်းသား အမြောက်အမြားရှိသည်။




တနေ့တွင် မင်းကြီးသည် သမီးတော် အတွက် သင့်တော်ပြီး တိုင်းပြည်ကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်နိုင်မည့် မင်းသား ရွေးချယ်လို၍....





အသင့်တော်ဆုံး ဖြစ်မည် ထင်ရသည့် မင်းသား သုံးပါးကို ရွှေတော်သို့ ခေါ်ယူ ပြီးလျှင်...


..... ထို့ကြောင့် သမီးတော်
အတွက် အဖိုးအတန်
ဆုံး လို့ သင့်ဘို့ထင်မြင်တဲ့
လက်ဆောင်တခုစီ ကို
ရှာဖွေ၍ တလပြည့်
သောအခါ လာ ရောက်
ဆက်သကြရမည်
သူတို့အထဲမှ တဦးကို ရွေးချယ်ပြီး သမီးတော်နှင့် ထိမ်းမြား လက်ထပ်ပေးမည်ဖြစ်၍....
အဖိုးအတန်ဆုံး လက်ဆောင် တခုစီ ရှာကြပြီး တလပြည့်သောအခါ လာရောက် ဆက်သရန် အမိန့် ချမှတ်လိုက်သည်။
ချိန်းဆိုထားသောနေ့ရောက်သောအခါ
မင်းသားဖနပါလိတဲ့ လက်ဆောင်အမျိုးအမည်လျှောက်ထားလော
မင်းသားများ လာရောက် ခစားကြသဖြင့် ဘုရင်ကြီး က လက်ဆောင်ကိုမေးသော်...
မင်းသားမနသည် အသာထရပ်၍ လက်ခုပ်တီးလိုက်ရာ....
သူ့တပည့်များသည် အလွန် လေးလံ ကြီးမားသော ကျွန်းသေတ္တာကြီးတလုံး ယူလာပြီး ....
စိန်၊ ပတ္တမြား၊ နီလာ၊
ဂေါ် မုတ်၊ ပုလဲ-
ဘုရင့်ရှေ့တော်၌ ချလေ၏။ မင်းသားမန က အတွင်းမှာ ပါသော စိန်ရွှေ ကျောက်သံ ပတ္တမြားများကို ခန့်ခန့်ကြီး ပြသလေသည်။



မာလာသည် ပင်လျှင် အတော် ပီတိ ဖြစ်သွား လေသည်။
မင်းသား မလ....
ဘာများ ပါလာသလဲ
လျှောက်တင်လေ!
အကောင်းဆုံး လက်ဆောင်တော် အဖြစ်နှင့် ကျွန် (ရှန်အောင်ဆိုင်) တူ မီးသေနတ် ကိုတင်ဆက်လို ကြောင်းပါဘုရား
ဘုရင်ကြီးက ဇွန်ရြေရရပင်နေပြီး နောက်တယောက်ကို မေးပြန်သော် အထုပ်ရှည်ကြီးထဲမှ ပစ်တိုင်းထိ၊ ထိတိုင်းသေတဲ့ သေနတ်ကြီးကို ကြွားကြွားကြီး ဆက်လိုက်၏။
ထိုခေတ် အခါကား သေနတ် ပေါ်ခါစ ဖြစ်၍ စစ်သူကြီးနှင့် အမတ် ကြီးများပင် အလွန် သဘောကျကြသည်။
မင်းသား သုတကား ခပ် ကုပ် ကုပ် လေး ခစားနေစဉ်..
ဘု ရင် ကြီး က မေးပြန်ရာ လက်ဆောင် မပါကြောင်း —
လျှောက်ထားပြီး လက်ဆောင်အရှာထွက်စဉ် လမ်းခုလတ်၌ အားပြတ်၍ လဲနေသော အဘိုးအိုကို ကယ်ဆယ်ကာ....
သက်ဆိုင်ရာသို့ ပို့ဆောင်ပြီးမှ တဖန် ခရီးဆက် ထွက်ခဲ့ရကြောင်း —


တဖန် ရွာတရွာကိုဓားပြဝင်စီးပြီး ယောက်ျား များကို သတ်ပစ်၍ မိန်းမများ ထွက်ပြေး လာရ သည်ကို တွေ့သဖြင့်....
စုံစမ်းပြီး ထိုရွာသို့ သွားရောက် ပြုစုအား ပေးကာ ကျန်းမာလာကြသော် စုစည်း၍
လိုက်ဟ - လိုက်ဟ
ဝိုင်းဟ - ပစ်ဟ
ဓားပြများရန်ကို ခုခံတွန်းလှန်လိုက်ပြီး အဆုံး၌ အေးချမ်းမှု ရွာကို ....
ပြန်လည် ထူထောင်ရေး လုပ်ငန်း များ ဦး ဆောင်ပြုလုပ် ပြီးလုချိန်မှာ တလပြည့်၍ ပြန် လာကြောင်း လျှောက် ထားပြီး -
ကုပ်ကုပ် လေး ခစားနေ၏
ဘုရင်ကြီးသည် မင်းသား သုတာ၏ လုပ် ရည်ကိုင်ရည်ကို သဘောကျလှသဖြင့် -


ဟံသာဝတီ ဦးဘရင်
ဦးဆံဖြူးဖြည့်
သရုပ်ဖော် - ပန်းချီ ဦးအောင်တင်
အုတ်လှသည် ပုဂံပြည်မှ အမတ်ကြီး ရာဇသင်္ကြံ၏ သားဖြစ်သည်။
မဏ္ဍဂီရိသို့ စစ်ချီရာတွင် ရာဇသင်္ကြံသည် အုတ်လှကိုပါ အတူခေါ်သွား၏။
မဏ္ဍဂီရိ၌ တိုက်ခိုက်ရာတွင် သုံးလမျှဖြင့် စစ်အောင်နိုင်လေရာ -
အုတ်လှသည် စစ်အောင်ကြောင်း လျှောက်ရန် ပုဂံသို့ အပြေးလာ၏။
မဏ္ဍဂီရိ အရေး ဘယ်လိုနေတယ် ဆိုတာ ဘာမှ မကြားရပါကလား
ဘုရင် နရသီဟပတေ့လည်း စစ်ရေး အတွက် အစဉ်မပြတ် ကြောင့်ကြပူပန်လျက်ရှိစဉ် -


ဟိုကလာနေတဲ့ စစ်လှေ ကို စစ်ရေးဘယ်သို့ ရှိသနည်း ဟု မေး ချေစမ်း
ရွက်ဖွေးဖွေးဖွင့်လာသော လှေကိုမြင်လျှင် စစ်သတင်းကို လူလွှတ် မေးစေလေ၏။
ဘုရင်မင်းမြတ် အမိန့်တော် ရှိလိုက်တယ်- စစ်ရေးဘယ်သို့ ရှိသနည်း
ကျွန်တော် အုတ်လှ လာသည် ဟု သာ လျှောက်လိုက်ပါ
မင်းလုလင်သည် ဘုရင်အား ထိုအတိုင်း ပြန်လည် သံတော်ဦး တင်လေရာ -
သယ် - စစ်အတွက် ကြောင့်ကြ၍ ငါမေးသည်ကို - အုတ်လှ လာကြောင်းကိုသာ ပြောရသလော အုတ်လှ ကို သတ်ချေ
သင့်ကို သတ်ရန် အမိန့် ရှိလိုက်သည်
စစ်အကြောင်း လျှောက်ရန် ရှိသေးသည်- လျှောက်ထားပြီး မှ သတ်ပါ
မင်းလုလင်လည်း အုတ်လှထံသို့သွားပြန်၏
အုတ်လှက စစ်ရေး လျှောက်ရန် ရှိသေး ကြောင်းပါတဲ့ဘုရား
ထိုသို့ဆိုက ရှေ့တော်သွင်းစေ
မင်းလုလင်လည်း တဖန် ဘုရင်ထံဝင်ပြီး သံတော်ဦးတင်ရပြန်သည်။

အုတ်လှသည် ဘုရင်ရှေ့သို့ရောက်သော် ဦးခေါင်း၌ ရစ်ပတ်ထားသော မျက်နှာသုတ်ကို ကိုင်၍ချလိုက်ရာ ဆံပင်များ အုပ်လုံးကျွတ်၍ သန်းများဖြင့် ကျိကျိရွရွရှိတော့၏။
















# ငမန်း

★ ရေး-တင်အောင်ကြည်
သရုပ်ဖော် ★ ကာတွန်း: မောင်မောင်သက်

ငမန်းတို့သည် သားစား သတ္တဝါများ ဖြစ်ကြသည်။ များသောအားဖြင့် လူကိုရန်ရှာတတ်သည်။ မြန်မာ့ပင်လယ်တွင် ငမန်းခေါင်းပိုင်း၊ ငမန်းပြောက်၊ ငမန်းကျွဲ၊ ခွယ်ငမန်း၊ ငမန်းကား၊ ငမန်းတောင်မဲ၊ ငမန်းနီ စသော ငမန်းမျိုးတို့ကို တွေ့ရသည်။ ပင်လယ်ကမ်းရိုး ဒေသတို့၌ ငမန်းသားကို စားသုံးကြသည်။ ငမန်းဆူးတောင်ကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချရသည်။ ငမန်းအသည်းမှ ရသောအဆီတွင် ဗီတာမင် အေဓာတ် များစွာပါရှိ၍ ဆေးဖက်ဝင်သည်။




လူသားစားတတ်သော ငမန်းများအနက် ၂၅ ပေခန့်အထိ ရှည်နိုင်သော ငမန်းဖြူသည် ကျော်ကြား၏။




၁၅ ပေခန့်အထိ ရှည်သော ငမန်းကျွဲသည်လည်း ကြောက်စရာကောင်းသော လူသားစားငမန်းပင်ဖြစ်သည်။

၁၂ ပေမျှရှည်၍ လူသားစားတတ်သော ငမန်းပြာသည် အခြား ငမန်းကြီးများ နည်းတူ လင်းပိုင်စသော သားကောင်ကို မတိုက်ခိုက်မီ ရှေးဦးစွာ ၈ ပေ ၁၀ ပေခန့်အကွာမှ တဖြည်းဖြည်း လှည့်ပတ်၍ နေတတ်သည်။ ပြီးမှ ရုတ်တရက် အနားသို့သွားပြီး ဟပ်တတ်သည်။ တခါဟပ်လျှင် အသား ၁၀ပေါင် ၁၅ ပေါင်ခန့် အတုံးလိုက်ပါသွားနိုင်သည်။







ကျားသစ်ငမန်းသည် အဖြင်ကြောက်စရာကောင်းသော်လည်း လူကို ရန်မရှာတတ်ပေ။



သဲငမန်းကို အိန္ဒိယ သမုဒ္ဒရာ၌လူသားစားငမန်းအဖြစ်
အသိများ၏။



ငါးထဲတွင် အကြီးဆုံးဖြစ်သော ဝေလငမန်းသည် ပေ ၅၀ ၆၀ ခန့် အ ထိ ရှည် နိုင် သည်။ ကြောက်စရာ ကောင်းလောက်အောင်ကြီးမားသော်လည်း လူကို ရန်မရှာတတ်ပေ။



၃၅ ပေအထိ ရှည်၍ ကြီးမားလှသော နေခံ ငမန်းသည်လည်း လူကို ရန်မရှာတတ်သော ငမန်းမျိုးဖြစ်၏။



အတ္တလန္တိတ် သမုဒ္ဒရာ၏ ပူသောအပိုင်းနှင့် ပစ္စိဖိတ် သမုဒ္ဒရာ ကမ်းခြေတို့တွင် တွေ့ရတတ်သော ထင်မှုန် ငမန်းသည် တခါတရံ လူကို ရန်ရှာတတ်၏။

ခေါင်းတွင် လွှနှင့်တူသော အစွယ်ရှည် ပါရှိသဖြင့် စွယ်ငမန်း၊ ခုတ် ငမန်း၊ ငမန်းစွယ် ဟူ၍ အမျိုးမျိုး ခေါ်တွင်သော ငမန်းမျိုးသည် ပေ ၂၀ ကျော်အထိ ရှည်နိုင်သည်။ ထိုအစွယ်ဖြင့် ဓားတိုက် ခုတ်တတ်သဖြင့် လွန်စွာ ကြောက်မက်ဖွယ်ကောင်းသည်။


ဆရာမမေးတာကို ကျော်ကျော်တယောက်ပဲ ဖြေနိုင်တယ်။
ထို့ကြောင့် ကျော်ကျော်တို့အတန်းမှ ငြိမ်းနှင့်သာဒင်တို့လူသိုက်မှာ ကျော်ကျော်အား အထူးပင် မနာလိုဖြစ်နေကြသည်။
ဟိုမှာတွေ့လား ဆရာမကို ကျော်ကျော် မျက်နှာလုပ်နေတာ။
ကြည့်စမ်း-ငြိမ်းသက်သက် ညစ်ကိုဂုန်းသွားတယ်။
ဟဲး-ဟဲး ဟဲး-
ဟေ့ ငြိမ်း--သူ့ကို ဖိုင်လာခဲ့ကွ-
သူတို့နဲ့ မတော်ဘူး ကြိုးစားရင်ဝမ်း ပါနဲ့ ကျော်ကျော်။
တနေ့တွင်
ကျော်ကျော်ထိုင်မဲ့ ခုလား ထိုင်မှာ။ တပ်ခေါ့နဲ့တွေ တပ်ထားလိုက်ကြမယ်။ ဒါမှ-ဒီကောင် ထိုင်မထနိုင်မှာ။
အေးကွ-ငါတွေမလာခင် မြန်မြန်လုပ်မှ ဖြစ်မယ်-လာဟေ့-
ထိုအချိန်တွင်
ငြိမ်းနဲ့သာဒင် အခုကြိုးလာပြီး ဘာလုပ်နေကြပါလိမ့်။


ကျောင်းတက်ချိန်၌
ဒီနေ့ ကျော်ကျော် နေမကောင်းလို့ ခွင့်တိုင်ထားပါလား၊
ကြည်ဝင်း - ဥမ္မာ ပုံဆွဲတာ မဟုတ်ပါလား၊ မှန်း - ဆရာမ ပြပေးမယ်
ဟာ - ကျော်ကျော် ကုလားထိုင်မှာ၊ ဆရာမ ထိုင်နေပြီ
အေးကွာ - အဲဒါမှ ဂေါက်ပဲ -
ဟောဒီလို ဆွဲရတယ် မှတ်ထားနော်၊
ဟာ - ထလို့မရပါလား၊ ကုလားထိုင်မှာ ဘာတွေ ကပ်နေပါလိမ့် -
ကျော်ကျော် ကုလားထိုင်မှာ၊ ကပ်စေးနဲ့တွေ၊ ဘယ်သူကပ် ထားတာလဲ ပြောကြစမ်း၊
မင်းတို့ မပြောမချင်း တတန်းလုံး ကျိုက်ရမယ် ထွက်ခဲ့ကြ၊
ဪမင်းနဲ့သာ ဒင်းမနက်အစောကြီးလေကွာ လိုလုပ်တယ်ဆိုတော့ အချုပ်ခံရတယ် သူတို့ကြောင့် ခလေးတွေ အကျိုးခံရ တော့မယ် ငါသွားပြောမှကွဲ၊



ကျောင်းဆရာကြီး ဖော်ကောင်းလှုပ်သဖြင့် လှမင်း နှင့်သာခင်တို့မှာ ကြိမ်ဒဏ်ကို ခံကြရ သည်။
နောက်-ဒီလိုမလုပ်ကြတော့ နော်။
ကျော်ကျော်နှင့် မောင်မောင်တို့သည် လှမင်းအား ဆေးရုံသို့ အမြန်ပို့ပေးပြီး တတ်နိုင်သမျှ ကူညီပေးကြသည်။
အင်း-ကျော်ကျော်တို့ဟာ ငါမကောင်းကြောင်း ပြောမယ်။ ငါ့အပေါ် ကောင်းကြပါလား။ ငါမှားပြီ။
အမှားကို မြင်သွားသော လှမင်းသည် ဆေးရုံမှ ဆင်းလာသောအခါ ကျော်ကျော်တို့ အသင်းသူ့ပေါင်းဖော် တစ်ဦး ဖြစ်သွားတော့သည်။




ဝါတာပိုလိုသည် ရေထဲ၌ ဘောလုံးပစ်၍ ဂိုးသွင်း ကစားနည်းဖြစ်၍ အင်္ဂလန် နိုင်ငံ၌ စတင်ပေါ် ပေါက်ခဲ့သည်။ ထိုကစားနည်းပေါ်စက စံနစ်တကျ စည်းမျဉ်းဟူ၍ မရှိသေးပဲ ကစားသူအချင်းချင်း မကြာခဏ ရေထဲ ဆွဲနှစ်လေ့ ရှိကြသည်။ ၁၈၉၇ ခုနှစ်တွင် အမေရိကန် နိုင်ငံ နယူးယောက်မြို့မှ ဟာရီး အိပ်ချ် ရီးဒါးဆိုသူသည် ဝါတာပိုလိုကစားနည်း စည်းမျဉ်းများကို စံနစ်တကျ ရေးဆွဲခဲ့သည်။

ဝါတာပိုလို ကစားကွင်း၏ အတိုင်း အတာမှာ အလျားကိုက် ၃၀ ထက်မပိုစေရ၊ ၁၉ ကိုက်အောက် မလျော့စေရ။ အကျယ် ကိုက် ၂၀ ထက်မပိုစေရ။ ရေအနက်မှာ သုံးပေထက် မလျော့နည်းစေရန် လိုပေသည်။ ဂိုးတိုင် နှစ်တိုင်၏ အကျယ်သည် ၁၀ ပေ ရှိရမည်။ ဘောလုံးသည် အချင်း ၂၇ လက်မ အလေးချိန် ၁၄ အောင်စမှ ၁၆ အောင်စ အတွင်းရှိရမည်။

ဝါတာပိုလိုကစားပွဲတွင် တဖက်လျှင် လူခုနစ်ယောက်စီ ပါဝင်ရ၍ တယောက်မှာ ဂိုးစောင့်ဖြစ်၏။ အပေးအယူ ကစားရာ၌ ဘောလုံးကို လက်တဖက်တည်းဖြင့်သာ ကိုင်တွယ်ခွင့် ရှိသည်။ ဂိုးစောင့်ကမူ လက်နှစ်ဖက်ဖြင့် ကိုင်ခွင့်ရှိသည်။ ဘောလုံးကို တဖက် ဂိုးပေါက်သို့ အချင်းချင်း အပေးအယူ လုပ်ပြီး သယ်သွားကြရာ၌ တဖက် အသင်းမှ လူများသည် လိုက်လံဖျက်ထုတ်လေ့ ရှိကြသည်။ ထိုအခါ ရေအောက်သို့ ငုပ်ယူပြီး ပြေးနိုင်သည်။ ထို့ကြောင့် ဝါတာပိုလို ကစားသူသည် ရေငုပ်ကောင်းသူ ဖြစ်ရန် လိုသည်။ ရေကူး ကျွမ်းကျင်ရန်လည်း လိုပေသည်။

## အဖြေမှန်သိပါစ

၁။ သေတ္တာထဲမှာ ငါးစီထား၊
စားချင်တဲ့ခါ ဝယ်၍စား။

၂။ တဖက်ချွန်လို့ တဖက်ကပြား၊
အထဲကိုဝင်တော့ ရစ်၍သွား။

၃။ ဖိလျှင်ခဏကြွတို့လုပ်၊
ခွေလို့နေ မြွေလဲမဟုတ်၊
ထိုင်ခုံအောက်မှာ သူအလုပ်လုပ်။

အဖြေ။ ၁။ ငါးသေတ္တာ
၂။ ဝက်အူ
၃။ စပရင်



# စာဖတ်တတ်လိုခြင်း

မောင်သိန်းဇော် ၊ ဆားလင်း



အချိန်အခါမရွေး အားလပ်နေသော်လည်း ယခုလို ပျော်သောအချိန်ဟူ၍ မရှိခဲ့ပါ။ ရွာထဲမှ သူငယ်ချင်းများနှင့် စုပေါင်းကာ ငါးမျှား ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ လူစုတွင် အားလုံးပေါင်း ငါးယောက် ပါဝင်လေသည်။ သုံးယောက်မှာ ကျွန်တော်နှင့် အတူ ဇနီးတိုင်း ငှက်ပစ်ထွက်တတ်သော သူများသာ ဖြစ်ပါသည်။ ကျန်တယောက်ကမူ လွန်ခဲ့သော ရက်ကမှ သိကျွမ်းခဲ့သည့် ဝင်းမော်ဆိုသူပင်ဖြစ်၏။

ယခင်က သူ့ကို ကျွန်တော်တို့ မတွေ့ဘူးပါ။ လွန်ခဲ့သော နေ့က ငါးမျှား ထွက်လာရင်း ကျောင်းကန်ရိုးပေါ်တွင် တွေ့ရပါသည်။ သူ့အမည်ကို မေးကြည့်ရာ ဝင်းမော်ဟု ပြောပါသည်။ယခု ကျောင်းပိတ်ပြီဖြစ်၍ ပုံပြင်ဖတ်ရန် ဤကန်ရိုးပေါ်သို့ ရောက်လာသည်ဟု ဆိုပါသည်။ ထို့နောက် တခါတခါတွင် ကျွန်တော်တို့လို တပျော်တပါး ငါးမျှားလိုသည် ဟုလည်း ဆိုလာသေး၏။

ထို့ကြောင့် နောက်နေ့တွင် ကျွန်တော်တို့နှင့်အတူ ငါးမျှားရန် ဤကန်သို့ပင် လာခဲ့ဖို့ မှာလိုက်ကြသည်။

ယနေ့ ငါးမျှား ထွက်လာရသည်မှာ သိပ်ပျော် နေသည်ဟု ထင်မိသည်။ သူငယ်ချင်းအသစ်တယောက်ကို ရုတ်တရက် တွေ့ထားသဖြင့် သူ့ကိုပင် အလေးထားကာ လေ့လာ နေကြပါသည်။ သူ့လက်ထဲတွင် အရင်နေ့ကတွေ့သော စာအုပ်ကလေးတအုပ် ကိုင်ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့တတွေ ကန်ရိုးပေါ် ရောက်၍ ငါးမျှားရန် ပြင်ဆင်ကြသောအခါ ဝင်းမော်သည် စိတ်ဝင်စားနေဟန် တူသည်။ အတော် အချိန်ကြာသောအခါ သူက စကားဆိုလာပါသည်။

"သူငယ်ချင်းတို့ – မင်းတို့လို ငါးမမျှားတတ်လို့ ငါးမျှားတာကြည့်နေရင်း ပုံပြင် ဖတ်ပြမယ်ကွာ။ ငါးမျှားရင်း မင်းတို့နားထောင်၊ သိပ်ကောင်းတာကွ"

သူပြောသည်ကို အမှုမဲ့ အမှတ်မဲ့သာ နေလိုက် ကြသည်။ သူဖတ်ပြနေသည်မှာ တခါတခါ နားလည်သလိုရှိ၏။ အချို့စကားလုံးများကို လုံးဝ နားမလည်ပါ။ သို့သော် အဖေပြောပြသည့် ခြင်္သေ့ကြီးနှင့် ယုန်ကလေး အကြောင်းတော့ ပါပါသည်။

"ဝင်းမော်ရေ– မင်းစာအုပ်ကို အဖေမြင်ယင် သိပ်ကြိုက်မှာကွ။ မင်းဖတ်ပြသလို ငါ့ကို အဖေက ဖတ်ပြမယ် ထင်တယ်။ တညလောက် ငှားပါလားကွာ"

"ငှားချင်ငှားလေ၊ နောက်နေ့ ပြန်ပေးပေါ့"

ကျွန်တော်တို့တတွေ ညနေစောင်း၍ အိမ်သို့ အသီးသီး ပြန်လာ ကြပါသည်။ အိမ်

ရောက်သော် စာအုပ်ကို ခါး
ကြားမှ နုတ်၍ အိမ်မိုးကြားထဲ
ခဏ ထိုးထားပြီး ထမင်းစား
သည်။ ထမင်းစားပွဲတွင် ကျွန်
တော်က အဖေ့ကို စာဖတ်ပြဖို့
ပြောသည်။

"လူကလေး ဖတ် ခိုင်း တာ
တော့ ဟုတ်ပြီ။ အဖေတို့က စာ
မတတ်ဘူးကွ"

"စာမတတ်ဘဲ အဖေဘာလို့
ပုံပြောတတ်သလဲ ဟင်"

"ကြားဘူး နားဝပေါ့ကွာ။
ငါ့သား ကို ကျောင်း ထား
လိုက်ယင် ငါ့သားလဲ ဖတ်နိုင်
မှာပေါ့။ ဒီနှစ် စပါး ကောင်း
တယ် လူလေးရ"

အဖေ့စကားကို ကျွန်တော်
နားလည်ပါပြီ။ သည်နှစ် စပါး
ကောင်း၍ ကျောင်း အပ်လျှင်
စာ ဖတ် တတ် ပေ တော့ မည်။
ဝင်းမော် ဖတ်သလို ဖတ်နိုင်
မည်။ ယခု ကျွန် တော် လည်း
စာမဖတ်တတ်သေးပါ။ အဖေ
တို့လည်း မဖတ်တတ်ဟု ပြော
သည်။ ကျွန်တော့် သူငယ်ချင်း
တွေလည်း ကျောင်းမနေကြ၍
ဖတ်တတ်မည်မဟုတ်ပါ။ လာ
မည့် စပါး ပေါ် ချိန်တွင် ငါးမ
မျှားတော့ပဲ ကျောင်းသွားချင်
လာသည်။ ဝင်းမော်လိုစာတတ်
လျှင် စာတွေဖတ်ပါတော့မည်။
ဦးဆုံး ပုံပြင်ဖတ်မည်။

ကျွန်တော့် စိတ် ဆန္ဒသည်
ဝင်းမော်ကို အားကျကာ လာ
မည့်စပါးပေါ် ချိန် စောင့်မျှော်
နေပါသတည်း။

## ကျွန်တော် မငြင်းလိုပါ (ရဲမြင့်)




## ဒို့ရွာ ဒို့အား



ရွာ့အနောက်က မြေရိုင်းလယ်၊
စုပေါင်းထွန်ယက်မယ်။

နှစ်ဆယ်ကေ သီးထပ်ချ၊
စိုက်ခင်း သာမယ်ပါ့။

အနောက်ရိုးက ရွာ့ချောင်းရေ၊
ဆည်ပိတ်ကြစို့ဟေ။


ဆန်ရေစပါး အထွက်များ၊
ဒို့တိုင်းပြည်စီးပွား။

လုပ်အားပေးစို့ ဖော်ချင်းတွေ၊
လူစုကြမယ်လေ။

တိုင်းပြေအကျိုး ချစ်မြတ်နိုး၊
ဒို့တာတွေ ထမ်းရွက်ပိုး။ ။

ဗန်းမော် - ညိုလေး

R. 517











ဆင်သည် မြန်မာနိုင်ငံအတွက် အလွန် အသုံးဝင် ကျေးဇူးများသော တိရစ္ဆာန်ကြီးမျိုး ဖြစ်၏။ ခွန်အားကြီးသဖြင့် ဆင်ကို တောတွင်း ခရီးသွားရာ၊ သစ်ဆွဲရာတို့၌ အသုံးပြုခဲ့ကြ၏။ ရှေးက ဘုရင်များ တိုင်းခန်းလှည့်ရာ၊ စစ်တိုက်ရာတို့၌လည်း အသုံးပြုခဲ့ကြပေသည်။ ဆင်စွယ်ကို ဆင်းတုတော်၊ အရုပ်၊ ပုတီး၊ ဘီး၊ ဆံထိုး စသည်များ ထုလုပ်ရ၍ လွန်စွာ အဖိုးတန်သည်။ ဆင်ဖြူ၊ ဆင်မဲ နှစ်မျိုးရှိရာ ဆင်ဖြူမှာ ရှားပါး၍ အထွတ်အမြတ် ထားကြသည်။ မြန်မာဘုရင်များ လက်ထက်က ဆင်ဖြူပိုင်သော ဘုရင်သည် ဆင်ဖြူရှင် ဟူသော ဘွဲ့ဖြင့် ဂုဏ်ယူခဲ့ပေသည်။ မြန်မာ့ စာပေကျမ်းဂန် အမှတ်အသားအရ ဆင်သည် ဗုဒ္ဓဟူးနံဖြစ်၏။ ရှေးက ကျောက်ဆည်နယ်တွင် မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲအဖြစ် ဆင်ပွဲများ ကျင်းပခဲ့ကြပေသည်။

မျိုးထွန်း






၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ငါးနာရီ နှစ်ဆယ်


ပန်းချီ.....ဦးဘကြည်
ဇာတ်လမ်း — သာလင်း

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၄၅၊ ၈-၁၁-၆၉




ဟား ဟား ဟား ဘာလဲ – ဦးဆံတား လုပ်ချင်နေပြန်ပြီ ထင်တယ်
နေစမ်းပါအုံး ကွ– ငါ့မေမေ့ က တယ်လီဖုန်း ပြောမယ်သွားတော့ ...
ပါလေးက သာဒွန်းကို နောက်နေပြန်ရာ သာဒွန်းက ရှင်းပြပြီး တိုင်ပင်တော့မှ ....
ရဲ စခန်း
မောင်ရှင်တို့ ဝင်လာပါ— ဝင်လာပါ—
ထတော့ ပေါက်တာ ရဲစခန်းသို့ အမြန်သွား ကြပြီး ....
ငါး နာရီ ခွဲ ဆယ်တဲ့ ... ရေခဲစက် အလွန်တဲ့ ... ဆက်ဆက်တဲ့ ...
အင်း ဒီလူ ဖမ်းမိရင် အတော်လေး နိုးပေ မှုရှိတယ်
စခန်းမှူးအား သာဒွန်းက မနေ့က တယ်လီ ဖုန်းရုံမှာ ကြားခဲ့ရပုံကို ပြောပြရာ –
ကိုသန်းရေ – မနေ့က အလုံခရုတဲ့ ရွှေဆိုင် နှင့် တွေ့ ...
ဟုတ်ကဲ့ – ဆရာ
ပြောပြောဆိုဆိုနှင့်ပင် ရဲစခန်း စာရေးအား တာဝန်ပေးလိုက်လေသည်။
ခင်ဗျားတို့ အလုံခရုပ်ပုံလေး ပြောပြပါအုံး
ရွှေဆိုင်ပိုင်ရှင် လင်မယား ရောက်လာသဖြင့် အမှုအကြောင်း ထပ်မံမေးမြန်းလေရာ –
ဟေ့ – ရုပ်လိုက် မနေနဲ့ .... အသက်ပျောက် သွားမယ် --
ရွှေဆိုင်ရှင်များက "ဒီလိုပါ ကျနော်တို့ဆိုင် ပိတ်ပြီး ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း ပြန်လာတုန်း ရေခဲစက်နားလဲ ရောက်ရော....



....ဒရိုင်ဘာက လန့်ပြီး ကြောင်တက်တက်နဲ့ ရပ်ပေးလိုက်တယ်။ ဒီအခါမှာ
ခါးမြှောင်ကိုင် လူဆိုးက ကျနော့ဇနီး ပေါင် ပေါ်တင်ထားတဲ့ စိန်ရွှေသေတ္တာကို အတင်း လုယူပြီး လမ်းတဖက်မှာ ဆိုက်ထားတဲ့ -
စက်စမ်းမောင်း
ဂျစ်ကားပေါ် ပြေးတက်ပြီး မောင်းပြေး တော့တာဘဲ။ ကားနံပတ်တော့ ဖတ်လို့ မရဘူး"
တိုင်ချက်ဖွင့်တုန်းက ဘယ် အချိန် ပေးထားသလဲ - F.I.R ကြည့်စမ်း
၅-နာရီ-ခေါ်နှစ် ၂၀-ပါ ဆရာ
ပြော၍ဆုံးလျှင် စခန်းမှူးသည် ရဲစာရေးကို လှမ်းမေးလိုက်သည်။
ခင်များတို့က - ၅-နာရီ မိနစ်-၂၀-ဆိုတာ-ဝါတိ ကျကျ ဘယ်လို မှတ် မိသလဲ
ကျနော်မမှတ်မိပါ ဘူး။ ကျနော့ လူ-ဒရိုင်ဘာ က တိုင်ချက် ဖွင့်တုန်းက ပြောတာဘဲ----
ထိုနောက် ရွှေဆိုင်ရှင်ကို ထပ်မံစစ်ဆေးပြီး သော်....
မိတ်ဆွေရဲ့ ကား ဒရိုင်ဘာ က ခင်များ တို့နဲ့ တူတူ နေသလား
ဟုတ်ပါတယ်
ကိုင်း - ဟော့- အဲဒီဒရိုင်ဘာ ကို သွားခေါ် ခဲ့စမ်း
ဟုတ်ကဲ့ ဆရာ
စခန်းမှူးသည် ရဲကြပ်တဦးကို လှမ်းပြောလိုက် လေ၏။



ရဲကြပ်ကြီးသည် ဒရိုင်ဘာနှင့်အတူ ရောက်လာလေ၏။
သာဒွန်းသည် ဒရိုင်ဘာကို မြင်မြင်ချင်း မနေ့က တယ်လီဖုံးပြောသူ ဖြစ်နေသည်ကို မှတ်မိ၍ စခန်းမှူးအား လက်ကုတ်ပြီး တိုးတိုးလေး ပြောလေ၏။
ဒရိုင်ဘာကို ချက်ချင်းပင် လက်ထိပ်ခတ်ရန် အမိန့်ပေးလိုက်လေတော့၏။
ထိုအခါမှ ဒရိုင်ဘာသည် ငိုငိုယိုယိုနှင့် ရှိခိုးတောင်းပန်ပြီး ဝန်ခံလေတော့သည်။
တရားခံများ ဖမ်းမိပြီးနောက် စခန်းမှူးက အမှုပေါ်ပုံကို ရှင်းပြ၍ –
မိန့်ရွှေဆိုင်ရှင်တို့မှာ အံ့သြပြီး သာဒွန်းတို့ကို ချီးကျူးကြလေသည်။


မောင်လှခင်
ပြုံးချို
တနေ့ ပြုံးချိုတို့သူငယ်ချင်းတစု ကျောင်းသွားစဉ်---
မျက်လှဲ့ဝင်ကြည့်နေခဲ့သည်
ကဲ ဆရာမမေးတာဖြေနိုင်ရင် လက်ညှိုးထောင်
ဆရာမကာမနေ့ကသင်ခဲ့သောအကြောင်းအရာများကိုပြန်၍မေးလေသည်။----
ပြုံးချိုမဖြေနိုင်၍သူငယ်ချင်းများကပိုင်းရယ်ကြ၏။
ငါနောက်ဘယ်တော့မှ ကျောင်းမပြေးတော့ဘူး
ပြုံးချိုလည်းရှက်ပြီးနောက် – ကျောင်းမပြေးရန်ဆုံးဖြတ်လိုက်၏။

# စိတ်ကူးဖန် ပန်းချီပညာ ☆ ကာတွန်း မောင်မောင်သက်ထူး



| မူလ သဘာဝပုံများ | စိတ်ကူးယဉ် တီထွင်ပုံများ |
| --- | --- |


ညိုညို နှင့် စိုးစိုး
တာဝန်မကျေသည်
ရေဘုံဘိုင်က ရေတွေ အလဟဿ ဖြစ်နေတယ်-သွားပိတ်ရအောင် စိုးစိုးရေ
ဒါဒို့တာဝန် မဟုတ်ဘူး-သူတို့ သုံးပြီးမပိတ်ဘဲ ထားခဲ့ကြတာ
တာဝန်ခွဲနေဖို့မဖြစ်ဘူး အလဟဿဖြစ်နေတော့ ပိတ်ထားရမယ်
မင်းဘဲပိတ်နေခဲ့ ငါသွားမယ်
ဟာ!
ငါနားလည်ပါပြီ
နားလည်တာတော့ နောက်ကိုတာဝန်မခွဲဘဲ လုပ်ကြရမယ်

ပန်းချီ-ဦးအေးတင်

# ကျွန်ုပ်တို့နိုင်ငံ




ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် နှစ်သိန်း ခြောက်သောင်းကျော် ဖြစ်သည်။

ပင်လယ်ကမ်းရိုးတမ်းမှာ မိုင်ပေါင်း တထောင့်နှစ်ရာ ကျော် ရှည်လျားသည်။

မြန်မာနိုင်ငံ၏ မြောက်ဖက်စွန်းမှ တောင်ဖက်စွန်းအထိ မိုင် တထောင့်သုံးရာခန့်ရှိပြီး၊ အရှေ့ဖက်စွန်းမှ အနောက် ဖက်စွန်းအထိ မိုင် ခြောက်ရာခန့်ရှိ၏။




ကျွန်ုပ်တို့နိုင်ငံတွင် လူဦးရေ ၂၇ သန်းခန့်ရှိပြီး တိုင်းရင်းသား လူမျိုးစုများ နေထိုင်လျက်ရှိသည်။




လူဦးရေ၏ ငါးပုံလျှင် လေးပုံသည် စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။




ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်ပေါင်စေး၊ ဂုံလျှော် စသည်တို့ကို စိုက်ပျိုးသည်။




ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း စသည်များ ပေါက်၍ သစ်အများအပြား ထွက်၏။




ရေနံလည်း ထွက်သည်။




ဓာတ်သတ္တုနှင့် ကျောက် မျက် ရ တ နာ များလည်း ထွက်သည်။




ဆန်စပါး၊ ကျွန်းသစ်၊ ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို နှစ်စဉ် နိုင်ငံခြားသို့ အများအပြား တင်ပို့ ရောင်းချရလေသည်။



ကျွန်ုပ်တို့ နိုင်ငံသည် ရာသီဥတု နှင့် မြေဩဇာ ကောင်းမွန်၍ သာယာဝပြောသည့် အပြင် သဘာဝ ပစ္စည်းများ ပေါများခြင်းကြောင့် ကြွယ်ဝသော နိုင်ငံ ဖြစ်သဖြင့် ကျွန်ုပ်တို့နိုင်ငံကို ချစ်မြတ်နိုး ပြီး နိုင်ငံ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက် ကြရပေမည်။


# လမ်းလွှယ်လိုက်သော လင်းနို့ကလေး

ရေး - တင်ရွှေ
သရုပ်ဖော် - မောင်မောင်သက်




ကျွန်နော်လဲ ငှက်မျိုးဖြစ်ပါတယ် အတောင်ပံတွေရှိပြီး လေထဲမှာပျံ သန်းနိုင်ပါတယ်၊
ငှက်များဖက်သို့သွားပြီး ....
ငှက်များဖက်မှ ကူ၍ ကုန်းသတ္တဝါများကို တိုက်ခိုက်လေသည်။
ကုန်းသတ္တဝါဖက်မှ စစ်နိုင်မည့် အခြေအနေသို့ ရောက်သောအခါ –
မင်း ငှက်မျိုး မဟုတ်လား၊
မဟုတ်ပါဘူး ကုန်းသတ္တဝါပါ၊
လင်းနို့ကလေးသည် ငှက်များဖက်မှ ကုန်းသတ္တဝါဖက်သို့ ကူးသွားပြန်သည်။
ကျွန်နော်ဟာ ကြွက်နဲ့ တပုံစံထဲဘဲ အမွေးအမှင်တွေနဲ့ ချွန်ထက်တဲ့ သွားတွေလဲရှိပါတယ်၊
လင်းနို့ကလေးကို လက်ခံလိုက်သည်။
အချင်းချင်းစည်းလုံးညီညွတ်မှုမရှိ ယင်ပြင်ပရန်သူတွေအလွယ်တကူ ဝင်လာမှာစိုးရပါတယ်၊
စစ်ပွဲတွင် ယုန်ပညာရှိ ရောက်လာပြီး ....


ဒါကြောင့် စစ်ပြေငြိမ်းဘို့ ကျနော် အကြံပေးလိုပါတယ်,
သို့ဖြင့် ငှက်များနှင့် ကုန်းသတ္တဝါများ စစ်ပြေငြိမ်းကာ ယခင်ကကဲ့သို့ အေးချမ်းစွာ အတူနေထိုင်ကြသည်။
လင်းနို့ကလေးသည် ငှက်များဖက်သို့ ကူးပြောင်းသွားပြန်သည်။
မင်းဟာ အချောင်သမားဘဲ ငို့အလို မရှိဘူး၊ မင်းရဲ့ကုန်းသတ္တဝါတွေ ဖက်ပြန်သွားပါ-
မင်းဟာ ဖေါက်ပြန်ရေးသမား သါယာပေါင်းပြီး တကိုယ်ကောင်း ကြံတဲ့ အကောင် ---
တဖန် ကုန်းသတ္တဝါများဖက်သို့ ပြန်လာရာ
-- မင်းကို ငို့အလို မရှိဘူး ဒီကအမြန်ထွက်သွား
ဤတွင် လင်းနို့ကလေးကို မည်သူကမျှ အပေါင်းအသင်းမလုပ်ကြတော့ချေ။ ထိုအခါမှစ၍ -
လင်းနို့ကလေးသည် ညအချိန် ကျမှသာ အဖော်မဲ့စွာ အပြင်သို့ ထွက်လာရတော့သည်။




'အိုလံပစ်'ဟူသော အင်္ဂလိပ် စကားသည် 'အိုလံပီယက်'ခေါ် ဂရိ စကားမှ ဆင်းသက် လာ သည်။


အိုလံပစ်၏ မူလ စတင်ပေါ် ပေါက်ပုံကို ဂရိ ရှေးဟောင်း ဒဏ္ဍာရီများတွင် အမျိုးမျိုးရေး သားဖော်ပြထား၏။ တခါသော် အိုလံပီယာ တောင်ကြား လွင် ပြင်တွင် စစ် အောင် ပွဲ သ ဘင် ဆင်ယင် ကျင်းပသည်။ ထိုပွဲ၌ လူသန်ကြီး ဟာကျူလီကချည်း အနိုင်ရ၏။ နောက်ဆုံးတွင် လူ စိမ်းတယောက်နှင့်နပမ်းလုံးရာ၌ အရှုံးအနိုင် မပေါ်ပဲ ဖြစ်နေ၏။ ထိုလူစိမ်းက သူသည် အခြား မဟုတ် 'ဇု' အမည်ရှိ နတ်ဘုရား ဖြစ်ကြောင်း ထုတ်ဖော်လိုက် သည်။ သို့ဖြင့် ဂရိလူမျိုးတို့သည် နတ်ဘုရားအား ပူဇော်သော အားဖြင့် အိုလံပီယာတွင် လေး နှစ်တကြိမ် စုရုံး ယှဉ်ပြိုင်ကြရန် ဆုံးဖြတ်ခဲ့လေသည်။

ဂရိတို့၏ အိုလံပစ်ပြိုင်ပွဲများ ၌အနိုင်ရရှိသူအား ချီးမြှင့်သော ဆုမှာ သံလွင်ရွက်ခွေ ဖြစ်၏။

ခေတ်သစ် အိုလံပစ်ပြိုင်ပွဲ များကို ၁၈၉၆ ခုနှစ်တွင် ဂရိ ပြည် အေသင်မြို့ဟောင်း တနေ ရာမှ စတင်၍ကျင်းပခဲ့ကြသည်။ ပွဲကို ပြန်လည် ဖော်ထုတ်သူမှာ 'ရှန်ပီရီဒီကူဗာတင်' ဆိုသူ ဖြစ် ၏။ ရည်ရွယ်ချက်မှာ တနိုင်ငံနှင့် တနိုင်ငံ ရင်းနှီးချစ်ခင်စေရန်ဖြစ် ၏။ ဂရိတို့သည် မိမိတို့ အချင်း ချင်း စစ်ခင်း သတ်ဖြတ်နေကြ သည့်တိုင်အောင် အိုလံပစ်ပွဲ တော် အချိန် ကျရောက်လျှင် ညီရင်းအစ်ကို ပမာဖြင့် ဝင် ရောက် ယှဉ်ပြိုင်လေ့ ရှိခဲ့ကြ သည်။


ပြီးခဲ့သော ၁၉ ကြိမ်မြောက် အိုလံပစ် ပွဲတော်ကို မက္ကဆီကို ပြည်၏ မြို့တော်တွင် ကျင်းပခဲ့၍ အကြိမ် ၂၀ မြောက် ပွဲတော်ကို အနောက် ဂျာမနီ မျူးနစ် မြို့ တွင် ပြုလုပ်ရန် သတ်မှတ် လေ သည်။

## အိတ်စရေးမျက်မှန်



# အောင်ပွဲ

မောင်မြတ်ဖေး



ကြူကြူနှင့် ဆွေဆွေတို့သည် အလွန်ချစ်ခင်သော သူငယ်ချင်း ဖြစ်ကြသည်။ တကျောင်းတည်း တွင် အတန်းတူ စာသင်နေကြ သူများလည်း ဖြစ်၏။

ကြူကြူသည် ကျောင်းစာ ကိုလည်း ကြိုးစား၏။ အားက စား ဖက်တွင်လည်း စိတ်အား ထက်သန်၏။

ဆွေဆွေကမူ စာကိုသာကြိုး စား၏။ ကျောင်းသူ ကျောင်း သားတိုင်းသည် စာကိုသာ ကြိုး စားရမည်၊ အားကစားကို လိုက် စားခြင်းသည် ကျောင်းစာကို လစ်ဟင်းစေသည်ဟု ယုံကြည် ၏။

သူတို့ကျောင်းတွင် အားက စား အသင်းအဖွဲ့များ ဖွဲ့ကြ၏။ ကြူကြူ သည် ဘော်လီဘော အသင်းတွင် ပါဝင်သည်။ ဆွေ ဆွေ ကိုလည်း ပါဝင်ရန် တိုက် တွန်းရာ ဆွေဆွေကအပြစ်ဆို၏။

"ကြူကြူရာ ဘော်လီဘော ကစားတယ်ဆိုတာ မိန်းကလေး တွေ အလုပ် မဟုတ်ပါဘူး၊ ယောကျ်ားလေးတွေ ကစားတဲ့ အားကစားပါကွာ"

"မဟုတ်သေးဘူး ဆွေဆွေ၊ ခုလိုအချိန်မျိုးမှာ မိန်းကလေး ရယ်၊ ယောကျ်ား ကလေးရယ်ဆို ပြီး ခွဲခြားနေယင် မင်းမှားမှာ ပေါ့။ ဘော်လီဘောကို မိန်းက လေးတွေ မကစားရဘူးလို့ စည်း ကမ်းကန့်သတ်ချက် မရှိပါဘူး။ လူတိုင်း ကစားနိုင်ပါတယ်ကွ။"

"အေးလေ ဘယ်လိုဘဲဖြစ် ဖြစ် ကိုယ်တော့ စိတ်မပါဘူး။ အားလဲမပေးချင်ဘူး။ မင်းခုလို ကစားနေတော့ကော ဘာအ ကျိုးရှိမှာလဲ၊ လက်နာရုံပေါ့။ ကျောင်းစာလဲ ပျက်တယ်၊ က စားနေလို့ စာမေးပွဲအောင်မှာ မဟုတ်ဘူးကွ"

"မင်း မှားနေပြီ ဆွေဆွေ၊ အားကစားကို လိုက်စား လို့ ကျောင်းစာ မလစ်ဟင်းပါဘူး ကွာ။ ကစားချိန်မှာ ကစားပြီး စာကျက်ချိန်မှာ စာကျက်မှာ ပေါ့။ နောက်ပြီး မင်းကလက်သဲ ရှည်ထားပြီး ကိုယ့်ကိုယ်ကိုအလှ ပြင်နေတာမှ မိန်းကလေး ပီသ တယ်လို့ ဆိုမလား။ တိုးတက်နေ တဲ့ တိုင်းပြည် တွေမှာ ဆိုယင် မိန်းကလေးတွေဟာယောကျ်ား လေးတွေနဲ့ ရင်ဘောင်တန်းပြီး အားကစားကို လိုက်စားနေကြ တာ မင်းကြားဘူးမှာပေါ့။အေး လေ၊ မင်းစိတ်မပါတာကိုတော့ အတင်း မတိုက်တွန်း လိုပါဘူး။ ကိုယ်ကတော့ တနေ့မှာ ထိပ် တန်း အားကစားသမား တ ယောက် ဖြစ်လာအောင် ကြိုး စားမှာဘဲ"

ဆွေဆွေ သည် ကြူကြူ၏ အယူအဆများကို လက်မခံလို ပေ။

× × ×

"ဟေ့ ဆွေဆွေ၊ ကိုယ်တို့ လာ မဲ့ တနင်္လာနေ့က စပြီး ကျောင်းပေါင်းစုံ ဘောလီဘော ပွဲကစားရတော့မယ် လိုက်ကြည့် ပါလား"

ဤသို့ ကြူကြူ က သတင်း ကောင်းကို ဆောင်ယူလာ၏။

ကြူကြူတို့ ယှဉ်ပြိုင်ရသော နေ့တွင် ဆွေဆွေ သည်လည်း အားပေးရန် အခြားကျောင်းသူ ကျောင်း သား များ နှင့် အ တူ လိုက်ပါလာခဲ့၏။

ကြူကြူ တို့ ကျောင်း သည် ကျောင်းပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲတွင် ပထမဆုကို ရရှိခဲ့၏။ ကျောင်းသူ ကျောင်းသားများ သည် ကြူကြူ၏ ကြိုးစား က စားမှု၊ ထူးချွန်စွာ ကစားနိုင်မှု တို့ကို ချီးကျူးကြ၏။ ဆွေဆွေ လည်း တယောက် အပါအဝင် ဖြစ်၏။

"ကဲ သူငယ်ချင်း စာလဲကြိုး စားအုံး။ စာမေးပွဲက နီးလာပြီ။ ကစားနေလို့ စာမေးပွဲကအောင် မှာ မဟုတ်ဘူး"

"စိတ်ချပါ သူငယ်ချင်းရာ၊ ကိုယ် ကျောင်း စာ တွေ ကို လဲ လက်လွှတ်မခံပါဘူးကွ"

စာမေးပွဲ အောင် စာ ရင်း များ ထွက်လာသည့် အခါတွင် ဆွေဆွေသည် တဘာသာ ဂုဏ် ထူးဖြင့် အောင်မြင်သကဲ့သို့ ကြူ ကြူ သည်လည်း တဘာသာ ဂုဏ်ထူးဖြင့် အောင်မြင် ခဲ့ပေ သည်။ စာမေးပွဲ အောင်စာရင်း များထွက်ပြီး နောက် နေ့ တွင် ကြူကြူသည် ဆွေဆွေ၏ အိမ်သို့ ရောက်လာ၏။

"သူငယ်ချင်း နေကောင်း တယ်နော်။ မင်းစာသိပ်ကြိုးစား လိုက်ရလို့ထင်တယ် နှုန်းနှုန်းသွား တယ်"

"အေးကွ၊ မင်းကတော့ အ ရင်လို ပါဘဲလား"

"မင်းကို ကိုယ် ပြောစရာ ရှိလို့လာခဲ့တာ ဆွေဆွေ။ မင်း ကိုယ့်ကို တချိန်က ပြောခဲ့တာ မှတ်မိရဲ့လား။ အားကစားကို လိုက်စားယင် ကျောင်းစာ လစ် ဟင်းတယ် ဆိုတာလေ။ ခုကိုယ် လဲ မင်းလိုဘဲ အောင်ခဲ့တာပါဘဲ ကွာ။အမှန်တော့ ကျောင်းသား ဆိုတာ စာကြိုးစားရမှာကိုတော့ ကိုယ်လက်ခံပါတယ်။ ဒါပေမဲ့ ကိုယ် လက် ကြံ့ ခိုင် မှု အ တွက် အားကစား တခုခုကိုတော့လိုက် စားသင့်တယ်လေ။ ခုမင်းက ပိန် သွားပေမဲ့ ကိုယ်ကတော့ အရင် လိုဘဲ စိုပြေနေတယ်။ ဒါဟာ အားကစားရဲ့ အကျိုးပေါ့။ မင်း ကို ဝမ်းသာစရာတခု ပြောရအုံး မယ်။ ကိုယ်လေ ကျောင်းပေါင်း စုံ တိုင်းနှင့် ပြည်နယ်ပွဲမှာ ပါ ဝင် ယှဉ်ပြိုင်ကစားဖို့ အရွေးခံ ထားရတယ်ကွ"

ကြူကြူသည် ပြောလိုသည် များကို မမောမပန်းပြောဆိုပြီး ပြန်သွားပါသည်။ ဆွေ ဆွေ သည် တဦးတည်းတွေးတောရင်း အားကစားဟူသည် မိန်းကလေး ယောကျာ်းလေး ဟူ၍ ခွဲခြားမှု မရှိ၊ ကျောင်းစာ တခုတည်းကို သာ လိုက်စားနေရုံမျှနှင့် မပြီး သေး၊ ကိုယ်လက် ကြံ့ခိုင်မှု အ တွက် အားကစား လိုက်စား သင့်သည်ကို နားလည် သဘော ပေါက်လာသည်။

## ကျီးကလေး မဲတူတူ

ကျီးကလေး မဲတူတူ၊
ဗျိုင်းကလေး ဖြူဖြူ။

ဗျိုင်းလိုဖြူအောင် ကျီးကလေး၊
နေ့စဉ် ရေချိုးပေး။


အစအားမိလို့ မကျန်းမာ၊
အား အား အော်မြည်ရှာ။

မတူတာကို တုမိမှား၊
ရှက်ဖွယ် မကောင်းလား။ ။

အောင်စည်




R. 517



# ခြင်္သေ့






ခြင်္သေ့သည် မြန်မာ့ ယဉ်ကျေးမှု လောကတွင် အလွန်ထင်ရှား၏။ မြန် မာ စာ ပေ လော က နှင့် လည်း များစွာ ကျွမ်းဝင် ပွန်းတီးသည်ဟု ဆိုနိုင်ပေသည်။ မြန်မာ တိုင်းရင်းသားတို့သည် ခြင်္သေ့ကို ရဲရင့်ခြင်း အ ထိမ်းအမှတ်အဖြစ် အထွတ်အမြတ်ထား၍ ဖော်ပြကြ၏။ ရှေး မြန်မာမင်းများ လက်ထက်က ခြင်္သေ့ရုပ်ခံ၍ ပြုလုပ် စီမံထားသော ပလ္လင်ရှိခဲ့၍ ထို ပလ္လင်ကို သီဟာသန ပလ္လင်ဟု ခေါ်၏။ တန်ခိုးကြီး ဘုရား စေတီ အချို့နှင့် လွတ်လပ်ရေး ကျောက်တိုင် အချို့၏ အဝင်ဝ များတွင် ခြင်္သေ့ရုပ်ကြီးများကို ထုလုပ်ထားကြ၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တံဆိပ်နှင့် ယခင်ခေတ်က ဘွဲ့တံဆိပ် အချို့တွင် ခြင်္သေ့ရုပ်များကို ထည့်သွင်း ဖော်ပြကြ၏။ မြန်မာ့ ယွန်းထည်များ၊ ငွေစက္ကူများနှင့် ဝိုက်ဆံစေ့ များတွင်လည်း ခြင်္သေ့ရုပ်များကို ရေးခြယ် ထွင်းထု ထားကြ၏။ ကေသရာဇာ ဟူသော ခြင်္သေ့မင်းသည် အလွန် ရဲရင့်သည်ဟု ရှေး မြန်မာစာပေ ဂန္ထဝင်တွင် ဖော်ပြရေးသားထားပေသည်။

ဝါဝါအောင်

အချောတောင်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


ညီညွတ်ခြင်းသည် အင်အား


# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်


ဇာတ်လမ်း - သာညွန့်

အတွဲ ၁၊ အမှတ် ၄၆၊ ၁၅-၁၁-၆၉




ကောင်းပြီ
ကျစ်မယ်
ခုလား
ရမယ်
တောကောင်ငယ်များ စည်းဝေးပြီး တိုင်ပင်ကြ၏။
ဟုတ်ပြီ - ကျစ်ပေးကွ
အဖွဲ့ဝင်များသည် ရထမှ နွယ်ကြိုးများကိုယူလာပြီး ကြိုးကြီးကျစ်၍ အောင်မြင်လေသော် -
ယုန်လေးသည် ဆင်ကြီးထံ ချဉ်းကပ်ပြီး
အသနားခံရာ ဆင်ကြီးက ခွင့်ပြုလေသည်။


ယုန်လေးသည် ဆင်ကြီး၏ခါးကို ကြိုး ချည်ပြီး နှုတ်ဆက်၍ ထွက်လာခဲ့လေသည်။
တဖန် ဝေလငါးကြီးထံသို့ ဖောင်ငယ် ဖြင့် ချဉ်းကပ်ပြီး အသနားခံပြန်လေသည်။
သတိ ............ အသင့်ဖြင် ---
တစ်-နှစ်-သုံး
ဆွဲ
အစီအစဉ်ပြီး၍ ယုန်လေးက အချက်ပေးသော်
ဆွဲ
ဆွဲပေး
ဆင်ကြီးဆွဲအားရှိအောင် လိပ်အဖွဲ့က အားပေး၏
ဝေလငါးကိုလည်း မျောက်အဖွဲ့က အား ပေး၏။


တောင်း
နွားကိုဆွဲနေသည် အထင်နှင့် နာမည်ပျက်မခံလို၍ အားကုန်ရုန်းကြရာ နောက်ဆုံး၌ -
ဆင်ကြီးသည် အားလွန်ပြီး ချောက်ထဲ ကျသေပြီး
ဝေလငါးလည်း ပွန်းပဲ့ သွေးအန်ပြီး နစ်မြုပ် သွားတော့၏။
တိရစ္ဆာန်ပေမဲ့ - စိတ်အကြံတွေနဲ့
တိရစ္ဆာန်ပေမဲ့ - စိတ်အကြံတွေနဲ့
မတရားမှု မှန်သမျှကိုလှ
အားစုခဲချမယ်များ —
အားစုခဲချမယ်များ - - -
တိ တိ တိ


ဇာတ်လမ်း-မောင်ကိုမြင့်
အဆောင်ရလိုသူ
သရုပ်ဖော်- ပန်းချီ ဦးအေးတင်
ကျွန်တော်သည် ကျောင်းသို့ စောစောထွက်လာခဲ့ပါသည်။
ဟင်- ဟိုလူကြီး အိတ်ထဲက အထုပ်တထုပ် ကျရစ်ပါလား
မြေပဒေသာ ကျွန်းဖက်မှ လျှောက်လာခဲ့စဉ် —
ပိုက်ဆံထုပ်ဖြစ်ချင်ဖြစ် နေမှာ- ပိုက်ဆံဆိုယင် မှတ်တာဘဲ
ကျွန်တော်သည်ထိုအထုပ်ကို ကောက်ယူ လိုက်ပါသည်။
ထိုအခိုက်တွင်
ဟေ့ ချာတိတ်
လူကြီးတယောက် ရောက်လာပြီး-
ဒီအထုပ်ကိုပြန်ပေးမနေပါနဲ့ တော့ကွာ- မင်းနဲ့ငါ တဝက်စီ ဝေယူကြတာပေါ့- ဘာပါသလဲ ဖြေကြည့်စမ်း
အထုပ်ကို ဖြေခိုင်းပါတော့သည်။
အထုပ်ထဲတွင် ရွှေလက်ကောက် သုံးကွင်းကို ဝမ်းသာစွာ တွေ့ရ၏။
တယောက်တကွင်းစီ ယူမယ်- ပိုတဲ့တကွင်းကို မင်းဘဲယူ- ဦးလေး ကိုတော့ မင်းနာရီနဲ့ဖေါင်တိန်ဘဲပေး လိုက်ပေါ့ကွာ- ဦးလေး မှာသွား စရာလဲ ရှိနေတယ်ကွဲ့
ထိုနောက် ကျွန်တော်တို့သည် လက်ကောက်များကို ဝေခြမ်းကြပါသည်။ လူကြီးစကားကို ယုံကြည်ပြီး....


ငါ့နာရီနဲ့ ဖေါင်တိန်က အပေါင်းဆို ဒီရွှေလက်ကောက်လောက်အဖိုး မတန်ပါဘူး
ကျွန်တော်လည်း လက်ကောက် တကွင်းကို ထပ်ယူကာ ထိုလူကြီးအား နာရီနှင့် ဖောင်တိန်ကို ကျေနပ်စွာပင် ပေးလိုက်ပါသည်။
တကွင်းကို မေမေ့တို့ ပေးမယ် - တကွင်းကိုတော့ ရောင်းမယ် - ဒါမှ ငါ သုံးချင်တာ သုံးရမယ် - ရုပ်ရှင်လဲ ကြည့်နိုင်မယ်
ကျွန်တော်သည် ကျောင်းအနီးရှိ အသိ ရွှေသည်ကြီးထံသို့ တန်းသွားပြီး —
သို့ဖြင့်
ဒီလက်ကောက်ကို ရောင်းချင်လို့ပါ
ဒါဘယ်ကရသလဲ မင်း အိမ်က ယူလာတာလား
ကျွန်တော်၏ ရွှေလက်ကောက် တဖက်ကို ရောင်းလိုကြောင်း ပြောပါသည်။
မဟုတ်ပါဘူး ကောက်ရတာပါ
မဖြစ်နိုင်ပါဘူး လာ-လာ- ဆရာကြီးဆီ လိုက်ခဲ့
ကျွန်တော် မည်မျှ ရှင်းပြသော်လည်း မယုံပဲ ကျောင်းအုပ်ကြီးထံ ခေါ်သွားပါသည်။
ဒီ မင်း အိမ်က ယူလာတာလား
မဟုတ်ပါဘူး ဆရာကြီး - လမ်းမှာ ကျွန်တော့် ရှေ့က လူကြီး ကျရစ်တာကို ကောက်ယူလာတာပါ
ကျောင်းအုပ်ကြီးသည် ကျွန်တော့ကိုအမျိုး
အေးလေ - သံသယ ရှင်းသွားအောင် မင်းမိဘတွေကို ခေါ်ပြီး မေးရမယ်



မကြာမီ ဖေဖေနှင့် မေမေတို့ ရောက်လာကြပြီးနောက် -
ဟောဒီ မှာ ခင်မျိုးသား ဒီလက်ကောက်ကို ယူလာတယ် - ခင်မျိုးတို့ ပစ္စည်းလား ကြည့်ပါဦး
ဒါ ကျမ လက်ကောက်တော့ မဟုတ်ပါဘူး ဆရာကြီး - ဒါပေမဲ့ ဒီလက်ကောက်ဟာ ရွှေအစစ်ကြီးပါရှင်
မေမေက ရှင်းပြကာ ရွှေအစစ် ဖြစ်ကြောင်း ပြောပြပါသည်။
ဒါဟာ သင်ခန်းစာတခုဘဲ - ပိုင်ရှင်ကို သိရဲ့နဲ့ ပြန်မပေးတာဟာ မရိုးသားရာဘဲ - ပစ္စည်းတခုကိုကောက်ရယင် ပိုင်ရှင်ကို ပြန်ပေးရမယ်လို့ ဆရာကြီး ပြောထားတယ် မဟုတ်လား
ကျွန်တော်သည် အလိမ်ခံရမှန်း သိရပြီး ကိုယ့်အမှားကိုလည်း မြင်လာပါသည်။
ပြီးတော့ သူများပြောတိုင်း လွယ်လွယ်နဲ့ မယုံနဲ့လို့ ပြောထားဘူးတယ် - ခုတော့ မင်း နာရီနဲ့ ဖောင်တိန်ဆုံးရပြီ
နောက်ဆုံးတော့ မင်းဟာ ကိုယ့်ခွန်ကိုယ့်အား မပါဘဲ အချောင်ရလိုစိတ်နဲ့ မရိုးသားတဲ့ စိတ်ကြောင့် ခုလိုဖြစ်ရတာဘဲ - နောင်ကို ဆင်ခြင်ရမယ်ကွဲ့
ဟုတ်ကဲ့ ဆရာကြီး - နောင်ကို အချောင်သမားစိတ် မမွေးတော့ပါဘူး ခင်ဗျာ
ကျွန်တော်သည် ရှက်စိတ်၊ ကြောက် နောင်တ ရစိတ်များဖြင့် မှန်ကန်သော ဆုံး ဖြတ်ချက်ကို ချလိုက်ပါတော့သတည်း။

# ဆောင်းအောင်း သတ္တဝါများ


ရေး - ဆိုးမြင့်
သရုပ်ဖော်- မောင်မောင်သက်


အလွန်အေးသော အရပ်ဒေသများ၌ဆောင်းရာသီသို့ ရောက်လာလျှင် အချို့သော တိရစ္ဆာန်များသည် အအေးဒါဏ်ကို ကာကွယ်ရန် မြေတွင်း၊ ရွံ့ညွန်၊ တောင်ကြို၊ ချောက်ကြား စသည်တို့၌မစားမသောက်ပဲ အိပ်နေတတ်ကြသည်။ ယင်းကို ဆောင်းအောင်းသည်ဟု ခေါ်သည်။

ခရုသည် မိမိ၏ အခွံအိမ်အတွင်းသို့ ကိုယ်ကို သွင်း၍ အပေါက်ဝကို လုံအောင်ပိတ်ပြီး နေတတ်သည်။



လိပ်၊ ဖား တို့သည် ရေကန်၊ ရေအိုင်များအနီးရှိ ရွံ့ညွန်များအတွင်း ခိုအောင်း နေတတ်ကြသည်။








မြွေနှင့် တီကောင်တို့သည် ကျောက်တုံး၊ သစ်တုံးနှင့် မြေအက်ကြောင်းများကြားသို့ တိုးဝင်၍ တဆောင်းတွင်းလုံး အိပ်နေတတ်ကြသည်။

ချစ်မန့်ရှဉ့်မျိုးသည် မြေတွင်း၌ နေပြီး သစ်စေ့များ၊ ပြောင်းဖူးစေ့များကို သိုလှောင် ထားလေ့ရှိသည်။ ယင်းတို့သည် တဆောင်းတွင်းလုံး မြေတွင်း၌ အိပ်နေတတ်သည်။






ဝှချပ်ခေါ် ကိုက်ဖြတ်သတ္တဝါမျိုးသည် အစာကို သီးခြားမသိုလှောင်ပဲ ဆောင်းဦးက အဝစား သောက်ပြီး ထဆောင်းတွင်းလုံး မြေတွင်းမှာ အိပ်နေတတ်သည်။

ရက်ကွန်းခေါ် ဝက်ဝံမျိုးသည် လည်း ဆောင်းအောင်းသတ္တဝါ မျိုးပင် ဖြစ်သည်။





လိပ်ပြာတို့၏ ဥများမှ ပေါက်ဖွားလာသော ပေါက်ဖတ်နှင့် ခူကောင်တို့သည် ဆောင်း တွင်း၌ ပိုးအိမ်ပြုလုပ်၍ အောင်းနေတတ်ကြ သည်။ နွေဦးပေါက်၍ ပိုးအိမ်မှ ထွက်လာ သောအခါ ခြေလက် အတောင်စုံသော လိပ် ပြာအဖြစ် ထွက်လာကြသည်။


ပျားများသည် သစ်ခေါက်များ၊ သစ် တုံးများ ကြားတွင် ဆောင်းအောင်း တတ်၍၊ အချို့ပိုးမွှားတို့သည် မြေတွင်း ၌ အောင်းနေတတ်ကြသည်။




သူတို့ အလုပ်လုပ်သလောက် အိမ်နီးချင်းဖြစ်သော ဝက်ဝံကြီး ငပျင်းနှင့် ကြောင်လေး ငေါ့တို့မှာ အမြဲတမ်း ပျင်းရိနေသူများ ဖြစ်သည်။
ခေါ ခေါ
ကြက်မကြီး ဂျေမီနှင့် သူ၏သားသမီးများမှာ အမြဲတမ်း အလုပ်လုပ်နေသူများ ဖြစ်သည်။ သူတို့ကို ကြည့်လျှင် လက်နှင့် အလုပ် အမြဲတမ်း မပြတ်ချေ။
ကြက်မကြီး ဂျေမီနှင့် သူ၏သားသမီးများ သည် မိုးကာလအတွင်း အစားအစာဖူလုံရန် ထွန်ယက်စိုက်ပျိုး စားသုံးရန်နှံများကို စတင်လုပ်ကိုင်နေကြသည်။
သားတို့ သမီးတို့ရေ - နေမပူခင် ဒီမြေကွက်ကို အပြီး ပေါက်ကြစို့ - အေ့ - အေ့ - - -
အောင်မယ်လေးတော့
ဒီသစ်ငုတ်ကြီးကို မပယ်ပစ်မှ ဖြစ်မယ်။ နို့မို့ရင် - ငါတို့ပျိုးပင်တွေကြီးလာရင် အနှောင့်အယှက်တွေ့နေအုံးမယ်။
ကဲ - ဆွဲကြစမ်းဟေ့ -
အင်း အင်း
အဲ - ကဲ
ဒီလိုဆိုရင် ဒီသစ်ငုတ်ကြီးကို မပယ်ပစ်နိုင်မှာမှတ်ဘူး။ ဝက်ဝံ ငပျင်းနဲ့ ကြောင်လေး ငေါ့တို့ကို အကူအညီ သွားတောင်းမှ ဖြစ်မယ်။


ထိုအချိန်တွင်-
ပျော်တယ်-ပျော်တယ်..
ဒို့ပျော်တယ်---
ခေါ-
ခေါ-
ခေါ-
ခေါ-
ခေါ-
ခေါ-


ကြည့်ကြစမ်းဟေ့ - မြေကြီးပေါ်သစ်ငုတ်ကြီးကို ဆောက်ဆွဲလိုက်တော့ မြေကြီးတွေ မွကြေ၊ ပျိုးပင်တွေ စိုက်လို့ သိပ်ကောင်းမှာဘဲ၊
ကြက်မကြီးရွှေမိနှင့်သားသမီးများ၏ကြိုးစားမှုကြောင့် မကြာမီကာလအတွင်း၊ စပါးပင်များမှ ဆန်စပါးများကို ရိတ်သိမ်းနိုင်ခဲ့ကြသည်၊
ငါတို့လယ်ယာက ထွက်တဲ့ ကောက်ညှင်းဆန်နဲ့ မုန့်လုပ်စားကြရအောင်၊ မြန်မြန် ထောင်းကြဟေ့၊
တမိုးတွင်းလုံး ငါတို့ အလုပ် မလုပ်ဘဲ အပျော်အပါး လိုက်စား ခဲ့ကြလို့ ခုဆိုမှ စားစရာမရှိ တော့ဘူး၊ ကြက်မကြီးရွှေမိတို့ ဆီ မုန့်သွားတောင်းကြ ရအောင်၊
မင်းတို့နှစ်ယောက်ဟာ သစ်ငုတ်ကြီးဖယ်ဖို့ ငါအကူ အညီလာတောင်းတုန်းက အကူအညီမပေးကြဘူး၊ အပျင်း ထူတဲ့သူတွေအတွက် စားစရာ ဒီအိမ်မှာ မရှိဘူး သွားကြ -
ငါတို့ အလုပ်မလုပ်ဘဲ အပျော်အပါး လိုက်စားပြီး အပျင်းထူမိတာ မှားပြီ၊ နောက်ကို အလုပ်လုပ် တော့မယ်၊
အေးကွ၊ ကိုယ်အပြစ်နဲ့ ကိုယ်ခံရတာဘဲ ကြက်မကြီး ရွှေမိကို အပြစ်တင်လို့ မဖြစ်ဘူး၊




သေနတ်ပစ်ပြိုင်ပွဲမှာ လက်တည့်ပြိုင်ပွဲပင်ဖြစ်သည်။

လူသည် သဘာဝအားဖြင့် လက်တည့်ရန်လို၏။ ကျောက်ခေတ်လူတို့သည် သားကောင်ကို ပစ်ခတ် ဖမ်းဆီးကြရာ၌ အစဉ် လက်တည့်ဖို့ ကျင့်ထားကြရသည်။ စစ်မက် တိုက်ခိုက်ကြသောအခါ ရန်သူကိုတိုက်ခိုက်ရာ၌ လက်တည့်ဖို့ လိုလာပြန်သည်။

ယခုခေတ်တွင် ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲများ စတင် ထွန်းကားလာသည်။ ထို့နောက် ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲများကို တိုးချဲ့ထည့်သွင်းနိုင်ခဲ့သည်။


ပြိုင်ပွဲဝင်သော ရိုင်ဖယ်နှင့် ပစ္စတိုသေနတ်များတွင် အဝေးကြည့် မှန်ပြောင်းအကူအညီဖြင့် ပစ်ခတ်နိုင်သည်။ ပစ်မှတ် အကွာအဝေးမှာ ရိုင်ဖယ်အတွက် မီတာ ၅၀ နှင့် အထက် ဖြစ်၍ ပစ္စတိုအတွက်မူ ၂၅ မီတာ ဖြစ်သည်။

ပစ်မှတ်များမှာ စက်ဝိုင်း၊ လူသဏ္ဍာန်၊ ခိုရုပ် စသည်ဖြင့် အမျိုးမျိုး ရှိသည်။ တနေရာတည်း ငြိမ်နေသော ပစ်မှတ်နှင့် လှုပ်ရှားနေသော ပစ်မှတ်ဟူ၍ နှစ်မျိုးရှိသည်။

ပစ်ခတ်ရာတွင် ပစ်သူ၏ အနေအထားကိုလည်း စည်းကမ်းသတ်မှတ်ထား၏။ စိတ်ကြိုက် အနေအထားဖြင့် ပစ်ခွင့်ရသကဲ့သို့ သတ်မှတ်ထားသော အနေအထား သုံးမျိုးဖြင့် ပစ်ခတ်ရသည်လည်း ရှိ၏။ အနေအထား သုံးမျိုး ဆိုသည်မှာ ရပ်လျက်၊ ဒူးတဖက်ထောက်လျက်နှင့် ဝမ်းလျား မှောက်လျက် အနေအထားများ ဖြစ်သည်။

သေနတ်ပစ် ပြိုင်ပွဲများကို ခေတ်မှီ သေနတ်ပစ် ကွင်းများတွင် ကျင်းပရလေသည်။ မြန်မာနိုင်ငံ၏ ကမ္ဘာ့စံချိန်မှီ သေနတ်ပစ်ကွင်းကို တောင်ဥက္ကလာပ မြင်သာ ဆိပ်ကမ်းတွင် တည်ဆောက်လျက်ရှိသည်။

၁၉၆၁ ခု ဒီဇင်ဘာလက ပြုလုပ် ခဲ့သော ဒုတိယ အကြိမ် မြောက်ကျွန်းဆွယ်ပြိုင်ပွဲတွင်မြန်မာနိုင်ငံမှ ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သည်။ယင်းတို့မှာ မီတာ ၃၀၀ စိတ်ကြိုက် ရိုင်ဖယ်ပစ် ပြိုင်ပွဲနှင့် ၂၅ မီတာ ပစ္စတိုသေနတ်ပစ် ပြိုင်ပွဲတို့ ဖြစ်၏။





# ကိုယ်ခံပညာ

အောင်အောင်

ကျွန်တော်သည် ယနေ့ ခေတ်စားနေသော ကိုယ်ခံပညာများဖြစ်သည့် သိုင်း၊ ဂျူဒို၊ ခရာတေး စသည်တို့ကို လွန်စွာမှ ဝါသနာပါပါသည်။ သင်ကြား တတ်မြောက်လိုပါသည်။ ကိုယ်ခံပညာကို အသားပေး ရိုက်ကူးထားသော ရုပ်ရှင်များကိုလည်း မလွတ်တမ်း ကြည့်ပါသည်။ တခါတရံ အိပ်မက်ထဲ၌ပင် မက်မိပါသည်။

ထို့ကြောင့် ဖေဖေနှင့်မေမေထံ သင်ကြားခွင့် တောင်းသောအခါ ဖေဖေသည် ကျွန်တော့်အား နာမည်ကြီး ဂျူဒိုအသင်းတခုတွင် အပ်နှံပေးပါသည်။

ထိုနေ့သည် ကျွန်တော့်အတွက် အပျော်ဆုံးနေ့ဟု ဆိုရပေမည်။ သင်တန်းစတက်သောနေ့တွင် ဖြစ်ပါသည်။ ဆရာသည် ကျွန်တော်တို့ အသင်းသား အသစ်များကို စုဝေးစေပြီးသော် -

“မင်းတို့ အခုသင်ကြားရမဲ့ ဂျူဒိုပညာဟာ ကိုယ်ခံပညာ တရပ်သာ ဖြစ်တယ်။ သူတပါးကို တိုက်ခိုက် ရန်ပြုရတဲ့ ပညာ မဟုတ်ဘူး။ ဂျူဒို ဝတ်စုံရဲ့ အရောင်ဟာ အဖြူ ဖြစ်သလို မင်းတို့ရဲ့ စိတ်ထားတွေဟာလဲ ဖြူစင်ရမယ်၊ သန့်ရှင်းရမယ်၊ သည်းခံတတ်တဲ့စိတ် ရှိရမယ်” ဟု ဆုံးမစကား ပြောဆိုပါသည်။ ထို့နောက် ဂျူဒိုပညာ စတင် ပေါ်ပေါက်လာပုံနှင့် ပြန့်ပွားလာပုံကို မှတ်သားဖွယ်ရာ ပြောပြပါသည်။ ထိုနေ့မှာပင် စတင်၍ ဂျူဒိုပညာကို အခြေခံမှစ၍ စနစ်တကျ သင်ကြားရပါသည်။

လေးငါးလခန့် ကြာသောအခါ ကျွန်တော်သည် ဂျူဒိုပညာကို အတော်တတ်မြောက်လာပါသည်။ ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်သောအခါ၌ပင် အတော်အတန် အနိုင်ရရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်၏စိတ်ထဲတွင် မိမိကိုယ်မိမိ အထင်ကြီးခြင်း၊ ပညာမာနတက်ခြင်းစသော စိတ်ရိုင်းစိတ်မိုက်များ ဝင်လာပါသည်။ သင်တန်းစစဦးအခါက ဆရာဆုံးမခဲ့သော စကားများကို သတိ မရတော့ပါ။ ပညာအားကိုးဖြင့် ကျွန်တော့်စိတ်ထဲတွင် မည်သူ့ကိုမျှ လေးစားလိုစိတ်၊ ဂရုထားလိုစိတ် မရှိတော့ပါ။ ရန်ဖြစ်လျှင် မည်သူ့ကိုမဆို ကျွန်တော်သာလျှင် နိုင်ရမည်ဟူ၍ ယုံကြည်မိပါသည်။

တနေ့တွင် ကျွန်တော်သည် တယောက်တည်း ရုပ်ရှင်သွားကြည့်ပါသည်။ ဇာတ်လမ်းမှာ ကိုယ်ခံပညာကို အသားပေးရိုက်ထားပါသည်။ ဇာတ်လိုက်မင်းသားသည် လူဆိုး လေးငါးယောက်ကို တယောက်တည်း တိုက်ခိုက် အနိုင်ယူသွားပါသည်။ ကျွန်တော်သည် ဇာတ်လိုက်မင်းသားကို အားကျမိပြီး

ကျွန်တော့် စိတ်သည် တက်ကြွလျက် ရှိပါသည်။

ရုပ်ရှင်ပြီးသောအခါ လူများ လွန်း၍ ရုံထဲမှ တိုး ထွက် ရပါသည်။ ထိုစဉ် တစုံတယောက်က ကျွန်တော့ဖိနပ်ကို နင်းမိ၍ ဖိနပ်ကျွတ်သွားပါသည်။ ကျွန်တော် ဒေါသဖြစ်သွားမိပါသည်။ လှည့်ကြည့်လိုက်သောအခါ ရွယ်တူလူငယ်သုံးယောက်ကို တွေ့ရပါသည်။ သူတို့က ကျွန်တော့်ကို လှောင်သော အပြုံးဖြင့် ပြန်ကြည့်ကြပါသည်။ ကျွန်တော် တတ်မြောက်ထားသော ဂျူဒိုပညာအစွမ်းပြရန် အချိန်တန်ပြီ မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော်သည် ထိုလူငယ်သုံးယောက်အနက် အနီးဆုံးတွင်ရှိသူအနားသို့ ရုတ်တရက် ကပ်သွားပြီးလျှင် သူ့လက်ကို ဆွဲကိုင်၍ ခါးကိုဖက်ကာ ခါးစောင်းတင် ကိုင်ပေါက်လိုက်ပါသည်။အနီးတဝိုက်တွင် ရုတ်ရုတ်သဲသဲဖြစ်သွားပါသည်။ ထိုစဉ် သူနှင့်ပါလာသော အဖော်နှစ်ယောက်က နီးရာတုတ်နှင့် အုတ်ခဲများကို ဆွဲကိုင်လျက် ကျွန်တော့်ကို ရန်မူကြပါတော့သည်။ ကျွန်တော်သည် တုတ်ကိုင်ထားသူကို ဝင်၍လုံးနေခိုက်တွင် ကျွန်တယောက်၏ အုတ်ခဲသည် ကျွန်တော့်နောက်စေ့ပေါ် သို့ ကျလာပါသည်။ ကျွန်တော်လည်း မျက်လုံးထဲတွင် မီးပွင့်သွားကာ မေ့လဲသွားပါတော့သည်။

သတိရလာသောအခါ ကျွန်တော်၏ခေါင်း၌ ပတ်တီးစည်း၍ ဆေးရုံပေါ် ရောက်နေကြောင်းကို သိရှိရပါသည်။ ခုတင်ဘေးတွင် ဖေဖေနှင့်မေမေသည် ကျွန်တော့်အား စိုးရိမ်ကြီး စွာ ဖြင့် ကြည့်နေကြပါသည်။

"ငါ့သား သတိရလာပြီနော်။ တော်တော် နာသေး သလား ဟင်။ ဖေဖေတို့ဖြင့် စိတ်ပူ လိုက်ရတာကွာ။ ငါ့သားက ရန်ဖြစ်တာကိုး" ဟု ဖေဖေက စိတ်မကောင်းစွာဖြင့် ပြောသည်။

ကိုယ်ခံပညာဆိုသည်မှာ သူတပါး၏ ရန်ပြု တိုက်ခိုက်မှုမှ ကင်းလွတ်အောင် ခုခံကာကွယ်သော ပညာသာလျှင် ဖြစ်ပြီး သူတပါးအား ရန်ပြု တိုက်ခိုက်ရသော ပညာမဟုတ်မှန်း လက်တွေ့သိလာပါပြီ။ယခု ကျွန်တော်သည် တတ်ထားသော ကိုယ်ခံပညာကို လွဲမှားစွာ အသုံးချမိ၍ ကျွန်တော်ပင် ဒဏ်ရာဒဏ်ချက်များနှင့် ဝေဒနာကို ခံစားနေရပါသည်။ကျွန်တော်သည် နောင်အခါတွင် တတ်ထားသော ကိုယ်ခံပညာကို မှန်ကန်သော၊ တရားသော ကိစ္စများတွင်သာ အသုံးပြုပါတော့မည်။

"သုံး တတ် လျှင် အ ကျိုး၊ မသုံးတတ်လျှင် အဆိုး" ဟူသော စကားသည် ကျွန်တော့် အဖို့ လက်တွေ့ မှန်ကန်လှပါသည်။

## ဒို့မြေယာ

အဖူးအာပွင့် အငုံဆင်၊
ဒို့မျှား ဖရုံပင်။

မောင်ရင်ငယ်နဲ့ မောင်ရင်ထွေး၊
နေ့စဉ် ရေလောင်းပေး။

ညီမလေးက မြေဆွေးသယ်၊
စွမ်းနိုင်သမျှ ကူညီတယ်။

သီးလာမယ်ကွယ့် ဖရုံသီး၊
ရာဝင်အိုးလောက်ကြီး။

စည်းထုံးညီညာ
အောင်ကြောင်းမြှာ၊
စုပေါင်း ဆောင်ရွက်ပါ။

စိုက်ကာစားမှာ ဒို့လုပ်အား၊
မျိုးညွှန့် လူငယ်များ။ ။

မမယု (ကမ္မ)



R. 517

# အမြီးဖေါင်ဖေါင် ကင်းမြီးကောက်




အိန္ဒိယပြည်က ကလေးတို့၏ ကစားနည်းတမျိုး ဖြစ်၍ လေးငါးယောက် ကစားနိုင်သည်။ ကင်းမြီးကောက် လုပ်သူ၏ ပတ်လည်တွင် ကျန်ကစားသူများက နီးကပ်စွာ ဝိုင်းနေကြရသည်။ ထိုသူသည် ကင်းမြီးကောက်နှင့် တူအောင် လက်နှစ်ချောင်း ခြေတချောင်းဖြင့် သုံးဖက်ထောက်၍ ခြေတချောင်းကို အပေါ်သို့ ထောင်ကာ ကော့ထားရသည်။ ကျန်ကစားသူများက ကင်းမြီးကောက်၏ ပခုံး၊ လက်၊ ခေါင်း စသည်တို့ကို ပုတ်၍ စကြသည်။ အမြီးကောက်ကိုပင် ပုတ်နိုင်သည်။ ထိုစဉ် အမြီးကောက်ဖြစ်သော ခြေထောက်ဖြင့် ထိုးဆိတ်ခံရသူသည် ကင်းမြီးကောက်အဖြစ် တာဝန် ပြောင်းယူရသည်။


ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်




အတွဲ - ၁။ အမှတ် - ၄၇။ ၂၂-၁၁-၆၉




ဒီမှာတညလောက် တည်းခိုခွင့်မပေး ပါခင်ဗျာ
သူကြွယ်ကြီး စာမိန့်နှင့် ခရီးသည်ကြီးကို မောင်းနှင် ထုတ်လိုက်ကြသည်။
ဟို တဲအိမ်ငယ် မှာ တည်းခိုခွင့် တောင်းကြည့် အုံးမှဘဲ
တဲထဲတွင်...
ဦးအပေါ်စောစောရာထား တဲ့ဘုရင်မင်းမြတ်သကြားတော် ရှည်ဆောင်း ဆုတောင်း ရမယ်..ရှင်မရဲ့
ကျနော့်ကို တညလောက် တည်းခိုခွင့်ပြုစေလိုပါတယ်
ဧကန္တ ခရီး သည်ထင်ပါရဲ့
တည်းနိုင်ပါတယ်.. ကြိုက်သလောက်တည်းနိုင် ပါတယ်ဗျာ..
ကျေးဇူး ပါဘဲ


ရှင်မရေ. ရှိတာလေး ပြေ့ထုတ် ခဲ့ပါကွယ်... ဒီ ခရီးသည်ကြီး ကို ကျွေးရ မွေးရအောင်..
မောင်ကြီးတို့. ဒီဘုရင်ရဲ့ လက်ထက်မှာ အတော်ဆင်းရဲ နွမ်းပါးကြပုံရတယ်
ဘုရင်မင်းမြတ်ဟာ ကျုပ်တို့ အပေါ်မှာ စေတနာကောင်း ရှာပါတယ်
လက်အောက် အရာရှိတွေက သူ့ စေတနာကို အလွဲသုံး စား လုပ်လို့ အခိုက် အတန့် အားဖြင့် ခံရတာပါ၊ တနေ့မှာ ကျုပ်တို့ နေ့-ရောက်လာ ရမှာ မလွဲပါဘူး
ဪ.. အင်း. အင်း
နံနက်လင်းသော်
ဒီလို တည်းခိုခွင့်ပြုပြီး ကျွေးမွေးပြုစုတဲ့ ကျေးဇူးကို မမေ့ပါဘူး. သွားလိုက် ပါ ဦးမယ်
ခရီးသည်ကြီးသည်နန်းတော် ရှိရာ ဦးတည်သွား သည်။


အမှန်မှာကား ခရီးသည်ကြီးသည် ဘုရင်မင်းမြတ် ကိုယ်တိုင်ဖြစ်၍တိုင်းပြည်အခြေအနေစုံစမ်းနေရင်း ရုပ်ဖျက်ထွက်လာခြင်းဖြစ်ပေသည်။
ဟော.. ဘုရင်မင်းမြတ်..
တိုင်းပြည်မှာဖြစ်ပျက်နေတဲ့ အမှန်တရားကို သိခဲ့ရပြီ.. သက်တော်ရှည် အမတ်ကြီး... ဒီတော့.....
တနေ့တွင်
အလို.. ရွှေနန်းတော်ကြီးက မြင်းက.. ရထားကြီးပါလား.. ရှင်မရေ.. ရှင်မ
ဘုရင်မင်းမြတ်ပေးလိုက်တဲ့ လက်ဆောင်ပဏ္ဏာတွေဖြစ်ပါတယ် အသင်တို့ရဲ့ စေ့ဝတ်ကျေပွန်မှုကိုလဲ တသက်မမေ့ဘူးလို့ အမှာစကားပါးလိုက်ပါတယ်...
မြို့စားကြီးနှင့် ခုံကြွယ်ကြီး တို့ကား-ခုံတိုင်၏ မကောင်းစိတ်ထားအရ အပြစ်ဒဏ်ခတ်ခြင်းကို ခံရလေတော့သတည်း။


အလုပ်ပိုလုပ်မည်
ဒေါက်×အီးအီး×အွတ်××
တခါတုန်းက လယ်သမားကြီးတဦးတွင် ကျွဲတကောင်၊ နွားတကောင်နှင့် ကြက်ဖတကောင် ရှိ၏။ ကျွဲနှင့်နွားသည် နေ့စဉ် လယ်လုပ်ခွင် ဆင်းရသည်။ ကြက်ဖမှာ နံနက်စောစော တခါတွန်ပြီးလျှင် တနေ့လုံး ငိုက်လေတော့သည်။
စိစဉ်ရေးဆွဲသူ - ကျော်သန်း
မင်းအချိန်တိုင်းငိုက်ငိုက်နေမဲ့အစား ဒို့သခင်အတွက် အလုပ်နဲနဲဖြစ်ဖြစ်ပို လုပ်ပေးယင် သိပ်ကောင်းမှာဘဲ×
ဟုတ်တယ်×မင်းကသာ အလိုက်သိဖျီးသခင့်အကျိုး ဆောင်ရွက်ယင်ပိုဖျီးကြည်ဖြူမှာပေါ့ကွ××××
အိုဗျာ×မလိုပါဘူး×အခုလဲ ကြည်ကြည်ဖြူဖြူကျွေးမွေးနေသားဘဲ×ပိုလုပ်ယင်ပိုပင်ပန်းရုံ ရှိတော့မပေါ့××××
ကြက်ဖသည် အလုပ် မလုပ်သော်လည်း ကပ်ပါး ယပ်ပါး လုပ်သည့် ပညာကို ကောင်းကောင်း တတ်၏။




လယ်သမားကြီးသည် အိမ်ခြံဘေးတွင် စိုက်ခင်းတခု လည်း လုပ်ထားသည်။ တနေ့သော်-
အင်း ငါနဲနဲ ဂရုမစိုက်မိတာနဲ့ ပိုးကျတာဘဲ × စိုက်ခင်းတခုလုံး တော့ပျက်စီးပါပြီ × တောက် ×
ထိုနေ့တနေ့လုံး လယ်သမားကြီးသည် စိတ်တိုနေတော့သည်။
ဒီနွားနှစ်ကောင် × ကောင်းကောင်း အလုပ်လုပ်နော် × ငါတီးမိမယ် ×
ဟောပြန်တောင်လာပြီ မျက်နှာသိပ်မကောင်းပါ လား × အို.. ဒါပေမဲ့ ငါနဲ့ တွေ့ယင်ပျော့သွားမှာပါ ×
ကြက်ဖသည် တခြားနေ့များကဲ့သို့ပင် လယ်သမားကြီးကို ဆီး ကြိုကာ မျက်နှာချိုသွေးပြီး ပွတ်သီးပွတ်သပ် လုပ်တော့၏။ သို့သော် ယခုတကြိမ်တွင် ...
သွားစမ်းကွာ လာမရှုပ်နဲ့ ×
ငါ့ကိုသူ့တခါမှ ဒီလိုရိုက်နှက် မလွှတ်ဘူးပါဘူး × ဒီနေ့ဘာဖြစ် နေပါလိမ့် × × ကျွတ်ကျွတ် × နာလိုက်တာ × ×
မင်းကလဲ × သခင်ဒီနေ့တနေ့လုံးဒေါပွ နေတာ × အလိုက်မသိအားမနာ × ဘာ ဖြစ်လို့သူ့ရှေ့လာပြီး ဖြီးပြရတာလဲ ×



ကျနော်နေ့တိုင်း။ ဒီလိုလုပ်ပြီး အစာတောင်းနေကျတဲ့ဟာဗျာ။ ။ ။ ။
ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့။ သူ့ဒီနေ့စိုက်ခင်းပိုးကျလို့ စိတ်ညစ်နေတာကွ။
မင်းကသာအိမ်မှာအလကားမနေဘဲ စောင့်ရှောက်ပေးယင်။ ခုလိုစိုက်ခင်း တခုလုံးပိုးကျတာမျိုး ဖြစ်မှာမဟုတ်ဘူး။ ။
သူ့စိုက်ခင်းပိုးမကျယင် သူ့စိတ်တိုမှာ မဟုတ်ဘူး။ သူ့စိတ်မတိုယင်။ မင်းလဲ အခုလိုအရိုက်ခံရမှာ မဟုတ်ဘူး။ ။
ဟုတ်ပါတယ်။ ကျနော်သာစိုက်ခင်းကို စောင့်ရှောက်ပေးခဲ့ယင်။ ။ သခင်ဘယ်ဒီလိုစိတ် ညစ်ရမလဲနော်။ ။
ခုလိုဖြစ်ရတာအားလုံးဟာ ငါ့ရဲ့တာဝန်မကျေမှု။ ရေသာခိုလွန်းမှုတွေကြောင့်ဘဲ
ကျနော် ဒီနေ့ကစပြီး။ စိုက်ခင်းကို စောင့်ရှောက်ပေးပါ့မယ်။ ဒီပိုးတွေကို သခင့်ကိုယ်စားနှိမ်နင်းပေးပါ့မယ် ကိုကြီးတို့ရယ်။ ။ ။
အော်ကွာ။ ဒီလိုကြားရတာ ဝမ်းသာပါတယ်။ ။

# ကြံပင်




ရှေးက လူတို့သည် အချိုဓာတ် အတွက် ပျားရည်ကို သုံးစွဲခဲ့ကြရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ခန့်ကမှ ကြံပင်ကို အိန္ဒိယနိုင်ငံတွင် တွေ့ရှိကာ ထိုအပင်မှ သကြားနှင့် အချိရည်ကို ထုတ်ယူ သုံးစွဲခဲ့ကြသည်။ ကြံသည် မြက်ပင်အကြီးစားမျိုး ဖြစ်၍ မြန်မာနိုင်ငံ အနှံ့အပြားတွင်လည်း တွေ့နိုင်သည်။







မြန်မာနိုင်ငံတွင် ကြံကိုမည်သည့်ခေတ်ကစတင် စိုက်ပျိုးခဲ့ကြောင်း မသိရပေ။ သို့သော် ပုဂံခေတ်တွင်မူ ကောင်းစွာ စိုက်ပျိုးနေပြီ ဖြစ်ကြောင်း အထောက်အထားများ တွေ့ရသည်။ ထိုခေတ်က ကြံကို သားရေစာအဖြစ် စုတ်ရန်နှင့် ဆင်ဖြူတော်နှင့် မင်းစီးဆင်များကို ကျွေးရန် လောက်သာ စိုက်ပျိုးဟန်တူသည်။




ကြံကို မြန်မာနိုင်ငံတွင် အထူးသဖြင့် မြစ်ကြီးနား၊ ကျောက်ဆည်၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ သထုံနှင့် ဘားအံခရိုင်များတွင် စိုက်ပျိုးကြသည်။ ကြံပင်သည် မိုးရေချိန် တနှစ်လျှင် လက်မ ၅၀ မှ ၇၀ အတွင်းလိုပြီး အပူချိန်အားဖြင့် ဖာရင်ဟိုက် ဒီဂရီ ၇၀ မှ ၁၀၀ အတွင်း ကောင်းမွန်စွာဖြစ်ထွန်းသည်။

တက္ကသိုလ်သက်ဝင်း(ဘောဂဂုဏ်)




ကြံပင်ကို ကြံယဉ်နှင့် ကြံရိုင်းဟူ၍ ခွဲခြားထားသည်။ ကြံယဉ်တွင် ရိုးရိုးကြံ၊ ကြံသေး သို့မဟုတ် အိန္ဒိယကြံနှင့် တရုပ်ကြံတို့ ပါဝင်၍ ကြံရိုင်းတွင် ကိုင်းမြက်မျိုးနှင့် ကျူပင်မျိုးတို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသော ကြံများမှာ အညာကြံ၊ တောင်ငူကြံဝါ၊ ဘီးလင်းကြံ၊ မော်လမြိုင်ကြံ၊ ပျဉ်းမနားကြံနီ၊ ကိုင်းကြံ၊ ကြံညိုနှင့် ကြံနက်တို့ ဖြစ်သည်။



တစေက ကြံထွက်နှင့် သကြား ထွက် နှစ်မျိုးစလုံး ကောင်းမွန် သည့် စီအို ၄၁၉ ကြံမျိုးကို သ ကြားစက်အတွက် စိုက်ပျိုးကြ သည်။ မြန်မာနိုင်ငံတွင်ရှိသော




သကြားစက်များမှာ ဇေယျဝ တီ၊ ပျဉ်းမနား၊ ဘီးလင်း၊ နမ္မတီး၊ ဆားမှော်နှင့် အင်း လေး သကြားစက်များ ဖြစ် ကြသည်။




ကြံရိုးမှရရှိသော ကြံရည်စိမ်းသည် ချိုမြပြီးအာဟာရဓာတ် ပြည့်စုံသည်။ သကြားချက်လုပ်ရာတွင် အသုံးပြုသည်။ ကြံ သကာများလည်း ချက်လုပ်သည်။ ကြံနက်ရည်မှာ စိတ္တဇ ရောဂါ အတွက် ဆေးစွမ်း ကောင်းတလက် ဖြစ်သည်။




ကြံရည် ကြိတ်ပြီးသည့် ကြံ ဖတ် များကို ကပ် ထူ ပြား၊ စက္ကူအမျိုးမျိုး၊ အသံနှင့် အ ပူအအေးလုံသော နံရံကာ များ၊မြေဩဇာ၊ပိုးတု၊ပလပ် စတစ်နှင့် ရေယွန် အဝတ်အ ထည်များ ပြုလုပ်နိုင်သည်။ ထင်းမီးအဖြစ်လည်း သုံးနိုင်သည်။ ကြံ ချေးမှ ဖယောင်းနှင့် ဆိုးဆေး အမျိုးမျိုး ရရှိနိုင်သည်။




ကြံရည်မှခွဲထွက်လာသောတင်လဲရည်ကို အက်ဆစ်မျိုးစုံ၊ ယိ(စ်)ဆေးပြား၊ ရမ် အရက်၊ အရက်ပျံနှင့် ကာဗွန်ဒိုင်အောက် ဆိုက်များ ထုတ်ယူနိုင်သည်။











ကျောင်းနေချင်သော ထွေးမောင်
ဇာတ်လမ်း-အောင်ကျော်မင်း
သရုပ်ဖော်-သုခမ-အုန်းခင်
ဆိုက်ကားသမားလေး ထွေးမောင်သည် သူနှင့်ရွယ်တူ ကျောင်းသားလေးများကို တွေ့တိုင်း စူးစိုက်စွာကြည့် မိသည်။
ငါသာ-သူတို့လို ကျောင်းနေရရင် သိပ်ကောင်း မှာဘဲ
အဖေက အရက်သမား၊ အမေက အမြဲ တမ်းလူမမာဖြစ်နေသဖြင့် ထွေးမောင် ကျောင်းမနေနိုင်။ သူ့မိဘများကို ဆိုက် ကားနင်းပြီး ကျွေးရသည်။
သို့သော် အချို့ကျောင်းသားများက ထွေးမောင်အပေါ် အထင် မှားနေကြသည်။
ဆိုက်ကားနင်းတဲ့ ထွေးမောင်က ဒို့ကိုသိပ် ကြည့်တာဘာသဘော လဲမသိဘူး ကွ
အရက်သမားသား ဆိုတော့ မိုက်ကြည့် ကြည့်တာဖြစ်မှာ ပေါ့
ဒီကောင်ကိုသတိထား ကွ-ဒို့ဆီကဘာလိုချင် လို့လဲမသိဘူး
အလကားကောင် ပါကွာ



တနေ့ ကျောင်းလွှတ်ချိန်ဖြစ်သည်။ ကျောင်းသားတစုနှင့် ထွေးမောင်သည် တနေရာတွင် သွားရောက် ဆုံမိကြ၏။
ဟေ့-ကောင်-မင်းက ဒို့ကိုဘာလို့ကြည့်နေရတာလဲ
မြသောင်းဆိုသော ကျောင်းသားက ဤသို့ပြောလိုက်သောအခါ သူ့နောက်မှ ပါလာသူများကလည်း ထွေးမောင်အနားသို့ ဝိုင်းလာကြ၏။
ထွေးမောင်ကား ရုတ်တရက် ဘာမျှပြန်မပြောတတ်၊ မြသောင်း၏စကားကို နားမလည်သလိုဖြင့်သာ ဆိုက်ကားပေါ်မှ ကြည့်နေသည်။
ဆင်းခဲ့ လေကွာ
ဘယ်လိုလဲကွမိုက်ယင် ဆင်းခဲ့
မြသောင်းကထွေးမောင်ကို ဆိုက်ကားပေါ်မှ ဆွဲချလိုက်သည်။
ဟေ့ဟေ့-ငါမင်းတို့ကိုကြည့်တာတဖိုက်လို့မဟုတ်ပါဘူးကွာ မင်းတို့လိုကျောင်း-ကျောင်း...
ကြောက်ကြောက်လန့်လန့် ဖြစ်နေသဖြင့် ထွေးမောင်၏ စကားမှာ မပီမသဖြစ်နေ၏။ သူတို့သည် ထွေးမောင်အား ဝိုင်းထိုးရန် တိုးကပ်သွားကြသည်။


ထိုအခိုက် လူကြီးတယောက် သူတို့အနီးသို့ ရောက်လာသည်။
ဟေ့ဟေ့-သူငယ်တို့ လက်လွန်ကုန်မယ်
ဘာဖြစ်လို့လဲ သူငယ်
မဟုတ်ပါဘူး သူတို့က ကျွန်တော့ကို ဆိုက်ကား နင်းစားတဲ့ကောင်ဆိုပြီး အထင်လွဲနေတာပါ
သူက ကျွန်တော်တို့ကိုမျိုက် ကြည့်-ကြည့်လို့
သူတို့ကို အားကျလွန်းလို့ကြည့် မိတာပါ၊ ကျွန်တော့အဖေကလဲဘာ မှအလုပ်မလုပ်၊အမေကလဲ မမာ နေတဲ့အတွက် သူတို့လို ပညာ မသင်နိုင်ပါ ဘူး
ထိုအခါ ကျောင်းသား များသည် ထွေးမောင်အတွက် စိတ်မကောင်း ဖြစ်ကြ၏။
မင်းတို့ကလဲသေသေ ချာချာမေးအုံး မှပေါ့ ဖက်သားကိုအရမ်းအထင် မသေးရဘူးကွဲ့
ကျွန်တော်တို့ အပြစ်ပါ-နောက်ကို ဆင်ခြင်ပါ့မယ် ဦးဇယ်
ဒို့မှားသွားတယ် ကွာ-ခွင့်လွှတ် ပါ
ထိုနောက်တွင် သူတို့သည် ထွေးမောင်အား တောင်းပန် ၍ ကျောင်းတက်ရန် ထွက်သွားကြလေတော့သည်။




ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ် အားကစားပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်သည်။

ဤပြိုင်ပွဲ ကျင်းပ ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အာရှနိုင်ငံသားချင်း တဦးနှင့် တဦး ချစ်ကြည် ရင်းနှီးစေရန် ဖြစ်သည်။ ဤ ရည် ရွယ် ချက် ဖြင့် လော၊ မလေးရှား၊ စင်္ကာပူ၊ တောင် ဗီ ယက် နမ်၊ မြန် မာ၊ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံတို့ ပါဝင် ယှဉ်ပြိုင်ကြမည်။

ကျွန်းဆွယ် အားကစားပြိုင်ပွဲကို နှစ်နှစ်တကြိမ်ပြုလုပ်သည်။ ၁၉၅၉ ခုနှစ်တွင် ပထမအကြိမ် အဖြစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ရာ နိုင်ငံအလိုက် ထိုင်းကပထမ၊ မြန်မာ ဒုတိယ၊ မလေးရှား တတိယ အသီးသီး ရ ခဲ့ ကြ သည်။

ဒုတိယအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပသည်။ မြန်မာ ပထမ၊ ထိုင်းဒုတိယ၊ မလေးရှား တတိယ ရခဲ့သည်။

၁၉၆၃ ခုနှစ်တွင် တတိယ ကျွန်းဆွယ်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ရန် ဖြစ်သော်လည်း ထိုနိုင်ငံက လက်မခံသဖြင့် ရွှေ့ခဲ့ရသည်။ ၁၉၆၅ ခုနှစ်တွင်မှ မလေးရှား နိုင်ငံတွင် ပြုလုပ်သောအခါ ထိုင်း ပထမ၊ အိမ်ရှင် မလေးရှား ဒုတိယ၊ စင်္ကာပူ တတိယ ရရှိပြီး မြန်မာ စတုတ္ထ ရခဲ့သည်။

စတုတ္ထ ကျွန်း ဆွယ် ပွဲ ကို ၁၉၆၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည်။ ပဉ္စမကျွန်းဆွယ်ပွဲ၌ အားကစား ၁၆ မျိုး ထည့်သွင်းကျင်းပရန် သတ်မှတ်ထားသည်။




အဖြေ = ၁ = ဆ၊ ၂ = စ၊ ၃ = င၊ ၄ = ဃ၊ ၅ = က၊ ၆ = ခ၊ ၇ = ဂ။



# သူငယ်ချင်း အသစ်အပေါက်

မောင်ချိုဝွန်း

သည့်နှစ် အောင်ဘော် စာမေးပွဲ အောင်သဖြင့် စတုတ္ထတန်းမှ ပဉ္စမတန်းသို့ တက်ရသည်။ ထိုအတန်းတွင်ပင် သူ့အတွက် သူငယ်ချင်း အသစ်ကို တွေ့ရလေသည်။ ထိုသူငယ်ချင်းအသစ်၏ နာမည်မှာ ကြယ်နီဟု ခေါ်သည်။ တခြားရပ်ကွက် မူလတန်း ကျောင်းမှ ပြောင်းလာသူ ဖြစ်၏။

ကြယ်နီ၏ မိဘ များ မှာ ဆင်းရဲရှာသည်။ အစစအရာရာ ခြိုးခြံကာ ကြယ်နီကို ကျောင်းထားရခြင်း ဖြစ်ပေသည်။

အောင်ဘော်နှင့် ကြယ်နီမှာ တတန်းတည်းသား ဖြစ်သော်လည်း အတူသိပ်မနေပေ။ သိပ်မခင်ပေ။ သို့သော် ခင်မင်ရန် အခြေအနေက ဖြစ်လာသည်။

ဆရာက ကျက်စာပေးလိုက်သဖြင့် အောင်ဘော်သည် ညက ဆယ်နာရီအထိ စာကျက်ထားပေသည်။ စာလည်း ရထားသဖြင့် ပျော်နေသည်။ အောင်ဝင်း၊ ဟုတ်ချင်၊ ကစ်တနား စသော ကျန် သူ ငယ် ချင်းများလည်း အားလုံး စာရပေသည်။ ထို့ကြောင့်အတန်းတက်၍ ဆရာက စာမေးသောအခါ အောင်ဘော်တို့ အားလုံး ရကြသည်။ တတန်းလုံးတွင် ကြယ်နီ တယောက်သာ စာမရသူ ရှိသည်။ ဆရာလည်း ဒေါသဖြစ်လာ၏။ ဤမျှ ညံ့ဖျင်း ရပါမည်လားဟု ဆူလေသည်။

ကြယ်နီကား ခေါင်းငုံ့ထား၏။ ဆရာ မရိုက်သေးခင်ပင် မျက်ရည်ကျနေ၏။ ဆရာ ရိုက်သော အခါတွင်မူကား သူမငိုတော့ပေ။ အောင်ဘော်သည် ကြယ်နီကို အံ့ဩ သွား သည်။ သနားလည်း သနားသည်။ နေ့လယ် မုန့်စား လွှတ် ချိန် တွင် အောင်ဘော်သည် ကြယ်နီထံသို့ သွား၍မေးသည်။

"မင်းဘာလို့ စာမကျက်ခဲ့တာလဲ။ အရိုက် ခံ ရ မှာ မကြောက်လို့လား"

"ကြောက်တာပေါ့။ ဒါပေမဲ့ ငါ့မှာမှ ဖတ်စရာ စာအုပ်မရှိဘဲ"

"စာအုပ်မရှိဘူး...."

အောင်ဘော် အံ့ဩ မိပြန်သည်။ သူ တို့ ကျောင်း တွင် ကျောင်းသားတိုင်း ဖတ်စာအုပ် ကိုယ်စီရှိကြသည် မဟုတ်လား။

"ဟုတ်တယ်။ ငါ့မိဘတွေက ဆင်းရဲတော့ ငါ့ကို စာအုပ်ဝယ် မ ပေး နိုင် ကြ ဘူး။ ငါ ကျောင်း တက် ရ တာ တောင် လွန်လှပြီ"

"မင်း လေး တန်း တုန်းက ကော ဒီလိုဘဲလား"

"အေးပေါ့"

"ဖတ်စာအုပ်မရှိဘဲ ဘယ်လိုလုပ် စာမေးပွဲ အောင်လာသလဲ"

"အတန်းထဲက သူငယ်ချင်းတွေက သူတို့ စာအုပ်ကို ငှားပြီး ဖတ်ခိုင်းလို့ပေါ့"

ထိုအခါ အောင်ဘော်၏ အတွေးတွင် ကြယ်နီကို စာအုပ်ငှားခြင်းဖြင့် ကူညီလိုစိတ်ပေါက်လာ သည်။ သူ့ အ ကူ အ ညီ

ကြောင့် သူ့ သူ ငယ် ချင်း တယောက် စာမေးပွဲ အောင် ရခြင်းကိုဂုဏ်ယူလိုသည်။ သို့သော် မလွယ်လှပေ။ ကျောင်းကပြန်တိုင်း သူ့အဖေက စာအုပ်များကို ပြန်စစ်လေ့ရှိသည်။ စာအုပ်ပျောက်ပါက ရှိသေစွာ မကိုင်၍ဟုပြောကာ ရိုက် တတ် သည်။ စာအုပ် ပြဲစုတ်ခြင်းကိုလည်း သူ့အဖေက မကြိုက်ပေ။

ကျန် သူငယ် ချင်း များ နှင့် တိုင်ပင်ရန် အကြံ ရလာသဖြင့် ကြယ်နီကို ကစ်တနားတို့ ရှိရာ အားကစားကွင်းဖက်သို့ ခေါ်ခဲ့ သည်။ အောင်ဘော်က ဖြစ်ပျက်ပုံကို ပြော ပြ သော အခါ သူငယ်ချင်းအားလုံးက သဘော တူကြလေသည်။

“ကြယ်နီ့အတွက် မြန်မာဖတ်စာအုပ် ငါကငှားမယ်”

“ငါက အင်္ဂလိပ်စာအုပ်ငှားမယ်”

“သင်္ချာစာအုပ်တော့ ငါ့ဆီကယူ ကြယ်နီရေ”

အောင် ဘော် က လည်း ကြယ်နီကို သမိုင်းစာအုပ် ငှားမည်ဟု ကတိ ပေး လိုက် သည်။

သို့သော် အောင်ဝင်းကမူ သူ့စာအုပ်ကို မငှားလိုဟု ခပ်ပြတ်ပြတ်ပင် ပြောသည်။ အားလုံးက သူ့ကို စိတ်ဆိုးကြသည်။ သူက ဂရုမစိုက်ဟန်ဖြင့် ဆက်ပြောသည်။

“ဟုတ်တယ်။ စာအုပ်ငှားပြီး ကူညီတာထက် တို့ရတဲ့ မုန့်ဖိုးထဲက တဝက်ကို ကြယ်နီ အတွက် စာအုပ်ဝယ်ပေးဖို့ စုထားပြီး ပိုက်ဆံ ပြည့်တော့မှ အပိုင်ဝယ်ပေးယင် ပိုကောင်းလိမ့်မယ် ထင်တယ်ကွ”

ထိုအခါတွင်မူ အား လုံး က အောင်ဝင်းကို ကျေးဇူးတင်ကြသည်။ သူ့ အ ကြံ ကို လည်း ကောင်းသည်ဟု ဆုံး ဖြတ် ကြသည်။ နောက်နေ့မှစ၍ စုမည်။ စုဗူးတလုံးဖြင့် စုမည်ဖြစ်သည်။ သို့သော် စုဗူးကို သိမ်းဆည်းရန် အ ခက် အ ခဲ တွေ့ နေ ကြ လေ သည်။ နောက်ဆုံးတွင် အတန်းပိုင် ဆ ရာ မ ဒေါ် လှ ကြည် ထံ အကြောင်းစုံ ပြောပြီး အပ်ရန် ပြောလာသော မနီ၏ အကြံကို အားလုံးက သဘော တူလိုက်ကြသည်။

သူတို့၏ သူငယ်ချင်း တယောက် ဖြစ် သော ကြယ်နီကို ကူညီ ရတော့မည်ဖြစ်၍ သူတို့ အားလုံး ဝမ်းသာ နေကြသည်။ ထိုအခိုက် ကျောင်းတက်ခေါင်းလောင်း ထိုးသဖြင့် အတန်းထဲသို့ ဝင်ကြလေသည်။

ကျောင်း လွှတ်သော အ ခါ အောင်ဘော်သည် ကြယ်နီအား သမိုင်းစာအုပ်ကို ငှားလိုက်လေသည်။ အိမ်ရောက်၍ သမိုင်းစာအုပ် မတွေ့သဖြင့်သူ့အဖေကမေးပါကအမှန်အတိုင်းဖြေမည်။ အကယ်၍ သူ့အဖေက ရိုက်ခဲ့လျှင်လည်း သူ၏ သူငယ်ချင်း အသစ်အတွက် သူအရိုက်ခံမည်ဟုတွေးရင်း အောင် ဘော်သည် အိမ်သို့ ပြန်လာခဲ့လေသည်။

## လ တန်ဆောင်တိုင်

ဖိုးပတ်သံ ကြားလိုက်ရ
နားစိုက်ကြ ချိုတေးသံ၊
မြူးရုန်လှို့ပျံ့။

က လိုက်တဲ့ဟန်
ကြာ ဆံတဲ့မျက်လုံး၊
ဖို့လယ်မြေ ရွှေအဆင်းနဲ့
ဝင်းမှည့်ရောင်ဖုံး။

တာရာစုံ လမင်းနဲ့
ညခင်းက အလွန်သာ၊
မီးထိန်ထိန်ဖြာ။

ကုသိုလ်မှီဗျာ
လျှူရှာကြ ထက်မနေး၊
တန်ဆောင်တိုင် ကထိန်ပွဲမို့
နွဲပျော်ကြလေး။

မယ်ဇလီ ဖူးအသုပ်
ခူးပြုပ်လို့ ကျွေးမယ်နော်၊
ရွှာထိပ်ကအော်။

လာကြဟေ့ခေါ်
တူပျော်ပျော်လွှေး၊
ခဝဲရိုင် ရွှေဝါပွင့်တို့
ဝေဝေဆာ တဂုဏ်တင့်တယ်
ထုံသင့်ကြိုင်မွှေး။ ။

ဇန္နရဝင်း



R. 517




အာဖရိက ကလေးများ၏ ကစားနည်းဖြစ်သည်။ ကလေး ငါးယောက်နှင့် အထက်ပါဝင်ကစားနိုင်သည်။ ကစားသူနှစ်ယောက်ကို ကြက်မနှင့် တောကြောင်အဖြစ် ဦးစွာသတ်မှတ်ရသည်။ ကျန်သူများမှာ ကြက်ကလေးများ ဖြစ်ကြသည်။ ကြက်မကြီးသည် ကြက်ကလေးများကို ဦးဆောင်၍ လှည့်ပတ်သွားနေရသည်။ တောကြောင်၏ အန္တရာယ်ကိုမြင်ပါက "ဝပ်" ဟု အော်၍ သတိပေးရသည်။ တောကြောင်ကမူ တနေရာတွင် ပုန်းနေရပြီး တချိန်ချိန် တနေရာရာတွင် ကြက်ကလေးများကို ခုန်၍ဖမ်းရသည်။ မိခင်က သတိပေးခိုက် မြေတွင်ဝပ်ရန်သတိမရသော ကြက်ကလေးများကိုသာ အလစ်စောင့်၍ ဖမ်းရသည်။ ကြက်ကလေးတကောင် ဖမ်းမိလျှင်သို့မဟုတ် ကြက်ကလေးအားလုံး ဖမ်းမိမှ တောကြောင်နှင့် ကြက်မကို အသစ်ထပ်ရွေး၍ ဆက်ပြီး ကစားကြရသည်။

ရဲမြင့်



ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး၊ (မှတ်ပုံတင်အမှတ် ၀၄၇၀) က ထာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ခြွေတော် ဖြိုးဖြံ့ လျှာ့အာ ဖိုးတန်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မောင်ချစ်ညွန့်

ရွှေသွေး ဂျာနယ်
အတွဲ ၁၊ အမှတ် ၄၈၊ ၂၉-၁၁-၆၉




တရံရောအခါ ရွာတရွာတွင် မိုးခေါင်ရေရှား၍ စိုက်ပျိုးရေး မဖွံ့ဖြိုးသဖြင့် သူငယ်ချင်း နှစ်ယောက်သည် ရေကြည်ရာ မြက်နုရာဆိုသည့် အတိုင်း တရွာတကျေးသို့ —




အလုပ်ရှာရန် ထွက်လာကြသတဲ့။ အလွန်ဝေးသောခရီးကို သွားရသဖြင့် ခရီးပန်းကာအစားအစာလည်း ကုန်သွားပြီးနောက် မီးလောင်ပြီးစ တောစပ်သို့ ရောက်သော် ....



မောင်နန္ဒသည် ဆာဆာနှင့် အားရပါးရစားၓ၏။ မောင်ဝဏ္ဏက ဝရုံလောက်သာ စားပြီး အချိန်ရှိခိုက် ခရီးဆက်ရန်နှင့် လမ်းခရီးအတွက် ဂျိသားယူသွားရန် ပြောလေသော် ....




မောင်နန္ဒက အစားမကျေပြီး မသွားလိုသေး၍ ဒေါသနှင့် စကားများနေသောကြောင့် မောင်ဝဏ္ဏသည် တဦးတည်း လမ်းခွဲထွက်သွားသတဲ့။



မောင်ဝဏ္ဏသည်တောစပ်တွင်သစ်ခုတ်သမား များနှင့်တွေ့၍ လွှဆွဲအဖြစ် ဝင်လုပ်နေသတဲ့။ ထိုနောက် အပေါင်းအသင်းဖြစ်ကာ ထိုရွာသို့ ပါသွားသတဲ့။



ထိုရွာတွင် ရသမျှ ကြေးငွေများကို စုဆောင်း ကာ သစ်ခုတ်သမားများ ပေးသော သစ်တို သစ်စများဖြင့် ကစားစရာ အရုပ်များ လုပ် ရောင်းပြီး နေထိုင်သတဲ့။



ထိုရွာတွင် ကြိတ်ဆုံတခုမျှမတွေ့၍ သစ်တုံး များကို ထွင်းပြီး စပါးကြိတ်ပြရာ တရွာလုံး သဘောကျပြီး မောင်ဝဏ္ဏကို ချစ်ခင် အားကိုး လာကြသတဲ့။



သည်လိုနှင့် အလုပ်များတိုးတက်ပြီး ရွာသား များ အားပေးမှုကြောင့် စီးပွား ဖြစ်လာသတဲ့။



မောင်နန္ဒကတော့ ခပ်အေးအေးဘဲ စားလို့ဝမှ ခရီးဆက်ရာ တခြားတရွာကို ရောက်သွားပြီး ပခုံးထမ်း ကူလီလုပ်နေသတဲ့။





ဝီရိယရှိ၍ အလုပ်တွင်ကျယ်ပေမဲ့ ရသမျှကို စားပစ်တာနှင့် ကုန်တာဘဲတဲ့။ တနေ့တနေ့ ကြက်သား၊ ဝက်သား၊ ဘဲသား၊ ဆိတ်သား၊ ငါး၊ပုဇွန်တွေချည်း ချက်စားတာဘဲတဲ့။


မောင်နန္ဒဟာ ငွေဝင်နည်းပြီး အစားစားတာ
နှင့် ကုန်နေတော့ ရွာထဲမှာ အလုပ်နည်းတဲ့
အချိန်နှင့်ကြုံပြီး ဝင်ငွေမရှိသလောက်ဖြစ်သွား
လို့ စိတ်ထိခိုက်ပြီး ရုပ်တောင်ကျသွားသတဲ့။
တနေ့တော့ ဝင်ငွေပြတ်ပြီး အစာရှာဖို့ထွက်
လာရာ စိတ်တိုနေစဉ် အလုပ်ခိုင်းသူများကိုပင်
ရန်စကား ပြောခဲ့သေးသတဲ့။ သည်လိုနှင့်ဘဲ
နေမြင့်လာပြီး အခြားတရွာကို ရောက်သွားသ
တဲ့။ ဆာတဲ့ဒဏ် မခံနိုင်တဲ့အဆုံးမှာ တောင်း
စားဖို့ ဆုံးဖြတ်လိုက်ပြီး အိမ်ကြီးတအိမ်နား
ရှောက်သွားတာနှင့် အသံပေးလိုက်သတဲ့။ အိမ်
ရှင်ဟုထင်ရသောသူက သူ့တပည့် ကိုလွှတ်ပြီး
စုံစမ်းရန် ပြောနေသည်ကိုပင် မစောင့်နိုင်ဘဲ


ဒုက္ခပါဘဲ - အစားထဲ သိတဲ့လူနဲ့ တွေ့နေ ပြန်ပြီ — တတ်နိုင်ဘူးလေ ဗိုက်ဆာတာက အစားကြီးတယ်-
ခင်ဗျာ..... ဟုတ်.... ဟုတ်... ပါတယ်..... ဟိုဒင်းက လုပ်အားခနဲ့ ပါ- ကျွေးမယ်ဆို နေ့ခင်းကြီး ...
ကျွေးမှာပါ... အခု ကျွေးမှာ၊ ညနေ့ကော ဘယ်သူ့ လဲလို့ ကြည့်ပါအုံး .....
ဟင်..... ခင်ဗျား ... ခင်ဗျား ...... ကို.... .....ကို ဝဏ္ဏ ထင် တယ်....
ထိုအခါမှ သေချာစွာ ကြည့်လေသော် မိမိနှင့် အတူ အလုပ်ရှာထွက်လာသော မောင်ဝဏ္ဏ မှန်းသိရပြီး ....
ဟုတ်ပါတယ်...
သူ့ငယ်ချင်းရယ် ဝမ်းသာလိုက်တာ... ငါ ပြောမိတာ တွေ ခွင့်လွှတ်ပါကွာ... ငါမှားပြီ.... သူငယ်ချင်း၊ ငါမှားပြီ....
ဝမ်းသာ ဝမ်းနည်းဖြစ်ကာ ပြောခဲ့မိသမျှကို ဗိုယို ဝန်ချ တောင်းပန်လေတော့သတဲ့။
သူငယ်ချင်း - လာ- လာ - ဝ၊ အောင်စား ...
မောင်ဝဏ္ဏက သဘောထားကြီးစွာဖြင့် ခွင့်လွှတ်ကာ ထမင်းဟင်း ကျွေးပြီးသော်....
...ခင်ဗျား စိတ်ရှိမှ ရှိပါတယ်၊ ဒါပေမဲ့ အစားကို သိပ်တပ်မက်လွန်းတယ်။ ဖြည်းဖြည်းစားယင် ကျန်းမာတယ်။ ငါ ပြောသလို အစားကို လျှော့ကျင့်မယ်ဆိုယင် ငါနဲ့အတူနေ.... ဝမ်းလကြီးသွားမှာဘဲ
အေးကွါ... ငါနောင်တရပါပြီ
မောင်နန္ဒအား ပညာပေး၍ သူနှင့်အတူနေရန် ဖိတ်ခေါ်လေတော့သတည်း။



ရွှေဝါ
သရုပ်ဖော်
ဇာတ်လမ်း – မိုးအောင် (ကောလင်း)
ရွှေဝါဟာ ယောင်နီဖွေးထားတဲ့ ကြက်တူရွေးမကြီး 'မိခဲ'ရဲ့ သားဖြစ်ပါတယ်။
ယောင်နီရေ – ထတော့ဟေ့ – မိုးလင်းပြီကွ၊ တယ်ပျင်းတာကိုး
ဟို ခွေးကြီးကလဲ အိပ်လိုက်တာ လွန်ပါရော၊ ဟေ့ – ဂုတ်ကျား – ဂုတ်ဂုတ်ဂုတ် ပေါ်တာကြီး – ဟိုးဟိုး – ဟားဟားဟား –၊
ဟဲ့သား – သူများကို အဲလို – မခံချင်အောင် မပြောရဘူး
ဂုတ်ကျားက ဝက်မဲ့ ဖိုကျွန်ကိုဟား ကျဖေ့နေတာ မေမေရဲ့ –၊ ဖိုကျွန်ကြီးက အစားကြီး သလောက် – အအိပ်လဲ အိပ်ကြီးတာကဲ့ သိလား –
မဟုတ်ဘဲနဲ့ –၊ တော်က
ငရွှေဝါ အိပ်စကားတတ်နေတယ် –၊ ဟင်း – လှောင်အိမ်ထဲမှာရို့ ပေါ့ကွာ – ရှိ့ပိုးယင်လား –
ဟေ့ကြောင် – – ညောင် – ညောင်ဝေါင်၊ ဟား ဟား ဟား ဟား
– ဟော – ကြောင်လို သွားစ ခဲ့ပြန်ပြီ –


ရွှေဝါ အတော်တွင်ကျယ်နေတယ်။ ငါတို့အသံတွေ လိုက်တုလို့ ခုတဲ့နေ့က စပြီး။ ပါးစပ်အငြိမ်မနေဘူး။။
အလို။ ဟိုမှာ ပဲပုပ်သည် အဒေါ်ကြီး ပါလား။။။။။
ပဲပုပ်သည်။ လာခဲ့ဟို့။။
ပဲပုပ်သည်က ပြန်လှည့်တဲ့ အခါမှာ၊ ရွှေဝါက မသိသလို နေလိုက်တယ်
လူကို နောက်စရာ ကျနေတာဘဲ။။
ဟား ဟား ဟား။ ငါ့ အသံကို တကယ့်လူ့အသံ မှတ်ပြီး။ ပဲပုပ်သည်ကြီး အတော် ဒေါ်မှ သွားတယ်။ ဟား ဟား ဟား ဟား
ဟေး။ ချာတိတ်လေးတွေ။။ ကျွိ။ ကျွိကျွိ။ ဗွီဗွီဗွီ။။ ဖွတ်။ အဖွတ်။ ဟား ဟား ဟား
ရွှေဝါဟာ တနေ့မှ ပါးစပ်အငြိမ် မနေဘူး။။ ဒါကြောင့် ရွှေဝါကို။ အားလုံးက ခပ်ချဉ်ချဉ်ဖြစ်နေကြတယ်။
ငါ အတော်ဟုတ်လာပြီ။


လူစကားတတ်လှချည်နေတဲ့ ရွှေဝါကို ဖောင်ဖူးဟာ အတော်ချစ်သတဲ့ ။ အဲ ။ တနေ့တော့ ။ အပြင်ကိုအထုတ်မှာ ။
အို
ရွှေဝါဟာ ။ အတောင်ဖြတ် ခံထားရတော့ မြေပေါ် အကျနာတော့တာပေါ့ ။ ။
အွတ်
ဘုတ်
အဲဒီအချိန်မှာ ။ ဂုတ်ကျားဟာ ပြေးဝင်လာပြီး ။ ။ ။
သေပေတော့ စကားတတ် လှတဲ့ကောင်
ဟဲ့! ဟဲ့! ဟဲ့! ခွေး
ဟဲ့ ။ ဟဲ့ ။ ဟဲ့ ခွေး ဟဲ့ ခွေး ။
။ ။ ကံကောင်းလို့ ခွေးစာ မဖြစ်တယ် ။ အို ။ ကျွတ် ကျွတ် ကျွတ် ။ နာလိုက်တာ ။
ဖောင်ဖူးဟာ ။ ရွှေဝါကိုပြုစုပြီး ၊ လှောင်အိမ်ထဲ ပြန်ထည့်ထားလိုက်တယ် ။
အဲဒါ ။ ကျီစားသန်လို့ ရန်ပြုခံရတာ ။ သိလား ။ မေမေ့စကားနားမထောင်တဲ့ သားအတွက် ။ ဒါဟာသင်ခန်းစာဘဲ ။ ။
ဖော်ကာတကာ တွင်ကျယ်ဖို့ အခုလို ဖြစ်ရတယ်ဆိုတာ ။ သားဆင်ခြင်မိ ပါပြီမေမေ ။ ။ သားသိပါပြီ ။ ။

# နှမ်း

ရေးသူ - စိုးမြင့်
သရုပ်ဖော် -







နှမ်းသည် တနှစ်ခံပင်မျိုး ဖြစ်၍ အပူပိုင်းဒေသများတွင် ပေါက်သည်။ နှမ်းပင်ကို ဆီထုတ်လုပ်ရန် အဓိကထား၍ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် မိုးခေါင်ရေရှားရပ်ဝန်း၌ စိုက်ပျိုး ဖြစ်ထွန်းသည်။

နှမ်းကို နှမ်းလျှင်နှင့် နှမ်းကြီးဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဆီကြိတ်သည့်အခါ သမာဓိ နှစ်တင်းလျှင် ဆီဆယ်ပိဿာခန့် ရသည်။

နှမ်းစေ့သည် အားကိုဖြစ်စေသည်။ ဆံပင်၊ သွားတို့နှင့်သင့်သည်။ နှမ်းဆီသည် နူနာ၊ ယားနာ၊ ရောင်ရမ်းခြင်းနှင့် ပိုးတို့ကိုနိုင်သည်။ နား၊ ဦးခေါင်း ကိုက်ခြင်းတို့ကို ပျောက်စေသည်။ အကြောအခြင်တို့ကို လျော့စေသည်ဟု မြန်မာ့ဆေးကျမ်းများအရ သိရသည်။

နှမ်းကိုလှော်၍ မုန့်အမျိုးမျိုးနှင့် အသုပ်မျိုးစုံတို့တွင် သုံးနိုင်သည်။





နှမ်းဆီကို ချက်ပြုတ် ကြော်လှော်ရာတွင်ဎင်း၊ မှုံ့များ၊ အသုပ်များတွင်ဎင်း သုံးနိုင်သည်။




ဆီကြိတ်ရာမှ ထွက်ရှိသော နှမ်းဖတ်သည် ကျွဲ နွားများအတွက် အာဟာရဖြစ်စေသည်။ နှမ်းဖတ်မဖြစ်ခင် ဆီသွေးကို ထုတ်ယူ၍ ငရုတ်၊ ကြက်သွန်တို့နှင့် ကြော်စားနိုင်သည်။ နှမ်းဖတ်ကို နှမ်းဖတ်ချဉ် ပြုလုပ်နိုင်သည်။ နှမ်းဖတ်ချဉ်ကို အိုးသစ်တွင် ကျပ်စွာသိပ်ထားပြီး အပေါ်မှ ဆီချက် တင်ထားက တနှစ်ခံသည်ဟု သိရသည်။ နှမ်းဖတ်ချဉ်ကို ဟင်းချက်၍ဎင်း၊ သုပ်၍ဎင်း စားနိုင်သည်။

နှမ်းဖတ်ကို ရေစိမ်ပြီး မြေဩဇာ အဖြစ်လည်း အသုံးပြုနိုင်သည်။


မြန်မာနိုင်ငံတွင် နှမ်းစိုက်ဧရိယာ ဧကပေါင်း နှစ်သန်းကျော် (၂,၀၃၇,၂၇၄) ရှိသည်ဟု သိရသည်။





အလှအပ ပြိုင်
မနက်ဖြန် အလှပြိုင်ပွဲ ကျင်းပမယ်. ဘယ်သူမဆို ယှဉ်ပြိုင်နိုင်တယ်
အင်း..ငါအကြံရပြီ သူတို့ထက်ပိုပြီးလှ အောင် ဦးရွှေယုန်ကို သွားပြီး အကူအညီ တောင်းအုံးမှဘဲ.
ဦးရွှေယုန် ကျွန်တော့်ကို ဆေးခြယ်ပေးစမ်းပါ-
ခြယ်ပေး တာပေါ့ကွာ
ကဲခင်ဗျားကို အလှဆုံး ဆေးခြယ်ပေးလိုက်မယ်
ကျေးဇူး တင်ပါတယ်
ဒီတောထဲမှာ ငါ့လောက်လှတဲ့ငှက် မရှိတော့ဘူး၊ ငါအလှဆုံးဘဲ.
ကိုကြက်ဖကြီးက သိပ်လှတာဘဲဟေ့.
အားလုံးထဲမှာတော့ သူအလှဆုံးဘဲ.



ကိုကြက်ဖကို အလှဘွဲ့ပေးဘို့ ကျုပ်တို့ အားလုံးသဘောတူပါတယ်
ဟုတ်ပါတယ်
ဒီတော့မှာ ကိုကြက်ဖကို အလှဆုံးဘွဲ့ တံဆိပ်နဲ့ ချီးမြှင့်လိုက်ပါတယ်
အလှဘွဲ့ကို တစ်သက်လုံး ငါရအောင်ကြံမှဖြစ်မယ်
ညအချိန်ရောက်သော်
ဒီဆေးတွေ စုတ်တံတွေကို ချောင်းထဲမျှောပစ်မှဖြစ်မယ်
ဟိုက် - ငါ့ဆေးရောင်တွေနဲ့ စုတ်တံတွေ မရှိတော့ပါလား -
နောက်တနေ့ နံနက်
ဒီတော့မှာ ငါအလှဆုံး ငါ့အလှကို ပြိုင်မဲ့သူ ဘယ်သူမှမရှိဘူး ဟား-ဟား-ဟား -
ကိုကြက်ဖ မြန်မြန် ပါးပါး မိုးရေချိုးရအောင် လာပါဗျ
ချမ်းနေလို့ မချိုးပါရစေနဲ့ဗျာ
ထိုအချိန်တွင်


ငါမိုးမိခံလို့မဖြစ်ဘူး၊ ငါ့အလှ တွေယိုကျမှာစိုးရတယ်၊ မြန်မြန်လစ်မှ
ဆေးရောင်တွေယိုကျနေ လို့ ဆေးခြယ်ပေးပါအုံး ဦးခွေးယုန် -
ယခုမှာ ဆေးရောင်တွေ စုတ်တံ တွေမရှိတော့ဘူး ကိုကြက်ဖရဲ့ -
ကိုကြက်ဖရဲ့ အလှဘွဲ့ကိုပြန်ယူဘို့ အားလုံးကတောင်းဆိုပါတယ်၊
ကောင်းပါပြီ ပြန်ယူပါ့မယ် -
ကိုကြက်ဖမှာလှပမှုမရှိတော့လို့ အလှဘွဲ့ကိုပြန်ယူရတာဝမ်းနည်း ပါတယ်
ငါ့ရဲ့ မကောင်းကြံမှုဟာ နောက်ဆုံး တော့ ငါ့ကို အကျိုးယုတ်စေတော့တာ - ဟီး - ဟီး - ဟီး --




ဒိုင်ဗင် အားကစားနည်းသည် ဥရောပတိုက်မှ စတင်ပေါ်ပေါက်သည်။

ဒိုင်ဗင်တွင် ရှေ့ဒိုင်ဗင်နှင့် နောက်ဒိုင်ဗင်ဟူ၍ အခြေခံဒိုင်ဗင်ထိုးနည်း နှစ်မျိုး ရှိသည်။ အိုလံပစ် ပြိုင်ပွဲများ၌ ပုံစံ ငါးမျိုးအထိ ယှဉ်ပြိုင် ကြရသည်။

ဒိုင်ဗင်ပြိုင်ပွဲကို ရေကူးကန်၌ ဒိုင်ဗင်ထိုးရန်စင်များဖြင့် ပြုလုပ်ကျင်းပသည်။ စင်မှာ လှုပ်စင်ဖြစ်၍ ရေမျက်နှာပြင်မှ အထက် တမီတာအမြင့်၌တခု၊ သုံးမီတာအမြင့်၌တခု တပ်ဆင်ထားလေ့ ရှိသည်။ ဒိုင်ဗင် စင်သည် လက်မ ၂၀ ကျယ်ပြီး ၁၄ ပေမှ ၁၆ ပေအထိ ရှည်သည်။ စင်အရင်းပိုင်းမှာ သုံးလက်မ ထူ၍ အဖျားပိုင်းတွင် တလက်မခွဲ ထုသည်။

ရေကန်၏ အနက်မှာ စင်အမြင့်ကိုလိုက်၍ ကွဲပြားသည်။

အသက်ခြောက်နှစ်အောက် ကလေးများမှာ ဒိုင်ဗင်လေ့ကျင့်ရန်မသင့်ပေ။ ဒိုင်ဗင်သမားတဦးသည် ရေကူး ကျွမ်းကျင်ရန်နှင့် ရေငုပ်တတ်ရန်လိုသည်။

ဒိုင်ဗင်သမားသည် စင်မြင့်အစွန်းသို့ ချဉ်းကပ် သွားပြီးအရှိန်ယူခုန်ကာ လေထဲတွင် ကိုယ်ကိုလှပစွာ မြောက်တက်သွားစေရန် အလေ့အကျင့်များစွာ လိုသည်။ ရေပေါ်သို့ ကျပုံကျနည်း များ ကို လည်း လေ့ကျင့်ရသည်။

## အမှားခြောက်ခု တွေ့အောင်ရှာ



အဖြေ။ ၁။လူကြီးရှေ့မှာ ကုန်းပြီးသွားရသည်။ ၂။ဒူးညွှတ်ပြီးပေးရသည်။ ၃။ လူကြီးအထက်က မထိုင်ရ။ ၄။မီးရောင်ကိုကွယ်၍ စာမကြည့်ရ။ ၅။ကလေးအရွယ်၌ ဆေးလိပ်မသောက်သင့်။ ၆။ဇွန်းကို ဘယ်လက်ဖြင့် ကိုင်ရသည်။

# စာနာစိတ်

ခင်ဖုန်းဆင့်



ကိုလတ်သည် ကျောင်းသွားချိန်နီးခါမှ ဂဏန်း ပုစ္ဆာအချို့တွက်ရန် ကျန်သေးသည်ကို သတိရလာသည်။ ဂဏန်းတွက်ရန် ခဲတံကို လွယ်အိတ်ထဲတွင် ရှာရာ မတွေ့သဖြင့် ညီထွေးထံမှ ခဲတံကို ခေတ္တယူပြီးတွက်ရန် အကြံရလေသည်။

"ညီထွေး ရေ၊ ငါ့ခဲတံ ပျောက်နေလို့ မင်းခဲတံခဏပေးစမ်းပါကွာ"

"ကျနော်လဲ လက်ရေးလှ ရေးနေတယ်။ ကျနော် ပြီးမှယူပါ"

ဂဏန်းတွက်၍ မပြီးပါက ကျောင်းရောက်လျှင် ဆရာမဆူလိမ့်မည်။ ထို့ကြောင့် ကိုလတ်စိတ်တိုလာကာ ညီထွေးထံမှ ခဲတံကို ထပ်တောင်းပြန်သည်။

"ပေးဆို ပေးကွာ၊ ငါ့ဒီမှာ အရေးကြီးနေတယ်။ မင်းကပြီးမှရေးပေါ့"

ညီထွေးသည် "မပေးဘူး" ဟု ပြောကာ စာပွဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။ ထိုအခါ ကိုလတ်သည် မိမိ၏ အပြုအမူ တရားသည် မတရားသည်ကို သတိမပြုမိပဲ ညီထွေး လက်ထဲမှ ခဲတံကို အတင်း ဆွဲယူလိုက်ကာ ညီထွေးအား တဖက်သို့ တွန်းလိုက်လေသည်။ ကိုလတ် တွန်းလိုက်သည့်အရှိန်ကြောင့် စာပွဲစွန်းနှင့် ဆောင့်မိကာ ညီထွေး၏ နဖူးတွင် အနည်းငယ် ဖူးရောင် သွားသည်။ ညီထွေးသည် နဖူးကို လက်နှင့်အုပ်ရင်း အော်ငိုလိုက်လေသည်။

"ဟော့ကောင် တိတ်ကွ။ အကျယ်ကြီး ငိုမနေနဲ့။ မေမေတို့ မေးယင်လဲ မတော်တဆခလုတ် တိုက်ပြီး ခိုက်မိတာ လို့ ဖြေ၊ ကြားလား။ ကိုလတ်လုပ်တယ်လို့ပြောယင့် မင်း အထိုးခံရပြီမှတ်"

ညီထွေးသည် ကိုလတ်ကို ကြောက်၍ တိုးတိုးသာ ငိုနေလေသည်။

ကိုလတ်သည် ကျောင်းရောက်ပြီးနောက် မုန့်စား ဆင်းချိန်တွင် ရွှေဆောင်လူငယ် ဂျာနယ်ကို ဖတ်နေလေသည်။ ထိုစဉ် မောင်နီ ရောက်လာသည်။ မောင်နီသည် ကိုလတ်ထက် အသက်ကြီးသည်။ သူသည်မကြာခဏ ရန်ဖြစ်တတ်သည်။ သူ့ထက် ငယ်သူများကိုလည်း အနိုင်ကျင့်တတ်၏။ မောင်နီသည် ကိုလတ် လက်ထဲမှ ရွှေဆောင်လူငယ် ဂျာနယ်ကို မြင်သောအခါ –

"ငါ့ကို ခဏ ပေးဖတ်စမ်းကွာ။ ပြီးမှ မင်းပြန်ဖတ်"

"ကျနော်ဖတ်လို့ မပြီးသေးဘူး။ နောက်မှယူဗျာ"

"ဟော့ကောင် – ကောင်းကောင်း တောင်းနေတာ မပေးဘူးလား"

မောင်နီ၏ လေသံမှာ မာလာပြီး ကိုလတ်၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ကိုလတ်သည်

စိတ်ဆိုး လာသော်လည်း မသိသလိုလုပ်ရင်း စာကို ဆက်ဖတ်နေလိုက်သည်။ ထိုစဉ်လက်ထဲမှ စာအုပ်ကို ဇတ်ခနဲဆွဲယူခြင်း ခံလိုက်ရသဖြင့် ကိုလတ်သည် ချက်ချင်း ထရပ်လိုက်မိသည်။

ကိုလတ်သည် မောင်နီနှင့် ရန်ဖြစ်ချင်သော်လည်း မိမိသာ နာ လိမ့် မည် ကို သိ၏။ ထို့ကြောင့် "ခင်ဗျား ပြန်မပေးဘူးလား။ မပေးယင် ဆရာမကို သွားတိုင်မယ်" ဟု ပြောစမ်းကြည့်သည်။

"အောင်မာ၊ ပြောရဲယင် သွားပြောစမ်း။ ငါ့လက်သီးအကြောင်း မင်း ကောင်းကောင်း သိသွားမယ်။ လိမ်မာ စမ်း ပါကွာ။ အနာမခံချင်ပါနဲ့"

မောင်နီသည် ကိုလတ်အား လှောင်သလို ပြောရင်း ထွက်သွားလေသည်။ ကိုလတ်သည် တယောက်တည်း ဒေါပွ၍ လက်သီး ဆုပ် ကာ ကျန် ခဲ့ လေသည်။ မောင်နီနှင့် ရန်ဖြစ်ပါက မိမိပင်နာမည်။ နှစ်ဦးစလုံးလည်း ဆရာမ အရိုက်ခံရမည်။ မိမိစာအုပ်ကို မောင်နီက မတရားယူသွားကြောင်း သွားတိုင်ပါက လည်း တ ချိန် ချိန် တွင် မောင် နီ ၏ ထိုးကြိတ်ခြင်းကို ခံ ရ ပေ မည်။ ကိုလ တ် သည် မောင်နီအပေါ် မကျေမနပ် ဖြစ်နေရင်းမှ နံနက်က ညီထွေးအပေါ် မိမိဗိုလ်ကျ မိခဲ့သည်ကို ပြန်လည် သတိ ရမိလေသည်။

ကိုလတ်သည် အနိုင်ကျင့်ခြင်းသည် မတရား ကြောင်းကို ကိုယ်ချင်း စာတတ်လာသည်။ အထူးသဖြင့် မိမိ၏ ညီငယ်ကို သတိရကာ ပို၍ သနားလာမိသည်။

ညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်သောအခါ ကိုလတ်သည် ညီထွေးအား ပြောရန် စကားများကို မပြောမီ လွယ်အိတ်ထဲမှ မာလကာသီး တလုံးကိုထုတ်ကာ ညီထွေးအား ပေးလိုက်၏။

"နွေခင်းက ကိုလတ် ဝယ်စားတာ ညီထွေးဖို့ပါ တလုံးပိုဝယ်ထားတယ်။ ရော့ ညီထွေး စားလိုက်နော်"

ညီထွေးက "ဟုတ်ကဲ့" ဟု ကျေနပ်စွာပြောပြီး မာလကာသီးကို ကိုက်စားနေလေသည်။

"ညီထွေးရေ – မနက်တုန်းက မင်းခဲတံ ငါ အတင်းယူတာ စိတ်မဆိုးပါနဲ့ကွာ။ နောက်ကို ငါဒီလိုမတရား မလုပ်တော့ဘူး"

ညီထွေးသည် ကိုလတ်အား မော့ကြည့်ကာ ကိုလတ်၏ ပြောစကားများကို နားထောင် နေလေသည်။ ကိုလတ်က ဆက်ပြော၏။

"သူ များ ကို အ နိုင် ကျင့်တတ်တာ မ ကောင်း ဘူး ကွ။ မင်းလဲ မင်းထက်ငယ်တဲ့ သူတွေကို အနိုင်မကျင့်နဲ့နော်"

ညီထွေးက ခေါင်းညိတ်ရင်း "ဟုတ်ကဲ့" ဟု အဖြေပေးလိုက်လေသည်။

စာတိုက်ပုံးကလေး
မောင်နီတာ

ကိုယ်ဝတ်ရုံထည် နီရောင်ဖုံးတဲ့
စာတိုက်ပုံးကလေး မောင်နီတာ၊
သံမောက်ချွန် မောက်တို
ဆောင်းလို့
သူ့ရဲကောင်းကြီး ဟန်မူရာ။

ဝတ်စားနီနီ ဇော်ဂျီအလားရွဲ့
မိုးကြားတိမ်ရပ် မပျံသာ၊
မိုးနွေဆောင်းပါ မြေမှာရပ်လို့
မားမားမတ်မတ် နေတတ်ရှာ။

မိုးပက်နေပူ နှင်းမြူလွှမ်းလဲ
ရှက်ထမ်းမပျက် သူ့စနိတာ၊
ညီမမောင်ငယ် စာစွေပါးတော့
သူ့ရင်ကြားမှာ သိမ်းပေးတာ။

စာပေးစာယူ သူဆက်သားပေါ့
ရပ်ခြားနီးဝေး ဆက်သွယ်ရာ၊
တိုင်းပြည့်တာဝန် သူဆောင်
ထမ်းလို့
တတ်စွမ်းသမျှ သူ့ဝင်ပါ။

ညီမမောင်ငယ် သူ့ကိုတုလို့
ရှုကြမြင်ကြ ပြည့်ဝန်တာ၊
ထမ်းပါ၊ ရွက်ပါ။ ။

မစန္ဒာ



R. 517




ကျူးဘားပြည်မှ ကလေးကစားနည်း ဖြစ်သည်။ လူနှစ်စုခွဲ၍ မျက်နှာချင်းဆိုင် တန်းစီကာ ဆယ်ပေခန့်ခွာ၍ ရပ်ကြရသည်။ တဖက်ကို ကျူးဘားပြည်၊ ကျန်တဖက်ကို စပိန်ပြည်ဟု သတ်မှတ်ရသည်။ စပိန်ဖက်မှ တယောက်ကို စေလွှတ်လျှင် ကျူးဘားဖက်မှ အားလုံးက ရှေ့သို့ လက်ဖြန့်ပြီး ဆန့်တန်းထားကြရသည်။ စပိန်ဖက်မှလာသူ၏ ညာလက်ဝါးဖြင့် တဖက်လူများ၏ လက်ဝါးများကို ပွတ်သွားရသည်။ လိုက်ဖမ်းစေလိုသူ၏ ရှေ့သို့ရောက်လျှင် လက်ဝါးကို ရိုက်၍ ပြေးရသည်။ အရိုက်ခံရသူက သူ့ကိုလိုက်ဖမ်းရသည်။ လာရိုက်သူကို သူတို့ဖက်သို့မရောက်မီဖမ်းမိပါက သူ့ကို ကျူးဘားဖက်သို့ ခေါ်သွားနိုင်သည်။ အရိုက်ခံရသူက လာရိုက်သူကို မိအောင် လိုက်မဖမ်းနိုင်ပါကလည်း တဖက်သို့ပါသွားပြီဟု မှတ်ယူသည်။ ထိုနောက် ရှေးနည်းအတိုင်း ကျူးဘားဖက်မှ စပိန်ဖက်ကို သွားစရသည်။ ဤနည်းဖြင့် တဖက်ဖက်မှ လူကုန်သွားသည်အထိ ကစားကြရသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၄၉၊ ၆-၁၂-၆၉

# အမျိုးသားနေ့




ယခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ကို အမျိုးသားနေ့လို့ ခေါ်တယ်။ ရုံးတွေ၊ ကျောင်းတွေ၊ အလုပ်ရုံတွေ ပိတ်တယ်။ အဲဒီနေ့ဟာ ဗမာ့လွတ်လပ်ရေးလမ်းစပေါ်တဲ့ နေ့ပဲ။ ဖြစ်ပေါ်လာပုံကတော့ ....


ရှေးတုန်းက ဗမာပြည်ကို ဗမာမင်းများ အုပ်စိုးပြီး နေတယ်။ တခါကျတော့ အင်္ဂလိပ်က သာလွန်ကောင်းတဲ့ လက်နက်အားကိုးနဲ့ အပိုင်စီးလိုက်ပြီး သူတို့ပိုင်ထားနှင့်ပြီးဖြစ်တဲ့ ကုလားပြည်ရဲ့ နယ်တခုအနေနဲ့ ထားတယ်။
ဗမာပြည်မှာ ဘုရင်ခံဆိုတာက ဦးစီး အုပ်ချုပ်ပြီး အရာရှိမှန်သမျှ သူတို့တွေချည်းဘဲတဲ့။
မှန်ပါ့ ကိုယ်တော်
အင်္ဂလိပ်စကား အနည်းငယ်တတ်ပြီး အညွှံ့ခံတဲ့ ဗမာ တယောက်စ၊ နှစ်ယောက်စ လောက်သာ အရာခံ ခန့်သတဲ့။
ဗမာတွေ အင်္ဂလိပ်စာ မတတ်သေးလို့ ဆိုတဲ့ ဆင်ခြေနဲ့ အရာခံတွေထဲမှာ တရုပ်ကုလားများကို သုံးသတဲ့။
A.B.C.D
E.F.G.H
စာသင်ကျောင်းတွေမှာလဲ အင်္ဂလိပ်စာ သင်ခိုင်းပြီး အဲဒီကျောင်းက အောင်မှ စာရေး စာချီ ခန့်သတဲ့။


လိုက်ဆို
ကျွန်ုပ်တို့၏ ဘုန်းတော်ကြီးသော
ဘုရင်ကြီး ကျန်းမာပါစေ....
ချမ်းသာပါစေ....
ဘယ့်လောက် အသားယူသလဲ ဆိုယင် မမြင်ဘူးတဲ့ အင်္ဂလိပ်ဘုရင် အဓေးမိတာကို ဒီကကျောင်းသားတွေက ဆုတောင်းပေးရသတဲ့၊
၁၅၀
၅၀၀၀
အင်္ဂလိပ်စာတတ်ပြီး ကံကောင်းလို့ မြို့အုပ်ဖြစ်ပြန်တော့ လခ ၁၅၀ိ သာပေးလို့ နိုင်ငံခြားသား အရာခံတွေလိုတဲ လစ်စားကြသတဲ့။
ဟဲ့ ကောင်လေး - နင်
အသက်ပြည့်ပြီလား၊
ပြည့်ရင် လူ့ခွန်ပေး၊
မပေးလို့ကတော့ လိုက်ယင်
ပုလိပ်လါဖမ်းလိမ့်
မယ်
ဗျာ
အခွန် အ ကောက်ကလဲ မျိုးစုံလိုက် တာလူတ ယောက် အရွယ်ရောက်လာယင် လူခွန်ရယ်လို့ ကောက်သေးသတဲ့။
အိုင်ဆေး
ရှက်စရာ
LOGIC
နောက်ပိုင်းမှာစေတနာထားတယ်ဆိုပြီးကောလိပ်တခု ရန်ကုန်မှာ ဖွင့်ပေးတယ်။ ဒါပေမဲ့ ဓနရှင်သားသမီးလောက်ကဲ နေနိုင်ပြီးဘီအေစာမေးပွဲကို ကုလားပြည်မှာ ဖြေရသတဲ့၊
မောင်မင်းတို့ မြမာတွေထဲမှာ
B.A. ပညာတတ်နဲ့သေးတယ်-
တိုင်းပြည် မအုပ်ချုပ်တတ်
သေးဘူး....
ပြီးတော့ မင်းတိုင်ပင် အမတ်တွေ ခန့်တယ်။ မြမာနဲ့ တိုင်ပင်ပြီး အုပ်ချုပ်သလိုလိုပေါ့။ ဒါပေမဲ့ အုပ်ချုပ်ရေးပြင်ပေးဖို့ ပြောတဲ့အခါ ဆင်ခြေအမျိုးမျိုးကန်ပြီး နေသတဲ့။
ကဲ.... ရော့....
မောင်မင်းတို့မြမာလေးတွေ
ပညာတတ်ပေါ်လါအောင်
ကောလိပ်ကျောင်း
ကြီး ဖွင့်ပေး
မယ် - ဟဲ -
ဟဲ -
၁၉၂၀ မှာ ဘီအေ စာစစ်နိုင်တဲ့ ယူနီဗာစီတီ (တက္ကသိုလ်) ဖွင့်မယ့် ဥပဒေတခု ဆွဲတယ်။


အဲဒီ ဥပဒေက ဗမာတွေကို သိပ်နှိမ်ထားလို့ ကောလိပ် ကျောင်းသားတွေက မခံမရပ်နိုင် ဖြစ်ပြီး တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့မှာ သပိတ်မှောက်ကြတယ်။
အိုး - မိုင်ဂေါ့
ဗမာ လူကလေးတွေ
တယ်ဆိုးပါလား —
မဒီးဘက်
မဒီးဘက်
သပိတ်ဟာ တပြည်လုံး ကူးစက်သွားပြီး ကျောင်းတွေပါ မှောက်ကြတယ်။ ဒီတော့ ဗမာတွေကို အထင်သေးလို့ မရတော့ပါလား ဆိုပြီး မျက်လုံးပြူးသွားကြသတဲ့။
ဒါနဲ့ စွေစပ်ပြီး အပေးအယူ လုပ်ရတော့တာပေါ့။ ဗမာတွေရဲ့အမြတ်ကတော့ နေ့ရှင်နယ် (အမျိုးသား) ကျောင်းတွေ ပေါ်လာတယ်။
ဗမာတွေဟာ သတ္တိကောင်း
တယ် - မဟာဗန္ဓုလ
ဆိုယင် . . . . . . .
အမျိုးသား ကျောင်း တွေကို ဗမာတွေဘဲ အုပ်ချုပ်ရတယ်။ အဲဒီ အခါမှာ ကျောင်းသားတွေကို စာသင်ရင်း မသိမသာ အမျိုးသားစိတ်တွေ နှိုးဆွပေးခဲ့တယ်။
အဲဒီ ကစပြီး ဗမာတွေ တဖြည်းဖြည်း ကြိုးစားလာခဲ့ကြတာ နောက် ၂၇ နှစ်ကြာတော့ လုံး၀ လွတ်လပ်ရေးကို ရရှိကြတော့တယ်။
၁၉၂၀ ထကြွမှုဟာ လွတ်လပ်ရေးရအောင် အကျိုးပြုတဲ့ တော်လှန်ရေးဖြစ်လို့ နှစ်စဉ် အဲဒီနေ့မှာ ရုံး၊ ကျောင်း၊ အလုပ်ရုံတွေ ပိတ်ပြီး ပြည်ထောင်စု အနံ့ ကျင်းပထားကြတာဘဲ။


ကာတွန်း
မောင်မောင်သက်
ဟိုက်-ဟိုင်းနဲ့တွေ့လာနေပြီ ဥမုန်လာဥကြီး နုတ်နေမှန်းသိသွားယင် သူတို့ကိုပေးနေရအုံးမယ်
ဒါတယောက်ထဲစားရ အောင်သူတို့မသိမှဖြစ်မယ်.
ရွှေယုန်ကြီးဘာလုပ် နေတာလဲ.
ဟဲ-ဟဲ-ဟဲ-- ဘာမှမလုပ်ပါဘူး ညောင်းလို့ထိုင်နေတာ.
ဒါတယောက်ထဲအားနဲ့ တော့နုတ်လို့ရမှာမဟုတ်ဖူး အများအားနဲ့ဆွဲရမှာဘဲ.
သူငယ်ချင်းတို့ရေ ဒီမှာမုန်လာဥကြီး-ဟေ့
ဟာ-ဟုတ်တာဘဲ
ဆွဲဟေ့-ဆွဲဟေ့
ဟာမုန်လာဥကြီး ပေါ်လာပြီ-ဟေ့
ဘယ်အလုပ်မဆို စုပေါင်းလုပ် အားနဲ့သာဆိုယင် အောင်မြင်တာဘဲ.
စုပေါင်းလုပ်တော့ အများစားရတာပေါ့-

# မတည့်တာများ သတိထား


— [illegible] —




ဖရဲသီးနှင့် ဘဲဥ





မင်းကွတ်သီးနှင့်သကြား




ရှောက်သီးနှင့် စောင်းလျားသီး



နို့အေးချောင်းနှင့် မိမ်းစားဥ



ချောကလက်နှင့် ပဲမြစ်



ကျွဲကောသီးနှင့် သံပုရာ


သတိကောင်းတဲ့
ဝင်းမာ
သရုပ်ဖော် ကျော်ကျော်
ဇာတ်လမ်း ပျဉ်းမနား မောင်နှင်းသင်
ဝင်းမာသည်အမေဈေးသွားသဖြင့် မောင်လေးကို ထိန်းနေရသည်။
ယ ငိုနဲ့ကွယ် ရော့ ဖိုဖိုလေး စုပ်ကြည့်စမ်း
ဖိုဖိုလေးကို မျိုချလိုက်ပြီ ထင်တယ်.. ဘယ်လိုလုပ်ရမလဲ ဥက္ကဘဲ..
အင်း အင်း
လမ်းလျှောက်လာသော လူကြီးထံမှ အကူအညီ တောင်းလိုက်ရာ
မောင်လေးသည်ချောင်းထဲ ဖိုဖိုလေးဝင်သွားလို့ လုပ်ပေးပါအုံး ဦးဦး
လူကြီးက ဆေးရုံသို့ပို့ပေးသဖြင့်
ခလေးအတွက် ဆိုးရိမ်စရာ မရှိတော့ပါဘူး
ဥာဏ်ကောင်းပြီး သတိရှိတဲ့ ဝင်းမာအတွက်.. အမေ သိပ်ဝမ်းသာပါတယ်..
ပြီး

# ကန့်

ကန့်သည် လူသားတို့အဖို့ အလွန် အသုံးဝင်သည်။ သတ္တဝါနှင့် အပင်များ၏ ခန္ဓာကိုယ်တွင် ကန့် ပါရှိသည်။ ဆံပင်၊ ကြက်သွန်၊ ဂေါ်ဖီ၊ ဒန့်သလွန်နှင့် ကြက်ငှက်ဥများတွင် ကန့်ပါဝင်သည်။ မီးတောင်မြေအရပ်ဒေသတွင် ကန့်သန့်သန့်ကို တွေ့ရသည်။ ပြဒါးနှင့်ပေါင်းစပ်ကာ ဟင်္သပြဒါးအဖြစ်၎င်း၊ သံနှင့် ပေါင်းစပ်ကာ ဗဟန်းကျောက် အဖြစ်၎င်း၊ ခဲနှင့် ပေါင်းစပ်ကာ ဂလီးနား အဖြစ်၎င်း သတ္တုများနှင့် ပေါင်းစပ်လျက်လည်း တွေ့ရသည်။

ရေးသူ- ကိုဒင်ဖြ
သရုပ်ဖော်- ကဆု

ကန့်သည် အနံ့မရှိ၊ အရသာမရှိ၊ ရေတွင် ဖျော်မရ၊ ဆတ်ပြီး အဝါရောင် ရှိသော အစိုင်အခဲဖြစ်သည်။ အသွင်အမျိုးမျိုးဖြင့် တည်ရှိ၍ မီးရှို့သောအခါ အလွန်လှပကြည်လင်သော ခရမ်းပြာရောင်ထွက်၏။ ကန့်ကို မီးရှို့သဖြင့်ရရှိသော ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အောက်ဆီဂျင် ကဲပေးလျှင် ဆာလဖာထရိုင် အောက်ဆိုက်ဓာတ်ငွေ့ ရရှိသည်။ ယင်းကို ရေတွင်ပျော်ဝင်စေသော် ဆာလဖျူရစ်အက်ဆစ် ခေါ် ကန့်ငရဲမီးကို ရရှိသည်။

ကန့်ငရဲမီးသည် စက်မှုလုပ်ငန်းတွင် အလွန် အသုံး ဝင်သည်။ ရက်ထည်များကို ချေးချွတ်ရာတွင်၎င်း၊ ရာဘာ တာယာများကို မာအောင် ပြုလုပ်ရာတွင်၎င်း၊ သတ္တုကျိုရာတွင်၎င်း၊ ရေယွန်၊ ပလပ်စတစ် ထုတ်လုပ်ရာတွင်၎င်း ယင်းကို အသုံးပြုရသည်။ ထိုပြင် ခဲယမ်းမီးကျောက်များ၊ ဓာတ်ပစ္စည်းများ၊ သုတ်ဆေး ဆိုးဆေးများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ ရေနံ ဓာတ်ဆီများ ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည်။

ဆာလဖာနီလာမိုက်၊ ဆာလဖာဂွာနီဒင်း၊ ဆာလဖာသိုင်ယာဇိုး၊ ဆာလဖာဒီမီဒင်း၊ ထရစ်ပယ် ဆာလဖာ၊ သာလာ

## ကန့်ဆေးဖြင့်ကုသပျောက်ကင်းသောရောဂါဝေဒနာများ



# ကန့်ငရဲမီးအသုံးချနည်းများ




ဆပ်စသော အိမ်သုံးဆေးများ ကို လူတိုင်းလိုလို သိနေကြပေပြီ။ ယင်းတို့ကား ကန့်ဖြင့် ဖော်စပ်ထားသော ဆေးများ ဖြစ် ကြသည်။ ထိုဆေးများ သည် ရောဂါဝေဒနာကို ကု စားခြင်းမပြု၊ ရောဂါဖြစ်စေ သည့် အကြောင်းခံဗက်တီးရီး ယားတို့ကိုသာလျှင် တိုက်ဖျက် ချေမှုန်းသည်။ ဆရာဝန် ညွှန် ကြားသည့်အတိုင်းသာ ယင်း တို့ကို စားသုံးသင့်သည်။




မြန်မာမင်းတို့ လက်ထက်ကပင် အစဉ်အလာ ပြုလုပ်ခဲ့သော လှေပြိုင်ပွဲသည် ရိုးရာအားကစားတရပ်ဖြစ်၍ ရှေးကနှစ်စဉ် တော်သလင်းလ ရာသီ၌ ပြုလုပ်လေ့ရှိ၏။

မြန်မာ့ရိုးရာ လှေပြိုင်ပွဲ၌ လှေလှော်နည်း ၃၇ မျိုးရှိသည်။ ယင်းနည်းများကို တက်ရေး ၃၇ မျိုးဟုလည်း ခေါ်သည်။

မြန်မာ့ လှေပြိုင်ပွဲများတွင် လှေလှော်သားတို့၏ စိတ်ဓာတ်တက်ကြွစေရန် အတွက် ဆိုင်းဝိုင်းကြီး ဖြင့် တီးမှုတ်ပေးရသည်။ လှေသားတို့ကလည်း တညီတညာ စု၍ အားယူလှော်ခတ်ကြသည့်အခါ "ရည်းလေးလေး – ရည်းလေးလေး" ဟူ၍ သံပြိုင် ဟစ်ကြွေးကြလေသည်။

မြန်မာနိုင်ငံ ဗြိတိသျှ လက်အောက်သို့ ကျရောက်သည့်အခါ အနောက်တိုင်းစံနစ် လှေပြိုင်ပွဲများ ခေတ်စားလာသည်။ ရန်ကုန် တက္ကသိုလ်တွင် လှေလှော်အသင်းကိုတည်ထောင်ပြီး မိုးရာသီ လှေပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။

ခေတ်သစ် လှေပြိုင်ပွဲများကို အမျိုးသားနှင့် အမျိုးသမီး လှေပြိုင်ပွဲဟူ၍ ခွဲခြားပြုလုပ်ကြသည်။ လှော်တက်အရေအတွက်နှင့် အကွာအဝေးအလိုက် ပြိုင်ပွဲများမှာ ၄ တက် ကိုက် ၅၀၀ ပြိုင်ပွဲ၊ ၄ တက် ကိုက် ၇၅၀ ပြိုင်ပွဲနှင့် ၈ တက် ကိုက် ၂၀၀၀ ပြိုင်ပွဲတို့ဖြစ်၏။ ထိုလှေများ၌ တယောက်မှာ ပဲ့ကိုင်အဖြစ်တာဝန်ယူ ခေါင်းဆောင်ရသည်။ ပဲ့ကိုင်မပါသော နှစ်ယောက် လှော်၊ တယောက်လှော်ကိုက် ၇၅၀ ပြိုင်ပွဲများလည်း ရှိသေးသည်။



ဝါ၊ နီ၊ ပြာ၊ စိမ်း အရောင်များဖြင့် ခြယ်ပါ။


လွဲမှားသော
ကစားနည်း
ကာတွန်းရေး - မင်းသိပ်တင်
ပန်းချီ - တင်မြင့်
ညကမိုးရွာထား၍ နီတွတ်တို့ခြံနောက်ဖေးလမ်းတွင် သောင်ထွန်းနေ၏။ မိုးလင်းသည်ဆိုလျှင် နီတွတ်တို့လူစုသောင်ပေါ်တွင် ကစားနေကြလေပြီ။
ဟေ့ - နီတွတ် ငါတို့ လျှော့ထောင်ချောက် လုပ်တမ်း ကစားရအောင်ကွာ
ကစားနည်းတခု ရိုးသွားလျှင် နောက် တမျိုး ထွင်ကြပြန်လေသည်။
တူးကြဟေ့ --- မြန်မြန်
ခိုင်စိုး၏အကြံကို နီတွတ်ရော တိုးမောင်ပါ သဘောကျ၍ တွင်းကိုစ၍တူးကြသည်။
နီတွတ်ရေ့ - တိုးမောင်နဲ့ မင်းက စက္ကူတို့ - ဒုတ်တို့ သွားရှာကွာ
ခိုင်စိုးကနီတွတ်နှင့် တိုးမောင်ကို ပစ္စည်းရှာခိုင်းပြန်၏။
ဟောဒီမှာ ကွ... စက္ကူနဲ့ - ဒုတ်တွေ
မကြာခင် စက္ကူနှင့် တုတ်များ ပိုက်ပြီး နီတွတ်တို့ ပြန်ရောက်လာကြသည်။


ကဲ.. အားလုံးပြီးပြီ.. ဒို့တခေ ရာက- သွားပြီး ချောင်းရအောင်
ရှူး … တိုးတိုး ဟိုမှာ လာနေပြီ
တွင်းနှုတ်ခမ်းတွင် တုတ်ချောင်းများ ကန့်လန့်ဖြတ်တင် ပြီး စက္ကူအုပ်ကာ သဲများဖုံးလိုက်၏။
မကြာပါချေ။ ဝပြိုတ်သည့် ဒေါ်ခါ သူတို့ဆီသို့ တရွေ့ရွေ့လာနေ၏။
အမယ်လေး
မြတ်စွာဘုရား
ထောင်ချောက်ပေါ်အရောက်တွင် ဒေါ်ခါ တ ယောက် တွင်းထဲကျွံကျသွားလေသည်။
ဟီး-ဟီး-ဟီး
နီတွတ်တို့လူစုမှာ ချုံအကွယ်၌ တခိခိနှင့်ပီတိ ဖြစ်နေကြ၏။
ဘုရား-ဘုရား နာလိုက်တာ တော်
ဒေါ်ခါသည် ရှုံ့မဲ့လျက် ခြေထောက်ကိုနှိပ် နေ၏။
လစ်မှပေါ့ … ဒီမှာနေလို့ မဖြစ်ဘူး
နီတွတ်တို့လူစုမှာ သူတို့အပြစ်ကိုတွေးမိပြီး ခြံထဲ သို့ ပြေးဝင်သွားကြ၏။


ကုန်ပါပြီတော်…ကုန်ပါပြီ
ဒေါ်ခါသည် သူ့ပဲပြုတ်တောင်းနှင့် ပန်းကန်များ ကို တခုစီလိုက်၍ကောက်နေ၏။
အမယ်လေး ကျွတ်..ကျွတ်
ခြေဆစ် လွဲသွားသဖြင့် ထော့ကျိုး ထော့ ကျိုးနှင့် အိမ်သို့ပြန်သွားလေပြီ။
ဟေ့… နီတွတ်… ဒို့တတွေ ဒေါ်ခါကြီး အိမ် လိုက်ကြည့်ရအောင်
အေး..ကောင်းသားဘဲ
ဒေါ်ခါ အိမ်ပြန်ရောက်လောက်သည့် အခါကျမှ ခိုင်စိုးက စလာပြန်၏။
ဈေး လဲ မဝယ်ရ…ထမင်းလဲ မချက်ရ ဒုက္ခ ပါဘဲနော်… အီး… အီး…
ခြေထောက်နာကို ဆေးလိမ်းရင်းဒေါ်ခါ က တရှုပ်ရှုပ်ငိုနေရှာ၏။
ဒို့ကြောင့်..အဖွားကြီးတော့ ဒုက္ခပါဘဲကွာ..
သားသမီးမရှိသော ဒေါ်ခါ၏ဘဝကိုစဉ်းစား မိသဖြင့် နီတွတ်တို့ ငိုင်သွားကြ၏။
ဒေါ်ခါကြီး ခြေ နာမပျောက် မ ချင်း… ဒို့တတွေ တာဝန်ယူပြီး ပြုစုကြမယ်
သူတို့သုံးယောက် နောင်ထ အကြီးအကျယ် ရ ကာ သူတို့အမှားကိုပြင်ရန်ဆုံးဖြတ်လိုက်ကြ၏။

# လက်မှတ်တူ နှင့် ခွင့်စာ

ဇာဂကာပျံ



"ကိုင်း– ခင်မောင်နဲ့ စိုးရွှေ၊ မင်းတို့လုပ်ပုံက ငါ့ကျောင်း နာမည်ပျက်ဖို့ ဖြစ်နေပြီ။ အေး– ငါ့ကျောင်း နာ မည် ပျက် တာ ထက် မင်းတို့ရဲ့ အကျင့်စာရိတ္တ ပျက်တာက ပိုပြီး ဆိုးတယ်ကွ"

စတုတ္ထတန်း ကျောင်းသား ကလေးများ ဖြစ်ကြသည့် ခင်မောင်နှင့်စိုးရွှေတို့သည်ကျောင်း ပိတ်ရက်မဟုတ်သည့်နေ့တွင် ပပဝင်း ရုပ်ရှင်ရုံမှ အင်္ဂလိပ် ဇာတ်ကားကို ကြည့်ချင်သဖြင့် ခွင့်ကိုလိမ်တိုင်ပြီး ကျောင်း ပြေး ကြသည်။ ခွင့်စာတွင်လည်း မိမိတို့ ဖခင်၏ လက်မှတ်နှင့် တူအောင် ထိုး ကြ သည်။ ထို့ ကြောင့် ကျောင်းအုပ်ဆရာကြီးက သူတို့ကို ကျောင်းရုံးခန်းသို့ ခေါ်ပြီး ဆုံးမနေခြင်း ဖြစ်ပေသည်။

"မင်း တို့ ဟာ ကိုယ့်အပြစ် ကိုယ် သိကြရဲ့လား – ဟေ့"

ဆရာကြီး၏အမေးကို နှစ်ဦး စလုံးက ချက်ချင်းပြန်၍မဖြေဘဲ ခေါင်း ကို သာ ငုံ့ ထား ကြ လေ သည်။ ထို့ကြောင့် ဆရာကြီး က ခင်မောင်၏နာမည်ကို ခေါ်ပြီး မေးလိုက်ပြန်သည်။

"ဟေ့–ခင်မောင်၊ ငါမေးနေတာ မကြားဘူးလားကွ"

"ဟုတ် ကဲ့ ပါ ဆရာကြီး၊ ကျနော်တို့သိပါတယ်"

ခင်မောင်မှာ ဆရာကြီး မေးနေသည်ကို မဖြေ၍ မဖြစ်တော့သဖြင့် အ ရဲ စွန့် ကာ ဖြေလိုက်လေသည်။

"ဘယ်လို အပြစ် သိတာလဲ ပြောစမ်းပါအုံး"

"ကျောင်းပြေးတဲ့ အပြစ်ပါ ဆရာကြီး"

"အေး–မင်းတို့က ငယ်သေး တော့ မင်းတို့ရဲ့ အသိဟာ ဒီလောက်ဘဲ ရှိသေးတာပေါ့ကွာ။ ဟေ့–စိုးရွှေမင်းကောသိရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

စိုးရွှေမှာ ဤကိစ္စတွင်ခေါင်းဆောင် ဖြစ်သော်လည်း ဆရာကြီး၏ရွေ့မှာမူကား မခုတ်တတ်သည့် ကြောင်ကလေးကဲ့သို့ ငြိမ်၍နေလေသည်။

"မင်းတို့က ခုကျူးလွန်ခဲ့တဲ့ အပြစ်ကို သာမန်ကျောင်းစည်းကမ်းဖောက်တဲ့ ပြစ်မှုလို့ဘဲ ထင်မှာဘဲ။ အေး– ကြီးလာတဲ့တိုင်အောင်သာ မင်းတို့ ဒီလိုဘဲဆက်လုပ်နေယင် ရာဇဝတ်မှုတွေကို ကျူးလွန်တဲ့အနေနဲ့ သတ်မှတ်ရလိမ့်မယ်။ အဲဒီအခါကျတော့ ဥပဒေက မင်းတို့ကို လက်ပိုက်ပြီး ကြည့်နေမှာ မဟုတ်ဖူးကွ။ နားလည်ရဲ့လား။

"မင်းတို့ဟာ ခွင့်ကိုလိမ်တိုင်ရုံသာမက ခွင့်စာမှာလဲ အဖေ့လက်မှတ်ကို တူပြီးထိုးကြတယ်၊ ဒါဟာ ရာဇဝတ်မှုဘဲဆိုတာ မင်းတို့သိကြရဲ့လား–ဟေ"

ဆရာကြီးသည် ပြောပြော ဆိုဆို စားပွဲပေါ်မှသတင်းစာကို ယူလိုက်ပြီး –

"ကိုင်း–ခင်မောင်၊ ဟောဒီ သတင်းကို ဖတ်စမ်း"

ခင်မောင်သည် သတင်းစာတွင် ခဲနီဖြင့် ကွက်ပြထားသော သတင်းကို ဖတ်လိုက်သည်။

"ရေနံချောင်းမြို့မှ မောင်လှဦးဆိုသူသည် လ အ က ဥက္ကဋ္ဌ၏ လက်မှတ်တုဖြင့် ပြည်သူ့ဆိုင်မှ ပစ္စည်းများ လိမ်လည်၍ထုတ်ယူသွားကြောင်း ထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်ချလိုက်ကြောင်း ...."

ခင်မောင်သည် သတင်းစာကို တုန်တုန်ရီရီဖြင့် စားပွဲပေါ်သို့ တင်ထားလိုက်သည်။ ထို့နောက် စိုးရွှေကို လှည့်၍ကြည့်လိုက်ရာ စိုးရွှေကလည်း ကြည့်လိုက်သဖြင့် အကြည့်ချင်းဆုံနေကြသည်။


"အေး–မင်းတို့ဟာ ငယ်စဉ်ကတဲက ဒီလို လက်မှတ် လိမ်ထိုးတဲ့အပြုအမူတွေကို အမြစ်က စပြီးဖြုတ်ပစ်ရမယ်။ ဒီမကောင်းတဲ့အကျင့်ဆိုးတွေ ကြီးတဲ့တိုင် အောင် ပါသွားယင် ခု မင်းတို့ဖတ်တဲ့ သတင်းစာထဲကလို ရာဇဝတ်မှုကြီးတွေကိုတောင် ကျူးလွန်တဲ့အထိ ဖြစ်သွား နိုင်တယ်ဆိုတာ ခု သိကြပြီမဟုတ်လား"

"ကျနော်တို့ရဲ့အပြစ်ဟာ ဒီလောက်အထိ ကြီးလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ကျနော်တို့ ခု နောင်တရကြပါပြီ။ နောင်ကို ဒီလိုမလုပ်တော့ပါဘူး"

နှစ်ယောက်စလုံးကပင် အထက်ပါအတိုင်း ဝန်ခံကြသည်။ မိမိတို့ ကျူးလွန်ခဲ့ကြသည့် အပြစ်အတွက်ကိုလည်း အမှန်ပင် နောင်တရကြဟန်ရှိ၏။

"အေး–မင်းတို့ကို ဒီတကြိမ် ခွင့်လွှတ်လိုက်မယ်။ နောက်တကြိမ်ကျောင်းစည်းကမ်းဖောက်ယင်တော့ ကျောင်းကထုတ်ပစ်ရလိမ့်မယ်။ ကိုင်း–မင်းတို့သွားနိုင်ကြပြီ"

## ကြိုတင်ပေးပါ






## အမျိုးသား
## အောင်ပွဲနေ့

သပိတ်ပိတ် မှောက်မှောက်၊
နယ်ချဲ့ တို့မကြောက်။
သင်းတို့လက်အောက်
ကျွန်ပညာ၊
တို့ မလိုလားပါ။

တထောင့်နှစ်ရာ ရှစ်ဆယ့်နှစ်၊
အောင်ပွဲ စတဲ့ သက္ကရာဇ်။
မျိုးချစ်စိတ်ဓာတ်
တက်ကြွအောင်၊
နှိုးဆွ ပြုပျိုးထောင်။
တန်ဆောင်မုန်းလဆုတ်
ဆယ်ရက်နေ့၊
ငါတို့ ဘယ်မမေ့။ ။

ခင်ထားရှင်

R. 517

# မျက်ကန်း




မလေးရှားပြည်မှ ကလေးတို့၏ ကစားနည်းဖြစ်သည်။ လူခြောက်ယောက်မှ နှစ်ဆယ်အထိ ပါဝင်ကစားနိုင်သည်။ ကစားသူတယောက်၏မျက်နှာတွင် အဝတ်စည်းထားရသည်။ ကျန် ကစားသူများက ဟန်အမူအရာအမျိုးမျိုး လုပ်ပြရင်း သူ့အနီးမှ ဖြတ်သွားကြရသည်။ ထိုစဉ် ခေါင်းဆောင်ဖြစ်သူက မည်သို့လုပ်ပြသွားကြောင်း ပြောပြရသည်။ သို့သော် လုပ်ပြသူ၏ အမည်ကို ဖော်မပြောရပေ။ ကစားသူအားလုံး ထိုသို့ လုပ်ပြပြီးသောအခါ ခေါင်းဆောင်က မျက်ကန်း၏မျက်နှာမှအဝတ်ကို ဖြုတ်ပေးလိုက်သည်။ ထို့နောက် လုပ်ပြခဲ့သော အမူအရာတမျိုးမျိုးကိုပြောပြီး ထိုအမူအရာကို မည်သူက လုပ်ပြသနည်းဟု မေးရသည်။ မျက်ကန်းလုပ်သူက မှန်အောင် ညွှန်ပြနိုင်လျှင် ထိုသူသည်မျက်ကန်းလုပ်ရပြီး ကစားပွဲကို ပြန်စရသည်။ အကယ်၍ တယောက်ယောက်ကိုမျှ အမှန် ထောက်မပြ နိုင်လျှင် မူလကစားသူပင် မျက်ကန်းအဖြစ်ပြန် လုပ်ရသည်။

ရဲမြင့်

၂၇ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဒါ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# မိုးသီး

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ဒါညွှန့်

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၅၀၊ ၁၃-၁၂-၆၉





ရခိုင်ဘုရင်ထံအကြောင်းစုံလျှောက်ပြီးနောက် ခေတ္တအနားယူလို၍-
မွေးရပ်ဌာနီသို့ ပြန်ပြီး အေးချမ်းစွာ နေထိုင်သတဲ့။
များမကြာမီ မိုးသီးဟာ တပည့်အနည်းငယ်နဲ့ လှေတစင်းဖြင့် ကုန်အငှားပို့ နဝလီလုပ်စားနေသတဲ့။
တနေ့ကျတော့ ပေါ်တူဂီ ပင်လယ် ဓားပြ သင်္ဘောတစင်းက အရှေ့ကပိတ်ရပ်ပြီး....
သူ့လှေပါကုန်များကို လုယက်၍ လူများကိုလဲ ရိုက်နှက်ညှဥ်းဆဲသတဲ့။


ဓားပြဒဏ်ခံလိုက်ရတဲ့ မိုးသီးမှာ မျက်လုံး တဖက်ပင် အနာရပြီး စိတ်မကျေပဲ အဆွေးကြီး ဆွေးနေသတဲ့။
ရက်ပေါင်းအတော်ကြာသော် မိုးသီး နေထိုင်ရာ ရဲကျွန်းသို့ပေါ်တူဂီပင်လယ်ဓားပြသင်္ဘော တစင်း လာဆိုက်သတဲ့။
ပေါ်တူဂီဓားပြတွေဟာ ဈေးထဲဝင်ပြီး လက်နက်အားကိုးဖြင့် ပစ္စည်းတွေ လုယက်ကြသတဲ့၊ ဒါကို မြင်တော့မိုးသီးဟာအကြံထခုရတာနဲ့၊ ဓားပြတွေထံသွားပြီး -
မြင်သစ်စကား ပေါ်တူဂီစကား တတ်သမျှနဲ့ မိတ်ဖွဲ့ပြီး စုခေါ်သွားသတဲ့။
ရွာပြင် ချောင်ကျကျနေရာတခုမှာ အရက်တွေ တိုက်ပြီး ဧည့်ခံတော့ ဒီကောင်တွေ မူးသူမူး လဲသူလဲဖြစ်ကုန်သတဲ့။


မိုးလဲချုပ်လာရော တပည့်တွေနဲ့ဗိုင်းရိုက် ခုတ်သတ်လိုက်ပြီး သူတို့သင်္ဘောရော၊ ပစ္စည်းတွေပါ သိမ်းလိုက်သတဲ့။ သူတို့အားလုံးဟာလဲ ပင်လယ်ဓားပြအသွင် ကူးပြောင်းလိုက်ကြသတဲ့။
သွေးသောက်တို့ - ရဲဘော်တို့ ငါတို့ပြည်လာနေပြီး ငါတို့ကို ဖြေတိုက်တဲ့ အကောင်တွေကို ခုကစပြီး လက်စားချေမယ်၊ တွေ့ရာသင်းချိုင်း ငါးမဆိုင်းဘူး ကွဲ — ညီစေနော်
ကြိုက်ပြီ
ပြီးတော့ လူမျိုး တွ - ပင်လယ် ဓားပြတွေကို လိုက်နှိမ်နင်း ဖို့ဆုံးဖြတ်ကြသတဲ့၊
နောက်တနေ့ နေဝင်ချိန်မှစ၍ လုပ်ငန်းစရန် ဗမာ ပင်လယ်ဓားပြဗိုလ်ကြီး မိုးသီးတို့လူစုဟာ ရဲကျွန်းကလေးမှ ထွက်ခွာသွားသတဲ့၊
ဆက်ရန်



ကိုယ့်အပြစ်နဲ့ကိုယ်
ပုလုံးကို ရှိုက်စမ်းအုံး မှာတဲ့
မွှန်လိုက်ပုံများ နဲ့ဖြီးဂျိုးလိုက်မယ်
အား
ဟားဟား နောက်တစ်ခါ လုပ်အုံးမှ
အိုး
ဒီပန်းပင်ကလေးတော့ တကယ်ကိုဖြစ်ရမယ်-သွားဟေ့
သူများမကောင်းကြံ တော့ခံရပါလား



သစ်ထွေး ၏
ထွန်းထွန်း နှင့် ကျန်းမာရေး
ဟေ့ ထွန်းထွန်း၊ ဒို့ ဘက်တမင်တန် ရိုက်သွားမလို့ လိုက်မလား
စာတွေကျက်စရာရှိသေးတယ်ကွ - မလိုက်တော့ဘူး
အညောင်းပြေ ဘောလုံးကန်ရအောင် ထွန်းထွန်း
အိမ်စာတွေမ ပြီးဘဲနေမယ် ကွ - ပြန်မယ်
ကျန်းမာရေး ဟောပြောပွဲ နားထောင်မလို့ လိုက်မလား
အပိုတွေပါကွာ စာဘဲအေးအေး ကျက်မယ်
စာမေးပွဲစစ်သော်
ဟေ့ ထွန်းထွန်း စာမေးပွဲလာ မဖြေပါလား သွားမေးကြည့်ရအောင်
ကျန်းမာရေးကို ဂရုမစိုက်ဘဲ စာချည်းဘဲကျက်တော့ စာမေးပွဲ လဲစစ်ရော ထွန်းထွန်း လဲ ဖျား ပြီး ကျက်ခဲ့သမျှ စာတွေ အလကား ဖြစ်တော့ဘဲ ကွဲ.


တာဝန်များ
ကာတွန်း
မျက်မမြင်ဒုက္ခသည်များ တွေ့လျှင် ဘေးကင်းအောင် စောင့်ရှောက်ပြီး လိုရာခရီးသို့ တွဲခေါ် ပို့ပေးပါ။
လူသွားလမ်းများပေါ်တွင် သံတိုသံစ၊ ပုလင်းကွဲ၊ ဆူးငြောင့် စသည်များတွေ့လျှင် ကောက်ယူပြီး အမှိုက်ပုံးထဲ ထည့်ခဲ့ပါ။
ပြည်သူ့အများပိုင် လမ်းမီးလုံးများ ဖျက်ဆီးနေသော သူငယ်ချင်းများကို တွေ့ပါက မလုပ်ရန် တားမြစ်ပါ။
ဝန်နှင့်မမျှ မနိုင်မနင်းဖြစ်နေသော သူများကို တွေ့ပါက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးပါ။
လူကိုတိုက်ပြီး ထွက်ပြေးသည့် ကားနံပတ်ကို မှတ်သားပြီး နီးရာ ပြည်သူ့ရဲစခန်းသို့ အကြောင်းကြားပါ။
အိမ်များကို လူဆိုးသူခိုးများ ဝင်နေသည်ကို တွေ့လျှင် ပြည်သူ့ရဲများကို ချက်ချင်းခေါ်ပြီး ပြပါ။


## ပထမ




မောင်ညီဆွေ

# လမ်းသရဲ ပယောဂစရေး ကာတွန်းပြိုင်ပွဲ

## ဒုတိယ



မောင်ခင်ထွန်း

## တတိယ




မောင်ဖြေးအောင်


အလင်္ကာကျော်စွာ ကာတွန်းပိဋကာ ဦးဘဂျမ်းအား ဂုဏ်ပြု အထိမ်းအမှတ် အဖြစ်ဖြင့် ရန်ကုန်မြို့၊ (အောက် ၁၃ လမ်း)

# လမ်းသရဲ ပပျောက်ရေး

မောင်မောင်




# ကာတွန်းပြိုင်ပွဲ



အပိုဆုရ



ပုံများ

တန်ဆောင်တိုင်တွင် ကျင်းပသော လမ်းသရဲ ပပျောက်ရေး ကာတွန်းပြိုင်ပွဲမှ ဆုရ သည့် ကာတွန်းများ။




ကျားကစားခြင်းသည် စဉ်းစားဉာဏ် ရင့်သန်စေသော အိမ်တွင်း ကစားနည်းတရပ် ဖြစ်သည်။

ကျားခုံမှာ အဖြူနှင့် အနက် တကွက်ခြား စတုရန်းပုံ ဖြစ်၍ အကွက်အားလုံး ၆၄ ကွက် ရှိသည်။ ကျားကို လူနှစ်ယောက် ယှဉ်ပြိုင်ကစားရသည်။ ဉာဏ် ရည်သာခြင်း၊ မျက်စိ ရှင်ခြင်း စသည့် အချက်များကအရှုံး အနိုင်ကို ဆုံးဖြတ်လေ့ရှိသည်။

ပွဲစတင် ကစားသော အခါ ကျားအနက် ဖက်မှ ပထမဆုံး ရွှေ့လှည့်ကို ရရှိသည်။ ကျား ရွှေ့သောအခါတွင် ထောင့်တန်း အတိုင်း ရှေ့ဖက်ရှိ ဘယ်ဖက် ညာဖက် ကြိုက်ရာ ကွက်လပ်တို့သို့ ရွှေ့နိုင်သည်။ နောက်ဖက်သို့မူ ပြန်မရွှေ့နိုင်ပေ။

ပြိုင်ဖက်ကျားတခုသည် မိမိကျား၏ ရှေ့အကွက်တွင်ရှိ၍ ထိုကျား၏ နောက်ဖက် အကွက်သည် လပ်နေပါက ထိုကျားကို စားနိုင်လေသည်။ အကယ်၍ ထိုသို့စားလိုက်သောအကွက်နှင့် ဆက်၍ တည့်တည့် ဖြစ်စေ၊ ထောင့်ချိုး ဖြစ်စေ တကွက် ကျော် လွတ်နေ သေးသည်ကို တွေ့ရပါက ထိုအတွင်းကျရောက်သော ပြိုင်ဖက်ကျားများကို နှစ်ကောင်၊ သုံးကောင် စသည်ဖြင့် ဆက်တိုက် စားသွား နိုင်သည်။


မိမိ၏ကျားသည် ပြိုင်ဖက်လူ၏ နောက်ဆုံးတန်းသို့ ရောက်ရှိသွားလျှင် ပြိုင်ဖက်လူက ထိုကျားကို အရောင်တူကျား တကောင် ထပ်ဆင့်ပေး၍ ဘုရင်မြှောက်လိုက်ရသည်။ ကျား အခေါ်အားဖြင့် ကင်းခေါ် ကျား ကြီးပေးရခြင်း ဖြစ်၏။ ကင်းသည် ကြိုက်သလို တက်နိုင်၊ ဆုတ်နိုင်၊စားနိုင်ခွင့်ရှိလေသည်။

# သစ်ကုလားအုပ် လုပ်ရအောင်

ပုံ (က) အတိုင်း ကပ်ထူတွင်ရေးဆွဲ၍ ညှပ်ယူပါ။ မျဉ်းစက်အတိုင်း အသာချိုးပါက ပုံ (ခ) လို လှပသော သစ်ကုလားအုပ်ကို ရပေမည်။





မင်းမှာ သစ္စာ
လူမှာ ကတိ
ရေးသူ-ကိုကြီးမြင့်သိန်း
သရုပ်ဖော်-ဂုဆ
မောင်စန္ဒနှင့် မောင်သတ္တိ သည် ဒိသာပါမောက္ခဆရာ ကြီးထံတွင် ပညာ သင်နေ ကြ၏။
မောင်စန္ဒသည် ဘုရင့်သားဖြစ်၍ အချိန်ကျလျှင် ဘုရင်ဖြစ်မှာ ဘဲဟုဆိုကာ ပညာကို ကောင်းစွာမသင်ပဲနေ၏။ မောင်သတ္တိ မှာမူ ဆင်းရဲစွာသင်ရသူဖြစ်၍ ပညာကိုကြိုးစားလေသည်။
ကောင်းဂုင်းကိုကျုပ်အင်မတန် ခင်လို့ကျုပ်ဘုရင်ဖြစ်တဲ့အခါ တိုင်းပြည်ကိုတဝက်ခွဲပေး မယ်ဗျ
မောင်စန္ဒက ဤသို့ ကတိပေး ထားလေသည်။
ပညာစုံ၍ တိုင်းပြည် သို့ ပြန်ကြပြီးနောက်
မကြာမီ မောင်စန္ဒသည် ဘုရင် ဖြစ်လာလေသည်။
မောင်သတ္တိမှာမူ လယ်လုပ် ၍မိဘနှစ်ပါးကို လုပ်ကျွေး လျက်ရှိ၏။
မောင်စန္ဒ ဘုရင် ဖြစ်နေ ကြောင်း ကြားသိရသော အခါ မောင်သတ္တိသည် မိဘထံခွင့်ပန်၍ -
တိုင်းပြည်တဝက် တောင်းရန် မြို့တော်သို့ လာခဲ့လေ၏။


မောင်စန္ဒသည် တိုင်းပြည်ကို
တဝက်ခွဲမပေးလိုရကား
မသိဘူး
သွား
မောင်သတ္တိကိုကြောတရာ၊
ရင်တရာ ကြိမ်ဒဏ်ခတ်ပြီး
မြို့တော်မှနှင်ထုတ်လိုက်လေ
သည်။
ထိုအခါ မောင်သတ္တိသည် လူ
သူ လက်နက် စု ဆောင်း ပြီး
နောက် – – –
ရွှေမြို့တော်ကိုတပ်တောင်
တာ ဗိုလ်ထုနှင့် ချီတက်
ဝိုင်းရံ၍ ရာဇသံ ပေးလေ
သည်။
ဂန္ဓသူတော်က အရှင်မင်း
ကြီးနဲ့ စီးချင်းထိုးလိုပါ
သတဲ့ဘုရား
အိမ်း၊ကောင်းပြီ
မောင်စန္ဒမှာ မရှောင်သာတော့
သဖြင့် မောင်သတ္တိနှင့် စီးချင်း
ထိုးရန် လက်ခံလိုက်ရလေ၏။
ချွင်
ချွမ်
နှစ်ဖက်သော တပ်များ၏ ရှေ့မှောက်၌ မောင်သတ္တိနှင့်
မောင်စန္ဒတို့သည် သူသေငါသေ ဓားချင်း ယှဉ်ခုတ်ကြ
သောအခါ -



ဟယ်
မောင်သတ္တိအနိုင်ရရှိပြီး မောင်စန္ဒမှာ ရှုံးနိမ့်သွားရ၏။
အသင်နိုင်ပါပြီ ကျွန်ုပ်တိုင်းမြည်ကိုယူပါတော့
ဟား-ဟား ဟား-ဟား
မောင်သတ္တိသည် ကျယ်လောင်စွာ ရယ်လိုက်ပြီး
အသင်မင်းကြီး၊ တိုင်းမြည်ကိုလိုချင်လို့စစ်ထိုးခြင်းမဟုတ်ပါ
အသင်မင်းကြီးပေးခဲ့တဲ့ ကတိ အသင်မင်းကြီးမတည်လို့စစ်ထိုးရခြင်းဖြစ်ပါတယ်
နောင်ကိုဘယ်တော့မှ ကတိမဖျက်ပါလို့ မိုးလ်ပုံအလယ်မှာအရှင်မင်းကြီးကတိ တပ်ပြီးပေးနိုင်မယ်ဆိုယင်
အသင်မင်းကြီးလက်သို့တိုင်းမြည်ကိုပြန်လည်အပ်နှင်းပါမယ်၊ ကျွန်ုပ်ပြောကြားတဲ့အတိုင်း ကတိပေးနိုင်ပါ့မလား
ကျွန်ုပ်မှားပါပြီ၊ ကတိထပ်ပေးပါတယ်
ထိုနောက်တွင်မူ
မောင်စန္ဒသည် ကတိသစ္စာ တည်စွာဖြင့် မင်းလုပ်အုပ်ချုပ်လျက် မောင်သတ္တိမှာ မိဘ နှစ်ပါးအား အသက်ထက်ဆုံး လယ်လုပ် ကျွေးလျက် ရှိလေသည်။



# မျောက်ကလေးနှစ်ကောင်

မောင်တွေးလွင်

ကျွန်တော့်နာမည် 'အောင်အောင်' ဟု ခေါ်ပါသည်။ ကျွန်တော့်တွင် 'ထွန်းထွန်း' ဆိုသည့် ညီလေး တယောက်နှင့် 'အေးအေး' ဆိုသည့် ညီမလေး တယောက်ရှိပါသည်။ နေ့စဉ် ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်သည် တူတူပုန်းတမ်း၊ လိုက်တမ်း ပြေးတမ်း၊ သေနတ်ပစ်တမ်း၊ ဘောလုံးကန်တမ်း စသည်ဖြင့် ကစားကြ ပါသည်။ အဲလွန် ဆော့သောကြောင့် ဟု ဆိုကာ မေမေက ကျွန်တော်တို့ ညီ အစ် ကို နှစ် ယောက် ကို 'မျောက်ကလေး နှစ်ကောင်' ဟု ခေါ် ပါသည်။ ညီမလေးက ကျွန်တော်တို့နှင့်သိပ်မတွဲပေ။ မေမေ့အနားတွင်သာ ကပ်၍ နေတတ်ပါသည်။

မေမေသည် အိမ် အလုပ်များနှင့် အလုပ်ရှုပ် နေတတ်ပါသည်။ "မျောက်ကလေးတွေ နေ၊ အောက်ဆင်း မဆော့နဲ့၊ နေ ပူ တယ်၊ အိမ် ပေါ် မှာ ဘဲ ဆော့ကြ" ဟု မေမေ နေ့တိုင်းပဲ ပြောတတ်ပါသည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်လည်း အိမ်ပေါ်မှာပဲ ဆော့ကြပါသည်။ ကျွန်တော်တို့ ဆော့သောကြောင့် ကွဲခဲ့သောမှန်များ၊ ပန်းကန် များလည်း မနည်းလှပါ။ တခုခု ကွဲသံကြားပြီဆိုလျှင် မေမေ လက်တွင် ကြိမ်လုံး ပါလာ တတ်ပါသည်။ ထိုအခါ ကျွန်တော်တို့ ဖေဖေထံ ပြေးကြ ပါသည်။

"ထွေးကလဲကွယ် မရိုက်ပါနဲ့၊ ကလေးတွေဘဲ" ဟု ဆိုကာ ဖေဖေက မေမေလက်မှ ကြိမ်လုံးကို သိမ်းထား တတ်ပါသည်။ ဖေဖေသည် ကျွန်တော်တို့ကို ဘယ်တော့မှ မဆူပါ။ မရိုက်ပါ။

သည်နေ့ကျွန်တော်တို့တနေ့လုံး မကစားကြရပါ။ ညီမလေး နေမကောင်း၍ ဖြစ် ပါ သည်။ မေမေသည် ညီမလေးနှင့် အတူ အိမ် ခန်း ထဲ က ခြင်ထောင်ထဲတွင်တနေ့လုံးရှိနေပါသည်။ ကျွန်တော်တို့ကိုဖေဖေက "မဆူရ" ဟု ပြောထားသဖြင့် ဖေဖေ့ စာအုပ်စင်မှ စာအုပ်များကို ယူ၍ အရုပ်ကြည့်တမ်းသာ ကစားနေရပါသည်။ သို့သော် ကျွန်တော်တို့ မပျော်ပါ။

ညနေတွင် ဖေဖေ၊ မေမေနှင့် ညီမလေးတို့ လမ်းထိပ်ရှိ ဆေးတိုက်သို့ သွားကြပါသည်။ မသွားမီ ဖေဖေက "သားသားတို့၊ မီးတွေဘာတွေ မဆော့နဲ့နော်၊ ကောင်းကောင်းနေကြ" ဟု မှာသွားပါသည်။

ဖေဖေတို့အိမ်က ထွက်သွားပြီး ခဏကြာလျှင် ကျွန်တော်က "ညီလေးရေ၊ ဘောလုံးကန်ကစားရအောင်" ဟု ပြောလိုက်ပါသည်။ ညီလေးက ဘောလုံးကို လိုက်ရှာနေလေပြီ။

"ဘောလုံး မတွေ့ဘူး ကိုကြီးရ"

ကျွန်တော်တို့ အတော်ကြာ

ကြာ ဘောလုံး လိုက်ရှာသော်လည်း မတွေ့ပါ။

"အိမ်ခန်းထဲမျာ ရောက်နေလားမသိဘူး ညီလေးရ"

"အိမ်ခန်းထဲမှာ မှောင်နေတယ်ကိုကြီး၊ ရှာလို့မရဘူး"

ဟုတ်ပါသည် အိမ်ခန်းထဲတွင် မှောင်နေပါသည်။ မီးခလုတ်ဖွင့်ရန်လည်း ကျွန်တော်တို့ မမှီကြပါ။ ထို့ကြောင့် ကျွန်တော်သည် ဖေဖေ ဆေးလိပ်သောက်လျှင် ခြစ်နေကျမီးခြစ်ကို စားပွဲပေါ်မှ ယူလိုက် ပါသည်။

"ကိုကြီး ဖေဖေက မီးမဆော့နဲ့လို့ ပြောသွားတယ် မှတ်လား"

"ညီလေးကလဲ ခဏလေးခြစ်ပြီး ပြန်ထားမှာဘဲ၊ ဖေဖေတို့ မသိပါဘူး"

မီးခြစ်ကိုခြစ်ပြီး ကျွန်တော့်လက်တွင်ကိုင်၍ အိမ်ခန်းထဲသို့ ဝင်ကြပါသည်။ ဘောလုံး ရှာကြပါသည်။ လက်တဖက်က မီးခြစ်ကို မြှောက်၍ ကျွန်တော့်မျက်လုံး အစုံက ဘောလုံးကို လိုက်ရှာ နေမိ ပါသည်။ ထို့ကြောင့် ထောင်ထားသော နိုင်လွန်ခြင်ထောင် မီးစွဲသွားသည်ကို ကျွန်တော် မသိလိုက်ပါ။

"ကိုကြီး ကိုကြီး၊ မီးလောင်နေပြီ။ မီးလောင်နေပြီ"ဟု ညီလေးက ကြောက်လန့်တကြားအော်လိုက်ပါသည်။ ကျွန်တော်လည်း ရုတ်တရက်လက်ဖြင့် ပုတ်၍ မီးသတ်ရန် ကြိုးစားသည်။

သို့သော် မီးမငြိမ်းပဲ ကျွန်တော့်လက်များသာ မီးလောင် ကုန်ပါသည်။ နိုင်လွန်ခြင်ထောင်ကို မီးလောင်သည်မှာ အလွန် မြန်ပါ သည်။ မီး တောက် ကား ကြောက်မက်ဖွယ်ရာ ကောင်းအောင် ကြီးမားလာချေပြီ။ ညီလေးလည်း ကြောက်လွန်း၍ အော်ငိုနေလေပြီ။

ထိုအချိန်တွင် "ဟဲ့ – ဟဲ့" ဟူသော အော်သံနှင့်အတူ ဖေဖေနှင့် မေမေတို့ အိမ်ခန်းထဲသို့ ပြိုင်တူ ပြေးဝင်လာကြပါသည်။ ဖေဖေသည် လျင်မြန်စွာ ပြေးထွက်၍ ရေပုံးများနှင့် အတူ ပြန်ပြေး၍ ဝင်လာပါသည်။ မေမေလည်း ဖေဖေနှင့်အတူ ဝိုင်း၍ မီးငြိမ်းသတ်ပါသည်။

ခြင်ထောင်တခုလုံး ပြာကျသွားပါသည်။ အိမ်ခန်းတခုလုံး ရေရွှဲသွားပါသည်။ ကျွန်တော့်လက်တွင် မီးလောင်၍ အပူဖုများ ထနေပါသည်။

ဖေဖေ ကျွန်တော့်ကို ရိုက်ပါသည်။ ကျွန်တော် ကြောက်လွန်း၍ တကိုယ်လုံး တုန်နေပါသည်။ မျက်ရည်တွေ စီးကြနေပါသည်။ ဖေဖေရိုက်၍ ကြောက်မိသည်ထက်၊ နာမိသည်ထက်၊ စောစောက မီးတောက်ကြီးကို ကျွန်တော်ပို၍ ကြောက်နေမိပါသည်။

အ ကယ် ၍ ဖေဖေတို့သာ အချိန်မီ ရောက်မလာခဲ့လျှင် ....

ကျွန်တော် ဆက်၍ မစဉ်းစားဝံ့တော့ပါ။ ။

## စာဆိုတော်နေ့

နတ်တော်ဆန်းစ ချမ်းမြမြ၊
ငွေနှင်းမှုန်မှုန်ကျ။
ဆောင်းလအကြို သင်းချိုချို၊
သဇင်အေးရိပ်ခို။

စာဆိုတော်နေ့ ဒို့မမေ့၊
ဆင်နွှဲကြစို့ဟေ့။
ပျော်မွေ့စရာ စာကဗျာ၊
ရွတ်ကြဆိုကြမှာ။

ပညာပါတဲ့ ပုံပြင်လေး၊
သိကုံးစီလို့ရေး။
ပြုံးပြုံးလေးနဲ့ ဆုယူတာ၊
ကျက်သရေ ရှိလှစွာ။

ငယ်စဉ်ခါ ဝါသနာပျိုး၊
စာပေချစ်မြတ်နိုး။
ဂုဏ်မြင့်တိုးလို့ အဖိုးတန်
ဩဘာလက်ခုပ်သံ။

ပညာဥာဏ်ကြောင့် ဦးနှိမ်ကြို၊
စာဆိုကြီးတွေ ဂုဏ်ပြုစို့။ ။

ဗန္ဓုရဝင်း



R. 517

# အိပခြွေရှင်




ပါရှားပြည်မှ ကလေးကစား နည်း ဖြစ်သည်၊ အနည်းဆုံး ခြောက် ယောက် ကစားနိုင်သည်။ ရွေးဦးစွာ တယောက်က သူ၏ညာဖက်ရှိ လူကို နှာ ခေါင်းကို လက်သီးဖြင့် ထိုးမည့်ဟန်၊ လည် ပင်းကို ကလိထိုးမည့်ဟန် စသည်ဖြင့် အမူ အရာ အမျိုးမျိုး လုပ်ပြရသည်။ ဤအတိုင်း တလှည့်စီ လုပ်ပြရသည်။ မည်သူမျှ မရယ် ရ။ စကားမပြောရ။ စကားပြောမိ၊ ရယ် မိလျှင် ထိုသူ အပြင်သို့ ထွက်ရသည်၊ နောက်ဆုံး တယောက်တည်း ကျန်သူ သည် အောင်နိုင်သူဖြစ်သည်၊

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးသင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

# ရွှေသွေး
ဂျာနယ်

စနေနေ့တိုင်း ထုတ်ဝေသည်။

အတွဲ ၁၊ အမှတ် ၅၁၊ ၂၀-၁၂-၆၉

## မိုးသီး
ဒုတိယပိုင်း

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သိန်းညွန့်





ဗိုလ်မိုးသီးတို့ဟာ အသက်ကယ် လှေငယ်များဖြင့် လိုက်လာကြပြီး ပစ္စည်းများ ဗိုင်းသယ်သလိုလိုနဲ့....
ဟား ဟား...
ဟား ဟား
လစ်ထွက်သွားကြရာ ပေါ်တူဂီ ဓားပြများမှာ ရေကူးရင်း လက်ပန်းကျပြီး သေကုန်ကြသတဲ့။
ညဖက်ကျယင်လဲ ရန်သူသင်္ဘောမှ မီးရောင်တွေ့ယင် မီးအိမ်နဲ့အချက်ပြပြီး မမှန်သတင်း ပို့ကြပြန်သတဲ့။
သင်္ဘောကို ကျောက်ဆောင်ဖက် မောင်းခိုင်းပြီး သင်္ဘောပျက်မှ....
ပစ္စည်းယူရန် မီးအိမ်ငယ်လေးတွေထွန်းပြီး လှေလေးတွေနဲ့ တပျော်တပါး ထွက်ကြပြန်သတဲ့။
သူတို့ထက် အင်အားကြီးတယ်လို့ ထင်ရတဲ့ ဓားပြသင်္ဘော မတွေ့တဲ့အခါကျတော့....


လက်ဆောင်များ
ဆက်သလိုကြောင့်....
အချက်ပြလိုက်...
....ဗိုလ်မိုးသီးဟာ အရက်စည်ကြီးတွေပြပြီး
အနားကပ်သွားသတဲ့။ အမြောက်တွေကို
တော့ အလံတွေနဲ့ ဖုံးထားသတဲ့။
လက်ဆောင်ပေးတဲ့ အ
ရက် စည်တွေထဲမှာ ယမ်း
မှုန့်တွေ ထည့်ထားသတဲ့။
ပြန်ခွာစဉ်....
ဒိုင်း
ရုတ်တရက်အ
မြောက်နဲ့ ပစ်
ပြီး ပြေးလေ့ရှိ
သတဲ့။
တနေ့ကျတော့
....အလွန်ကြီးမား ခမ်းနားလှတဲ့ ပင်လယ်
ခားပြ သင်္ဘောကြီးတွေ့တော့ ဗိုလ်မိုးသီး
ဟာ အလွန်အပိုင်စီးချင်သတဲ့။
ဟင်
ဒါနဲ့ အကြံ တခုထုတ်ပြီး သူ့တပည့်တွေကို
ကခြေသည် လို ဝတ်ခိုင်းသတဲ့။
....ပြီးတော့ ပင်လယ်ထဲက အုန်းကျွန်းလေး
မှာ လူတွေရော ပစ္စည်းတွေပါ သွားထား
ပြီးမှ အဲဒီသင်္ဘောကြီး အနားသွားပြီး မြား
လွှတ်သတဲ့။
ဒေါက်
မြားမှာ စာပါသွားသတဲ့။



အမယ်လေးဟ...
စာဖတ်လိုက်တော့ အုန်းကျွန်းမှာ ကခြေသည်တွေရှိတယ်လို့ သိတာနဲ့ သူတို့ဟာ
ဝမ်းသာအားရ တခါထဲ အဲဒီကျွန်းဖက် ရွက်ဖွင့် ထွက်သွားကြသတဲ့။
ဒိုန်း
ဗိုလ်မိုးသီး တပည့်တွေကလဲ အစီအစဉ် အတိုင်း ကပြကြလို့ အားလုံးလဲ ကျွန်းပေါ် ရောက်ရော...
ကြောက် ရွံ့ ဟန် နဲ့ ထွက်ပြေးကြစဉ်...
ချုံထဲက အမြောက် တွေနဲ့ ပစ်လိုက်သတဲ့။
ဒါနဲ့သင်္ဘောကြီးရော ပစ္စည်းတွေပါရလို့ အောင်ပွဲကျင်းပပြီး သောက်ကြ စားကြသတဲ့။
ဆက်ရန်


ဦးနိုင်
သဘာဝ
ဖန်တီးမှု
ပျံလွှားဥ
စါကလေးဥ
သိန်းငှက်ဥ
ကြက်ဥ
ဥသည် ညီညာသော မြေပြင်တွင် ဘောလုံးကဲ့သို့ လိမ့်မသွားဘဲ တနေရာထည်းတွင် လည်နေသည်။
မိခင်၏ အပူဓာတ်ကြောင့် ဥမှ ပေါက်ဖွားလာရသည်။
အစာကို ကိုက်ဖဲ့ရန် နှုတ်သီး (စွန်)
ပျံသန်းရင်း ပါးစပ်ဖွင့်၍ ပိုးကောင်ဖမ်းရန်နှုတ်သီး -(ပျံလွှား)
အစေ့များခွဲနိုင်သော နှုတ်သီး (ကြက်တူရွေး)
အစာစစ်ရန်နှုတ်သီး(ဝမ်းဘဲ)
ငါးဖမ်းရန် နှုတ်သီး(ဗျိုင်း)
ရေကူးရန် ခြေထောက် (ဝမ်းဘဲ)
မြေပြင်ကိုယက်ရန် ခြေထောက် (ကြက်)
အစာ ဖမ်းရန်နှင့် ကိုင်တွယ်ရန် ခြေထောက် (စွန်)
သစ်ပင် တက်ရန် ခြေထောက် (သစ်တောက်ငှက်)
အချိန်မှန် တွန်သောကြက်ဖ



မိုက်ရူးရဲ
ဝင်းငြိ
ညနေခင်းလမ်းလျှောက်ရတာ ပျော်စရာဘဲ ...
အိုး
ဟယ်
ဒုတ်
ဘယ်နာသွားသလဲ မောင်လေး
ကျွန်တော် ယောက်ျားဘဲ ဒါလောက်တော့..
ဒါလောက်တိုက်ချင်တဲ့ခလုတ် ရော့.ကွာ... ရော့.. အား..
ဟင်
ဒုတ်
ဘဲ့နယ်..နာသွားပြီလား
အား..နာတယ်
နာမှာပေါ့..ကိုယ့်အပြစ်ကြောင့်ဖြစ်တာ ကိုဒေါသထွက်ပြီးအရမ်းလုပ်တာကြီး ဒါသတ္တိရှိတာမဟုတ်ဘူး မိုက်ရူးရဲ လို့ခေါ်တယ်..


ဖိုးအောင် နှင့် ငယ်ငယ်
မောင်မြဦး
ဖိုးအောင်က ငှက်ပျောသီး လုစားသည်။
ငယ်ငယ်က မေမေ့ကို တိုင်ပြောသည်။
ဖိုးအောင် နော် သတိထား ညီမလေးကိုတယ်အနိုင် ယူတာဘဲ
သွားစမ်း! ... ဇိမ်ပျက်လိုက်တာ
အောင်မယ်လေး
ဘာဖြစ်ပြန် ပလဲဖိုးအောင်
ငနီခြေထောက်ကို လာကိုက်လို့ .. ဟီး .. ဟီး
အေး .. အဲဒါသင်ခန်းစာဘဲ နောက်ကိုဘယ်သူ့ကိုဘဲဖြစ် ဖြစ်ကြင်နာစိတ်ရှိရမယ်..
ဟုတ်ကဲ့ မေမေ

# သကြား

ရေးသူ - ကိုဂင်ဖြ
သရုပ်ဖော် - ကဆ

သကြားသည် လူသားတို့၏ အရေးကြီးသောအစာတမျိုး ဖြစ်သည်။ ဓာတ်ဆီသည် မော်တော်ယာဉ်ကို အပူငွေ့နှင့် စွမ်းအင်ပေးရန် အတွက် မရှိမဖြစ် သကဲ့သို့ သကြားဓာတ် သည်လည်း





လူ့ခန္ဓာကိုယ် စက်ကြီးအား အပူငွေ့နှင့် စွမ်းအင်ပေးရန် အတွက် မရှိမဖြစ်သော အာဟာရဓာတ်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား၍ ဖြစ်စေ၊ အပင်ပန်းခံ အလုပ်လုပ်၍ ဖြစ်စေ အားအင်ကုန်ခန်း မော




ပန်းသောအခါ သကြားကို စားရသည်။

သကြားသည် အရသာအရှိဆုံး အစာတခု ဖြစ်သည်။ ကာဗိုဟိုက်ဒြိတ်ဓာတ် ရာခိုင်နှုန်း ပြည့်ပါသည်။ အရသာ ချိုသည်။




ကြွက်သားများ သန့်စွမ်းရေး အတွက် အထူးအားပေးသည်။


သကြားကို ကြံ၊ မုန်လာဥနီ၊ မေပယ်၊ စပျစ်၊ ပြောင်း၊ စွန်ပလွံ၊ ထန်း၊ ဓနိနှင့် သစ်သားတို့မှ ချက်လုပ်သည်။ ပျားရည်မှလည်း ရရှိသည်။





ကျွန်ုပ်တို့ စားသုံးသော သကြားမှာ ကြံပင်မှ အများဆုံး ချက်လုပ်သော သကြားဖြစ်သည်။ ဥတုဘောဇနသင်္ဂဟကျမ်းအဆို အရ သစ်မယ်ဇယ် ပွင့်မှ လည်း သကြား ချက်၍ရကြောင်း သိရသည်။




သကြားတွင် ဆုးကရို၊ လက်တို့၊ ဖရုတို့၊ မောလတို့၊ ဂလူးကို့ စသည်ဖြင့် အမျိုးမျိုးရှိသည်။ ကြံ၊ မေပယ်ပင် စသည်တို့မှ ချက်လုပ်သော သကြားမှာ ဆုးကရိုသကြား ဖြစ်သည်။ ဖရုတို့မှာ သစ်သီး





မှရသော သကြား ဖြစ်၍
လက်တို့မှာ နို့မှရသော သ
ကြားဖြစ်သည်။
ဂလူးကို့ သကြားသည်
စပျစ်၊ ပျားရည်တို့မှ ရသော
သကြားဖြစ်သည်။ ဂလူးကို့
သကြားသည် အရောင်အ



ဆင်းမရှိ၊ အချိုပေါ့၍ ရေ
တွင် ပျော်ဝင်လွယ်၏။ အ
မောအပန်း ပြေစေ၊ အား
အင်ပြည့်စေ၏။ သွေးအား
ကောင်းရန် အကြောတွင်း
သွင်းကာ အားဖြည့် ပေး
နိုင်၏။




နို့မှရသော လက်တို့နှင့်
မုယော စပါးမှ ရသော
မောလတို့သကြားတို့ကို နို့စို့
ကလေးနှင့် ဖိုးအို ဖွားအိုများ
အာဟာရ ဖြည့်တင်းရန်
အသုံးပြုရသည်။
အဖျော်ယမကာနှင့် အ




ချို အစားအစာများတွင် အ
သုံးပြုလျက် ရှိသော ဆေး
သကြားခေါ် ဆက်ကရင်း
သည် သကြား မဟုတ်။
ကျောက်မီးသွေး ကတ္တရာမှ
ချက်လုပ်ထားသော ဆေး
ပစ္စည်းဖြစ်၍ သကြားထက်




အချိုဓာတ် အထူး လွန်ကဲ
သည်။ ယင်း ဆေးသကြား
သည် ကျန်းမာရေး အတွက်
မသင့်ချေ။
ဥတုဘောဇန သင်္ဂဟ
ကျမ်း အဆိုအရ သကြား
သည် ချို၏။ အေး၏။ အဆီ




သြဇာမရှိ။ အော့အန်နာကို
လွန်စွာနိုင်၏။ လေ၊ သည်း
ခြေ၊ သွေး၊ အနာပူလောင်
နာတို့ကို နိုင်၏။ မူးဝေခြင်း
နှင့် ထိခိုက်ရှနာတို့ကို နိုင်၏။





ကမ္ဘာသုံး စစ်ဘုရင် ကစားသည့်ခုံသည် ကျားခုံ ကဲ့သို့ပင် အဖြူအနက်တကွက်စီခြား၍ စုစုပေါင်း ၆၄ ကွက် ပါရှိသည်။ အဖြူကွက်ရှိသောထောင့်ကိုကစားသူ၏ လက်ျာဖက်တွင် ထားရသည်။

မြန်မာစစ်ဘုရင်မှ စစ်ကဲအစား ဂိုဏ်းချုပ်အရုပ်ကို အသုံးပြုသည်။ ဆင်ရုပ်များ အစားနောက်ထပ် ဂိုဏ်းချုပ်တရုပ်နှင့် မိဖုရား ရုပ်ကို အသုံး ပြုသည်။ ရထားအစား ရဲတိုက်ကို အသုံးပြုသည်။ ထို့ကြောင့် နယ် ၈၊ ရဲတိုက် ၂၊ မြင်းစီး သူရဲကောင်း ၂၊ ဂိုဏ်းချုပ် ၂၊ မိဖုရား ၁ နှင့် မင်းကြီး ၁ စသည်ဖြင့် တဖက်လျှင် ၁၆ ရုပ်စီ ကိုင်ကစား ရသည်။

တပ်ဆင်ရာ၌ ပုံသေနည်း ရှိသည်။ တဖက်၌ပထမတန်းတွင် ရဲတိုက်၊ မြင်းစီးသူရဲ၊ ဂိုဏ်းချုပ်၊ မိဖုရား၊ ဘုရင်၊ ဂိုဏ်းချုပ်၊ မြင်းစီးသူရဲ၊ ရဲတိုက်ဟူ၍ လက်ဝဲမှ လက်ျာဖက်သို့ အစဉ်လိုက် တပ်ဆင်ရ၏။ အခြားတဖက်၌မူ ရဲတိုက်၊ မြင်းစီးသူရဲ၊ ဂိုဏ်းချုပ်၊ ဘုရင်၊ မိဖုရား၊ ဂိုဏ်းချုပ်၊ မြင်းစီးသူရဲ၊ ရဲတိုက်ဟူ၍ တပ်ဆင်ရသည်။ ထူးခြားချက်မှာ အဖြူမိဖုရားကို အဖြူကွက်၊ အနက်မိဖုရားကို အနက်ကွက်ပေါ် တွင် ရှိစေရသည်။ နယ်ရုပ် ၈ ရုပ်ကိုမူ ဒုတိယတန်းတွင် တပ်ဆင်ရ၏။

ပွဲစတင်ကစား၍ ပထမ အကြိမ် နယ်ရုပ်ကို ရွှေ့သောအခါ တကွက်မှ နှစ်ကွက်အထိ ရွှေ့နိုင်သည်။ထို့နောက်တွင်မူ တကွက်သာ ရွှေ့နိုင်ခွင့်ရှိသည်။

ဘုရင်၏ရွှေ့ကွက်မှာ မြန်မာမင်းကြီးနှင့်တူသည်။ ရဲတိုက်မှာ ရထားနှင့်တူ၍ မြင်းစီးသူရဲမှာ မြင်းနှင့်တူသည်။ ဂိုဏ်းချုပ်မှာ ထောင့်တန်းကြိုက်သလို ရွှေ့နိုင်သည်။ မိဖုရားမှာ အလွန် အရေးပါ၍၊ ဘေးတိုက်၊ ထက်အောက်နှင့် ထောင့်တန်း ကြိုက်သလိုရွှေ့နိုင်ပေသည်။




မဟာသာဝတီ ဦးအရင်
အဖွဲ့ဝင်ကောင်းသူ
ပန်းချီ — ဦးအေးတင်
သက္ကရာဇ် ၉၁၃ ခုနှစ်တွင် အင်းဝဘုရင် စလင်းစည်သူ ကျော်ထင်သည် စစ်ကိုင်းဖက်ရှိ ရှင်ဖြူရှင်လှဘုရားသို့ သွားရောက် ဖူးမျှော်ပြီး ပြန်ရန် စီစဉ်နေစဉ် မိုးသက်ဆင်လျက်ရှိရာ—
မိုးသက်ဆင်နေတယ် အင်းဝ ကို ကူးလို့ သင့်ပါ့မလား
ကူးရန် သင့်ပါတယ်
မြစ်လယ်မှာ လေကျလာယင်ခက် ပါလိမ့်မယ်
ထိုစဉ်
တောက်
သရပတ် (လှေထေး) သမား တယောက်က လှေတော်နားတွင် တက်တခေါက်ခေါက် ဖြစ်နေသဖြင့် -
ဟဲ့-ဘာ့ကြောင့် တက်ခေါက်နေရသလဲ
မိုးရွာမည်-မရွာမည်ကို မသိသူတို့အတွက်မခံချင်၍ တက်ခေါက်မိကြောင်းပါဘုရား
ဘုရင်က အကြောင်းကို ခေါ်မေးလေ၏။
ဘယ်တော့ မိုးရွာမည်ကို သင် သိလို့လား
ကူးသာ ကူးပါ အင်းဝ တဖက်ကမ်း ရောက်မိပြီး-တကောင်းချေးသို့ရောက်မှ ရွာပါလိမ့်မည်
ဘာကိုမြင်လို့ သိတာလဲ


ပညာရှိတို့ ဆိုသော- တိမ်-တေ၊ လေ-အစ်၊ လျှပ်စစ်-ပစ္စော၊ သံ-တယော ဟူသော ဆောင်ပုဒ်ကို ထောက်၍ ---
မိုးတိမ်ဆင်သည်ကို-သုံးယူရနာက သိရသဖြင့် - ဤဆင်သော မိုးကို တွက်ဆ၍ လျှောက်ရကြောင်းပါ
ဒါဖြင့် - တဖက်ကမ်းကူးရန် သင် စီစဉ်လော့
ထို့ဖြင့်
ဧရာဝတီမြစ်ကိုဖြတ်ကူးလေရာ
အင်းဝဖက်ကမ်းသို့ ရောက်သည်အထိ မိုး မရွာသေးချေ။


သင် ပြောတဲ့အတိုင်း
မိုးရွာတာ မှန်ပေပြီ
တကောင်းဈေးသို့ ရောက်မှ မိုးရွာလာလေသည်။
ဒီဈေးကို ဘာကြောင့်
တကောင်းဈေးလို့
ခေါ်သနည်း
သတိုးမင်းဖျားသည် အင်းဝမြို့ကို
တည်၍ မကြာမီပင် တကောင်းမြို့က
အိုးခွက်များကို - ဒီတွင် ရောင်းချကြသည့်
အတွက် တကောင်းဈေး ဟု
ခေါ်ကြောင်းပါဘုရား
မှတ်ဉာဏ်လဲကောင်း၊ တင်လျှောက်ပုံ
လဲလျှောက်ပတ် ရှင်းလင်းပြတ်သားလှ
ပါပေတယ် - သင် တကောင်းမြို့ရှိ
စကားတောင်ရွာကို စားပြီး ငါ့ထံ၌
အမှုထမ်းစေများ
ထိုအခါမှစ၍ စကားတောင်းစားအမတ် ဟူ၍
ထင်ရှားခဲ့လေသတည်း။



# မိဘမေတ္တာ

နွယ်တမယ်

"မေမေနဲ့ ဖေဖေဟာ ငါ့ကို မချစ်ကြဘူး။ ကြည့်ပါလား – ညီညီကျတော့ အရေးပေးလိုက်ကြတာ သားသား သားသားနဲ့။ ငါ့ကျတော့ နှိမ်လိုက်ကြတာ မောင်တဲ့။ ဘယ်တော့မှ သားလို့မခေါ်ကြဘူး"

တွေးရင်း တွေးရင်း ဖေဖေနှင့် မေမေ့ကို စိတ်နာလာသည်။

"ညီညီ စာမေးပွဲ အောင်တော့ လိုချင်တာ ဝယ်ပေးမယ်တဲ့။ မောင် စာမေးပွဲအောင်တော့ ဘာမှ ဝယ်မပေးဘူး။ ဟင်း ခိုင်းစရာ ရှိယင် မောင်ဘဲ။ ပေးစရာ ကျွေးစရာ ရှိတော့ မောင်တို့က ကျန်ခဲ့ရော"

တွေးရင်း တွေးရင်း မျက်ရည်လည်လာမိပါသည်။ ပိုဝမ်းနည်းရခြင်းမှာ မနေ့က အရိုက်ခံရသည့် ကိစ္စပင် ဖြစ်ပါသည်။ မနေ့ညက သူငယ်ချင်း ဖိုးသံချောင်းတို့နှင့်အတူ ၉ နာရီခွဲပွဲ ရုပ်ရှင်သွားကြည့်ပါသည်။ ည ၁၂ နာရီမှအိမ်ပြန်ရောက်သဖြင့် ဖေဖေကဆူပါသည်။ မေမေကရိုက်ပါသည်။ "နောက် ဒီလိုလုပ်ယင် သတ်ပစ်မယ်" ဟုလည်း ကြိမ်းမောင်းပါသည်။

ယခုမူ မေမေသည် ကျွန်တော့်ကို သတ်ပစ်မယ်ဟု ကြိမ်းမောင်းနိုင်တော့မည် မဟုတ်ပါ။ ရိုက်နိုင်တော့မည်လည်း မဟုတ်ပါ။

ကျွန်တော်သည် အံကိုကြိတ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဆုံးဖြတ်ချက် တခုကို ချလိုက်ပါသည်။

"ငါ အိမ်ကထွက်ပြေးမယ်။ ရောက်ရာ ပေါက်ရာ ထွက်ပြေးမယ်"

နံနက်စောစောကပင်အိမ်မှ ကျွန်တော်ထွက်ခွာခဲ့ပါသည်။ ကျွန်တော့်မှာ ငွေတကျပ်နှင့်ခါးပေါ်က အင်္ကျီလုံချည် အဝတ်အစားသာ ပါပါသည်။ တော်ပါသေးသည်။ လမ်းတွင် ဖိုးသံချောင်းကိုတွေ့ရပါသည်။ သူ့ထံ ငွေပါမပါကျွန်တော်ကမေးရာ –

"ဘာလုပ်ဖို့လဲကွ" ဟု သူက ပြန်မေးပါသည်။

"ငါအိမ်ကထွက်ပြေးခဲ့ပြီကွ၊ မန္တလေးက ဆွေမျိုးတွေ ဆီကို ထွက်ပြေးမလို့"

"မဟုတ်တာကွာ" ဟု ဖိုးသံချောင်းက တားပါသည်။ နောက်ဆုံးတွင် သူ့ထံမှ ငွေတကျပ်ရလိုက်ပါသည်။

"ငါ့မှာ ဒါဘဲ ပါတယ်ကွာ။ မင်းမှာ မန္တလေးသွားဖို့ မီးရထားခကော ပါရဲ့လား"

"ဘယ်ပါမလဲကွ။ ခိုးစီးမှာပေါ့"

"ဟင်" ဟု ဆိုကာ ဖိုးသံချောင်း မျက်လုံး ပြူးသွားပါသည်။ ကျွန်တော်ကမူ သူ့ကို ဂရုမစိုက်တော့ပါ။ သူ့ကို နှုတ်ဆက်ပြီး ဘူတာကြီး ဖက်သို့ ထွက်လာပါသည်။

ဘူတာရုံတွင် ခရီးသည်များ ပြည့်ကျပ်နေပါသည်။ မန္တလေး ရထားမှာ မနက်မှ ထွက်မည်ဟု သိရပါသည်။ သို့ဖြစ်လျှင် တညလုံး စောင့်ရ ပါဦးမည်။ ထို့ကြောင့် ပလက်ဖောင်း နံပတ်

(၁) ၏ ချောင်ကျကျ ထိုင်ခုံမှာ သွားထိုင်နေလိုက်ပါသည်။

တဖြည်းဖြည်း ညဥ့်နက်လာပါသည်။ မနေ့ကညဥ့်နက်မှအိပ်ခဲ့ရ၍လားမသိပါ။မျက်လုံးများက စင်းချင် နေပါသည်။ ငုတ်တုတ်ထိုင် မနေနိုင်၍ ခုံပေါ်မှာပင်ခေါင်းကိုမှီပြီး မှေးမိပါသည်။ တရေးမှေးရလျှင် တော်ပါပြီ။

ကျွန်တော်ငိုက်ခနဲ မှေးသွားပါသည်။ ချက်ချင်းပင် ကျွန်တော် လန့်နိုးလာပါသည်။ ကျွန်တော့်နားထဲ၌ ဖေဖေနှင့်မေမေ့အသံကိုကြားနေရပါသည်။အိပ်မက် မက်နေသည် ထင်ပါသည်။ သို့သော် အိပ်မက် မဟုတ်ပါ။

"သားရယ် – မိုက် လိုက်တာ" ဟု ဖေဖေက ဝမ်းနည်းသံနှင့်ဆိုပါသည်။

"မေမေ ရင်ကျိုးတော့မလို့ သားရယ်.... ကံကောင်းလို့ ကံကောင်းလို့၊ မောင်သံချောင်းလေး လာပြောပေလို့၊ မေမေဖြင့် ငိုလိုက်ရတာသားရယ်...."

မေမေ့ပါးပြင်ပေါ် တွင်မျက်ရည်ကြောင်း တွေကို မြင်ရပါသည်။ မေမေ အကြာကြီး ငိုခဲ့ကြောင်း ထင်ရှားပါသည်။

"မေမေကအမောင့်ကိုမချစ်ပါဘူး" ပြောရင်း ကျွန်တော် မျက်ရည် လည်လာ ပါသည်။

"ဖေဖေကလဲ အမောင့်ကိုမချစ်ပါဘူး"

"ဘယ်လို ပြောလိုက်တာလဲ သားရယ်...." ဖေဖေက ဝမ်းနည်းသံနှင့် မေးပါသည်။

မေမေကမူ ကျွန်တော့် စကားကို ဆတ်ဆတ်ခါ နာသွားဟန်တူပါသည်။ ငိုလိုက် ရှိုက်လိုက်နှင့် ကျွန်တော့်ကို တရှုပ်ရှုပ် နမ်းပါသည်။ စကားတွေ အများကြီးပြောပါသည်။ အိမ်ရောက်သည် အထိ ကျွန်တော့် အနားမှ မခွာတော့ပါ။

"ကိုးလ၊ ဆယ်လ လွယ်ပြီးမှ မွေးခဲ့ရတဲ့ ရင်သွေးဘဲသားရယ် ဘယ်သူ မချစ်ဘဲ နေပါ့မလဲ။ သားကို ရိုက်ဟဲ့ဆိုဟဲ့ ဆိုတာကလဲ မချစ်လို့မှမဟုတ်ဘဲ။ သားကို ကောင်းစေချင် လိမ်မာစေချင်လွန်းလို့၊ ချစ်လွန်းလို့ ဆုံးမတာဘဲသားရယ်.... ဒါကို သားက အထင်လွဲနေတာကိုး"

ကျွန်တော် နားလည်ပါပြီ။ ကျွန်တော် အိမ်က ထွက်ပြေးခဲ့ခြင်းကြောင့် မိဘတွေ တကယ်ရင်ကျိုးမတတ်ခံစားခဲ့ရသည်ကို သဘောပေါက်ပါပြီ။ လမ်းခရီးတွင် ကျွန်တော် ဘေးဒုက္ခနှင့်တွေ့မည်ဆိုလျှင် မိဘတွေ ရင်ကွဲမည်မှာ သေချာပါသည်။

ကျွန်တော့်လို မိဘအပေါ် အထင်မှား နေသူတွေ ရှိချင်ရှိပါမည်။ ထိုသူတွေကို ကျွန်တော် ပြောချင်ပါသည်။

"မိဘဆိုတာ သားသမီးတွေအပေါ် အမြဲတမ်း မေတ္တာထားတတ် သူတွေဗျ။ သူတို့မေတ္တာဟာ တခြား သူတွေမေတ္တာနဲ့မတူဘူး။ သိပ်ကို ချစ်စရာကောင်းတာဗျ"

# ကာဘိုးဆည်သို့

လိုက်ခဲ့ကြကွယ် ပျော်ပျော်
သွားစို့၊
မူးကမ်းပါးက ကာဘိုးဆည်။

ရေဦးရွှေဘို မြောင်းကိုတူးလို့၊
မူးရေဝေပို့ ပေးနေပြီး။


လယ်ယာမြေတွေဆည်ရေဝပေါ့
ကေသုံးသိန်း စိမ်းလန်းကြည်။

ရွာရိပ်သန့်စင် မြေနံ့သင်းရှဲ၊
စိုက်ခင်းပျိုးခင်း စုံလှသည်။

တနှစ်သုံးလီ
အားသစ်လောင်းလို့၊
စုပေါင်းစိုက်ပျိုး လက်တွဲညီ။

လူဖန်ဆင်းရာ လူ့စွမ်းအားကို၊
တို့များကြည်ညို အံ့ထိုက်သည်။
သွားမည် သွားမည်။ ။

အေးငွေ



R. 517

# နို့ဆီခွက်



ဂျပန်ပြည်မှ ကလေးကစားနည်း ဖြစ်သည်။ လူလေးယောက်နှင့်အထက် ကစားနိုင်သည်။ အချင်း လေးပေခန့်ရှိ စည်းဝိုင်းတခုကို မြေပြင်တွင် ရေးဆွဲ၍ အလယ်တွင် နို့ဆီခွက်တလုံး ချထားရသည်။ တဦးက လိုက်သူအဖြစ် စတင် တာဝန်ယူရသည်။ ကျန်လူများအထဲမှ တဦးဦးက နို့ဆီခွက်ကို ခြေဖြင့် ကန်ထုတ်ပြီး အားလုံးထွက်ပြေးကာ ပုန်းနေကြရသည်။ လိုက်သူက နို့ဆီခွက်ကိုပြေးကောက်၍ စည်းဝိုင်းအလယ်တွင် ပြန်ထားပြီး ပုန်းနေသူများကိုလိုက်ရှာရသည်။ တယောက်ယောက်ကို တွေ့ပါက ထိုသူ၏အမည်ကို အော်ပြောပြီး နို့ဆီခွက် ရှိရာသို့ ပြေးရသည်။ ပုန်းသူကလည်းနို့ဆီခွက်ရှိရာသို့ ပြေးရသည်။ နို့ဆီခွက် ရှိရာသို့ လိုက်သူ အလျင်ရောက်လျှင်ပုန်းသူကို မိပြီဟု ယူဆရသည်။ ပုန်းသူကအလျင်ရောက်လျှင် နို့ဆီခွက်ကို ကန်ထုတ်ပြီး ပြန်ပုန်းရသည်။ လိုက်သူသည်ပုန်းသူ အားလုံးမိသည်အထိလိုက်ဖမ်းရသည်။ အားလုံး မိသွားလျှင် ပထမဆုံး မိသူကလိုက်သူအဖြစ် တာဝန်ယူပြီး ပြန်ကစားရသည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရိုးသီး

တတိယပိုင်း

# ရွှေသွေး


ဂျာနယ်

ပန်းချီ- ဦးဘကြည်
ဇာတ်လမ်း- သိန်းညွန့်

အတွဲ ၁၊ အမှတ် ၅၂ ၂၇-၁၂-၆၉




ဗိုလ်မိုးသီးဟာ နောက်ဆုံးရလိုက်တဲ့ သင်္ဘောကြီးကို ''အောင်ဗမာ'' လို့ အမည်ပေးသတဲ့။ နောက် လက်နက်အပြည့်အစုံနဲ့ လိုက်နှိမ်နင်းလို့ နိုင်ငံခြား ပင်လယ်ဓားပြ သင်္ဘောတွေဟာ ဗမာ့ကမ်းနားမကပ်ဝံ့ဘဲ ရှိကြသတဲ့၊




အချိန်ရတိုင်း သားမိုးသီးနဲ့ တပည့်သစ်များကို ဓားသိုင်း သင်ပေးတယ်။






ပေါ်တူဂီ ဓားကစားနဲ့ သေနတ်ပစ်သင်ပေး တယ်။




ဟုတ်ပြီ - မြေးမြေး
ဟိုကျွန်းကလေးကို မောင်း - တယောက်က မှန်ပြောင်းကြည့်၊ တယောက်က အိမ်မြှောင်ကြည့် ......
သင်္ဘောမောင်းနည်းနဲ့ ရွက်တင်ရွက်ချနည်း သင်ပေးတယ်။
အမယ်လေး ကာကြီးမှန်း မသိဘူး ဆရာ
ဟား ဟား
ရေကြောင်းကြည့်နည်း သင်ပေးတယ်။
အမြောက်ကြီး ကိုင်တွယ်နည်း၊ ပစ်ခတ်နည်း များကိုလဲ သင်ပေးတယ်။
ထိုအတော အတွင်း နတ်ကန်ရွာမှ ဆရာတော်နဲ့ တကာတစုဟာ —
ဒီရေကျလို့ပေါ်နေတဲ့ ကျောက်ဆောင်ပေါ်မှာ ခေါင်းလောင်း တခု လာတပ် သတဲ့။ ရေတက်တဲ့အခါ အသံ မြည်နေအောင်ပေါ့။
အဲဒီကျောက်ဆောင်ဟာ ခေါင်းလောင်း ထုကျောက်ဆောင်လို့ တွင်သတဲ့။


ဂလောင် ဂလင် ဂလောင် ဂလင် ဂလေ
ဘာသံလဲဟဲ့-ဒါ
ဟို ကျောက်ဆောင် က ခေါင်းလောင်းသံ- တနေ့က လှိုင်းတွေ လာတယ် သွား သတဲ့- ပါပါ
ထခါတော့ ဒီရေတက်တုန်း ခေါင်းလောင်းသံ ကြားတော့ ဗိုလ်မိုးသီးက အံ့သြသွားသတဲ့။ ဒါနဲ့ စုံစမ်းတော့ သား မိုးသီးက ပြောပြသတဲ့။
ဟျှး...... ဟား ဟား.. ဟား ဟား......
ဟား ဟား
ဟား
ဟား
မကြာမီ
ဒီ ကျောက် ဆောင်လေး အားကိုး ပြီး ဓမ္မ တိုက် နေရတာ.. သွားကွာ
မလုပ်ပါနဲ့ ပါပါရယ်
ပလုံ
လေပြင်း ကျတော့မယ်ဟေ့
တ နေ့ တွင် မိုး မှောင် ကြလာပြီး-
ဆရာ...... လေအတော်ကြမ်းတယ်- ပဲ့တောင် မနိုင်တော့ဘူး ဆရာ....
ဗိုလ်မိုးသီးဟာ အ ရက်ကလေး မော့ပြီး-
သူကိုယ်တိုင် ပဲ့ကိုင်တော့တာဘဲတဲ့။


ရေ ရိုက်သံကြား တယ်.... ကျောက် ဆောင် နဲ့ ရောက် လာ ပြီလား မသိဘူး
ဟာ - မဲမဲကြီး.... ကျောက်ဆွန်း ကြီး ထင် တယ်
ဟာ - ရေတွေဝင်လာပြီ
အမယ်လေး ဗျ
ခေါင်းလောင်းထု ကျောက်ဆောင်နဲ့ တိုက်မိပြီး သင်္ဘောပျက်သွားရာ သားမိုးသီးနဲ့ အချို့သာ လွတ်မြောက်လာသတဲ့။
လေငြိမ်သွားတော့ သင်္ဘောပျက်ကြီးကိုကြည့်ပြီး စိတ်မကောင်းဖြစ်ကြရသတဲ့။
တနှစ်လောက်ကြာတော့ သားမိုးသီးနဲ့အပေါင်းအဖော်များက အဲဒီကျောက်ဆောင်မှာ ဘုရားသွားတည်သတဲ့။ အဲဒီဘုရားဟာ ယခုတိုင်
ခေါင်းလောင်းထုဘုရားလို့ တွင်သတဲ့။



ရှင်မဟာရဋ္ဌသာရ၏ အမွှာရှစ်လုံး
သု = သုဏေယျ
ကြားနာရမည်
စိ = စိန္တေယျ
ကြံစည်ရမည်
ပု = ပုစ္ဆေယျ
မေးမြန်းရမည်
ဘာ = ဘာသေယျ
ပြောဆိုရမည်
ဝိ = ဝိစာရေယျ
ဆင်ခြင်ရမည်
လိ = လိခေယျ
ရေးသားရမည်
သိ = သိက္ခေယျ
လေ့ကျင့်ရမည်
ဝါ = ဝါစေယျ
နှုတ်ငုံဆောင်ရမည်
ဤအမွှာရှစ်လုံး နှင့်ယှဉ်
ဆောင်ရွက်နေသူသည် မည်သည့်
အရေးကိစ္စတွင်မဆို အောင်
ပန်းဆွတ်ခူးနိုင်မည်ဖြစ်၏
အောင်ပန်း
သု စိ ပု ဘာ ဝိ လိ သိ ဝါ


သူ့နေရာနှင့်သူ
ကာတွန်း မောင်မောင်သက်
ဘယ်သစ်ပင်မျိုးမဆို ကျုပ်ဟာခုတ်လှဲနိုင်လို့ ကိုရွှေအပ်ထက် ကျုပ်က အသုံးဝင်တဲ့သူဗျ- ဒီမှာကြည့်ပါလား
ကျုပ်လဲသေးငယ်ပေမဲ့ အသုံးဝင်ပါတယ်ဗျ
ဟား-ဟား-ဟား ခင်ဗျားလိုသေးသေးကလေးက အသုံးမဝင်ပါဘူးဗျာ၊
အမယ်လေးဗျ နာလိုက်တာ.
ပေါ- လူတယောက် ဆူးစူးနေပြီ၊
ခင်ဗျားကခွန်အားကြီးတဲ့သူ ဆိုတော့ ကူညီနိုင်တာပေါ့၊
ဒါလောက်သေးလွန်းတဲ့အလုပ် ကျုပ်လုပ်လို့ မရဘူးဗျ၊
ကဲ- ဒီနေရာမှာ ကျုပ်ဘယ်လောက်ထိ အသုံးဝင်တယ်ဆိုတာ ပြရမှာပေါ့ဗျာ-
ငြိမ်ငြိမ်နေ ဆူးထွက်လာပြီ ခဏကြာယင် ခြေနာ သက်သာသွားပါလိမ့်မယ်.
ဒီ အပ်ကလေးရှိလို့သာ ဆူးထွက်သွားတော့တယ်၊ အပ်မရှိယင် ဒုက္ခဘဲ-
ဘယ်နေရာမဆို သူ့နေရာနဲ့သူတော့ အသုံးကျတာပါဘဲဗျာ၊
ဟုတ်ပါတယ်. ကျုပ်သဘောပေါက်ပါပြီ
ပြီး



အတု ခိုးမှား
ရေးဆွဲသူ — မြသွယ်စေ့
ဇာတ်လမ်း — ဆန်းညွန့်
တချိန်ကရွာတရွာက သူကြီးမှာ မြင်းလိမ္မာတကောင်နှင့် ခွေး လိမ္မာတကောင်ရှိ၏
ဝုတ် ဝုတ်
သူကြီးသည် ကိစ္စရှိလျှင် မြင်းစီးသွားလေသည်၊ ခွေးကလည်း အိမ်စောင့်ရလေသည်၊
ဟဲ့-အောင်နက် ရော့ ရော့
ငါလဲအစီး ပိုခံရအောင် ခုန်ပေါက်ပြီး ကြည့်မှဘဲ-
သူကြီးကတော်လေး ကမုန့်လာတိုင်း ခွေးက ရှင်မြူး၍ ကြိုဆို၏၊
ဟေ့!...... ဒီမြင်းဘာအရူးထ တာလဲ- ရိုက်လိုက်ရ-
ဟီး ဟီ
မြင်းကြီးလည်း ခွေးအတု ခိုးပြီး သူကြီး ကိုခုန်ပေါက် ပြ၏၊
အမယ်လေး ဗျ
ဟီး ဟီ
မြင်းက ထပ်၍ ဟီ ကာ မြူးတူး ခုန်ပေါက် ပြလိုက်သည်၊
ကဲကွာ ကဲကွာ
သူကြီးက ဒေါသထွက် ပြီး ဖုန်းရိုးဒုတ်ဆွဲ၍ မြင်းကြီးကိုလိုက် ရိုက်လေတော့သတည်း။

# သိမှတ်ဖွယ်ရာ
# သင့်ခန္ဓာ

ရေးသူ - မောင်မောင်မြင့်



သင်၏ ကိုယ်ခန္ဓာသည် အမြဲလည်နေသော စက်ကြီးနှင့် တူသည်။ စက်တခုကို ကောင်းမွန်စွာ လည်ပတ်နိုင်စေရန် ဓာတ်ဆီ၊ စက်ဆီများကို အချိန်မှန်မှန် ထည့်ပေးရသည်။ ချေးညှော်များကို အချိန်မှန်မှန် သန့်ရှင်းပစ်ရသည်။



ထို့အတူပင် သင့်ကိုယ်ခန္ဓာကိုလည်း အစဉ်အမြဲ ကျန်းမာ သန်စွမ်း ကောင်းမွန်နေစေရန် သင်သည် အချိန်မှန်မှန် စာကြည့်၊ အချိန်မှန်မှန် ကစား၊ အချိန်မှန်မှန် ရေချိုး၊ အချိန်မှန်မှန် စား၍ အချိန်မှန်မှန် အိပ်သင့်သည်။

စက်များသည် ကောင်းမွန်စွာ အမြဲ လည်ပတ်နိုင်မှ ကုန်ပစ္စည်းများများ ထုတ်လုပ်ပေးနိုင်သကဲ့သို့ သင်သည်လည်း ကျန်းမာပျော်ရွှင်စွာဖြင့် အသက်ရှည်ရှည်နေနိုင်ပါမှ အလုပ်များများ လုပ်နိုင်မည်ဖြစ်သည်။


သင့်ကိုယ်ခန္ဓာစက်ကြီး၏ တနေ့တာလုပ်ငန်းကို ကြည့်လျှင် သင်ဤသို့ တွေ့ရမည်။




၁။ သင်သည် အသက် ရှင်နိုင်ရန် တနေ့လျှင် အကြိမ်ပေါင်း ၂၃,၀၄၀ ဖြင့် လေ ၄၃၈ ကုဗပေကို ရှူသွင်းသည်။

၂။ သင်၏နှလုံးသည် တနေ့လျှင် အကြိမ်ပေါင်း ၁၀၃,၃၇၉ ခုန်သည်။

သရုပ်ဖော် - ထွန်းသန်း



၃။ သင့် ကိုယ်ခန္ဓာအတွင်းရှိ သွေးများသည် တနေ့လျှင် မိုင်ပေါင်း ၁၆၈ သန်း ခရီး သွားနေသည်။




၄။ သင်သည် နေ့စဉ် အစာနှင့် ရေကို ၅ ပေါင် (တပိဿာနှင့် သုံးဆယ် ရှစ်ကျပ်သားခန့်)စား သုံးသည်။

၅။ သင်၏ကိုယ်ခန္ဓာမှ နေ့စဉ်ထွက်သော ချွေးသည် ၁.၄၃ ပိုင့် (ငှက်ပျောဖူးပုလင်း တဝက်ကျော်ကျော်) ရှိသည်။

၆။ သင်၏ လက်သည်းနှင့် ခြေသည်းတို့သည် နေ့စဉ် ၀.၀၀၀၀၄၆ လက်မ ရှည်ထွက်သည်။

၇။ သင်၏ဆံပင်မှာ နေ့စဉ် ၀.၀၁၇၁၄ လက်မ ရှည်ထွက်နေသည်။






အိုက်ကီဒိုဆိုသည်မှာ ဂျပန်စကား ဖြစ်သည်။ ဂျူဒို၊ ခရာတေး တို့ကဲ့သို့ပင် ထင်ရှားသော ကိုယ်ခံ ပညာရပ်ဖြစ်၍ ရန်သူ၏ တိုက်ခိုက်မှုကို စံနစ်တကျ ခုခံတားဆီးဖယ်ရှားခြင်းဖြစ်သည်။

အိုက်ကီဒိုတွင် စိတ် ကို စူးစိုက်အသုံးချခြင်းသည် အခြေခံဖြစ်သည်။ ထို့ကြောင့် ဤပညာလိုက်စားသူသည် စိတ်အင်အားကြီးမားစေရန် လေ့ကျင့်ပေးရသည်။ စိတ်ကို သန့်ရှင်းစင်ကြယ်စေရမည်။ တည်ငြိမ် စူးစိုက်နိုင်ရမည်။

ထို ကဲ့ သို့ သော စိတ် အင်အားကို အိုက်ကီဒိုတွင် 'ကီး' ဟု ခေါ်သည်။ တနေရာတည်း၌ စိတ်အာရုံကို စူးစိုက် ထားခြင်းဖြင့် ကီးကို ရရှိနိုင်ပေသည်။

စိတ်၏ အင်အားသတ္တိသည် အလွန်ဆန်းကြယ်သည်။ ဥပမာ ပြရလျှင် အကျဉ်းအကျပ်အခြေအနေမျိုးတွင် သာမန် အချိန်၌ မပြေးနိုင်သောနှုန်းဖြင့် ပြေးနိုင်သည်ကို တွေ့ရတတ်သည်။


စိတ်၏ တန်ခိုးသတ္တိကို စံနစ်တကျ အသုံးချကာ တဖက်ရန်သူ၏ အထိုးအနှက်၊ အရိုက်အပုတ်၊ အချုပ်အနှောင်၊ အဖမ်းအဆီးတို့ကို ရန်သူ၏ အင်အားဖြင့်ပင် ပြန်လှန် အသုံးချလိုက်ခြင်းသည် အိုက်ကီဒိုပင် ဖြစ်၏။

## အမှား ခုနစ်ခု တွေ့အောင်ရှာ



အဖြေ။ ၁။ ဦးထုပ်ပြောင်းပြန်ဖြစ်နေသည်။ ၂။ အလင်းရောင်သည်ဘယ်ဖက် အနေခက်တွင်ရှိသင့်သည်။ ၃။ လင်းနို့ လင်းဆွဲတို့သည် တွဲလောင်းခို၍သာနားသည်။ ၄။ စစ်တောင်းနှင့်ဧရာဝတီမြစ် လွဲနေသည်။ ၅။ လူကြီးဖက်ကို ခြေမ သင်းရ။ ၆။ မြင်းသည် မတ်တတ်ရပ်၍သာ အိပ်သည်။ ၇။ ဆေးလိပ်ပြောင်းပြန် ဖြစ်နေသည်။


သရုပ်ဖော် -
အလို.. ကောက်ညှင်းစပါးတွေ.. ဘယ်သူများ ဖိတ်ကျ ကျန်ရစ်ခဲ့တာပါလိမ့်..၊ ခုအတိုင်း အလကားဖြစ်မယ့် အတူတူ ပြန်ကောက်ပြီး စိုက်ထားယင် ကောင်းမယ်..
ဟေး.. မိုးမိုးတို့ပါလား.. ဒီကောက်ညှင်းစပါးတွေ ပြန်စိုက်ထားရအောင်၊ လာ ကောက်ကြပါလားကွ ဟေ၊
အို.. မလုပ် ပေးနိုင်ပါဘူး..၊ အလုပ်ပိုတယ်..
လာပါကွာ.. သွားကစားနေကြ ပါစို့...
ကြက်ဖကြီးသည် ကောက်ညှင်း စပါးစေ့များကို ကောက်ယူ၍.. စိုက်ပျိုး ပြုစုလာခဲ့ရာ....
..ရက်များစွာ ကြာလတ်သော်..
ဟော့.. ဟိုမှာကြည့်စမ်း..၊ ဦးထိပ်နီရဲ့ ကောက်ညှင်းစပါးတွေ သီးနေလိုက်တာ..
ဟာ.. အတော်ဘဲ..၊ လာကြ.. လာကြ..၊ ငါ့ကိုကူသယ်ပေးကြကွာ.. နော်.. ..၊ ဒီတခါတော့ ကူညီကြမယ်မဟုတ်လား၊
..ဟင့်အင်း..


ကျနော်တို့မှာ လုပ်စရာ ကိစ္စလေးတွေ ရှိနေလို့ပါ။
အတော်အငြိမ်မနေတတ်တဲ့ ဦးထိပ်နီကြီးဘဲ၊ အလကားအပင်ပန်းခံတယ်၊ သူ့အစားမောပါရဲ့။
ဟေးလေ ကွာ။
နောက်တနေ့
ဟော ဟိုမှာကြည့်စမ်း၊ ဦးထိပ်နီကြီးရဲ့ ကောက်ညှင်းစပါးတွေကို ဦးဖိုးဆိတ်က ဖွပ်ပေးနေပါကလား။
လာပါကွာ၊ ဦးနဲ့ ဘာဆိုင်တာလိုက်လို့
ကျနော့်မှာ ဆန်ဖွပ်ဆုံမရှိလို့ မဖွပ်နိုင်တာကို၊ အခုလိုကူညီ ဖွပ်ပေးတာ သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ သွားအုံးမယ်နော်
ထို့နောက် ဒေါ်ဝက်မထံသွားကာ
ကျနော့်ကို ဒီကောက်ညှင်းဆန်နဲ့ မုန့်လုပ်ပေးပါလားဗျာ၊ ဒေါ်ဝက်မလဲ စားချင်သလောက်ယူထားနိုင်ပါတယ်။
ဒေါ်ဝက်မသည် ကြက်ဖကြီး ထိပ်နီကို ခဏထိုင်စောင့်ခိုင်း၍ ချက်ချင်းပင် မုန့်များ ပြုလုပ်ပေးလေသည်။
အားကွ
ဘာနဲ့လဲဟေ့၊ တယ်မွှေးပါလား။


ယူပါအုံးဗျ ။ များများယူထား လိုက်ပါ ။ အားနာစရာမှမဟုတ်ဘဲဟာ
တော်လောက်ပါပြီရှင် ။ ။ ကျမတ ယောက်စာဘဲဟာ ။ လုံလောက်ပါပြီ ။
မုန့်လေးတွေက မွှေး လိုက်တာကွာ ။ စားချင် စရာဘဲ ။ လာဟေ့ ။ သွား ကပ်ကြရအောင် ။ ။ ။ စားရလို့စားရငြားပေါ့
ဟော ။ နောက်မှာ ဟိုအုပ်စုပါလား ။ ပညာပေးလိုက် အုံးမှ ။ ။
မုန့်တွေကလဲ များလိုက်တာ ။ ငါတ ယောက်တဲတော့ ကုန်မှာမဟုတ် ဘူး ။ ဘယ်သူ့ကို ခွဲဝေကျွေးရပါ့ ။
မကုန်နိုင်ယင် ။ ကျနော် တို့ကိုပေးလေ ။ ကျနော် တို့ ဝိုင်းစားပေးကြမှာ ပေါ့ ဦးလေးထိပ်နီရဲ့ ။
ဟားဟားဟား ။ နေပါစေကွာ ။ မင်းတို့က ပျင်းလေးတွေဘဲဟာ ။ ဒီမုန့်တွေဖြစ်လာအောင် ။ မင်းတို့ကူ ညီတာ ဘာတခုမှမရှိဘဲနဲ့ စား ချင်လို့ဘယ်ဖြစ်ပါ့မလဲကွ ။ ။
ဦးဖိုးဆိတ်တို့ ဒေါ်ဝက်မတို့လိုစိတ် စေ တနာကောင်းနဲ့ သူတပါးကိုကူညီတတ်သူ ။ မပျင်းမရိ အလုပ်လုပ်သူတွေကိုမှ ။ ငါက ဒီ မုန့်တွေကို ကျွေးချင်တာကွ ။ သိလား ။ ။
ဟား
ဟား
ဟား
ဟား



# ဂွတို

တက္ကသိုလ်ခင်မိုး

ဂွတိုသည် ကျောင်းစာများဖတ်ရသည်ကို လွန်စွာမှ ပျင်းသည်။ အချိန်ရှိသမျှ ကစားရန်လည်ပတ်ရန်သာ စိတ်ဆန္ဒရှိပေသည်။ သို့သော် သူတို့မြို့မှ ကုန်သွယ်ရေးမန်နေဂျာ ဦးထိန်ဝင်းကိုဖြင့် ဂွတို လွန်စွာအားကျပေသည်။ ဦးထိန်ဝင်းမှာ လူငယ်ဖြစ်ပြီး တက္ကသိုလ်မှ ဘွဲ့ရသူဖြစ်သည်။ တမြို့လုံးကလည်း ဦးထိန်ဝင်းကို မသိသူ မရှိပေ။

ဂွတိုသည် ကျောင်းကို မှန်မှန်မတက်ချင်။ ကျောင်းပြေးကာ ကစားရင်း အချိန် ဖြုန်းပြီး အိမ်ပြန်လာလေ့ ရှိသည်။ ကျောင်း ပြေး သည် ကို မိသွားတိုင်း အဖေက ဂွတိုအား ရိုက်နှက်ဆုံးမလေ့ ရှိသည်။ ကြာသော် ဂွတိုမှာ အရိုက် ခံ ရ ပေါင်းများသဖြင့် အိမ်၌ပင် နေချင်စိတ်မရှိတော့ပေ။ အိမ်၌နေလျှင် အဖေက ကြိမ်လုံးနှင့်ရိုက်ပြီး ကျောင်းသို့ လိုက်ပို့မည်ကို ဂွတို အကြောက်ဆုံးဖြစ်၏။

ဂွတို ရန်ကုန်သို့ ထွက်ပြေးမည်ဟု စိတ် ဆုံး ဖြတ် ကာ ဘူတာရုံသို့ ပြေးလာခဲ့သည်။ ဂွတို အနည်းငယ် နောက် ကျ သွားသည်။ ရထားက ထွက်သွားနှင့်ပြီဖြစ်၏။ တလှုပ်လှုပ်နှင့် အဝေးတွင် မြင်ရသော ရထားကြီးကို ကြည့်ကာ ဂွတိုမှာ စိတ်ထိခိုက်ဝမ်းနည်းပြီး မျက် နှာ ငယ် နှင့် ပ လက် ဖောင်း ပေါ် ရပ် နေ မိသည်။ ထိုစဉ် အစ်ကိုချစ်အောင်ရောက်လာပြီး ဂွတိုအား စက်ဘီးနှင့် အိမ်သို့ပြန်ခေါ်သွား၏။ ဂွတိုမှာ ထွက်ပြေးမည်ဆိုကာမှ အိမ်ကမိသွားသဖြင့် အရိုက်ခံရတော့မည်ကို လွန်စွာမှ စိုးရိမ်ထိတ်လန့်နေတော့၏။

အိမ်သို့ ရောက် သော အ ခါ ဖေဖေက ဂွတိုကို သူ့ရှေ့တွင်မတ်တတ်ရပ်ခိုင်းပြီး စိတ် ဆိုး သော မျက်နှာနှင့် စိမ်း စိမ်း ကြည့် နေသည်။

"မင်းက ကျောင်း ပြေး ရုံ တင်မဟုတ်တော့ဘူး၊ အိမ်ကပါ ပြေးမလို့ပေါ့ ဟုတ်လား"

အ ဖေ ၏ ခက် ထန် သော စ ကား သံ ကြောင့် ဂွ တို မှာ ကြောက်လန့်ပြီး မျက်ရည်ရစ်ဝဲလာသည်။ အ ရိုက် ခံ ရ မည်ကိုလည်း တွေးကြောက်လာသည်။ အဖေက ဂွတိုအား တချက်မျှ မရိုက်ရသေး။ ကြိမ်လုံးကိုတော့ ကိုင်ထား၏။

"မင်းက ခုမှငါးတန်းရှိသေးတယ်။ ကျောင်းပြေး အိမ်ပြေးပြီး ပညာမတတ်ဘဲနဲ့ ဘာလုပ်စားမှာလဲ"

အဖေကို ဂွတို မော့ ပင် မ ကြည့်ရဲ။

"မင်းက မပူမပင် ကျောင်းနေ ရ တာ ကို များ ပညာမသင်ချင်ဘူး။ အရှေ့ပိုင်းက ကြွက်နီတို့များ စာလဲကြိုးစား၊ ပညာလဲတော်ရက်နဲ့ သူတို့အိမ်က မထားနိုင်လို့ ကျောင်းမနေရဘူး"

ဂွ တို မှာ မည် သို့ မျှ ပြန်မပြောဘဲ ခေါင်းငုံ့ထားလျက်ရှိက်နေသည်။

"ဒီမှာ-ဟော့ကောင်၊ မင်းကို ငါ ဒီတခါ နောက်ဆုံးမေးမယ်"

အဖေ၏ စကားကြောင့် ဂွတိုမှာ ရင်ခုန်မြန်လာ၏။

"မင်း- ကိုခွေးလို ဆိုက်ကားနင်းမလား"

ဆိုက်ကားသမား ကိုခွေးကို ဂွတိုသိသည်။ တနေ့လုံး ပင်ပင်ပန်းပန်း နင်းမှ သုံးလေးကျပ်ရသည်။ နေတော့လည်း တဲစုတ်နှင့်၊ ဝတ်တာကျတော့လည်း အဖာအထေး ဗလပျစ်နှင့်။ ထိုကြောင့် ဂွတိုက ခေါင်းခါရင်း –

"မနင်းချင်ဘူး ဖေဖေ"

"ဒါဖြင့် ပေသီးလို ရေဆွဲမလား"

ပေသီးမှာ ထမ်းပိုးတွင် ရေပုံးနှစ်ပုံးချိတ်ပြီး မြို့လယ်မှ ကန်ရေကို အိမ်များသို့ လိုက်ရောင်းရသူဖြစ်သည်။ အလုပ်က သိပ်ပင်ပန်းသော်လည်း ရေတထမ်းမှ တမတ်သာ ရသည်။ ဂွတိုက ပေသီးဘဝကိုလည်း မနှစ်သက်။

"မဆွဲချင်ဘူး ဖေဖေ"

"ဒါဖြင့် ကြွက်နီလို ဈေးရောင်းမလား"

ကြွက်နီမှာ နေပူထဲတွင် ဈေးတောင်းကို လေးလေး ပင်ပင်ထမ်း၍ ဈေးရောင်း ရသည်။

"မရောင်းချင်ဘူး ဖေဖေ"

"ဒါဖြင့် ရေအေးလို ထင်းခွဲမလား"

ရေအေးမှာ အခဖြင့် ထင်းလိုက်ခွဲသူဖြစ်၏။ နေပူထဲတွင် ခွဲရသည်မှာ ချွေးတဒီးဒီး။ လက်မှာလည်း အသားမာတက်သေးသည်။ သည်လို ပင်ပန်းသော အလုပ် ဂွတိုမလုပ်လို။

"မခွဲချင်ဘူး ဖေဖေ"

"မင်းက ကျောင်းမှ မနေချင်ဘဲကွ။ ကျောင်းမနေလို့ စာမတတ်ယင် ဒီလို ပင်ပင်ပန်းပန်း အလုပ်မျိုးကိုဘဲ မင်းလုပ်ရမှာ"

အဖေ့ စကားကြောင့် ဂွတိုမှာ ဝေခွဲရခက်နေသည်။

"ကိုထိန်ဝင်းလို ကောအထက်တန်းကျကျ အလုပ်လုပ်ချင်သလား"

"ဟုတ်ကဲ့"

ဂွတိုက အားတက်သရောခပ်သွက်သွက်ပင် ဖြေလိုက်သည်။

"ကိုထိန်ဝင်းလို ဖြစ်ချင်ယင် ကိုထိန်ဝင်းလို ပညာတတ်အောင် ကြိုးစားရမယ်။ သူ့လို ပညာတတ်မှ သူ့လိုအလုပ် လုပ်နိုင်မှာပေါ့။ မင်းလို စာမကျက်ချင်၊ ကျောင်းမနေချင်တဲ့ ကောင်က ကိုထိန်ဝင်းလို မန်နေဂျာ ဖြစ်မတဲ့လား။

ကိုင်း – မင်း ဘာလုပ်မလဲ ပြောစမ်း"

"ကျနော် စာကြိုးစား ပါတော့မယ် ဖေဖေ။ ကျောင်းမပြေးတော့ပါဘူး"

ဂွတိုသည် အဖေမရိုက်၍ ကျေနပ်နေသည်။ ပညာတတ်လျှင် ဦးထိန်ဝင်းလို မန်နေဂျာ ဖြစ်နိုင်သည်ဆိုသော စကားကြောင့်လည်း ပို၍ ကျေနပ်နေသည်။ ထို့ကြောင့်ပင် ဂွတိုသည် ကျောင်းမပြေးပဲ စာကြိုးစားပါတော့မည်ဟု ကတိပေးလိုက်ခြင်း ဖြစ်လေသည်။

## မြေးတို့ရဲ့ ခေတ်


ဖွားဖွားပြောတဲ့ ရှေးပုံပြင်၊
မြေးတို့ မယုံချင်။
မမြင်နိုင်တဲ့ တစ္ဆေသရဲ၊
ဘယ်မှာရှိမှာလဲ။

သရဲဘီလူး အစွယ်ပြောင်၊
သဘက် လေးငါးကောင်။

တွေ့အောင်လေ အဖွားရှာပေး၊
မြေးတို့ ဖမ်းမယ်လေး။

ဉာဏ်သွေး ထက်မြက်
သည်ခေတ်ဆီ၊
'လ'သို့ လူရောက်ပြီ။
လက်တွေ့သည်
မြေးတို့အတွက်၊
စွဲမှတ် ယုံကြည်ချက်။ ။

ကျော်စမ်းမင်း (လှိုင်မြေ)



R. 517




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

# ရွှေသွေး
ဂျာနယ်

## ပေါင်းချုပ်

အတွဲ-၁။

အမှတ်-၂၇ မှ ၅၂။



Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/